


www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

မဟာရာလှယမင်း

ပထမပိုင်း

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၄၀၀
တန်ဖိုး ၁၀၀, -ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာရှီ၊ (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်ရဲအောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း နှင့် မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။

BURMESE CLASSIC

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးမှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ☆ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ☆ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

အရာရာသည် ပြောင်းလဲလျက်ရှိသည်။

မပြောင်းမလဲ ထာဝရတည်တံ့နေသောအရာဟူ၍ လောကတွင် မရှိပါ။ အချိန်တန်လျှင် သဘာဝနိယာမအတိုင်း ဖြစ်ပျက်ပြောင်းလဲသွားမည်သာဖြစ်ပေသည်။

ယခုပင်လျှင် ဖြစ်ပျက်ပြောင်းလဲမှုကို မျက်ဝါးထင်ထင်တွေ့မြင်နေရပြီမဟုတ်ပါလား။

****

လဆန်းရက်ဖြစ်သည့်တိုင် ယခုအချိန်အထိ လက အလည်လွန်နေသောကြောင့် ကောင်းကင်ပေါ် ရောက်မလာသေးပါ။

သို့ဖြစ်၍ ကမ္ဘာမြေတစ်ခုလုံးသည် မလင်းတစ်လှည့် လင်းတစ်လှည့်ကြယ်ကလေးများ၏ မှိတ်တုတ်မှိတ်တုတ်လင်းနေရှာသော မှုန်တိမှုန်ဝါးအလင်းရောင်သာရှိနေလေ၏။ လူဝေသည် ကောင်းကင်ပေါ်မှကြယ်ကလေးများကိုကြည့်နေရင်း....

www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းတစ်ချက်ကိုမသိမသာချလိုက်၏။

ပြီးမှ သူ၏အကြည့်ကို တောင်ခြေမှ ဝါဆန်းမြို့ကလေးသို့ ပြောင်းရွှေ့လိုက်သည်။ တောင်ခြေရှိဝါဆန်းမြို့ကလေးသည် မှုန်ဝါး ဝါးအလင်းရောင်အောက်၌ တိတ်ဆိတ်ငြိမ်သက်၍နေ၏။

လွန်ခဲ့သောတစ်နှစ်က ဝါဆန်းမြို့ကလေးသည် ညဦးနက် သန်းခေါင်တိုင်အောင် မီးရောင်များထိန်လင်းကာ ပျားပန်းခတ်မျှလှုပ်ရှားသက်ဝင်နေခဲ့သည်။

ယခု ဝါဆန်းမြို့ကလေးသည် တိတ်ဆိတ်ငြိမ်သက်နေ၏။ ထို့ကြောင့် ဝါးဆန်းမြို့ကလေးသည် မြို့တစ်မြို့နှင့်မတူဘဲ တစ်စပြင်နှင့်တူနေ၏။

လုဝေသည် ဝါးဆန်းမြို့ကလေးကိုလှမ်းကြည့်ပြီး ဒုတိယအကြိမ် သက်ပြင်းတစ်ချက်ကိုမသိမသာချလိုက်မိသည်။

ပြီးမှ သူသည် ထိုင်ရာမှထကာ ဝါဆန်းမြို့သို့သွားရန် တောင်ပေါ်မှထော့နင်းထော့နင်းဖြင့် ဆင်းသက်သွားလေတော့သည်။

****



သပ်ယပ်စွာဖြီးသင်ထားခြင်းမရှိသောကြောင့် လုဝေ၏ဆံပင်များသည် ဖွာဆန်ကျဲနေ၏။

အဝတ်အစားများသည်လည်းဟောင်းနွမ်းနေ၏။

သူ၏ဘယ်ဘက်ပခုံး၌ အဝါရောင်ပုဝါဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်ကိုချိတ်ဆွဲထား၏။ ခါးတွင် ဓားရှည်တစ်လက်ချိတ်ဆွဲထားလေသည်။

သူသည် တောင်ပတ်လမ်းလေးအတိုင်း ခြေထောက်ထော့နင်းထော့နင်းဖြင့် ဝါဆန်းမြို့ကလေးသို့ဦးတည်ဆင်းသက်သွားလေသည်။ သူသည် ထိုဝါဆန်းမြို့ကလေးသို့ သန်းခေါင်ယံအချိန်မတိုင်မီ အရောက်သွားရမည်မဟုတ်ပါလား။

****

www.burmeseclassic.com

www.burmeseclassic.com



ဝါဆန်းမြို့.....

လွန်ခဲ့သောသုံးနှစ်က ကြက်ပျံမကျအောင်ပင် လူစည်ကားခဲ့သော ဝါဆန်းမြို့ကလေးသည် ယခုအခါ၌ မြို့ပျက်တစ်ခုဖြစ်နေပြီဖြစ်သည်။

ယခင်က ဝါဆန်းမြို့မှလှိုက်လှဲစွာကြိုဆိုပါသည်ဟုရေးသားထားသော မြို့အဝင်မှသစ်သားဆိုင်းဘုတ်သည် ယခုအခါ၌ သစ်တိုသစ်စအဖြစ်ကျိုးပဲ့ပျက်စီးနေပြီဖြစ်ပေသည်။

ယခင်က ခန့်ညားထယ်ဝါခဲ့သောဝါဆန်းမြို့မှအဆောက်အဦများသည် ယခုအခါ ပြိုကျပျက်စီးနေပြီဖြစ်၏။

ယခင်က သန့်ရှင်းသပ်ယပ် လူစည်ကားခဲ့သောဝါဆန်းမြို့၏အဓိကမင်းလမ်းသည် ယခုအခါ၌ အုတ်ကျိုးအုတ်ပဲ့များ အမှိုက်သရိုက်များဖြင့်ရှုပ်ပွနေလေပြီ။

တစ်ချက်တိုက်ခတ်လိုက်သောညှို့လေအောက်၌ လမ်းမပေါ်မှအမှိုက်သရိုက်များသည် လေထဲဝဲပျံသွားလေသည်။

ထိုအချိန်တွင် လုဝေသည် လူသူကင်းမဲ့နေသောဝါဆန်းမြို့၏လမ်းမပေါ်သို့ ခြေထောက်လှမ်းနှင်းလှမ်းဖြင့်ရောက်ရှိလာပြီဖြစ်သည်။

သူသည် လမ်း၏ဝဲယာတစ်ဖက်တစ်ချက်မှ အဆောက်အဦများကို တစ်ချက်အကဲခတ်ကြည့်လိုက်သည်။

အဆောက်အဦများထဲ၌ လူရိပ်လူရောင်ပင်မတွေ့ရပါ။



တစ်စပြင်ကဲ့သို့ လူသူကင်းမဲ့တိတ်ဆိတ်နေသော ဝါဆန်းမြို့လေး၌ သူတစ်ယောက်တည်းသာထီးထီးကြီးရှိတော့သည်ဟု လုဝေ၏စိတ်ထဲ၌ထင်မှတ်ခံစားနေမိလေသည်။

****

www.burmeseclassic.com

www.burmeseclassic.com



လုဝေသည် ဝါဆန်းမြို့၏လမ်းမကို တစ်ချက်လှမ်းကြည့်လိုက်၏။ ဝါဆန်းမြို့၏လမ်းက ရှည်လျားခြင်းမရှိပါ။ ကျယ်ဝန်းခြင်းလည်းမရှိပါ။

ထို့ပြင် ထိုလမ်းမသည် မြို့၏တစ်ခုတည်းသော လမ်းမဖြစ်သည်။ ဝါဆန်းမြို့သည် နယ်စပ်ဒေသမှမြို့ကလေးတစ်မြို့ဖြစ်သည်။

ထို့ကြောင့် ထိုမြို့ကလေးတွင် အိမ်ခြေအားဖြင့် သုံးဆယ်လေးဆယ်ခန့်သာရှိပေသည်။

အဲဆောက်အဦးအားလုံးသည် တစ်ခုတည်းသောလမ်းမ၏ ဝဲယာတစ်ဖက်တစ်ချက်၌တည်ရှိနေကြ၏။

ထို့ပြင် နယ်စပ်မြို့လေးများ၏ထုံးစံအတိုင်း လူနေအိမ်ခြေနည်းပါး၍ စားသောက်ဆိုင်များ၊ တည်းခိုခန်းများ၊ လောင်းကစားရုံများ၊ ဗိမ်ခံခန်းများ၊ ဘိန်းခန်းများ၊ လူသုံးကုန်ပစ္စည်းဆိုင်များ စသည်တို့သာ အများဆုံးဖြစ်နေပေသည်။

ယခု ထိုအဆောက်အဦများ၊ စားသောက်ဆိုင်များ၊ တည်းခိုခန်းများ၊ လောင်းကစားရုံများစသည်တို့သည် လူသူကင်းမဲ့ပြီး ကျပျက်စီးနေသောအဆောက်အဦများအဖြစ်ပြောင်းလဲနေပြီဖြစ်သည်။

သုံးနှစ်ဟူသောအချိန်သည် အလွန်စည်ကားသောမြို့လေးတစ်မြို့ကို လူသူကင်းမဲ့၍ တစ်စပြင်ကဲ့သို့ တိတ်ဆိတ်ငြိမ်သက်သော မြို့ပျက်ကြီးအဖြစ် မယုံကြည်နိုင်ဖွယ်ပြောင်းလဲစေခဲ့ပြီဖြစ်သည်။

ဤသို့ဆိုလျှင်....



သုံးနှစ်ဟူသောအချိန်သည် လူတစ်ယောက်ကိုလည်း အတိုင်းအတာတစ်ခုအထိ ပြောင်းလဲစေနိုင်မည်မှာ ယုံမှားဖွယ်ရာမရှိတော့ပေ။

လုဝေ သက်ပြင်းချလိုက်သည်။

ထိုစဉ် လမ်း၏တစ်ဖက်ထိပ်မှ ကြောင်နက်ကြီးတစ်ကောင်သည် အလွန်နှေးကွေးသောခြေလှမ်းများဖြင့် လမ်းမကြီးကိုဖြတ်ကူးသွားသည်။ လုဝေက နှုတ်ခမ်းကိုတွန့်ပြုံးလိုက်သည်။

ဤမြို့၌ သက်ရှိသတ္တဝါဟူ၍ မိမိအပြင် ကြောင်နက်ကြီးတစ်ကောင်ပါရှိနေသေးသည်မဟုတ်ပါလား။

လုဝေသည် နှုတ်ခမ်းတွန့်ရုံ တစ်ချက်ပြုံးပြီး ဝါဆန်းမြို့၏ လမ်းမကြီးအတိုင်း ခြေထောက်နှင်းထောက်နင်းဖြင့် ထွက်ခွာသွား၏။ သူ၏မျက်လုံးများက ဟိုကြည့်သည်ကြည့်ဖြင့် တစ်စုံတစ်ရာကို ရှာဖွေနေဟန်ရှိလေသည်။

အမှန်မှာ သူသည် ရှာဖွေရန်ပင်မလိုပါ။ သူရှာဖွေသောအရာသည် မည်သည့်နေရာ၌ရှိကြောင်း ကောင်းစွာသိထားသောကြောင့် ဖြစ်ပါသည်။ မကြာမီမှာပင် သူ၏မျက်လုံးများက သူရှာဖွေနေသော အရာကိုတွေ့မြင်သွားလေတော့၏။

****

www.burmeseclassic.com

www.burmeseclassic.com



လောက်မာ၏
နှစ်ချို့ဝါးရွက်စိမ်းအရက်
ပင်ရင်းဆိုင်....

စာသားများက နေ့ဒဏ်၊ မိုးဒဏ်၊ လေဒဏ်တို့ကြောင့် မှေးမှိန်နေပြီဖြစ်သော်လည်း စာသားများက ယခင်အတိုင်း ပြောင်းလဲခြင်းမရှိပါ။ သို့သော် ယခင်က တည့်မတ်စွာချိတ်ဆွဲထားသော ထိုသစ်သားဆိုင်းဘုတ်သည် ယခုအခါ၌ တွဲလောင်းကျနေပြီဖြစ်သည်။

ထို့ပြင် ယခင်က အနောက်နိုင်ငံများမှပုံစံကိုယူ၍ တီထွင်ထားသောဆိုင်၏အဝင်ဝမှဆင်နားရွက်တံခါးသည် ယခုအခါ တစ်ဖက်တည်းသာရှိတော့သည်။

ပြတင်းပေါက်တံခါးများတွင် တပ်ဆင်ထားသော မှန်များလည်း အချို့အဝက်ကွဲနေကြပြီဖြစ်သည်။

အချို့ပြတင်းပေါက်တံခါးများမှာ တံခါးရွက်ပင်မရှိတော့သည်ကိုတွေ့ရ၏။ လုဝေသည် လောက်မာ၏အရက်ဆိုင်ကိုတစ်ချက်လှမ်းကြည့်လိုက်သည်။

ပြီးမှ သူသည် ဆိုင်ရှေ့မှသစ်သားလှေကားသုံးထစ်ကိုနင်း၍ တက်လိုက်၏။ လှေကားကို တစ်ချက်နင်းတိုင်း သစ်သားလှေကားက တစ်ကျွိကျွိမြည်လာသည်။ သူသည် ခွေးကတက်၌ တစ်ချက်မျှ ရပ်တန့်ပြီးနောက် တစ်ဖက်တည်းသာရှိနေသော ဆင်နားရွက်တံခါးကိုတွန်းဖွင့်၍ လောက်မာ၏အရက်ဆိုင်ထဲဝင်ရောက်လိုက်သည်။



ခြေလှမ်း လှမ်းလိုက်တိုင်း ကြမ်းခင်းကသံချေးတက်နေဟန်ဖြင့် တစ်ကျွိကျွိမြည်နေသည်။

ယခင်က သန့်ရှင်းသပ်ယပ်သောလောက်မာ၏အရက်ဆိုင်သည် ယခုအခါ ဖုန်များ၊ ပိုးမျှင်အိမ်များ၊ စားပွဲကုလားထိုင် အကျိုးအပဲ့များ၊ အမှိုက်သရိုက်များ၊ မှန်ကွဲစများတို့ဖြင့်ရှုပ်ပွနေသည်။

လောက်မာ၏အရက်ဆိုင်သည် တစ်ထပ်အဆောက်အအုံဖြစ်သော်လည်း ထပ်ခိုးတစ်ဝက်ထည့်ကာ အပေါ်ထပ်တစ်ခု ပြုလုပ်၍ သီးသန့်စားပွဲဝိုင်းများထားခဲ့သည်။

ယခု ထိုအပေါ်ထပ်ထပ်ခိုးသို့တက်သည့်လှေကားသည် ပြိုကျပျက်စီးနေပြီဖြစ်၏။ အပေါ်မှထပ်ခိုးသည်လည်း တစ်ပိုင်းတစ်စပြိုကျနေသည်။

လုဝေသည် အလဲလဲအပြိုပြိုဖြစ်နေသောစားပွဲများ၊ ကုလားထိုင်များထဲမှ စားပွဲတစ်လုံးနှင့်ကုလားထိုင်နှစ်လုံးကို အကောင်းအတိုင်းတွေ့ရှိရ၏။

ထို့ကြောင့် သူသည် ထိုစားပွဲကို အခန်းအလယ်၌ ခင်းလိုက်သည်။ ထို့နောက် စားပွဲပေါ်မှဖုန်များကိုသန့်ရှင်းလိုက်သည်။

ပြီးမှ သူသည် ပခုံးပေါ်၌လွယ်ထားသော အဝါရောင်ပလိုင်ထုပ်ကိုထုတ်ယူ၍ စားပွဲပေါ်သို့တင်လိုက်သည်။

ထို့နောက် ပုဝါထုပ်ကိုဖြေကာ ပုဝါထုပ်ထဲမှပစ္စည်းများကို ထုတ်ယူလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အရက်တစ်အိုး၊ အကြမ်းပန်းကန်နှစ်လုံးနှင့် စားသောက်ဖွယ်ရာအချို့ဖြစ်သည်။

လုဝေသည် ပုဝါကို စားပွဲခင်းအဖြစ်အသုံးပြုလိုက်၏။

ထို့နောက် အရက်အိုးနှင့်စားသောက်ဖွယ်များကို စားပွဲပေါ်ခင်းကျင်းလိုက်၏။

ပြီးမှ သူသည် ကုလားထိုင်ပေါ်သို့ဝင်ရောက်ထိုင်လိုက်ပြီး အခန်းတံခါးဝသို့ မမှိတ်မသုန်သောမျက်လုံးများဖြင့် ကြည့်နေလေတော့သည်။

သူ၏မျက်လုံးများသည် တစ်စုံတစ်ယောက်ကိုစောင့်မျှော်နေဟန် ပေါ်လွင်နေသည်မဟုတ်ပါလား။

သို့ဆိုလျှင် လုဝေသည် မည်သူ့ကိုစောင့်မျှော်နေသနည်း။

****



ညလေက တသုန်သုန် တိုက်ခတ်နေ၏။

ယခုတစ်ကြိမ်၌ ည၏လေသည် ခပ်ပြင်းပြင်းတစ်ချက်တိုက်ခတ်လိုက်၏။

ထို့ကြောင့်.... လောက်မာ၏အရက်ဆိုင်မှဆိုင်းဘုတ်သည် လွင့်ခတ်သွားပြီး ဆိုင်နံရံနှင့်တဘုန်းဘုန်းရိုက်ခတ်နေသည်။

ထိုစဉ် အဝေးမှမြင်းခွာသံကို လုဝေကြားလိုက်၏။

မြင်းခွာသံကိုကြားသည်နှင့် လုဝေ၏ဦးခေါင်းသည် ထောင်၍သွားပြီး....

"အင်း... သူ လာပြီ"

ဟုတစ်ယောက်တည်းရေရွတ်လိုက်လေတော့သည် မဟုတ်ပါလား။

****

www.burmeseclassic.com

www.burmeseclassic.com



မြင်းခွာသံက ဝေးရာမှ တဖြည်းဖြည်းနီးလာ၏။ ထို့ကြောင့် မြင်းခွာသံသည် တိုးရာမှ တစ်စထက်တစ်စ ပိုကျယ်လောင်လာ၏။

မကြာမီ မြင်းခွာသံသည် လောက်မာ၏အရက်ဆိုင်ရှေ့၌ ရပ်တန့်သွားလေတော့၏။

မြင်းခွာသံရပ်တန့်သွားပြီးနောက် လူတစ်ယောက်၏ခြေသံသည် လောက်မာ၏အရက်ဆိုင်ရှေ့မှပေါ်လာ၏။

ထို့နောက် တစ်ဖက်တည်းသာရှိနေသော ဆင်နားရွက်တံခါးပွင့်သွားပြီး ဆိုင်ထဲသို့ လူတစ်ယောက်ဝင်ရောက်လာလေတော့သည်။

****



ဆိုင်ထဲဝင်ရောက်လာသူသည် သစ်လွင်သောအဖြူရောင်အဝတ်အစားများကိုဝတ်ဆင်ထား၏။ သို့သော် ခရီးဝေးမှလာခဲ့ဟန်တူ၏။ အဝတ်အစားများ၌ ဖုန်များပေကျံနေသည်ကိုတွေ့ရသည်။

ထိုလူသည် လောက်မာ၏အရက်ဆိုင်ထဲသို့ ရောက်သည်နှင့် အဝတ်အစားပေါ်မှဖုန်များကို လက်ဖြင့်ခါချလိုက်၏။

ပြီးမှ… သူသည် စားပွဲတစ်လုံးတွင်ထိုင်နေသောလုဝေကို တစ်ချက်လှမ်းကြည့်လိုက်၏။

ထို့နောက် သူသည် လုဝေထိုင်နေသောစားပွဲသို့တန်းတန်းမတ်မတ်လျှောက်သွားပြီး လုဝေနှင့်မျက်နှာချင်းဆိုင်ကုလားထိုင်တွင် ဝင်ရောက်ထိုင်ချလိုက်လေသည်။

လုဝေက ဘာမှမပြောပါ။

နောက်မှရောက်လာသောလူကလည်း ဘာမျှမပြောပါ။

သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် အတန်ကြာအောင် စိုက်ကြည့်နေကြ၏။

အတန်ကြာမှ လုဝေက အရက်ထည့်ထားသောအကြမ်းပန်းကန်ကို နောက်မှရောက်လာသူ၏ရှေ့သို့ချပေးလိုက်၏။ နောက်မှရောက်လာသူက လုဝေချပေးသောအကြမ်းပန်းကန်ကိုကောက်ယူကာမော့သောက်လိုက်သည်။

လုဝေကအေးစက်စက်လေသံဖြင့်….

"ကျုပ်အဆိပ်ခတ်ထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်၏။

နောက်မှရောက်လာသူက အသာအယာပြုံးလိုက်၏။

"သိုင်းလောကရဲ့အမြန်ဆုံးဓားသမားလုဝေဟာ လူတစ်ယောက်ကိုသတ်တဲ့အခါမှာ သူ့ရဲ့မဟူရာဓားကလွဲပြီး ဘာမှအသုံးမပြုတတ်ပါဘူး"

လုဝေ ဘာမှပြန်မပြောပါ။

နောက်မှရောက်လာသူက ဆက်ပြော၏။

"လောက်မာရဲ့ဆိုင်မှာ အခုလို ဝါးရွက်စိမ်းအရက်သောက်ရလိမ့်မယ်လို့ ကျုပ်မမျှော်လင့်ခဲ့ဘူး"

လုဝေ ဘာမှပြန်မပြောပါ။ အကြွမ်းပန်းကန်ထဲမှအရက်ကို တစ်ချက်မော့သောက်ရင်း နှုတ်ဆိတ်မြဲနှုတ်ဆိတ်နေ၏။

နောက်မှရောက်လာသူကပြုံးလိုက်ပြီး....

"ကျုပ်မလာတော့ဘူးလို့ ခင်ဗျားစိတ်ထဲထင်နေတယ်မဟုတ်လား"

လုဝေ သက်ပြင်းတစ်ချက်ချရင်း....

"ကျုပ် လက်ခံတ်မမှားခဲ့ပါဘူး"

ဟုပြောလိုက်သည်။

နောက်မှရောက်လာသောလူက ပြုံးလျက်....

"သုံးနှစ်ဆိုတဲ့အချိန်ဟာ ဝါဆန်းမြို့ကိုမြို့ပျက်တစ်ခုအဖြစ်ပြောင်းလဲနိုင်ခဲ့တာပဲ"



"ဒါပေမဲ့... ချင်းစိန်စန်းကိုတော့ ဘာမှမပြောင်းလဲနိုင်ခဲ့ပါလား"

လုဝေက နှုတ်ခမ်းတွန့်ပြီးပြန်ပြောလိုက်သည်။

နောက်မှရောက်လာသူက....

"မပြောင်းလဲဘူးလို့ ခင်ဗျားကဘာဖြစ်လို့ပြောနိုင်ရတာလဲ"

"ဘယ်သူက ကိုယ့်သချိုင်းကိုကိုယ်ပြန်လာရှာပါ့မလဲ"

နောက်မှရောက်လာသူက ပြုံးလိုက်၏။

ပြီးမှ....

"သုံးနှစ်ဆိုတဲ့ကာလကို ခင်ဗျားဘယ်လိုဖြတ်သန်းခဲ့သလဲ"

လုဝေက....

"ခင်ဗျားကော ဘယ်လိုဖြတ်သန်းခဲ့ရသလဲ"

ဟု ပြန်မေးလိုက်၏။

နောက်မှရောက်လာသူကသက်ပြင်းချကာ....

"မြန်လွန်းတယ်"

တစ်ဆက်တည်းပင်....

"ကျုပ်ကကျုပ်သေရမယ့်နေ့ကိုသိပေမဲ့ သေရမှာကို စောင့်နေတဲ့လူစားမျိုးမှမဟုတ်ဘဲ"

လုဝေ ဘာမှပြန်မပြောပါ။

နောက်မှရောက်လာသူက ရုတ်တရက်ပြုံးလိုက်ပြီး.....

"ကျုပ် ဒီနေ့ ဒီကိုမလာရင် ခင်ဗျားဘာလုပ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



လုဝေခေါင်းခါလိုက်သည်။

"ဘာမှမလုပ်ပါဘူး"

"ဘာဖြစ်လို့လဲ"

လုဝေကနှုတ်ခမ်းတွန့်ကာ....

"ဒီနေ့ ခင်ဗျားရောက်လာပြီပဲ"

နောက်မှရောက်လာသူက ပြုံးပြီး အရက်တစ်ခွက်ကိုမော့သောက်လိုက်၏။

လုဝေက သူ့ကို အတန်ကြာအောင်စူးစိုက်ကြည့်ပြီး....

"ခင်ဗျားကိစ္စတွေ မပြီးသေးဘူးမဟုတ်လား"

လုဝေ၏စကားကြောင့် နောက်မှရောက်လာသူက လုဝေကိုမျက်လုံးပြူး၍ကြည့်မိသည်။

"ဘာဖြစ်လို့ ခင်ဗျားပြောနိုင်ရတာလဲ"

လုဝေကနှုတ်ခမ်းတွန့်ကာ....

"ခင်ဗျားမျက်လုံးတွေက မသေချင်သေးဘူးဆိုတာ ပေါ်လွင်နေတယ်လေ"

နောက်မှရောက်လာသူကသက်ပြင်းချကာ....

"ဟုတ်တယ်... ဒါပေမဲ့ ကျုပ်ဒီနေ့သေမှာပါ"

လုဝေက နှုတ်ခမ်းတွန့်၍ပြုံးလိုက်ပြီး....

"အခွင့်အရေးတစ်ခုပေးမယ်"

ဟုပြောလိုက်သည်။



နောက်မှရောက်လာသူက မျက်မှောင်ကြုတ်ကာ....

"ဘာအခွင့်အရေးလဲ"

လုဝေက သက်ပြင်းချရင်း....

"ဒီနေ့ ကျုပ်လူသတ်ချင်စိတ်မရှိသေးဘူး၊ ဒါကြောင့် ခင်ဗျားကို တစ်နှစ်အသက်ရှင်ခွင့်ပေးမယ်၊ ဒါပေမဲ့..."

စကားကိုဆက်မပြောဘဲ ရပ်တန့်လိုက်ပြီး နောက်မှရောက်လာသူကိုစိုက်ကြည့်လိုက်၏။

နောက်မှရောက်လာသူက မျက်မှောင်ကြုတ်ကာ....

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ကျုပ်သိချင်တာတစ်ခုရှိတယ်"

"ဘာသိချင်တာလဲ"

လုဝေက....

"ခင်ဗျားမှာ ဘာကိစ္စရှိသလဲဆိုတာသိချင်တယ်"

နောက်မှရောက်လာသူက ခေါင်းခါယမ်းပြီး....

"ဒါဆို ခင်ဗျား ကျုပ်ကိုဒီနေ့ပဲသတ်လိုက်ပါ"

လုဝေ မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျားက မပြောဘူးပေါ့"

နောက်မှရောက်လာသူက....

"ဒီမေးခွန်းကို လွန်ခဲ့တဲ့သုံးနှစ်ကတည်းက ခင်ဗျား ကျုပ်ကို မေးပြီးပြီပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်... ခင်ဗျားကလဲ လွန်ခဲ့တဲ့သုံးနှစ်ကတည်းက အဖြေပေးပြီးပြီ"

နောက်မှရောက်လာသူက....

"ဒါဆို နောက်ထပ်တစ်နှစ် ဘာဖြစ်လို့ ကျုပ် အသက်ရှင်ရဦးမှာလဲ"

လုဝေက သက်ပြင်းချရင်း....

"ခင်ဗျားကိစ္စတွေ ပြီးမှမပြီးသေးဘဲ"

လုဝေ၏စကားကြောင့် နောက်မှရောက်လာသူ တွေဝေသွားသည်။ သူသည်သက်ပြင်းတစ်ချက်ခပ်လေးလေးချပြီး...

"ဟုတ်တယ်... ကျုပ် နောက်ထပ်တစ်နှစ်လောက် အသက်ရှင်ရဦးမယ်"

ဟုပြောလိုက်သည်။

လုဝေက နှုတ်ခမ်းတွန့်ရုံပြုံးလိုက်ပြီး....

"ခင်ဗျားကိစ္စကို ကျုပ်သိလို့ရပြီလား"

နောက်မှရောက်လာသူ သက်ပြင်းချလိုက်သည်။

ပြီးမှ....

"ခင်ဗျား ကျုပ်ကိုသတ်ဖို့ အဆင်သင့်ဖြစ်ပြီလား"

ဟု ပြန်မေးသည်။ လုဝေ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ပြောသားပဲ၊ သုံးနှစ်ဆိုတဲ့အချိန်ဟာ ချင်းစိန်စန်းကို မပြောင်းလဲနိုင်ပါဘူးလို့"



နောက်မှရောက်လာသူက မချိပြုံးပြုံးကာ...

"ခင်ဗျား ဒီကိုလာတာ ကျုပ်နဲ့အရက်သောက်ဖို့ စကားပြောဖို့တော့ မဟုတ်ပါဘူးနော်"

လုဝေကပြုံး၏။

ပြီးမှ....

"ခင်ဗျားမှာ အချိန်ထပ်ပြီးလိုဦးမလားလို့ပါ"

နောက်မှရောက်လာသူကခေါင်းခါယမ်းသည်။

"မလိုတော့ပါဘူး"

"တကယ်ပဲ မလိုတော့ဘူးလား"

လုဝေက သေချာအောင်ထပ်မေးသည်။

နောက်မှရောက်လာသူက....

"ယောကျ်ားတစ်ယောက်ဟာ လောကပေါ်မှာ အဓိပ္ပာယ်မရှိဘဲနေရတာ နောက်ထပ်ဆယ်နှစ်နေလဲ ဘာမှအကျိုးမထူးပါဘူး"

လုဝေ နောက်မှရောက်လာသူကို အတန်ကြာအောင်ကြည့်၏။ ပြီးမှ....

"ခင်ဗျားရဲ့ကိစ္စက မပြီးသေးဘူးလေ"

ဟု အေးစက်စက်ပြောလိုက်သည်။

နောက်မှရောက်လာသူက အသာအယာခေါင်းခါလိုက်၏။

"ဒါ ခင်ဗျားရဲ့ကိစ္စမှမဟုတ်ဘဲ"

လုဝေ အသာအယာသက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား တကယ်ပဲသေဖို့ ဆုံးဖြတ်ပြီးပြီလား"

နောက်မှရောက်လာသူက လုဝေကို အထူးအဆန်းသဖွယ် ကြည့်လိုက်သည်။

ပြီးမှ ....

"ခင်ဗျားဟာ ဘယ်တော့မှစကားကိုများများပြောတတ်တဲ့ သူ မဟုတ်ပါဘူး"

လုဝေက နှုတ်ခမ်းကိုတစ်ချက်ကိုက်ပြီး....

"တစ်ခါတစ်ရံမှာတော့ ကျုပ်က စကားကိုများများပြော တတ်တယ်ဗျ"

နောက်မှရောက်လာသူက သက်ပြင်းချသည်။

"သေရတော့မဲ့လူတစ်ယောက်နဲ့ ဘာဖြစ်လို့ စကားများများ ပြောချင်ရတာလဲ"

လုဝေကပြုံးရင်း....

"အမှန်တရားဟာ တစ်ခါတစ်ရံမှာ သေရတော့မဲ့လူရဲ့ ပါးစပ်ကထွက်လာတတ်တယ်လေ"

နောက်မှရောက်လာသူက မဲ့ပြုံးပြုံးပြီး....

"တစ်ခါတစ်ရံမှာ လူတွေဟာသေသွားတဲ့အထိ ပါးစပ်ပိတ် ထားတတ်ကြတယ်ဗျ"

လုဝေ သက်ပြင်းချလိုက်သည်။

ပြီးမှ....



"ခင်ဗျား တကယ်ပဲအသက်ရှင်ပြီး မနေချင်တော့ဘူးလား" ဟုမေးလိုက်၏။

နောက်မှရောက်လာသူက ခေါင်းညိတ်ကာ....

"အသက်ရှင်ပြီး ဘာမှမလုပ်နိုင်ဘဲ အဓိပ္ပာယ်မဲ့နေရတာ ထက်စာရင် သေတာကပိုမကောင်းဘူးလားဗျာ"

လုဝေ သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ... ဒါဆိုလဲ ခင်ဗျားရဲ့ဆန္ဒကိုဖြည့်ဆည်း ပေးရတာပေါ့"

နောက်မှရောက်လာသူက ပြုံးလိုက်ပြီး ထိုင်ရာမှထလိုက် သည်။ ထို့နောက် သူ၏ခါး၌ချိတ်ထားသောဓားကိုဖြုတ်ယူ၍ စားပွဲ ပေါ်သို့တင်လိုက်ရင်း....

"ကျုပ်က ကျုပ်ရဲ့ဓားနဲ့ပဲသေချင်တယ်"

ဟုပြောလိုက်၏။

လုဝေက စားပွဲပေါ်မှဓားကို တစ်ချက်လှမ်းကြည့်လိုက်၏။ ဓားမှာဓားကောင်းတစ်လက်ဖြစ်၏။

သိုင်းလောက၌ နာမည်ကျော်ကြားသော မြစိမ်းရောင်ဓား ဖြစ်သည်။

ယခု... မြစိမ်းရောင်ဓားပိုင်ရှင်ချင်းစိန်စန်းက သူ၏ဓားကို စားပွဲပေါ်၌ တင်ထား၏။ လုဝေက ချင်းစိန်စန်းကို တစ်ချက်ကြည့် လိုက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာချင်းစိန်စန်း... ခင်ဗျားက ခင်ဗျားဖြစ်စေချင်တာကို ပြောပေမဲ့ ကျုပ်ကမလိုက်လျောနိုင်ဘူး"

ဟု ပြောလိုက်သည်။

ချင်းစိန်စန်းဟု အခေါ်ခံရသော နောက်မှရောက်လာသူက လုဝေကိုမျက်လုံးပြူးနှင့်ကြည့်လိုက်၏။

လုဝေက နှုတ်ခမ်းကိုတွန့်၍ဆက်ပြောသည်။

"ကျုပ်ကလဲ ကျုပ်လုပ်ချင်တာကိုပဲလုပ်ချင်တယ်၊ သူများခိုင်းတာကို မလုပ်ချင်ဘူး"

ချင်းစိန်စန်းက သက်ပြင်းချကာ....

"ကောင်းပြီ... ကျုပ်သေရင် ကျုပ်ဓားကို ခင်ဗျားပဲ သိမ်းထားပေးပါ"

လုဝေက ပခုံးတွန့်ပြီး....

"လူသေမှတော့ ဓားကဘာလုပ်ရမှာလဲ၊ ဓားရှိရင် လူရှိရမယ်... ဒီတော့ မပူပါနဲ့၊ ခင်ဗျားရဲ့ဓားကို ခင်ဗျားနဲ့အတူ ကျုပ်မြေမြှုပ်ပေးမှာပါ"

ဟုပြောလိုက်၏။

ချင်းစိန်စန်းက ဘာမျှပြန်မပြောတော့ပါ။

အမှန်တော့....

သူသည် လွန်ခဲ့သောသုံးနှစ်ကတည်းက ဤအချိန် ဤနေရာတွင် လုဝေ၏ဓားချက်ဖြင့် သေခဲ့ပြီးပြီမဟုတ်ပါလား။



လုဝေက သက်ပြင်းချပြီး....

"ချင်းစိန်စန်း... ပြီးခဲ့တဲ့သုံးနှစ်ကတည်းက ဒီနေရာ ဒီအချိန်မှာ ကျုပ် ခင်ဗျားကိုသတ်လို့ရတာယ်"

ဟုပြောလိုက်၏။

ချင်းစိန်စန်းကဦးခေါင်းညိတ်ကာ....

"ကျုပ်ဝန်ခံပါတယ်"

ဟုပြော၏။ လုဝေကပြုံးပြီး....

"ဒါပေမဲ့ ကျုပ် ခင်ဗျားကိုမသတ်ခဲ့ဘူး"

ချင်းစိန်စန်းခေါင်းညိတ်လိုက်သည်။

"ကျုပ်လဲ ကတိမပျက်ခဲ့ပါဘူး"

"ဟုတ်တယ်... ခင်ဗျားသာမလာရင် ကျုပ် ခင်ဗျားကိုဘယ်မှာလိုက်ရှာရမှန်းသိမှာမဟုတ်ဘူး"

ချင်းစိန်စန်းကပြုံးလျက်....

"အခု ခင်ဗျားရှာဖို့မလိုတော့ဘူး"

လုဝေ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ခင်ဗျားက ခင်ဗျားရဲ့ကတိအတိုင်း ပြန်လာတယ်"

ချင်းစိန်စန်းကပြုံးကာ....

"ကျုပ်က ကျုပ်ပေးခဲ့တဲ့ကတိကို ကျုပ်အသက်လိုတန်ဖိုးထားတာ၊ ဘယ်တော့မှမမေ့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့်... ကျုပ်က ခင်ဗျားရဲ့ကိစ္စတွေပြီးမှပဲ သတ်ချင်တယ်"

လုဝေကပြောလိုက်သည်။

ချင်းစိန်စန်းကသက်ပြင်းချကာ...

"ကျုပ်ပြောပြီးပြီပဲ... အမိဗ္ဗာယ်မဲ့ဆက်ပြီးအသက်မရှင်ချင်တော့ပါဘူးလို့"

လုဝေကခေါင်းခါယမ်းကာ...

"တချို့ကိစ္စတွေဟာ အချိန်ကိုအရင်းအနှီးပြုရတယ်"

ချင်းစိန်စန်းကပြုံးပြီး...

"သုံးနှစ်ကုန်ခဲ့ပြီလေ"

လုဝေကခေါင်းခါယမ်း၏။

"အချိန်မလုံလောက်လို့ဖြစ်ပါလိမ့်မယ်"

ချင်းစိန်စန်း ဘာမျှမပြောတော့ပါ။

လုဝေကပြုံးလျက်...

"အဲဒီတုန်းက ကျုပ် ဘာဖြစ်လို့ ခင်ဗျားကို ချက်ချင်းမသတ်တာလဲ၊ သိလား"

ချင်းစိန်စန်းက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး...

"ခင်ဗျား မသတ်ချင်သေးလို့ပါ"

"ခင်ဗျားမရှုံးသင့်ဘူးလို့ထင်တယ်၊ ပြီးတော့... ခင်ဗျားက အသက်ငယ်ငယ်နဲ့ ဓားပညာသိပ်ကောင်းနေတယ်"



ချင်းစိန်စန်းကသက်ပြင်းချကာ...

"ဘာပဲဖြစ်ဖြစ် ကျုပ်ရှုံးသင့်ပါတယ်... ကျုပ်က ခင်ဗျားရဲ့ဓား ကျုပ်လည်ပင်းမှာ လာထောက်မှပဲမြင်လိုက်ရတာ"

လုဝေကပြုံးရင်း...

"ပြောရရင်... ကျုပ်ရဲ့ဓားကို ခင်ဗျားတစ်ယောက်ပဲ ပထမဆုံးမြင်ဖူးတာ"

ချင်းစိန်စန်း သက်ပြင်းတစ်ချက်ချလိုက်သည်။

"အဲဒီတုန်းက ကျုပ်မှာ လက်စမသတ်သေးတဲ့အလုပ်တွေ ကျန်သေးသလားလို့ ခင်ဗျားကျုပ်ကိုမေးခဲ့တယ်"

လုဝေခေါင်းညိတ်သည်။

"ဟုတ်တယ်... ခင်ဗျားကလဲ ခင်ဗျားရဲ့ကိုယ်ရေးကိုယ်တာ ကိစ္စပါလို့ပြောတယ်"

ချင်းစိန်စန်း ပြုံးလိုက်သည်။

"အင်း... ခင်ဗျားလဲ မမေ့သေးပါလား"

လုဝေ ခေါင်းညိတ်လိုက်၏။

"အဲဒီတုန်းက ကျုပ်ကိုအချိန်မရွေးသတ်နိုင်တယ်၊ ကျုပ်ကိစ္စကို ဘယ်နည်းနဲ့မှမပြောနိုင်ဘူးလို့ ခင်ဗျားပြောခဲ့တာကိုလဲ ကျုပ်မမေ့ပါဘူးဗျာ"

ချင်းစိန်စန်းကခေါင်းညိတ်ကာ...

"ဟုတ်တယ်... အခုလဲ ဒီအတိုင်းပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတုန်းက ခင်ဗျားကို ခင်ဗျားရဲ့ ကိစ္စဆောင်ရွက်ဖို့ အချိန်ပေးခဲ့တယ်"

ချင်းစိန်စန်း ခေါင်းညိတ်သည်။

"ဟုတ်ပါတယ်"

"အခုလဲ ကျုပ် အချိန်ပေးချင်သေးတယ်"

ချင်းစိန်စန်းက ချက်ချင်းပင် ခေါင်းခါယမ်းလိုက်၏။

"မလိုတော့ပါဘူး"

လုဝေမျက်မှောင်ကုပ်သွားသည်။

"ဘာလဲ ခင်ဗျားတမြန်မြန်သေချင်နေပြီလား"

ချင်းစိန်စန်းကသက်ပြင်းချပြီး....

"ကျုပ်ကိုသတ်လိုက်ပါတော့ဗျာ"

ဟုပြောလိုက်သည်။

ထိုစဉ်မှာပင်....

ရုတ်တရက်.... ဝုန်းဟူသောအသံနှင့်အတူ လောက်မာ၏ပြို့ကျပျက်စီးနေသော အရက်ဆိုင်နံရံပေါ်၌ အပေါက်လေးပေါက်ဖြစ်ပေါ်သွားလေသည်။

****



"ဝုန်း"

ဝုန်းခနဲအသံနှင့်အတူ လောက်မာ၏အရက်ဆိုင်နံရံတွင် လူတစ်ကိုယ်စာ အပေါက်ကလေး လေးပေါက် ရုတ်တရက်ဖြစ်ပေါ်လာလေသည်။

ထိုအပေါက်ကလေး လေးပေါက်မှ လူလေးယောက်သည် ကျိုးပဲ့လွင့်စဉ်လာသောသစ်သားအပိုင်းအစများနှင့်အတူ ဆိုင်ထဲသို့ ရောက်ရှိလာကြသည်။

သူတို့သည် အနက်ရောင်ကိုယ်ကျပ်ဝတ်စုံများကို ဝတ်ဆင်ထားကြသည်။

သူတို့၏မျက်နှာတို့လည်း မျက်လုံးနေရာမှလွဲ၍ မျက်နှာတစ်ခုလုံး အနက်ရောင်ပုဝါဖြင့်စည်းထားကြသည်။

သူတို့၏လက်ထဲ ဓားကိုယ်စီကိုင်ဆောင်ထားကြ၏။

သူတို့သည် ဆိုင်ထဲသို့ရောက်သည်နှင့် ချင်းစိန်စန်းကိုဝိုင်းရံလိုက်ကြလေသည်။

ချင်းစိန်စန်းက သူတို့ကိုမကြည့်ပါ။

လုဝေက သက်ပြင်းချပြီး ခေါင်းကိုအသာခါယမ်းရင်း....

"ခင်ဗျားက အဖော်တွေကိုခေါ်လာတာကိုး"

ဟုပြောလိုက်သည်။

ချင်းစိန်စန်းကပြုံးပြီး....

"ခင်ဗျားက မသတ်ဘဲ... စကားချည်းပြောနေတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



လုဝေက ပြုံး၍....

"စိတ်ချပါ... သူတို့ မင်းကိုစားရေးပြနေတာပါ"

လုဝေနှင့်ချင်းစိန်စန်းသည် အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသောစားသမားများကိုလုံးဝမကြည့်ဘဲ တစ်ယောက်နှင့်တစ်ယောက် လှမ်းစကားပြောနေကြခြင်းဖြစ်၏။

အနက်ရောင်ဝတ်စုံနှင့်စားသမားများက ချင်းစိန်စန်းကိုဝိုင်းရံထားဆဲဖြစ်သည်။

လုဝေက ချင်းစိန်စန်းကိုလှမ်းကြည့်ပြီး....

"ခင်ဗျားကို ကျူပ်တစ်ခုမေးမယ်"

လှမ်းမေးလိုက်သည်။

ချင်းစိန်စန်းခေါင်းညိတ်ကာ....

"မေးပါ"

လုဝေကပြုံး....

"သရဲငါးကောင်ကိုသိလား"

မေးလိုက်သည်။

ချင်းစိန်စန်းခေါင်းညိတ်ပြသည်။

"သိတယ်"

လုဝေကပြုံးလိုက်ပြီး....

"ဒါဆိုရင် ခင်ဗျားမသေတော့ဘူး"

ဟုပြောလိုက်၏။ ချင်းစိန်စန်းက....



"ဘာဖြစ်လို့လဲ"

လုဝေက....

"သရဲငါးကောင်မှာ ကိုယ်ပျောက်သရဲကခေါင်းဆောင်ပဲ"

ချင်းစိန်စန်း မျက်ခုံးပင့်သည်။

"ဟုတ်လား"

လုဝေခေါင်းညိတ်ပြ၏။

"ဟုတ်တယ်... ကိုယ်ပျောက်သရဲ ပေါ်မလာမချင်း ခင်ဗျားမသေသေးဘူး"

ချင်းစိန်စန်းက ပခုံးတွန့်ရင်း....

"ကိုယ်ပျောက်သရဲက အချိန်မရွေးပေါ်လာနိုင်တယ်"

"သူ ဘယ်တော့မှပေါ်လာမှာမဟုတ်တော့ဘူး"

လုဝေကဝင်ပြောလိုက်ခြင်းဖြစ်သည်။

ချင်းစိန်စန်း မျက်လုံးပင့်ကာ....

"ခင်ဗျား ဘယ်လိုလုပ်သိသလဲ"

ဟုမေးလိုက်သည်။

လုဝေ ဘာမျှပြန်မပြောပါ။

သို့သော် ရုတ်တရက် လုဝေသည် ထိုင်ရာမှထပြီး သူ၏လက်ကိုလှုပ်ရှားလိုက်သည်။

စားရောင်က ဝင်းလက်သွား၏။ အနက်ရောင်အလင်းတန်းအဖြစ် လင်းလက်သွားခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအနက်ရောင်အလင်းတန်းသည် ကြမ်းပြင်ပေါ်သို့ရောက်ရှိသွားသည်။

ထို့နောက် အလင်းတန်းက လုဝေ၏ခေါ်အိမ်ထဲသို့ ချပ်ခနဲ ပြန်ဝင်သွားလေသည်။

လုဝေ၏လှုပ်ရှားမှုမှာ အလွန်ပင် လျင်မြန်လှသောကြောင့် လုဝေ၏ခေါ်ကို မည်သူမျှမမြင်လိုက်ကြချေ။

အနက်ရောင်ဝတ်စုံနှင့်လူများသည် လုဝေ၏လှုပ်ရှားမှုကြောင့် ကြောင်အမ်းအမ်းဖြစ်ကာ လုဝေကိုလှည့်ကြည့်မိလိုက်သည်။

ထိုစဉ် ကြမ်းပြင်ပေါ်မှသွေးများ ပန်းထွက်လာပြီးနောက် "ဝုန်း"ခနဲဟူသောအသံနှင့်အတူ ကြမ်းခင်းပျဉ်များကျိုးပဲ့လွင့်စဉ်သွားပြီး ကြမ်းပြင်အောက်မှလူတစ်ယောက်ပေါ်ထွက်လာလေသည်။

ထိုလူသည် အနက်ရောင်ဝတ်စုံဝတ်ဆင်ထားပြီး ခေါင်းကိုလည်း အနက်ရောင်ပုဝါဖြင့် မျက်လုံးနေရာမှသာချန်၍ စည်းနှောင်ထား၏။

ထိုလူသည် လုဝေကို အလွန်အမင်းအံ့ဩသောမျက်လုံးများဖြင့်ကြည့်ရင်း ကြမ်းပေါ်သို့လဲကျသွားလေတော့၏။

သူ၏ရင်ဘတ်မှစီးကျလာသောသွေးများသည် ကြမ်းပြင်ပေါ်၌ အိုင်ထွန်း၍သွားလေတော့သည်။

****



အဖြစ်အပျက်များသည် မျက်တောင်တစ်ချက် လျှပ်တစ်ပြက်မျှသာကြာ၏။ ထို့ကြောင့် ချင်းစိန်စန်းကိုဝိုင်းရံထားသောအနက်ရောင်ဝတ်စုံနှင့်လူလေးယောက်သည် အလွန်အမင်းအံ့ဩသောမျက်လုံးများဖြင့် လုဝေကိုကြည့်မိကြ၏။

ချင်းစိန်စန်းသည် မတုန်မလှုပ်ရပ်နေဆဲဖြစ်သည်။

သူသည် မည်သည့်လှုပ်ရှားမှုမျှမလုပ်ပါ။

မလှုပ်မယှက်ငြိမ်သက်နေ၏။

လုဝေက စားပွဲ၌ ပြန်ထိုင်ရင်း အရက်အိုးထဲမှအရက်ကိုငှဲ၍သောက်လိုက်သည်။

အတန်ကြာမှ အနက်ရောင်ဝတ်စုံနှင့်လူတစ်ယောက်က....

"ငါတို့အလိမ်ခံလိုက်ရပြီ"

ဟုပြောကာ နောက်သို့ခုန်၍ဆုတ်သွားလေ၏။ ကျန်အနက်ရောင်ဝတ်စုံနှင့်လူသုံးယောက်ကလည်း နောက်သို့ ပြိုင်တူခုန်၍ဆုတ်လိုက်ကြ၏။

ထို့နောက် သူတို့သည် ဝင်လာစဉ်ကအတိုင်း နံရံကိုဖောက်၍ အပြင်သို့ခုန်ထွက်သွားကြလေ၏။

****

www.burmeseclassic.com

www.burmeseclassic.com



ချင်းစိန်စန်းက လုဝေကိုလှမ်းကြည့်လိုက်၏။

လုဝေက ဘာမျှမပြောဘဲ အရက်ကိုသောက်နေ၏။

ချင်းစိန်စန်းက အရက်အိုးကို လှမ်းယူပြီး အိုးလိုက်တစ်ကျိုက် မော့သောက်လိုက်ပြီး အရက်အိုးကို စားပွဲပေါ်သို့ပြန်ထားလိုက်၏။

ပြီးမှ....

"ဘာဖြစ်လို့ သူတို့ကိုမောင်းထုတ်လိုက်ရတာလဲ"

မေးလိုက်၏။

လုဝေကမျက်လုံးပင့်ရင်း....

"သူတို့က မင်းကိုသတ်မလို့"

ပြောလိုက်၏။

ချင်းစိန်စန်းကပြုံးပြီး....

"သူတို့က ပိုက်ဆံရရင် ဘယ်သူ့ကိုမဆိုသတ်မှာပဲ"

လုဝေက ပြုံးရင်း....

"ကျုပ်က သူတို့ကိုငွားမထားဘူး"

ချင်းစိန်စန်းကသက်ပြင်းချကာ....

"ပိုက်ဆံမကုန်ဘဲ ကျုပ်ကိုသတ်ပေးတာ ခင်ဗျားက ဘာဖြစ်လို့ လက်မခံရတာလဲ"

"ကျုပ်က ခင်ဗျားကိုသတ်ရမှာလေ... ကျုပ်ကိုယ်တိုင်မသတ်ရဘဲ မင်းသေသွားလို့ဘယ်ဖြစ်မလဲ"



ချင်းစိန်စန်း ဘာမျှပြန်မပြောတော့ပါ။

လုဝေက ချင်းစိန်စန်းကိုတစ်ချက်မျှကြည့်ပြီး....

"ဒီသုံးနှစ်အတွင်း ခင်ဗျားရဲ့ခေါင်းက ဘယ်လောက်တန်နေပြီလဲ"

ချင်းစိန်စန်းကပခုံးတွန့်ပြလိုက်သည်။

လုဝေကပြုံးရင်း....

"သရဲငါးကောင်ရဲ့ကြေးဟာ မသေးဘူး"

ချင်းစိန်စန်းခေါင်းညိတ်သည်။

"ဟုတ်ပါတယ်"

လုဝေက....

"သရဲငါးကောင်ဟာ တောင်ပိုင်းသိုင်းထိပ်သီးပုချိုကို သတ်တာ ငွေသုံးသိန်းရတယ်လို့ကြားဖူးတယ်"

ချင်းစိန်စန်း ခေါင်းညိတ်လိုက်သည်။

"မမှားပါဘူး... ကျုပ်လဲကြားဖူးတယ်"

"အင်း... ဒါဆို ခင်ဗျားရဲ့ခေါင်းက သုံးသိန်းမက တန်လိမ့်မယ်ထင်တယ်"

လုဝေကမှတ်ချက်ချလိုက်သည်။

ချင်းစိန်စန်းက မျက်ခုံးပင့်၍....

"ဘာဖြစ်လို့လဲ"

ဟုပြန်မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လူဝေကာသက်ပြင်းချရင်း....

"ကျွန်ုပ် ဒီမြို့မှာ ကြောင်နက်ကိုတွေ့လိုက်လို့"

ချင်းစိန်စန်း ပါးစပ်ပိတ်ထားလိုက်သည်။

ထိုစဉ်မှာပင်....

အဝေးဆီမှကြောင်တစ်ကောင်၏အော်သံကို ကြားလိုက်ရလေတော့၏။

****



ကြောင်နက်....

တိရစ္ဆာန်ကြောင်မဟုတ်ပါ။

လူတစ်ယောက်၏အမည်သာ ဖြစ်ပါသည်။

သူ၏အမည်ရင်းကို မည်သူမျှမသိပါ။

သူ့ကို ကြောင်နက်ဟူ၍သာသိထားကြသည်။

အားလုံးကလည်း သူ့ကိုကြောင်နက်ဟုသာခေါ်ကြ၏။

ကြောင်နက်သည် သာမန်လူတစ်ယောက်မဟုတ်ပါ။

ကြေးစားလူသတ်သမားဖြစ်၏။

တော်ရုံတန်ရုံ ကြေးစားလူသတ်သမားမဟုတ်။

ကြေးမြင့်သော ထိပ်တန်းကြေးစားလူသတ်သမားတစ်ဦးဖြစ်သည်။ ကြေးမြင့်သလို စိတ်ချရသည်။ သူ့အား အပ်နှံသည့်အလုပ်တိုင်း မအောင်မြင်သည်မရှိ။

သူ့ထံ အလုပ်အပ်နှံပြီးပါက လှည့်ကြည့်ရန်မလိုတော့ပါ။

အချိန်တန်လျှင် သူသည် သူ့တာဝန်ကို သူကြေပွန်စွာ ထမ်းဆောင်ပြီးဖြစ်နေပေလိမ့်မည်။

သူသည် လူတစ်ယောက်ကိုလုပ်ကြံရန် အပ်နှံခြင်းခံရပါက ထိုလူ၏အကြောင်းကို ဦးစွာစုံစမ်းသည်။

သေချာစနစ်တကျအကွက်ချစီစဉ်သည်။

ပြီးမှ ထိုလူကိုလုပ်ကြံသည်။

သူသည် တစ်ခါမျှရှုံးနိမ့်ဖူးခြင်းမရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



သူ၏လုပ်ကြံမှုသည် ပိရိသေသပ်၏။

အလုပ်အပ်နှံသူကို စိတ်ကျေနပ်မှုရှိစေ၏။

ထို့ကြောင့် သူ၏ကြေးသည် သရဲငါးကောင်ထက် နှစ်ဆခန့်ပိုများလေသည်။

ချင်းစိန်စန်း သက်ပြင်းတစ်ချက် မသိမသာချလိုက်သည်။

လုဝေက အရက်တစ်ခွက်ကိုမော့သောက်ရင်း ချင်းစိန်စန်းကိုကြည့်နေသည်။

ပြီးမှ လုဝေက အရက်ခွက်ကိုစားပွဲပေါ်ပြန်တင်ရင်း....

"ခင်ဗျားရဲ့ခေါင်းကိုလိုချင်တဲ့သူဟာ ပိုက်ဆံတော်တော်သုံးနိုင်ပုံရတယ်"

ဟုပြောလိုက်၏။

ချင်းစိန်စန်း ဘာမျှပြန်မပြောပါ။

လုဝေက ဆက်ပြောသည်။

"ပိုက်ဆံများများသုံးနိုင်တဲ့ပုဂ္ဂိုလ်က သိပ်များမယ်မထင်ပါဘူး"

ချင်းစိန်စန်း ဘာမျှမပြောပါ။

ထိုစဉ် ရုတ်တရက် အနက်ရောင်ဝတ်စုံနှင့်လူလေးဦးသည် နံရံပေါ်ရှိ အပေါက်လေးပေါက်မှ အခန်းထဲသို့ပြန်လည်ဝင်ရောက်လာတော့သည်။

သို့သော်....





သူတို့သည် ပထမအကြိမ်တုန်းကလို အသက်နှင့်ခန္ဓာ တွဲလျက်ရောက်ရှိလာခြင်းမဟုတ်ပါ။

သူတို့သည် ယခုအကြိမ်တွင် သူတို့၏အသက်ကို ဆိုင်အပြင်ဘက်တွင်ထားခဲ့ပြီး ခန္ဓာကိုယ်ချည်းသက်သက်အခန်းထဲသို့ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

သူတို့သည် ပထမအကြိမ် ဝင်ရောက်လာစဉ်ကဲ့သို့ ကြမ်းပေါ်သို့ ကြောင်ကျမကျဘဲ ပုံပျက်ပန်းပျက် တဘိုင်းဘိုင်းဖြင့် ဖွဲ့အိတ်များ ပစ်ချလိုက်သလို ကျလာကြခြင်းဖြစ်ပေသည်။

ထိုအနက်ရောင်ဝတ်စုံဝတ်ဆင်ထားသော လူလေးယောက်၏အလောင်းနှင့်အတူ သေးငယ်သောဝါးဆစ်ဘူးငယ်တစ်ခုပါ အပိုပါလာသည်။

ထိုဝါးဆစ်ဘူးငယ်က အခန်း၏ကြမ်းပြင်ပေါ်သို့ ဒေါက်ခနဲကျလာပြီးနောက် ကြမ်းပြင်းတစ်လျှောက်လိမ့်သွားသည်။

ထို့နောက် ဝါးဆစ်ဘူးငယ်မှ 'ဘုန်း' ဟူ၍ အသံခပ်အုပ်အုပ်တစ်ချက်ပေါ်ထွက်လာပြီး အမည်းရောင်မီးခိုးများထွက်လာသည်။

ထိုမီးခိုးငွေ့များသည် တစ်ခဏချင်းမှာပင် လောက်မာ၏အရက်ဆိုင်တစ်ခုလုံးကိုဖုံးလွှမ်းသွားလေတော့၏။

****

www.burmeseclassic.com

www.burmeseclassic.com



ညဉ့်လေသည် တသုန်သုန်တိုက်ခတ်နေသည်။

ထို့ကြောင့် အမည်းရောင်မီးခိုးများသည် တဖြည်းဖြည်းလွင့်ပြယ်သွားလေသည်။

မီးခိုးများ လွင့်ပြယ်သွားသောအခါ လောက်မာ၏အရက်ဆိုင်တံခါးဝ၌ လူတစ်ယောက်ပေါ်လာသည်။

ထိုလူသည် အနက်ရောင်ဝတ်ရုံရှည်ကိုဝတ်ဆင်ထားသည်။

ထိုလူ၏လက်သည်းများက ရှည်လျားချွန်ထက်နေ၏။

ထိုချွန်ထက်သောလက်သည်းများတွင် အလွန်ပြင်းထန်သောအဆိပ်များ လူးထားသည်။

ထိုလူ၏မျက်နှာပေါ်၌ မျက်နှာဖုံးတစ်ခုကိုစွပ်ထား၏။

လူတစ်ယောက်၏မျက်နှာဖုံးပုံမဟုတ်ပါ။

ကြောင်တစ်ကောင်၏မျက်နှာဖုံးပုံ ဖြစ်ပါသည်။

ထိုလူသည် ခြေလှမ်းမှန်မှန်ဖြင့် လောက်မာ၏အရက်ဆိုင်ထဲသို့ဝင်လာသည်။

ထိုလူ၏မျက်လုံးများက အမှောင်ထဲ၌ ကြောင်တစ်ကောင်ကဲ့သို့ တောက်ပနေလေသည်။

ထိုလူသည် လွင့်ပြယ်စပြုနေပြီဖြစ်သောမီးခိုးလုံးများကြားမှ အရက်ဆိုင်ထဲသို့ တစ်လှမ်းချင်းလှမ်းဝင်လာခြင်းဖြစ်သည်။

သို့သော် သူ၏ခြေလှမ်းများသည် ရုတ်တရက် ရပ်တန့်သွားလေသည်။



-အဘယ်ကြောင့်ဆိုသော်...

ဆိုင်ထဲ၌ ချင်းစိန်စန်းရပ်နေသည်ကို တွေ့မြင်လိုက်ရသောကြောင့်ဖြစ်သည်မဟုတ်ပါလား။

****

www.burmeseclassic.com

www.burmeseclassic.com



ကြောင်၏မျက်လုံးများသည် ညအမှောင်ထဲ၌တောက်ပ၏။

ကြောင်မျက်နှာဖုံးစွပ်ထားသောလူ၏မျက်လုံးများသည် ညအမှောင်ထဲမှာသာမက နေရောင်ခြည်အောက်တွင်လည်း တောက်ပနေသာဖြစ်သည်။

သို့သော် အမြဲတမ်း တောက်ပနေသည်တော့မဟုတ်ပါ။

သူ၏မျက်လုံးများက စည်းကမ်းရှိစွာတောက်ပတတ်၏။

သူ၏မျက်လုံးများသည် ငွေကို များများစားစားရမည့်အခါမှသာ တောက်ပတတ်သည်။

ငွေကြေးများများစားစားဆုံးရှုံးသွားရသောအခါတွင်မူ သူ၏မျက်လုံးများသည် မှေးမှိန်သွားတတ်လေသည်။

ယခု သူ၏မျက်လုံးများသည် မှေးမှိန်၍သွားပြီဖြစ်သည်။

သူ့ထံမှ သက်ပြင်းတစ်ချက်ချသံတစ်ချက် ထွက်ပေါ်လာလေသည်။

မီးခိုးလုံးများလွင့်ပြယ်သွားသောအခါ သူ၏မျက်လုံးများသည် အရောင်တလက်လက်တောက်ပနေသည်ကိုတွေ့ရသည်။

သူ၏မျက်လုံးထဲ၌ ချင်းစိန်စန်းသည် ကြမ်းပြင်ပေါ်၌လူးလှိမ့်နေပုံကိုမြင်ယောင်လာ၏။

တစ်ဆက်တည်းမှာပင်....

ချင်းစိန်စန်းက သူ့ထံမှ အဆိပ်ဖြေဆေးတောင်းခံနေပုံကို မြင်ယောင်လာသည်။



အဆိပ်မီးခိုးများသည် သိုင်းလောက၌ကျော်ကြားနေသော မရဏာမီးခိုးပင်ဖြစ်သည်မဟုတ်ပါလား။

သိုင်းလောကမှထိပ်သီးအချို့သည် သူ့ရှေ့၌ဒူးတုပ်ပြီး သူ့ထံမှအဆိပ်ဖြေဆေးကိုတောင်းခံရသည်ချည်းဖြစ်သည်။

သိုင်းလောကမှခေါင်းအမာဆုံး၊ သတ္တိအကောင်းဆုံးဟု ကျော်ကြားခဲ့သောပိုင်ရိစင်းပင်လျှင် သေမည့်အရေးနှင့်ကြုံလာသောအခါ သူ့ရှေ့ဒူးထောက်ရသည်မဟုတ်ပါလား။

သူသည် အခြားလူတစ်ယောက် သေလုမျောပါးဝေဒနာခံစားနေရပုံကိုကြည့်ပြီး ပီတိဖြစ်တတ်၏။

သို့သော် ယခုအကြိမ်၌ သူသည် သူထင်မှတ်ထားသကဲ့သို့ ချင်းစိန်စန်းသည် ကြမ်းပေါ်၌လူးလှိမ့်မနေပါ။

ချင်းစိန်စန်းသည် ကြမ်းပေါ်၌ရပ်နေ၏။

ထို့ကြောင့်... ကြောင်မျက်နှာဖုံးနှင့်လူ၏အရောင်တလက်လက်တောက်နေသောမျက်လုံးများသည် ရုတ်ခြည်းပင် မှေးပြီးသွားပြန်လေတော့သည်။

****

www.burmeseclassic.com

www.burmeseclassic.com



ကြောင်မျက်နှာဖုံးနှင့်လူ၏ အရောင်တလက်လက်တောက်နေသောမျက်လုံးများသည် ချင်းစိန်စန်းကိုတွေ့လိုက်သည်နှင့် မှေးမှိန်၍သွားလေ၏။

တစ်ဆက်တည်းမှာပင်....

လုဝေကိုပါတွေ့လိုက်ရသောကြောင့် ကြောင်မျက်နှာဖုံးနှင့်လူသည် ကြောင်အိုကြီးတစ်ကောင်ကဲ့သို့ဖြစ်သွားလေသည်။

ချင်းစိန်စန်းက လှုပ်ရှားမှုမရှိပါ။

လုဝေက ကြောင်မျက်နှာဖုံးနှင့်လူကို လုံးဝမကြည့်ဘဲ အရက်အိုးထဲမှအရက်ကို အကြမ်းပန်းကန်ထဲသို့ထည့်လိုက်သည်။

ကြောင်မျက်နှာဖုံးနှင့်လူက သက်ပြင်းချလိုက်ပြီး....

"ကျုပ် လူမှားသွားတယ်"

ဟုပြောကာ ဆိုင်ထဲမှလှည့်ထွက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ချင်းစိန်စန်းကပြုံးပြီး....

"ခင်ဗျား လူမမှားပါဘူး"

ပြောလိုက်သည်။

ကြောင်မျက်နှာဖုံးနှင့်လူက....

"ကျုပ် လူမှားတာပါ"

လုဝေက ကြောင်မျက်နှာဖုံးနှင့်လူကိုကြည့်ပြီး....

"ခင်ဗျားက ခင်ဗျားသတ်ရမဲ့လူအကြောင်းကို သေသေချာချာစုံစမ်းပြီးမှသတ်တာပဲ၊ မှားစရာအကြောင်းကိုမရှိပါဘူး"



ကြောင်မျက်နှာဖုံးနှင့်လူက ခေါင်းယမ်းလိုက်သည်။

"ကျုပ်က သေပြီးတဲ့လူကိုမသတ်ပါဘူး"

လုဝေကမျက်ခုံးပင့်ပြီး....

"ခင်ဗျားသတ်ရမဲ့လူက သေသွားပြီလား"

ကြောင်မျက်နှာဖုံးနှင့်လူက ဦးခေါင်းအသာခါယမ်းပြီး....

"မသေတော့မသေပါဘူး.... ဒါပေမဲ့ သေတာနဲ့ ဘာမှမိုပြီး ထူးမှာမဟုတ်ပါဘူး"

"ဒါဆို ခင်ဗျားက ပိုက်ဆံမလိုချင်တော့ဘူးလား"

ကြောင်မျက်နှာဖုံးနှင့်လူကသက်ပြင်းချကာ....

"အသက်တစ်ရက်ပိုရှည်ရင် ဒီငွေကို တခြားနည်းနဲ့ ပြန်ရနိုင်ပါတယ်"

လုဝေက....

"အခုလောက် ခင်ဗျားရပါ့မလား"

ကြောင်မျက်နှာနှင့်လူက....

"ကျုပ် မချမ်းသာချင်တော့ပါဘူး"

လုဝေက ကြောင်မျက်နှာဖုံးနှင့်လူကိုတစ်ချက် စိုက်ကြည့်လိုက်ပြီး....

"အခုလိုအခွင့်အရေးမျိုးကရခဲတယ်၊ ဘာဖြစ်လို့ လက်လွှတ်ခံချင်ရတာလဲ"

ကြောင်မျက်နှာဖုံးနှင့်လူကသက်ပြင်းချကာ....

www.burmeseclassic.com

www.burmeseclassic.com



"များများရပြီး မသုံးလိုက်ရတာနဲ့စာရင် နည်းနည်းရပြီး သုံးချင်လို့ပါ"

"ကောင်းပြီး... အခု ခင်ဗျားဘာလုပ်မလဲ"

လုဝေကမေးလိုက်သည်။

ကြောင်မျက်နှာဖုံးနှင့်လူ သက်ပြင်းချလိုက်၏။

ပြီးမှ....

"ဒီမြို့ရဲ့အနောက်ဘက်ကိုသွားရင် ချောင်းကလေးတစ်ခုရှိတယ်၊ အဲ့ဒီချောင်းရဲ့ဟိုဘက်ကမ်းမှာပဲ ငါးများတော့မယ်လို့ စိတ်ကူးထားပါတယ်"

"ကောင်းပြီလေ... ကျုပ်လမ်းကြုံရင် ခင်ဗျား မျှားထားတဲ့ ငါးကိုလာပြီးကြော်စားဦးမယ်"

ကြောင်မျက်နှာဖုံးနှင့်လူက ချက်ချင်းပင် ကြမ်းပြင်ပေါ်သို့ ဒူးထောက်လိုက်ပြီး....

"ကျေးဇူးတင်ပါတယ်"

ဟုပြောလိုက်၏။

ထို့နောက် သူသည် ရုတ်တရက် ကိုယ်ကိုလှုပ်ရှားလိုက်ရာ တစ်ခဏချင်းမှာပင် သူသည် လောက်မာ၏အရက်ဆိုင်အပြင်ဘက်သို့ရောက်ရှိသွားလေတော့၏။

****



ချင်းစိန်စန်းက သက်ပြင်းတစ်ချက်ချလိုက်၏။

ပြီးမှ သူက လုဝေကိုလှမ်းကြည့်ပြီး....

"ဘာဖြစ်လို့ သူ့ကိုလွှတ်လိုက်ရတာလဲ"

လုဝေက ပြုံးလိုက်ပြီး....

"သူ့ကိုသတ်လို့ ဘာထူးမှာလဲ"

ချင်းစိန်စန်းက ပြုံးလိုက်ပြီး....

"ခင်ဗျားက ကျုပ်ကိုပဲသတ်ချင်တာမဟုတ်လား"

လုဝေက သက်ပြင်းချကာ....

"ကျုပ်တင်မကဘူး၊ ခင်ဗျားကိုသတ်ချင်တဲ့လူက များနေတယ်"

ချင်းစိန်စန်း ဘာမှပြန်မပြောတော့ပါ။

လုဝေက နှုတ်ခမ်းကိုတွန့်၍ပြုံးလိုက်ပြီး....

"ဒါပေမဲ့ ခင်ဗျားကိုသေချင်တဲ့လူကတော့ တစ်ယောက်ပဲရှိတယ်"

ချင်းစိန်စန်း ဘာမှပြန်မပြောပါ။

ထိုစဉ် ရုတ်တရက် အဝေးမှမြင်းခွာသံများ ပေါ်ထွက်လာလေတော့၏။

****

www.burmeseclassic.com



မြင်းခွာသံများသည် လောက်မာ၏အရက်ဆိုင်ရှေ့၌ ရပ်တန့်သွား၏။

ထို့နောက် အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသော လူတစ်ယောက်နှင့် အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသောလူတစ်ယောက်သည် လောက်မာ၏အရက်ဆိုင်ထဲသို့ဝင်ရောက်လာသည်။

အနက်ရောင်ဝတ်စုံဝတ်ဆင်လာသောလူ၏လက်၌ သံဘုလုံးကိုကိုင်ဆောင်ထား၏။

အဖြူရောင်ဝတ်ဆင်ထားသောလူ၏လက်ထဲ၌ ယပ်တောင်တစ်ချောင်းကိုင်ထား၏။

သူ၏ယပ်တောင်သည် သာမန်ယပ်တောင်မဟုတ်ပါ။

အလွန်ပါးလွှာသောသံပြားများဖြင့် ပြုလုပ်ထားသော ယပ်တောင်ဖြစ်ပါသည်။

ထိုယပ်တောင်ကို သိုင်းလောကသားများက ခေါင်းဖြတ်ယပ်တောင်ဟုခေါ်ကြ၏။

ထိုယပ်တောင်ဖြင့် သိုင်းလောကမှနာမည်ကြီးသိုင်းသမားတချို့ ခေါင်းကို ထိုလူကဖြတ်ခဲ့ပြီးပြီဖြစ်၏။

သူတို့နှစ်ယောက်သည် လောက်မာ၏အရက်ဆိုင်ထဲသို့ရောက်သောအခါ မျက်စိမျက်နှာပျက်သွားခြင်းမဟုတ်ပါ။

သူတို့သည် ချင်းစိန်စန်း၏အနီး လုဝေကိုမြင်တွေ့လိုက်ရသောကြောင့် မျက်နှာပျက်သွားခြင်းဖြစ်ပါသည်။



သူတို့သည် တစ်ယောက်မျက်နှာကိုတစ်ယောက်လှမ်းကြည့်လိုက်၏။

ပြီးမှ အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသူက အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသူဖက်ကိုအပြစ်တင်သောလေသံဖြင့်....

"မင်းပြောတော့ ငှက်ပျောသီးအခွံနွှာစားရတာကမှ ခက်ဦးမယ်ဆို"

ဟုပြောလိုက်၏။

အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသူက **သ**က်ပြင်းချကာ....

"ငါ အတွက်မှားသွားတယ်"

အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသူက....

"မှားသွားရင် သေဖို့ပဲရှိတော့တယ်"

ဟုပြောလိုက်သည်။

အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသူက ဦးခေါင်းခါယမ်းပြီး....

"မအောင်မြင်ဘဲပြန်သွားရင်လဲ ငါတို့ အသက်ရှင်နိုင်ပါဦးမလား"

အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသူက ခေါင်းကိုအသာ ခါယမ်းကာ....

"ဒါဖြင့် ငါတို့ ဘယ်မှာသေမလဲ"

အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသူက သက်ပြင်းချလိုက်၏။

ပြီးမှ....

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာသေလဲသေတာပဲ... ဒီမှာသေလဲ သေတာပဲ၊ ဘယ်မှာဖြစ်ဖြစ် ငါတို့သေမှာပဲ"

အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသူက စိတ်ပျက်ဟန်ဖြင့်ခေါင်းခါယမ်းကာ...

"သေမယ့်အတူတူတော့ ကျုပ် အပင်ပန်းမခံချင်တော့ဘူး"

ဟုပြောလိုက်၏။

အဖြူရောင်ဝတ်စုံနှင့်လူက ခေါင်းညိတ်ကာ...

"ဟုတ်တယ်... ကျုပ်လဲ အပင်ပန်းမခံချင်တော့ဘူး"

အနက်ရောင်ဝတ်စုံနှင့်လူက သက်ပြင်းချရင်း...

"ဒါဆို ငါတို့ ဒီမှာပဲသေကြတာပေါ့"

ဟုပြောလိုက်၏။

အဖြူရောင်ဝတ်စုံနှင့်လူက အနက်ရောင်ဝတ်စုံနှင့်လူကိုကြည့်ပြီး...

"ဒါဖြင့် မင်းကဘယ်လိုသေမှာလဲ"

အနက်ရောင်နှင့်လူက စဉ်းစားဟန်ဖြင့် မေးစေ့ကိုလက်ဖြင့်တစ်ချက်ပွတ်သပ်လိုက်ပြီး...

"မင်း ယပ်တောင်နဲ့ ငါ့လည်မင်းကိုဖြတ်လိုက်"

အဖြူရောင်နှင့်လူက...

"ဒါဆို မင်းရဲ့သံတင်းပုတ်နဲ့ငါ့ခေါင်းကိုထုလိုက်"

ဟုပြောလိုက်၏။



ဟုပြောလိုက်သည်။

ချင်းစိန်စနိး သက်ပြင်းချလိုက်၏။

ပြီးမှ...

သူက လုဝေလှမ်းပေးသောမြစိမ်းရောင်ဓားကိုယူပြီး လက်ထဲ၌ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်လိုက်သည်။

ထို့နောက် သူသည် လုဝေကိုတစ်ချက်ကြည့်ပြီး...

"နောက်နှစ် ဒီနေ့ ဒီအချိန် ဒီနေရာမှာကျုပ်ကိုစောင့်နေပါ၊ ကျုပ်ဆက်ဆက်ပြန်လာခဲ့မယ်"

ဟုပြောလိုက်လေသည်။

လုဝေကပြုံးလိုက်ပြီး...

"ကျုပ်ယုံပါတယ်"

ဟုပြောလိုက်သည်။

ပြီးမှ လုဝေစကားကိုဆက်၍ပြောလိုက်၏။

"အဲဒီအချိန်မှာ ခင်ဗျားရဲ့ကိစ္စတွေဟာ အားလုံးပြီးဆုံးသွားပြီလို့ယုံကြည်ပါတယ်"

ဟုပြောလိုက်၏။

ချင်းစိန်စနိးပြုံးလိုက်၏။

ပြီးနောက်... လုဝေကိုလက်နှစ်ဖက်ဆုပ်၍ဂါရဝပြုလိုက်ပြီး လောက်မာ၏အရက်ဆိုင်ထဲမှ ခြေလှမ်းကျဲကျဲဖြင့်ထွက်ခွာသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



လုဝေသည် ချင်းစိန်စန်း၏နောက်ကျောကိုကြည့်ရင်း ခေါင်းကိုဖြည်းညင်းစွာခါယမ်းလိုက်လေတော့၏။

****



ဝါးဆန်းမြို့....

ယခင်က စည်ကားခဲ့သော်လည်း ယခုအခါ လူသူကင်းမဲ့မြို့ဟောင်းမြို့ပျက်တစ်ခုဖြစ်သည်။

မြင်ကွင်းတစ်ခုလုံး အကျိုးအပဲ့အပျက်အစီးများဖြင့် တိတ်ဆိတ်ငြိမ်သက်နေသည်။

ကောင်းကင်ပေါ်သို့ နောက်ကျမှရောက်လာသောလကအစွမ်းကုန် အလင်းရောင်ဖြန့်ကျက်ပေးနေပေသည်။

ချင်းစိန်စန်းသည် လရောင်အောက် ခြေလှမ်းကျဲကျဲဖြင့်လျှောက်နေ၏။

သူသည် လောက်မာ၏အရက်ဆိုင်မှထွက်လာပြီးနောက် လူသူကင်းမဲ့၍တိတ်ဆိတ်နေသည့် ဝါးဆန်းမြို့၏တစ်ခုတည်းသောလမ်းမပေါ် ခြေလှမ်းကျဲကျဲဖြင့်လမ်းလျှောက်နေခြင်းဖြစ်၏။

အတန်ကြာသောအခါ....

သူသည် ခြေလှမ်းကိုရပ်တန့်ပြီးနောက် နောက်သို့လှည့်ကြည့်လိုက်၏။

သူ၏နောက်ဘက် မလှမ်းမကမ်း၌ လုဝေရပ်တန့်နေသည်ကိုတွေ့လိုက်ရ၏။

ချင်းစိန်စန်းသည် ခေါင်းကိုအသာခါယမ်းပြီး ရှေ့သို့ဆက်လက်လျှောက်သွားသည်။

လုဝေက ချင်းစိန်စန်း၏နောက်မှလိုက်ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်းစိန်စန်းက ရှတ်တရက် ကိုယ်ဖျောက်သိုင်းပညာကို အသုံးပြုလိုက်၏။

သူ၏ခန္ဓာကိုယ်သည် သစ်ရွက်ကလေးတစ်ရွက်လေထဲလွင့်မျောသွားသကဲ့သို့ ရွေ့လျားသွားလေတော့သည်။

****



ဝါးဆန်းမြို့ကိုလွန်သောအခါ ချင်းစိန်စန်းကရပ်တန့်ပြီးနောက်သို့လှည့်လိုက်၏။

သူ၏နောက်ဘက် လုဝေကိုမတွေ့ရတော့ပါ။

ထိုအခါ ချင်းစိန်စန်းသည်သက်ပြင်းချကာ ကောင်းကင်ပေါ်မော့ကြည့်လိုက်သည်။

ကောင်းကင်ပေါ်တွင် ကြယ်ကလေးများ ကျိုးတိုးကျဲတဲသာရှိတော့သည်။

မကြာမီ တစ်နေ့တာ၏ပထမဆုံး နေရောင်ခြည်သည်ကောင်းကင်ပေါ်သို့ဖြန့်ကျက်လာတော့မည်မဟုတ်ပါလား။

ချင်းစိန်စန်းသည် ကောင်းကင်ကိုမော့ကြည့်ရာမှ တစ်ချက်ပြုံးပြီး ခရီးဆက်ရန်ခြေလှမ်းပြင်လိုက်သည်။

သို့သော်... သူ၏ခြေလှမ်းများက ရှတ်တရက်ရပ်တန့်သွားလေသည်။

အကြောင်းမှာ သူ၏နောက်ဘက် မလှမ်းမကမ်းတွင် လုဝေရပ်နေသည်ကိုမြင်တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

ထို့ကြောင့် ချင်းစိန်စန်းသည်သက်ပြင်းတစ်ချက်ချပြီး လုဝေကိုလှမ်းကြည့်လိုက်၏။

လုဝေက ချင်းစိန်စန်းကိုမကြည့်ပါ။ သူသည် ကောင်းကင်ပေါ်သို့သာမော့ကြည့်လိုက်သည်။ ချင်းစိန်စန်းက လုဝေဆီလျှောက်သွားပြီး လုဝေနှင့်အတူ ကောင်းကင်ပေါ်သို့မော့ကြည့်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘာဖြစ်လို့ ကျုပ်နောက်ကိုလိုက်လာတာလဲ"

ဟုမေးလိုက်သည်။

လုဝေ ကောင်းကင်ပေါ်သို့မော့ကြည့်ရင်း....

"ကျုပ်က ခင်ဗျားနောက်ကိုလိုက်လို့လား"

ပြန်မေးလိုက်သည်။

ချင်းစိန်စန်းက လုဝေကိုကြည့်ရင်း....

"ဒါဖြင့် ဘာဖြစ်လို့ ဒီကိုရောက်နေရတာလဲ"

လုဝေက အံ့အားသင့်ဟန်ဖြင့်....

"ဒီနေရာကို ကျုပ်လာလို့မရဘူးလား"

ချင်းစိန်စန်းသက်ပြင်းချကာ....

"ကျုပ်က ကျုပ်နောက်ကို ခုလိုနောက်ယောင်ခံလိုက်တာမျိုး မကြိုက်ဘူး"

"ကျုပ်ကလဲ သူများလက်ချက်နဲ့ ခင်ဗျားသေသွားမှာကို မလိုလားဘူး"

"ကျုပ်ကိုယ်ကျုပ် ကာကွယ်နိုင်ပါတယ်"

"ဘယ်သူက ခင်ဗျားကိုကာကွယ်ပေးမယ်ပြောနေလို့လဲ"

"ဒါဖြင့် ဘာဖြစ်လို့ ကျုပ်နောက်ကို တကောက်ကောက် လိုက်နေရတာလဲ"

"ကျုပ်ပြောပြီးပြီပဲ... ခင်ဗျားကို ကျုပ်ကသတ်ရမှာ၊ ကျုပ် မသတ်ရဘဲ သူများလက်ချက်နဲ့ ခင်ဗျားကိုမသေစေချင်ဘူး"



ချင်းစိန်စန်း သက်ပြင်းချလိုက်သည်။

"ဘယ်သူ့လက်ချက်နဲ့သေသေ ဘာထူးမှာလဲဗျာ"

"ထူးတာပေါ့... ခင်ဗျားကို ကျုပ်ကမသတ်လိုက်ရဘူးလေ"

ချင်းစိန်စန်း ဘာမှမပြောတော့ပါ။

အတန်ကြာအောင်နှုတ်ဆိတ်ပြီးမှသက်ပြင်းချကာ....

"ကျုပ်ကိုသတ်မဲ့လူတွေကို ခင်ဗျားကကာကွယ်ပေးနိုင်မှာ မို့လို့လား"

ထိုစကားကြောင့် လုဝေ ဘာမျှပြန်မပြောနိုင်တော့ပါ။

ချင်းစိန်စန်းက သက်ပြင်းချရင်း....

"လူတစ်ယောက်ကိုကာကွယ်ပေးနိုင်ဖို့ဆိုတာ သံယောဇဉ် မရှိမှဖြစ်မှာ"

"ခင်ဗျားက အဲဒီလိုလူစားမျိုးလား"

လုဝေက မကျေနပ်ဟန်ဖြင့်....

"ကျုပ်ကကော မကာကွယ်နိုင်ဘူးလား"

ချင်းစိန်စန်းခေါင်းခါသည်။

"ခင်ဗျားကသံယောဇဉ်ရှိတယ်၊ ဒါကြောင့် ခင်ဗျား ကျုပ်ကို ကာကွယ်နိုင်မှာမဟုတ်ဘူး"

"ခင်ဗျားဘယ်လိုလုပ်သိသလဲ"

လုဝေက ပြန်မေးသည်။

ချင်းစိန်စန်းကပြုံး၍....

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘာဖြစ်လို့ ခင်ဗျား ကျုပ်နောက်ကိုလိုက်လာရတာလဲ"

"ခင်ဗျားနောက်ကိုလိုက်တာနဲ့ ကျုပ်က သံသယဖြစ်ခဲ့ရှိရောလား"

ချင်းစိန်စန်းကခေါင်းညိတ်လိုက်၏။

"ရှိတာပေါ့"

"ဘယ်သူ့ကိုလဲ၊ ခင်ဗျားကိုလား"

လုဝေက ပြန်မေးလိုက်သည်။

ချင်းစိန်စန်းခေါင်းညိတ်လိုက်၏။

- "ဟုတ်တယ်... ကျုပ်ကို"

လုဝေသက်ပြင်းချလိုက်သည်။

"ကျုပ် ခင်ဗျားကိုသံသယဖြစ်ခဲ့ရှိမှန်း ခင်ဗျားက ဘာဖြစ်လို့ပြောနိုင်တာလဲ"

ချင်းစိန်စန်းက....

"ကျုပ်ကိုယုံမှားကသတ်မှာ ခင်ဗျားကစိုးရိမ်နေတယ်လေ"

"ဒါကို သံသယဖြစ်ခဲ့လို့ပြောနိုင်လို့လား"

ချင်းစိန်စန်းကပြုံးလိုက်ရင်း....

"ဒါကိုသံသယဖြစ်ခဲ့လို့ပြောနိုင်ရင်တော့ ဒီလောကပေါ်မှာ လူတစ်ယောက်က ခင်ဗျားကိုကောင်းကောင်းကြီးဒုက္ခပေးနိုင်တယ်"

လုဝေက မျက်ခုံးပင့်ကာ....



"ဟုတ်လား... ဘယ်သူလဲ"

ချင်းစိန်စန်းက လုဝေကို အတန်ကြာအောင် စူးစိုက်ကြည့်လိုက်ပြီး....

"အဲဒီလူက ခင်ဗျားကိုယ်တိုင်ပဲ"

ချင်းစိန်စန်း၏စကားကြောင့် လုဝေသည် ဘာမှပြန်မပြောတော့ဘဲ ပါးစပ်ကိုပိတ်ထားလိုက်လေတော့၏။

****

www.burmeseclassic.com

www.burmeseclassic.com



လုဝေသည် အတန်ကြာအောင်တိတ်ဆိတ်နေ၏။

ပြီးမှ သက်ပြင်းတစ်ချက်ကိုချကာ....

"ကျုပ်ကိုဒုက္ခပေးမဲ့လူဟာ ကျုပ်ကိုယ်တိုင်ပဲ ဟုတ်လား"

နားမလည်နိုင်ဟန်ဖြင့် လုဝေကပြန်မေးလိုက်သည်။

ချင်းစိန်စန်းကခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... အတ္တကြီးတဲ့လူဟာ သူ့ရဲ့အတ္တကြောင့် ဒုက္ခဖြစ်နိုင်တယ်"

လုဝေခေါင်းကိုတ ဆတ်ဆတ်ညိတ်လိုက်၏။ ပြီးမှ....

"ကျုပ်ကအတ္တကြီးလို့လား"

ချင်းစိန်စန်းက....

"ကျုပ်ကို သူများသတ်သွားမှာ ခင်ဗျားသိပ်ပြီးစိုးရိမ်နေတယ်လေ"

လုဝေ ဘာမှပြန်မပြောတော့ပါ။

ထိုစဉ်....

ကောင်းကင်ပေါ်သို့ တစ်နေ့တာ၏ပထမဆုံး နေရောင်ခြည်သည် အစပျိုးချဉ်းနင်းဝင်ရောက်စပြုလာပြီဖြစ်လေသည်။

****



တောင်ကုန်းပေါ်တွင် လုဝေနှင့်ချင်းစိန်စန်းတို့ ထိုင်နေကြ၏။ နံနက်ခင်း၏နွေးထွေးသောနေရောင်ခြည်က သူတို့၏ခန္ဓာကိုယ်ပေါ်သို့ကျရောက်နေ၏။

သူတို့သည် တောင်ကုန်းပေါ်မှနေ ပျက်စီးယိုယွင်းနေသော ဝါဆန်းမြို့ကလေးကိုကြည့်နေကြ၏။

ချင်းစိန်စန်းသည် ဝါဆန်းမြို့ကလေးကိုကြည့်ရင်း သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်၏။

ပြီးမှ....

"ဒီမြို့ကလေးဟာ အလျင်က သိပ်ပြီးစည်ကားတဲ့ မြို့လေးတစ်မြို့ပေါ့"

လုဝေက ခေါင်းညိတ်ကာ....

"ဟုတ်တယ်၊ ဒါပေမဲ့ သုံးနှစ်အတွင်း မြို့ပျက်တစ်ခုဖြစ်သွားပြီ"

ချင်းစိန်စန်းပြုံးလိုက်ပြီး....

"ဒီမြို့ကလေး ဘာဖြစ်လို့ ဒီလောက်မြန်မြန်ဆန်ဆန်ပျက်စီးသွားရတယ်ဆိုတာ ခင်ဗျားသိလား"

လုဝေ ခေါင်းခါယမ်းပြလိုက်၏။

ပြီးနောက်....

"ခင်ဗျားကော သိသလား"

ဟု ပြန်မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ချင်းစိန်စန်း ခေါင်းညိတ်လိုက်၏။

"သိတယ်"

လုဝေမျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျားသိတယ် ဟုတ်လား"

"ဟုတ်တယ်… ဒီမြို့ကလေးဟာ လူတစ်ယောက်ကြောင့် အခုလိုမြန်မြန်ဆန်ဆန်နဲ့ပျက်စီးသွားရတာ"

ချင်းစိန်စန်းကပြောလိုက်၏။

လုဝေမှာ စိတ်ဝင်စားသွားဟန်ဖြင့် ချင်းစိန်စန်းကိုလှမ်းကြည့်လိုက်မိသည်။

"ဟုတ်လား… ဘယ်သူ့ကြောင့်လဲ"

ချင်းစိန်စန်းက ရုတ်တရက်အဖြေမပေးသေးဘဲ ဝါဆန်းမြို့လေးကို အတန်ကြာအောင်လှည့်၍ကြည့်နေ၏။

ပြီးမှ သက်ပြင်းတစ်ချက်ချကာ…

"ကျုပ်ကြောင့်"

ဟုပြောလိုက်လေတော့၏။

****



ချင်းစိန်စန်း၏စကားကြောင့် လုဝေပါးစပ်ပိတ်သွား၏။

သူသည် ချင်းစိန်စန်းကိုတစ်လှည့် ဝါဆန်းမြို့ကလေးကိုတစ်လှည့် ကြည့်လိုက်မိ၏။

ပြီးမှ သက်ပြင်းချကာ…

"ဘာကြောင့်ဆိုတာကိုတော့ ကျုပ်မမေးတော့ပါဘူး"

ဟုပြောလိုက်၏။

ချင်းစိန်စန်း မဲ့ပြုံးပြုံးရင်း…

"ခင်ဗျားမေးလဲ ကျုပ်ကပြောမှာမဟုတ်ပါဘူး"

လုဝေကလည်း…

"ခင်ဗျားပြောလဲ ကျုပ်က နားထောင်မှာမဟုတ်ဘူး"

ဟု ပြန်ပြောလိုက်၏။

လုဝေ၏စကားကြောင့် ချင်းစိန်စန်း မျက်မှောင်ကြုတ်သွားသည်။

"ဘာ့ဖြစ်လို့လဲ"

ချင်းစိန်စန်းက ဇဝေဇဝါဖြင့်ပြန်မေးလိုက်၏။

လုဝေက နှုတ်ခမ်းတွန့်ကာ…

"ခင်ဗျားပြောမပြလဲ ကျုပ်ကခန့်မှန်းလို့ရတယ်လေ"

ချင်းစိန်စန်းက မျက်မှောင်ကြုတ်လျက်…

"ဘာကိုခန့်မှန်းလို့ရတာလဲ"

ဟုမေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လုဝေက ပြုံးကာ....

"အန္တရာယ်ကိုပါ"

ဟု အေးစက်စက်ပြောလိုက်လေသည်။

လုဝေ၏စကားကြောင့် ချင်းစိန်စန်းမှာဘာမှမပြောနိုင်တော့ဘဲ ပါးစပ်ကိုပိတ်ထားလိုက်ရလေတော့၏။

****



ချင်းစိန်စန်းသည် ရှေ့မှသွားနေ၏။

လုဝေက ချင်းစိန်စန်း၏နောက်မှ ထက်ကြပ်မကွာလိုက်နေသည်။ သူတို့သည် ရှေ့ဆင့်နောက်ဆင့်ဆိုသလို လျှောက်လှမ်းနေကြ၏။

လုဝေသည် ချင်းစိန်စန်း၏အရိပ်တစ်ခုလိုဖြစ်နေ၏။

ချင်းစိန်စန်းကသက်ပြင်းချရင်း....

"ခင်ဗျား ကျုပ်ရှေ့က ဘာဖြစ်လို့မသွားတာလဲ"

ဟု လုဝေကိုလှည့်မကြည့်ဘဲမေးလိုက်သည်။

လုဝေက သူ၏နောက်ကျောကိုကြည့်ရင်း....

"ကျုပ် နောက်ကျောကိုတစ်ယောက်ယောက်ကြည့်နေရင်မနေတတ်လို့ပါ"

ဟုပြောလိုက်၏။

ချင်းစိန်စန်းက မချိုပြုံးပြုံးကာ....

"ခင်ဗျားမှာ တခြားသွားစရာနေရာမရှိဘူးလား"

ဟုမေးလိုက်၏။

လုဝေကပြုံးလိုက်ပြီး....

"ရှိပါတယ်"

"ဒါဖြင့် ဘာဖြစ်လို့ ခင်ဗျား မသွားသေးတာလဲ"

လုဝေကပြုံးရင်း....

"ကျုပ်သွားနေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ချင်းစိန်စန်းက မျက်မှောင်ကြုတ်ကာ….

"ဒါပေမဲ့ အခု ခင်ဗျားကျုပ်နောက်ကပဲလိုက်နေတယ်"

လုဝေက ပြုံး….

"ဟုတ်ပါတယ်"

ချင်းစိန်စန်းက သက်ပြင်းချပြီး….

"ခင်ဗျား သွားမဲ့နေရာက ကျုပ်သွားမဲ့နေရာပဲလား"

လုဝေခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ချင်းစိန်စန်းက အသာခေါင်းခါယမ်းလိုက်၏။

"အင်း… ကျုပ်မှာ ခြေထောက်လေးချောင်းရှိရင် ခင်ဗျား ကျုပ်နောက်လိုက်နိုင်မှာမဟုတ်တော့ဘူး"

ဟု ပြောလိုက်၏။

လုဝေက ခနဲ့ပြုံးပြုံးလိုက်ပြီး….

"ကျုပ်မှာ ခြေထောက်နှစ်ချောင်းပဲရှိတယ်လို့ ဘယ်သူပြောသလဲ"

ချင်းစိန်စန်း ပါစပ်ပိတ်သွားသည်။

သူသည် အဝေးကိုလှမ်းမျှော်ကြည့်လိုက်၏။ ထိုစဉ်…. မြင်းတစ်စီးသည် သူတို့ရှိရာသို့ ဦးတည်လာနေသည်ကိုမြင်လိုက်ရလေတော့၏။

****



ချင်းစိန်စန်းသည် လမ်းအလည်ခေါင်တည့်တည့်၌ ရပ်နေ သည်။ မြင်းတစ်စီးသည် လမ်းအတိုင်း ဒုန်းစိုင်း၍မောင်းနှင်လာ နေ၏။ မြင်းပေါ်မှလူက သူ့ကို လက်ဝှေ့ယမ်းပြပြီး လမ်းဖယ်ခိုင်း သည်။

ချင်းစိန်စန်းသည် မိမိထံသို့ အပြင်းနှင်လာသောမြင်းကို မ တွေ့သကဲ့သို့ လမ်းလယ်ခေါင်တည့်တည့်တွင်လည်း ရပ်နေမိသည်။

ထိုအချိန်တွင် မြင်းကအပြင်းနှင်လာသောကြောင့် တစ်ခဏ အတွင်းမှာပင် သူ၏ရှေ့သို့ရောက်ရှိလာသည်။

မြင်းပေါ်မှလူက မြင်းကိုရပ်တန့်ခြင်းမပြုပါ။

သူသည် လမ်းလယ်ခေါင်တွင် ရပ်နေဆဲဖြစ်၏။

မြင်းပေါ်မှလူက….

"ဟေ့လူ… ဘေးဖယ်… ဘေးဖယ်"

ဟု စိတ်မရှည်ဟန်ဖြင့်လှမ်းအော်၏။

ချင်းစိန်စန်းသည် ထိုလူ၏စကားကိုကြားပုံမရပါ။

လမ်းလယ်ခေါင်တွင် ရပ်မြဲရပ်နေသည်။

ထို့ကြောင့် အရှိန်နှင့်ပြေးလာသောမြင်းသည် သူ့ထံသို့ တစ် ဟုန်ထိုးရောက်ရှိလာလေတော့၏။

****

www.burmeseclassic.com

www.burmeseclassic.com



အရှိန်ပြင်းစွာဖြင့် ပြေးလွှားလာသော မြင်းကြီးသည် လမ်းလယ်ခေါင်တည့်တည့်၌ရပ်နေသော ချင်းစိန်စန်းထံသို့ တစ်ဟုန်ထိုးဝင်ရောက်လာပြီဖြစ်သည်။

လမ်းသွားလမ်းလာများ ထိတ်လန့်တကြားဖြစ်ကုန်ကြ၏။

"ဟာ.... တိုက်တော့မယ်"

သို့သော် မြင်းသည် ချင်းစိန်စန်းကိုဝင်မတိုက်မိပါ။

ပြင်းထန်သောလေအဟုန်နှင့်အတူ အရာဝတ္ထုတစ်ခု ရိပ်ခနဲဝင်ရောက်လာသဖြင့် ချင်းစိန်စန်း၏လက်က လျှပ်တစ်ပြက် လှုပ်ရှားသွားသည်။

သူ၏လက်သည် မြင်းဇက်ကြိုးကို လျှပ်တစ်ပြက်ဆုပ်ကိုင်ဖမ်းချုပ်လိုက်ပြီးဖြစ်သွားလေသည်။

ထို့ကြောင့်... မြင်းသည် တစ်ချက်ဟည်းပြီး တို့ခနဲရပ်တန့်သွားလေ၏။

မြင်းက ရုတ်တရက် ပတပ်ရပ်လိုက်သောကြောင့် မြင်းပေါ်မှလူသည် မြင်းပေါ်မှလွင့်စဉ် လမ်းမပေါ်သို့ဖင်ထိုင်လျက် ပြုတ်ကျသွားလေတော့သည်။

ချင်းစိန်စန်းသည် မြင်းဇက်ကြိုးကို လက်တစ်ဖက်ဖြင့်ကိုင်ရင်း ကျန်လက်တစ်ဖက်ဖြင့် မြင်း၏လည်ပင်းကိုပွတ်သပ်ပေးနေသည်။ မြင်းပေါ်မှလွင့်စင်၍ လမ်းပေါ်သို့ဖင်ထိုင်လျက် ပြုတ်ကျသွားသောမြင်းပိုင်ရှင်သည်....



လဲကျရာမှ ကပျာကယာထလိုက်ပြီး....

"ဟေ့လူ... ဒါ ဘာလုပ်တာလဲ"

ဟုမေးလိုက်၏။

ချင်းစိန်စန်းက မြင်းပိုင်ရှင်ကိုလှည့်မကြည့်ဘဲ လုဝေဘက်ကိုလှည့်လိုက်ပြီး....

"မြင်းကမွန်ဂိုမြင်းမျိုးပဲ... အပြေးသိပ်သန်တာ"

ဟုပြောလိုက်သည်။

လုဝေက ဘာမျှပြန်မပြောပါ။

ချင်းစိန်စန်းက မြင်းကိုသေချာစွာကြည့်ရင်း....

"အတော်ကောင်းတဲ့မြင်းပဲ"

ဟုထပ်ပြောလိုက်ပြန်၏။

မြင်းပိုင်ရှင်က ချင်းစိန်စန်းကိုမျက်မှောင်ကြုတ်ကြည့်ပြီး....

"ဟေ့လူ... ဒါ ကျုပ်မြင်း"

ဟု လှမ်းပြောလိုက်သည်။

ချင်းစိန်စန်းက မြင်းပိုင်ရှင်၏စကားကိုမကြားဟန်ဖြင့် အင်္ကျီရင်ဘတ်ကြားမှ ကတ္တီပါအိတ်ရှည်ကိုထုတ်ယူလိုက်သည်။

ထို့နောက် အိတ်ထဲမှ ပိုက်ဆံအချို့ကိုထုတ်ယူပြီး မြင်းပိုင်ရှင်ထံသို့လှမ်းပစ်ပေးလိုက်သည်။

ပိုက်ဆံအချို့သည် မြင်းပိုင်ရှင်၏ခြေထောက်အနီးသို့ ကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းပိုင်ရှင်က ချင်းစိန်စန်းကိုတစ်လှည့်… မြေပေါ်မှပိုက်ဆံများကိုတစ်လှည့်ကြည့်ရင်း…

"ခင်ဗျားဘာလုပ်တာလဲ"

ဟုမေးလိုက်သည်။

ချင်းစိန်စန်းက မြင်း၏လည်ပင်းကိုပွတ်သပ်ရင်း…

"အခု ဒီမြင်းကကျုပ်မြင်းဖြစ်သွားပြီ"

ဟုပြောလိုက်သည်။

မြင်းပိုင်ရှင်က ချင်းစိန်စန်းကိုမျက်မှောင်ကုပ်ကြည့်ရင်း…

"ကျုပ်က မြင်းလာရောင်းတာမဟုတ်ဘူး"

ချင်းစိန်စန်းက ပြုံးပြီး…

"တုတ်ပါတယ်… ခင်ဗျားက မြင်းလာရောင်းတာ မဟုတ်ပါဘူး"

မြင်းပိုင်ရှင် မျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် ခင်ဗျားက ဘာဖြစ်လို့ကျုပ်မြင်းကိုယူရတာလဲ"

ချင်းစိန်စန်းက ပိုက်ဆံများကိုမေးငေါ့ပြရင်း…

"ကျုပ်က ခင်ဗျားကို မြင်းနှစ်ကောင်ပိုင်အောင် လုပ်ပေးတာပါ"

ဟု ပြောလိုက်သည်။

မြင်းပိုင်ရှင်ကနားမလည်နိုင်ဟန်နှင့် ချင်းစိန်စန်းကိုမျက်လုံးပြူးပြီးကြည့်လိုက်သည်။



ချင်းစိန်စန်းကပြုံးရင်း…

"အခု ကျုပ်ပေးတဲ့ပိုက်ဆံက ဒီလိုမြင်းမျိုးနှစ်ကောင်ဝယ်နိုင်တယ်"

မြင်းပိုင်ရှင် သက်ပြင်းချလိုက်သည်။

"တျုပ် အရေးကြီးတဲ့ကိစ္စရှိတယ်"

ချင်းစိန်စန်းက…

"ကျုပ်က ခင်ဗျားထက်ပိုပြီးအရေးကြီးတဲ့ကိစ္စရှိတယ်"

ဟုပြန်ပြောသည်။

ထို့နောက် ချင်းစိန်စန်းက မြင်းပေါ်သို့တက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် ရုတ်တရက် လုဝေကလက်ကာပြရင်း…

"နေဦး"

ဟုဟန့်တားလိုက်သည်။

လုဝေ၏ဟန့်တားမှုကြောင့် ချင်းစိန်စန်းက အံ့သြဟန်ဖြင့် မျက်ခုံးပင့်ပြီး…

"ဘာလုပ်မလို့လဲ"

ဟုမေးလိုက်၏။

လုဝေက ဘာမျှမပြောဘဲချင်းစိန်စန်းကိုကြည့်လိုက်၏။ ပြီးမှ သက်ပြင်းချကာ…

"ခင်ဗျားမှာ ခြေထောက်လေးချောင်းရှိလို့မဖြစ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်သည်။

ထို့နောက် လုဝေ၏လက် တစ်ချက်လှုပ်ရှားသွား၏။

အနက်ရောင်အလင်းတန်း လက်ခနဲဖြစ်ပေါ်လာသည်။

ချင်းစိန်စန်းသည် လုဝေ၏ဓားအိမ်ထဲမှ ဓားထွက်လာသည်ကိုမတွေ့လိုက်ရပါ။

ထို့ပြင် လုဝေ၏ဓား ဓားအိမ်ထဲသို့ပြန်လည်ဝင်သွားသည်ကိုလည်း မတွေ့လိုက်ရပါ။

အနက်ရောင်အလင်းတန်းတစ်ချက် လက်ခနဲဖြစ်သွားသည်ကိုသာတွေ့လိုက်ရ၏။

တစ်ချိန်တည်းမှာပင် မြင်း၏ကိုယ်မှ သွေးများစီး၍ကျလာသည်။ သို့သော် မြင်းက မြေပေါ်သို့လဲကျမသွားပါ။

ထို့ပြင် မြင်းသည် နာကျင်ဟန်လည်းမရှိပါ။

သို့ဆိုလျှင်.... အဘယ်ကြောင့် မြင်း၏ကိုယ်မှသွေးများစီးကျလာရပါသနည်း။

****



ချင်းစိန်စန်းသည် မျက်ခုံးတစ်ချက်ပင့်တင်ပြီးလုဝေကိုကြည့်လိုက်သည်။

လုဝေက ပခုံးတွန့်ပြီး....

"အင်း... ကျုပ်ဓားချက်လွဲသွားပြီနဲ့တူတယ်"

ဟုပြောလိုက်သည်။

ထိုစဉ် မြင်းပေါ်မှမြင်းကုန်းနှီးသည် ထက်ခြမ်းပြတ်ပြီး မြေပေါ်သို့ပြုတ်ကျသွားလေတော့၏။

****

www.burmeseclassic.com

www.burmeseclassic.com



"ဖုတ်...."

မြင်းကုန်းနှီးသည် ထက်ပိုင်းပြတ်ပြီး မြင်းပေါ်မှပြုတ်ကျသွားသည်။ တစ်ဆက်တည်းမှာပင်.... မြွေ၏ခန္ဓာကိုယ် အစိတ်အပိုင်းများလည်း မြင်းကုန်းနှီးနှင့်အတူ မြေပေါ်သို့ကျလာလေတော့သည်။

ချင်းစိန်စန်း သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"ကျုပ်က မြွေတွေ မြင်းမစီးတတ်ဘူးထင်နေတာ"

ဟုပြောသည်။

လုဝေက ပြုံးပြီး....

"တချို့မြွေတွေက မြင်းစီးတတ်ရုံမကဘူး.. လူတွေရဲ့အင်္ကျီထဲမှာလဲ နေတတ်တယ်"

ဟုပြောလိုက်သည်။

လုဝေ၏စကားဆုံးသည်နှင့် မြင်းပိုင်ရှင်၏လက် လှုပ်ရှားသွားသည်။

တစ်ချိန်တည်းမှာပင်.... မြင်းပိုင်ရှင်၏အင်္ကျီလက်ထဲမှ မြွေနှစ်ကောင်သည် ချင်းစိန်စန်းနှင့်လုဝေထံသို့ဝဲပျံပစ်လွှင့်လာလေတော့သည်။

****



ချင်းစိန်စန်းသည် လမ်းအလည်ခေါင်တည့်တည့်၌ ရပ်နေသည်။ မြင်းတစ်စီးသည် လမ်းအတိုင်း ဒုန်းစိုင်း၍မောင်းနှင်လာနေ၏။ မြင်းပေါ်မှလူက သူ့ကို လက်ဇဝှယမ်းပြပြီး လမ်းဖယ်ခိုင်းသည်။

ချင်းစိန်စန်းသည် မိမိထံသို့ အပြင်းနှင်လာသောမြင်းကို မတွေ့သကဲ့သို့ လမ်းလယ်ခေါင်တည့်တည့်တွင်လည်း ရပ်နေမိသည်။

ထိုအချိန်တွင် မြင်းကအပြင်းနှင်လာသောကြောင့် တစ်ခဏအတွင်းမှာပင် သူ၏ရှေ့သို့ရောက်ရှိလာသည်။

မြင်းပေါ်မှလူက မြင်းကိုရပ်တန့်ခြင်းမပြုပါ။

သူသည် လမ်းလယ်ခေါင်တွင် ရပ်နေဆဲဖြစ်၏။

မြင်းပေါ်မှလူက....

"ဟေ့လူ... ဘေးဖယ်... ဘေးဖယ်"

ဟု စိတ်မရှည်ဟန်ဖြင့်လှမ်းအော်၏။

ချင်းစိန်စန်းသည် ထိုလူ၏စကားကိုကြားပုံမရပါ။

လမ်းလယ်ခေါင်တွင် ရပ်မြဲရပ်နေသည်။

ထို့ကြောင့် အရှိန်နှင့်ပြေးလာသောမြင်းသည် သူ့ထံသို့ တစ်ဟုန်ထိုးရောက်ရှိလာလေတော့၏။

****

www.burmeseclassic.com

www.burmeseclassic.com



အရှိန်ပြင်းစွာဖြင့် ပြေးလွှားလာသော မြင်းကြီးသည် လမ်းလယ်ခေါင်တည့်တည့်၌ရပ်နေသော ချင်းစိန်စန်းထံသို့ တစ်ဟုန်ထိုးဝင်ရောက်လာပြီဖြစ်သည်။

လမ်းသွားလမ်းလာများ ထိတ်လန့်တကြားဖြစ်ကုန်ကြ၏။

"ဟာ.... တိုက်တော့မယ်"

သို့သော် မြင်းသည် ချင်းစိန်စန်းကိုဝင်မတိုက်မိပါ။

ပြင်းထန်သောလေအဟုန်နှင့်အတူ အရာဝတ္ထုတစ်ခု ရိပ်ခနဲဝင်ရောက်လာသဖြင့် ချင်းစိန်စန်း၏လက်က လျှပ်တစ်ပြက် လှုပ်ရှားသွားသည်။

သူ၏လက်သည် မြင်းဇက်ကြိုးကို လျှပ်တစ်ပြက်ဆုပ်ကိုင်ဖမ်းချုပ်လိုက်ပြီးဖြစ်သွားလေသည်။

ထို့ကြောင့်... မြင်းသည် တစ်ချက်ဟည်းပြီး တုံ့ခနဲရပ်တန့်သွားလေ၏။

မြင်းက ရုတ်တရက် ပတတ်ရပ်လိုက်သောကြောင့် မြင်းပေါ်မှလူသည် မြင်းပေါ်မှလွင့်စဉ် လမ်းမပေါ်သို့ဖင်ထိုင်လျက် ပြုတ်ကျသွားလေတော့သည်။

ချင်းစိန်စန်းသည် မြင်းဇက်ကြိုးကို လက်တစ်ဖက်ဖြင့်ကိုင်ရင်း ကျန်လက်တစ်ဖက်ဖြင့် မြင်း၏လည်ပင်းကိုပွတ်သပ်ပေးနေသည်။ မြင်းပေါ်မှလွင့်စင်၍ လမ်းပေါ်သို့ဖင်ထိုင်လျက် ပြုတ်ကျသွားသောမြင်းပိုင်ရှင်သည်....



လဲကျရာမှ ကပျာကယာထလိုက်ပြီး....

"ဟေ့လူ... ဒါ ဘာလုပ်တာလဲ"

ဟုမေးလိုက်၏။

ချင်းစိန်စန်းက မြင်းပိုင်ရှင်ကိုလှည့်မကြည့်ဘဲ လူဝေဘက်ကိုလှည့်လိုက်ပြီး....

"မြင်းကမွန်ဂိုမြင်းမျိုးပဲ... အပြေးသိပ်သန်တာ"

ဟုပြောလိုက်သည်။

လူဝေက ဘာမှပြန်မပြောပါ။

ချင်းစိန်စန်းက မြင်းကိုသေချာစွာကြည့်ရင်း....

"အတော်ကောင်းတဲ့မြင်းပဲ"

ဟုထပ်ပြောလိုက်ပြန်၏။

မြင်းပိုင်ရှင်က ချင်းစိန်စန်းကိုမျက်မှောင်ကြုတ်ကြည့်ပြီး....

"ဟေ့လူ... ဒါ ကျုပ်မြင်း"

ဟု လှမ်းပြောလိုက်သည်။

ချင်းစိန်စန်းက မြင်းပိုင်ရှင်၏စကားကိုမကြားဟန်ဖြင့် အင်္ကျီရင်ဘတ်ကြားမှ ကတီပါအိတ်ရှည်ကိုထုတ်ယူလိုက်သည်။

ထို့နောက် အိတ်ထဲမှ ပိုက်ဆံအချို့ကိုထုတ်ယူပြီး မြင်းပိုင်ရှင်ထံသို့လှမ်းပစ်ပေးလိုက်သည်။

ပိုက်ဆံအချို့သည် မြင်းပိုင်ရှင်၏ခြေထောက်အနီးသို့ ကျသွားလေသည်။

www.burmeseclassic.com



မြင်းပိုင်ရှင်က ချင်းစိန်စန်းကိုတစ်လှည့်... မြေပေါ်မှပိုက်ဆံများကိုတစ်လှည့်ကြည့်ရင်း....

"ခင်ဗျားဘာလုပ်တာလဲ"

ဟုမေးလိုက်သည်။

ချင်းစိန်စန်းက မြင်း၏လည်ပင်းကိုပွတ်သပ်ရင်း....

"အခု ဒီမြင်းကကျုပ်မြင်းဖြစ်သွားပြီ"

ဟုပြောလိုက်သည်။

မြင်းပိုင်ရှင်က ချင်းစိန်စန်းကိုမျက်မှောင်ကုပ်ကြည့်ရင်း....

"ကျုပ်က မြင်းလာရောင်းတာမဟုတ်ဘူး"

ချင်းစိန်စန်းက ပြုံးပြီး....

"ဟုတ်ပါတယ်... ခင်ဗျားက မြင်းလာရောင်းတာ မဟုတ်ပါဘူး"

မြင်းပိုင်ရှင် မျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် ခင်ဗျားက ဘာဖြစ်လို့ကျုပ်မြင်းကိုယူရတာလဲ"

ချင်းစိန်စန်းက ပိုက်ဆံများကိုမေးငေါ့ပြရင်း....

"ကျုပ်က ခင်ဗျားကို မြင်းနှစ်ကောင်ပိုင်အောင် လုပ်ပေးတာပါ"

ဟု ပြောလိုက်သည်။

မြင်းပိုင်ရှင်ကနားမလည်နိုင်ဟန်နှင့် ချင်းစိန်စန်းကိုမျက်လုံးပြူးပြီးကြည့်လိုက်သည်။



ချင်းစိန်စန်းကပြုံးရင်း....

"အခု ကျုပ်ပေးတဲ့ပိုက်ဆံက ဒီလိုမြင်းမျိုးနှစ်ကောင်ဝယ်နိုင်တယ်"

မြင်းပိုင်ရှင် သက်ပြင်းချလိုက်သည်။

"ကျုပ် အရေးကြီးတဲ့ကိစ္စရှိတယ်"

ချင်းစိန်စန်းက....

"ကျုပ်က ခင်ဗျားထက်ပိုပြီးအရေးကြီးတဲ့ကိစ္စရှိတယ်"

ဟုပြန်ပြောသည်။

ထို့နောက် ချင်းစိန်စန်းက မြင်းပေါ်သို့တက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် ရုတ်တရက် လုဝေကလက်ကာပြရင်း....

"နေဦး"

ဟုဟန့်တားလိုက်သည်။

လုဝေ၏ဟန့်တားမှုကြောင့် ချင်းစိန်စန်းက အံ့ဩဟန်ဖြင့် မျက်ခုံးပင့်ပြီး....

"ဘာလုပ်မလို့လဲ"

ဟုမေးလိုက်၏။

လုဝေက ဘာမျှမပြောဘဲချင်းစိန်စန်းကိုကြည့်လိုက်သည်။ ပြီးမှ သက်ပြင်းချကာ....

"ခင်ဗျားမှာ ခြေထောက်လေးချောင်းရှိလို့ဖြစ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်သည်။

ထို့နောက် လုဝေ၏လက် တစ်ချက်လှုပ်ရှားသွား၏။

အနက်ရောင်အလင်းတန်း လက်ခနဲဖြစ်ပေါ်လာသည်။

ချင်းစိန်စန်းသည် လုဝေ၏ဓားအိမ်ထဲမှ ဓားထွက်လာသည်ကိုမတွေ့လိုက်ရပါ။

ထို့ပြင် လုဝေ၏ဓား ဓားအိမ်ထဲသို့ပြန်လည်ဝင်သွားသည်ကိုလည်း မတွေ့လိုက်ရပါ။

အနက်ရောင်အလင်းတန်းတစ်ချက် လက်ခနဲဖြစ်သွားသည်ကိုသာတွေ့လိုက်ရ၏။

တစ်ချိန်တည်းမှာပင် မြင်း၏ကိုယ်မှ သွေးများစီး၍ကျလာသည်။ သို့သော် မြင်းက မြေပေါ်သို့လဲကျမသွားပါ။

ထို့ပြင် မြင်းသည် နာကျင်ဟန်လည်းမရှိပါ။

သို့ဆိုလျှင်.... အဘယ်ကြောင့် မြင်း၏ကိုယ်မှသွေးများစီးကျလာရပါသနည်း။

****



ချင်းစိန်စန်းသည် မျက်ခုံးတစ်ချက်ပင့်တင်ပြီးလုဝေကိုကြည့်လိုက်သည်။

လုဝေက ပခုံးတွန့်ပြီး....

"အင်း... ကျုပ်ဓားချက်လွဲသွားပြီနဲ့တူတယ်"

ဟုပြောလိုက်သည်။

ထိုစဉ် မြင်းပေါ်မှမြင်းကုန်းနှီးသည် ထက်ခြမ်းပြတ်ပြီး မြေပေါ်သို့ပြုတ်ကျသွားလေတော့၏။

****

www.burmeseclassic.com

www.burmeseclassic.com



"ဖုတ်....."

မြင်းကုန်းနီးသည် ထက်ပိုင်းပြတ်ပြီး မြင်းပေါ်မှပြုတ်ကျသွားသည်။ တစ်ဆက်တည်းမှာပင်.... မြွေ၏ခန္ဓာကိုယ် အစိတ်အပိုင်းများလည်း မြင်းကုန်းနီးနှင့်အတူ မြေပေါ်သို့ကျလာလေတော့သည်။

ချင်းစိန်စန်း သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"ကျုပ်က မြွေတွေ မြင်းမစီးတတ်ဘူးထင်နေတာ"

ဟုပြောသည်။

လုဝေက ပြုံးပြီး....

"တချို့မြွေတွေက မြင်းစီးတတ်ရုံမကဘူး... လူတွေရဲ့အင်္ကျီထဲမှာလဲ နေတတ်တယ်"

ဟုပြောလိုက်သည်။

လုဝေ၏စကားဆုံးသည်နှင့် မြင်းပိုင်ရှင်၏လက် လှုပ်ရှားသွားသည်။

တစ်ချိန်တည်းမှာပင်.... မြင်းပိုင်ရှင်၏အင်္ကျီလက်ထဲမှ မြွေနှစ်ကောင်သည် ချင်းစိန်စန်းနှင့်လုဝေထံသို့ဝဲပျံပစ်လွှင့်လာလေတော့သည်။

****



မြင်းပိုင်ရှင်သည် မျက်နှာပျက်နေ၏။

လုဝေ၏လျှပ်တစ်ပြက်လှုပ်ရှားလိုက်မှုကြောင့် မြင်းကုန်းနီး ထက်ခြမ်းပြတ်သွားပြီး မြင်းကုန်းနီးအောက်တွင် ဝှက်ထားသောမြွေများ သေဆုံးသွားသည်ကိုမြင်တွေ့ကတည်းက မြင်းပိုင်ရှင်သည် မျက်နှာပျက်နေခြင်းဖြစ်သည်။

ထို့ပြင် ချင်းစိန်စန်းကို လုဝေနှင့်အတူတွဲလျက် တွေ့မြင်လိုက်ရကတည်းက မိမိအစီအစဉ် တစ်စုံတစ်ရာလွဲချော်တော့မည်ဖြစ်ကြောင်း အလိုလိုသိနေမိတော့သည်။

မြင်းပိုင်ရှင်သည် ချင်းစိန်စန်းနှင့်လုဝေတို့ကို စတင်တိုက်ခိုက်လိုက်သည်။

သို့သော်....

သူ၏အဆိပ်ပြင်းသောမြွေနှစ်ကောင် ချင်းစိန်စန်းနှင့်လုဝေတို့လက်ထဲ၌ မလှုပ်မယှက်နိုင်အောင်ဖြစ်သွားသည်ကို မြင်လိုက်ရသောအခါ မြင်းပိုင်ရှင်သည် ဖုံးဖိ၍မရအောင် မျက်စိမျက်နှာပျက်သွားလေတော့၏။

လုဝေ၏လက်ထဲတွင် မြွေတစ်ကောင်ရှိနေသည်။

ချင်းစိန်စန်း၏လက်ထဲ၌လည်း မြွေတစ်ကောင်ရှိသည်။

လုဝေကပြုံး၍....

"ငယ်ငယ်တုန်းက ကျုပ်နဲ့ကျုပ်သူငယ်ချင်း သူမှား၍ထဲက ဆီးသီးတွေသွားပြီးခိုးခူးတာ အခုလိုပဲ သူကဆီးသီးခူးပြီး ကျုပ်ကိုပစ်

www.burmeseclassic.com

www.burmeseclassic.com



ပေးတယ်၊ ကျုပ်က မြေကြီးပေါ်မကျအောင်ဖမ်းခဲ့ရတယ်"

ချင်းစိန်စန်းကပြုံးပြီး....

"ကျုပ်ကတော့ အဲဒီလိုတစ်ခါမှမဖမ်းခဲ့ဖူးဘူး.... ဒါပေမဲ့ ပစ်တော့ ပစ်ပေးတတ်တယ်"

ဟုပြောပြီး လက်ထဲမှမြွေကို မြင်းပိုင်ရှင်ထံသို့ပြန်လည်ပစ်ပေးလိုက်လေတော့၏။

မြွေသည် လေထဲ၌ပစ်လွှင့်သွားပြီး မြင်းပိုင်ရှင်ထံ ပြန်လည်ရောက်ရှိသွားလေသည်။

မြင်းပိုင်ရှင်က နောက်သို့ ခြေတစ်လှမ်းဆုတ်၍ ရှောင်လိုက်သည်။ မြွေသည် မြေပေါ်သို့ကျသွားသည်။ သို့သော် မြွေကလှုပ်ရှားမှုမရှိတော့ပါ။ မြွေသည် ချင်းစိန်စန်း၏လက်ထဲပင် သေဆုံးခဲ့ပြီမဟုတ်ပါလား။

****



လုဝေ ခေါင်းခါယမ်းလိုက်သည်။

သူ၏လက်ထဲမှမြွေသည် တွန့်လိမ်လှုပ်ရှားနေဆဲဖြစ်သည်။

သို့သော် သူက မြွေ၏ခေါင်းပိုင်းကိုကိုင်ထားသောကြောင့် မြွေသည် လုဝေကိုကိုက်၍မရဘဲဖြစ်နေသည်။

လုဝေက မြွေကိုသေချာစွာကြည့်ပြီး....

"မြွေမင်းသားဟုတ်ကြိုင်ကိုကြားဖူးလား"

ဟုချင်းစိန်စန်းကိုမေးလိုက်၏။

ချင်းစိန်စန်းက နှုတ်ခမ်းကိုတွန့်ကာ....

"ကြားဖူးပါတယ်... ဒါပေမဲ့ သူက ယောကျ်ားမဟုတ်ဘူးလို့ပြောတယ်"

"ဟုတ်လား... ဒါဖြင့် သူကမိန်းမလား"

ချင်းစိန်စန်းကခေါင်းခါယမ်း၏။

"သူက ယောကျ်ားတော့ယောကျ်ားပါပဲ... ဒါပေမဲ့ သူကလူတစ်ယောက်ကိုလုပ်ကြံတဲ့အခါ မိန်းမလိုမိန်းမရ ခိုးကြောင်ခိုးဝှက်နဲ့ လုပ်ကြံတတ်တယ်"

လုဝေ သက်ပြင်းချရင်း....

"ဒါတောင် သူ့ရဲ့ကြေးကမနည်းဘူးဆိုပဲ"

ချင်းစိန်စန်းကသက်ပြင်းချရင်း....

"တုဂိုဏ်းကဖုံးခွတ်ကိုသတ်တုန်းက သုံးသိန်းခွဲရတယ်လို့ကြားတယ်"

www.burmeseclassic.com

www.burmeseclassic.com



လုဝေကပြုံးကာ....

"မင်းကိုသတ်ဖို့ သူဘယ်လောက်ရမယ်ထင်သလဲ"

ဟုမေးလိုက်သည်။

ချင်းစိန်စန်းကပြုံးရင်း....

"မမေးတော့ပါဘူး"

လုဝေကမျက်ခုံးပင့်ကာ....

"ဘာဖြစ်လို့လဲ"

ချင်းစိန်စန်းက....

"ကျူပ်မမေးသေးဘဲ"

လုဝေက သက်ပြင်းချကာ....

"ကျူပ်တစ်ခုတော့ကြားဖူးတယ်"

"ဘာကြားဖူးတာလဲ"

"မြွေမင်းသားက သူလုပ်ကြံတဲ့ကိစ္စမအောင်မြင်ရင် ဘယ်တော့မှလက်မလျှော့ဘူးတဲ့"

ချင်းစိန်စန်းက....

"အင်း... ဟုတ်မယ်တော့မထင်ဘူး"

"ဘာဖြစ်လို့လဲ"

လုဝေကမေးသည်။ ချင်းစိန်စန်းက....

"ဘာဖြစ်လို့လဲဆိုတော့ သူက နောက်ထပ်တစ်ခါ ကြိုးစားနိုင်မှာမဟုတ်တော့လို့ပါ"



ထိုအချိန်တွင် မြင်းပိုင်ရှင်သည် မျက်နှာပျက်နေသည်။

သူသည် မြေပေါ်သို့ဒူးထောက်ပြီး....

"ကျူပ်မှားသွားပြီ"

ဟုပြောလိုက်သည်။

လုဝေက....

"အခုမှမှားတာမဟုတ်ဘူး... မြင်းပေါ်က ပြုတ်ကျကတည်းကမှားတာ"

လုဝေ၏စကားကြောင့် မြင်းပိုင်ရှင်သည် မျက်လုံးပြူးသွားပြီး....

"ဟင်... ခင်ဗျား အဲ့ဒီကတည်းကသိတာလား"

ဟုတအံ့တသြမေးလေသည်။

လုဝေက....

"ခင်ဗျား လဲကျနေရာကနေ ကပ္ပကယာ ပြန်ထလိုက်ကတည်းကသိတာပေါ့။ ပြီးတော့ ခင်ဗျားမျက်လုံးတွေမှာ လူသတ်တဲ့ အငွေ့အသက်တွေတွေ့ရတယ်"

ချင်းစိန်စန်းက သက်ပြင်းချလိုက်ပြီး....

"ကဲပါ... သူ့ကို သူ့မြေပြန်ပေးလိုက်ပါ"

ပြောလိုက်သည်။

လုဝေကခေါင်းညိတ်ပြီး....

"ရော့...."

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး မြွေကိုပစ်ပေးလိုက်၏။

မြင်းပိုင်ရှင်သည် မြွေကိုဖမ်းထားလိုက်၏။

သူ၏လက်က မြွေ၏လည်မျိုကိုတိကျစွာ ဖမ်းဆုပ်လိုက်နိုင်သည်။

ထို့ကြောင့် ဒေါသထွက်နေသောမြွေသည် မြင်းပိုင်ရှင်ကိုမည်သို့မျှ အန္တရာယ်မပြုနိုင်တော့ပါ။

သို့သော် မြွေနှင့်အတူလွင့်ပျံ့လာသောသတ္တုရောင် အလင်းတန်းလေးကိုတွေ့လိုက်ရသောအခါ မြင်းပိုင်ရှင်၏မျက်လုံးများ ပြူးကျယ်သွားလေတော့၏။

****



မြင်းပိုင်ရှင်သည် သူ့ထံသို့ ပစ်လွှင့်လာသောမြွေကို အမိအရဖမ်းလိုက်နိုင်၏။

ထိုသို့ မြွေကိုဖမ်းယူလိုက်စဉ် သူ၏မျက်လုံးများသည် မြွေ၏နောက်မှကပ်လျက်လိုက်ပါလာသော သတ္တုရောင်အလင်းတန်းကိုမြင်တွေ့လိုက်ရသည်။

ထို့ကြောင့် သူသည်မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်ကာ လျင်မြန်စွာရှောင်တိမ်းလိုက်၏။

သို့သော် သူသည် မျက်စေ့တစ်မှိတ် မျက်တောင်တစ်ခတ်မျှနောက်ကျသွားပြီဖြစ်၏။

အကြောင်းမှာ... သတ္တုရောင်လင်းလက်သောဓားပါးလေးတစ်ချောင်းသည် မြင်းပိုင်ရှင်၏လည်မျိုကိုစိုက်ဝင်သွားပြီ ဖြစ်သောကြောင့်ပင်။

မြင်းပိုင်ရှင်သည်မယုံကြည်နိုင်အောင် အံ့ဩသောမျက်လုံးများ ဖြင့် လုဝေကိုကြည့်ရင်း မြေပေါ်သို့လဲကျသွားတော့သည်။

ချင်းစိန်စန်းက သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး....

"အမြန်ဆုံးဓားသမားက အခုလို ဓားပါးကို တစ်ခါမှမသုံးဘူးလို့ကြားဖူးတာပဲ"

ဟုပြောလိုက်သည်။

လုဝေကခေါင်းညိတ်လိုက်ပြီး....

"ဒါ ပထမဆုံးအကြိမ်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ချင်းစိန်စန်းက ဦးခေါင်းယမ်းရင်း....

"ဘာဖြစ်လို့သုံးတာလဲ"

"ကျုပ်ဓားနဲ့မတန်ဘူးထင်လို့ပါ"

ချင်းစိန်စန်းသည်သက်ပြင်းချရင်း လုဝေကိုတစ်ချက်ကြည့်လိုက်၏။

ပြီးမှ မဲ့ပြုံးတစ်ချက်ပြုံးကာ....

"ခင်ဗျားမှာ ခြေထောက်နှစ်ချောင်းပဲရှိတယ်"

ဟုပြောရင်း မြင်းပေါ်သို့တက်လိုက်သည်။

ထို့နောက် လုဝေကိုငုံ့ကြည့်ပြီး....

"အခု ကျုပ် ခြေထောက်လေးချောင်းဖြစ်သွားပြီ"

ဟုပြောလိုက်၏။

ချင်းစိန်စန်းသည် ထိုသို့ပြောပြီးနောက် မြင်း၏တင်ပါးကို လက်ဖြင့်ရိုက်လိုက်ပြီး မြင်းကိုတစ်ရှိန်ထိုးစီးနင်းသွားလေသည်။

လုဝေသည် မြင်းစီး၍ထွက်သွားသော ချင်းစိန်စန်း၏ နောက်ကျောကိုကြည့်ရင်း တစ်ချက်ပြုံးလိုက်၏။

"ဟုတ်တယ်... ကျုပ်မှာခြေထောက်နှစ်ချောင်းပဲရှိတယ်... ပြီးတော့ မသန်ဘူး"

ဟုတစ်ယောက်တည်း ပြောလိုက်သည်။ ထို့နောက် သူသည် ထိုနေရာမှ ထော့နင်းထော့နင်းဖြင့်ထွက်ခွာသွားလေသည်။

ထိုစဉ်....



ရုတ်တရက်ဆိုသလို ကောင်းကင်ပေါ်၌မိုးသားများတလိပ်လိပ်တက်လာ၏။

မကြာမီမှာပင်....

မိုးသည် သဲကြီးမဲကြီးရွာချလေတော့၏။

လုဝေသည် မိုးရွာထဲ၌ လမ်းအတိုင်း ထော့နင်းထော့နင်း ဖြင့်လျှောက်နေဆဲ....

****

www.burmeseclassic.com

www.burmeseclassic.com



ကျုန်းလုံမြို့....

မြို့အဝင်ဝ၌ ကျုန်းလုံမြို့ဟု စာတမ်းရေး၍ချိတ်ဆွဲထားလေသည်။ ကျုန်းလုံမြို့သည် မြို့ဟုရေးသားထားသော်လည်း မြို့အင်္ဂါရပ်နှင့်မညီညွတ်သောမြို့ပင်ဖြစ်၏။

မြို့၏လမ်းများသည် မြေလမ်းများသာဖြစ်သည်။

ထို့ကြောင့် သဲကြီးမဲကြီးရွာချနေသောမိုးကြောင့် လမ်းများ၌ ဗွက်ထနေ၏။

ချင်းစိန်စန်းသည် သည်းထန်စွာရွာသွန်းနေသောမိုးနှင့်အတူ ကျုန်းလုံမြို့သို့ရောက်ရှိလာလေ၏။

****



ဗွက်ထနေသောကျုန်းလုံမြို့၏လမ်းမအတိုင်း ချင်းစိန်စန်းသည် မြင်းကို ခပ်ဖြည်းဖြည်းစီးနင်းလာသည်။

မိုးက သည်းထန်စွာရွာသွန်းနေသောကြောင့် ချင်းစိန်စန်း၏တစ်ကိုယ်လုံးသည် ရေများစိုရွှဲကာ ကြွက်စုတ်တစ်ကောင်နှင့်တူနေလေသည်။

မိုးက သည်းထန်စွာရွာသွန်းနေသည့်အပြင် လေကလည်း တဟူးဟူးတိုက်ခတ်နေသည်။

ထို့ကြောင့် ချင်းစိန်စန်း၏ခန္ဓာကိုယ်သည် ချမ်း၍တုန်နေပြီဖြစ်၏။ သူသည် ကျုန်းလုံမြို့၏လမ်းမအတိုင်း မြင်းကိုဖြည်းညင်းစွာစီးလာပြီးနောက် ဆိုင်တစ်ဆိုင်၏ရှေ့၌ရပ်လိုက်သည်။

ထို့နောက် သူသည် မြင်းပေါ်မှဆင်းပြီး ဆိုင်ထဲသို့ဝင်လိုက်လေသည်။ ဆိုင်ထဲသို့မဝင်မီ ဆိုင်နာမည်ကို အမှတ်မထင် တစ်ချက်လှမ်းကြည့်လိုက်မိသည်။

ဆိုင်အမည်က....

"မိုးနဂါးစားသောက်ဆိုင်"

****

www.burmeseclassic.com

www.burmeseclassic.com



"မိုးနဂါ****းစားသောက်ဆိုင်"

ဆိုင်ထဲတွင် လူများပြည့်ကျပ်နေ၏။

ဆိုင်ထဲမှလူများ၏မျက်လုံးများသည် ဆိုင်ထဲသို့ရောက်လာသောချင်းစိန်စန်းထံသို့ စုပြုံရောက်ရှိလာ၏။

ချင်းစိန်စန်းက ဆိုင်ထဲသို့တစ်ချက်ဝေ့ကြည့်လိုက်သည်။

သူ၏တစ်ကိုယ်လုံးသည် မိုးရေများဖြင့်စိုရွှဲနေသည်။

စိုရွှဲနေသောအဝတ်အစားများမှရေများက တစက်စက်ဖြင့် ဆိုင်၏ကြမ်းပြင်ပေါ်သို့ကျနေသည်။

ချင်းစိန်စန်းသည် မျက်နှာပေါ်မှမိုးရေစက်များကို လက်ဖြင့်သုတ်လိုက်ပြီး မိုးနဂါးစားသောက်ဆိုင်၏အပေါ်ထပ်သို့တစ်လှမ်းချင်းတက်လာခဲ့သည်။

သူသည် ဆိုင်ထဲမှလူများကိုလုံးဝမကြည့်ပါ။

သို့သော်... ဆိုင်ထဲမှလူများက သူ့ကိုမျက်တောင်မခတ်ဘဲကြည့်နေကြသည်။

ချင်းစိန်စန်းသည် အပေါ်ထပ်သို့ရောက်သောအခါလှေကားထိပ်၌ခေတ္တရပ်တန့်ပြီး အပေါ်ထပ်ကို တစ်ချက်အကဲခတ်ကြည့်လိုက်သည်။ ပြီးမှ သူသည် အပေါ်ထပ် စင်္ကြံလမ်းအတိုင်း လျှောက်လာ၏။

အပေါ်ထပ်စင်္ကြံ၏ဝဲယာတစ်ဖက်တစ်ချက်၌ အခန်းများရှိနေသည်။

စင်္ကြံအဆုံး၌လည်း အခန်းတစ်ခန်းရှိသည်။



ထိုအခန်းရှေ့၌ လူထွားကြီးတစ်ယောက်ရပ်နေသည်။

ချင်းစိန်စန်းက ထိုအခန်းသို့လျှောက်လာ၏။

အခန်းရှေ့သို့ရောက်သောအခါ လူထွားကြီးက ချင်းစိန်စန်း၏ရှေ့၌ လမ်းပိတ်ရပ်လိုက်ပြီး...

"ဒါ သီးသန့်ခန်းပါ"

ဟုပြောလိုက်သည်။

ချင်းစိန်စန်းကသက်ပြင်းချလိုက်ပြီး...

"မင်းဆရာကိုပြောလိုက်... ချင်းစိန်စန်းက တွေ့ချင်တယ်လို့"

လူထွားကြီးက...

"ဆရာအောက်ထပ်ကစောင့်နေပါ... ကျွန်တော် အကြောင်းကြားလိုက်ပါ့မယ်"

ချင်းစိန်စန်း သက်ပြင်းချလိုက်သည်။

ထို့နောက်...

ဘာမျှမပြောဘဲ လှည့်၍ထွက်လာခဲ့လေတော့၏။

****

www.burmeseclassic.com

www.burmeseclassic.com



အခန်းရှေ့မှ ချင်းစိန်စန်းထွက်သွားပြီးနောက် မကြာမီမှာပင် အခန်းတံခါးပွင့်လာပြီး လူတစ်ယောက်၏မျက်နှာပေါ်လာ၏။

ထိုလူက အခန်းရှေ့မှလူထွားကြီးကိုမေးဆတ်ပြရင်း....

"သူသွားပြီလား"

ဟုမေးလိုက်၏။

လူထွားကြီးသည် ခေါင်းဆတ်ပြသည်။

"ဟုတ်ကဲ့... သူသွားပါပြီ"

အခန်းထဲမှခေါင်းပြူထွက်လာသူက သက်ပြင်းရှိုက်လိုက်ပြီး....

"ကောင်းတယ်... ငါ သူ့ကိုမတွေ့ချင်ဘူး၊ မင်း တော်သလိုသာ ကြည့်ပြောလိုက်"

လူထွားကြီးက အရုပ်ဆိုးစွာပြုံးလိုက်၏။ အခန်းထဲမှထွက်လာသူက....

"မင်း သူ့ကိုမောင်းထုတ်နိုင်ရင် ဆုချမယ်"

ဟုပြောလိုက်သည်။

ထို့နောက်.... သူသည် အခန်းထဲပြန်ဝင်ပြီးအခန်းတံခါးကို လုံခြုံစွာပိတ်လိုက်လေ၏။

ပြီးနောက် တစ်ယောက်တည်း သဘောကျစွာပြုံးလိုက်၏။

သို့သော် သူ၏အပြုံးသည် တစ်ဝက်တစ်ပျက်နှင့်ရပ်တန့်သွားလေသည်။



အကြောင်းမှာ သူ၏မျက်လုံးများသည် အခန်းထဲရှိ စားပွဲ
လူတစ်ယောက်ထိုင်နေသည်ကို တွေ့မြင်လိုက်ရသောကြောင့်ဖြစ်
သည်။ ထို့ပြင် စားပွဲ၌ထိုင်နေသူသည် ချင်းစိန်စန်းဖြစ်နေခြင်းကြော
လည်းဖြစ်ပေသည်။

****

www.burmeseclassic.com

www.burmeseclassic.com



ချင်းစိန်စန်းသည် စားပွဲ၌ထိုင်နေသည်။

သူသည် စားပွဲပေါ်မှနှစ်ချိုဝါးရွက်စိမ်းအရက်ကိုငုံ့သောက်ရင်း သူ့ကိုမျက်လုံးပြူး၍ကြည့်နေသောလူကြီးကိုပြုံးပြလိုက်၏။

ပြီးမှ....

"မြေခွေးကြီး နေကောင်းတယ်နော်"

ဟုနှုတ်ဆက်လိုက်၏။

မြေခွေးကြီးဟု အခေါ်ခံရသောလူက သက်ပြင်းရှိုက်လိုက်ပြီး....

"သြော် မင်းက မသေသေးဘဲကိုး"

ဟုပြောလိုက်သည်။

ချင်းစိန်စန်းကပြုံး၍....

"သရဲလာခြောက်တယ်ထင်လို့လား"

မြေခွေးကြီးကသက်ပြင်းချကာ....

"မင်း ငါ့ကိုဘာဒုက္ခပေးဦးမလို့လဲ"

ဟုမေးလေ၏။

ချင်းစိန်စန်းက မဲ့ပြုံးပြုံးပြီး....

"ကျုပ် ခင်ဗျားကိုဒုက္ခပေးခဲ့ဖူးလို့လား"

မြေခွေးကြီးကခေါင်းယမ်း၍....

"ကံကောင်းလို့မသေခဲ့တာချည်းပါဘဲ"

ဟုပြန်ပြော၏။



"ဒီတစ်ခါ ကျုပ်လာတာ ခင်ဗျားကိုဒုက္ခပေးဖို့မဟုတ်ပါဘူး"

မြေခွေးကြီးက....

"ဒါဖြင့် ဘာဖြစ်လို့ ဒီမှာထိုင်နေရတာလဲ"

ချင်းစိန်စန်းမျက်ခုံးပင့်၍....

"ကျုပ် ဒီမှာရှိတာနဲ့ ခင်ဗျားဒုက္ခရောက်ရမှာလား"

မြေခွေးကြီးကသက်ပြင်းရှိုက်လိုက်ပြီး....

"သိုင်းလောကမှာရှိတဲ့ကြေးစားဓားသမားတွေက မင်းကိုရှာနေကြတယ်"

ချင်းစိန်စန်းက လေတစ်ချက်ချွန်လိုက်ပြီး....

"ဟုတ်လား"

အံ့ဩဟန်ဖြင့် တမင်မေးသည်။

မြေခွေးကြီးကခေါင်းညိတ်၍....

"ဟုတ်တယ်... မင်းရှိရင် ကြေးစားဓားသမားတွေရောက်လာကြလိမ့်မယ်"

ချင်းစိန်စန်းကသက်ပြင်းချကာ ထိုင်ရာမှထလိုက်၏။

ပြီးမှ....

"ကျုပ်ကြောင့် ခင်ဗျားဒုက္ခမရောက်စေရပါဘူး"

ဟုပြောလိုက်၏။

ထို့နောက် ချင်းစိန်စန်းသည် ပြတင်းပေါက်သို့လျှောက်သွားပြီး အပြင်သို့တစ်ချက်လှမ်းကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် မြေခွေးကြီးကသက်ပြင်းချကာ....

"ဟော့... ချင်းစိန်စန်း မင်းကို ဘယ်သူက ဒီလောက်တောင် သဲကြီးမဲကြီးလိုချင်နေရတာလဲ"

ဟုလှမ်းမေးလိုက်၏။

ချင်းစိန်စန်းကပြုံး၍ ပခုံးနှစ်ဖက်ကိုဟန်ပါပါတွန့်ပြီး ပြတင်းပေါက်မှ ရုတ်တရက်ခုန်ဆင်းသွားလေတော့၏။

****



ချင်းစိန်စန်းသည် ပြတင်းပေါက်မှတစ်ဆင့်အပြင်သို့ ရုတ်တရက်ခုန်ထွက်သွားပြီဖြစ်သည်။ မြေခွေးကြီးသည် သက်ပြင်းတစ်ချက် ဖြည်းညင်းစွာချလိုက်၏။

ထိုစဉ် အခန်းထဲသို့ အဘွားအိုတစ်ယောက်ဝင်ရောက်လာလေသည်။

မြေခွေးကြီးက ထိုအဘွားအိုကိုပခုံးတွန့်ပြလိုက်ပြီး....

"ကျုပ် သူ့ကိုမောင်းထုတ်လိုက်ပါပြီ"

ဟုပြောလိုက်သည်။

အဘွားအိုက ကောက်ကျစ်စွာပြုံးလိုက်ပြီး....

"ငါ မင်းကိုမောင်းထုတ်ခိုင်းလို့လား"

ဟုမေးသည်။

အဘွားအို၏စကားကြောင့် မြေခွေးကြီး မျက်စိမျက်နှာပျက်သွားပြီး....

"သူ... သူ့ကိုကျုပ်က...."

အဘွားအိုကပြုံးပြီး....

"မင်းက သူ့ကိုသတ်နိုင်တယ်"

မြေခွေးကြီးကသက်ပြင်းချကာ....

"ကျုပ် သူ့ကိုမနိုင်ဘူးလို့ပြောခဲ့ပြီးပြီပဲ"

အဘွားအိုပြုံး၍....

"ဟုတ်တယ်... သူ့ကို မင်းဘယ်လိုမှမနိုင်နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



မြေခွေးကြီးက လေပူတစ်ချက်မှုတ်ထုတ်လိုက်သည်။

အဘွားအိုကသက်ပြင်းချကာ....

"မင်းရဲ့သိုင်းပညာက သူ့ထက်အများကြီးနိမ့်တယ်... ဒါကြောင့် သူ့ကိုသတ်ဖို့မင်းကိုရွေးရတာ"

ထိုစကားကြောင့် မြေခွေးကြီးသည် မျက်လုံးပြူးကာ နားမလည်ဟန်ဖြင့် အဘွားအိုကိုကြည့်လိုက်၏။

"သိသားနဲ့ ဘာဖြစ်လို့ကျုပ်ကိုခိုင်းရတာလဲ"

အဘွားအို ပြုံး၍....

"မင်း သူ့ကိုသေချာပေါက်သတ်နိုင်တယ်လို့ ယုံကြည်ထားလို့ပဲ"

မြေခွေးကြီးသည် အလွန်ပါးနပ်သူဖြစ်သည်။ ထိုသို့ပါးနပ်သောကြောင့်လည်း သူသည် သေဘေးမှ အကြိမ်ကြိမ်လွတ်မြောက်ခဲ့ရသည်မဟုတ်ပါလား။

သို့သော် ယခု သူသည် အဘွားအို၏စကားကိုနားမလည်ချေ။ ထို့ကြောင့် အံ့ဩသောလေသံဖြင့်....

"ကျုပ်ကသူ့ကိုသတ်နိုင်မယ်လို့ယုံကြည်တယ် ဟုတ်လား"

အဘွားအိုပြုံး၍ ခေါင်းညိတ်ပြ၏။

"ဟုတ်တယ်"

မြေခွေးကြီးက နားမလည်နိုင်ဟန်ဖြင့်....

"ဘာဖြစ်လို့လဲ"



အဘွားအိုကပြုံးရင်း....

"မင်းနဲ့သူက ရင်းနှီးတဲ့မိတ်ဆွေလေ"

မြေခွေးကြီး သက်ပြင်းချလိုက်သည်။

အဘွားအိုက ဆက်ပြောလိုက်၏။

"မိတ်ဆွေတစ်ယောက်က ရန်သူဖြစ်သွားရင် ရန်သူဆယ်ယောက်နဲ့ရင်ဆိုင်ရသလိုပဲလို့ ရှေးကလူကြီးသူမတွေပြောခဲ့တာ မင်းမကြားဖူးဘူးလား"

မြေခွေးကြီး ဘာမျှပြန်မပြောတော့ပါ။

သူသည် သူ၏ကံကြမ္မာကိုရိပ်စားမိနေပြီမဟုတ်ပါလား။

အဘွားအိုကသက်ပြင်းချလိုက်ပြီး....

"ဒါပေမဲ့ မင်းကငါတို့ကိုစိတ်ပျက်အောင်လုပ်ခဲ့တယ်"

မြေခွေးကြီးသည် အဘွားအို၏စကားဆုံးသည်နှင့် ရုတ်တရက်လှုပ်ရှားလိုက်သည်။ သူသည် သူ၏အင်္ကျီလက်ကြား၌ဝှက်ထားသောဓားပါးလေးများကို လျှပ်တစ်ပြက်ထုတ်ပြီး အဘွားအိုဆီသို့ပစ်ပေါက်လိုက် လေသည်။

တစ်ဆက်တည်းမှာပင် သူသည် ပြတင်းပေါက်သို့ပြေးကာ ပြတင်းပေါက်မှခုန်ချလိုက်လေ၏။ သို့သော် အဘွားအို၏လက်က ရုတ်တရက်လှည့်ထွက်လာပြီး မြေခွေးကြီး၏လည်ပင်းကို ဖမ်းဆုပ်လိုက်လေတော့၏။

****

www.burmeseclassic.com

www.burmeseclassic.com



အဘွားအို၏လက်က ရှည်ထွက်လာခြင်းမဟုတ်ပါ။

အဘွားအို၏လက်မှ ပုဝါစတစ်စကလွင့်ပျံ့လာခြင်းသာဖြစ်ပါသည်။

ထိုပုဝါစသည် လေထဲ၌အဖြူရောင်နဂါးတစ်ကောင်ကဲ့သို့ တွန့်လိမ်သွားပြီး ပြတင်းပေါက်မှခုန်ချရန် ဟန်ပြင်နေသောမြေခွေးကြီး၏လည်ပင်းကို ရစ်ပတ်လိုက်ခြင်းသာဖြစ်ပါသည်။

အဘွားအို၏လှုပ်ရှားမှုက အလွန်လျင်မြန်လှသောကြောင့် အဘွားအို၏လက်တံ ရှည်လျားစွာထွက်လာသည်ဟု ထင်မှတ်ရခြင်းပင်ဖြစ်ပါသည်။

အဘွားအိုက လက်ကိုဆန့်ထုတ်ရာမှ ပြန်၍ရုပ်သိမ်းလိုက်သောအခါ မြေခွေးကြီး၏ခန္ဓာကိုယ်သည် နောက်သို့လွင့်စဉ်သွားပြီး အခန်းထဲသို့ ခွေးကျဝက်ကျ ကျသွားလေတော့သည်။

မြေခွေးကြီးသည် ကြမ်းပေါ်မှလူးလဲထလိုက်ပြီး အဘွားအိုကိုမယုံကြည်နိုင်သောမျက်လုံးများဖြင့် ကြည့်လိုက်မိလေတော့၏။

****



"ကျုန်းလုံမြို့"

ကျုန်းလုံမြို့တွင် စားသောက်ဆိုင် ခပ်များများရှိသည်။

သို့သော် နာမည်ကျော်ကြားသောစားသောက်ဆိုင်ဟူ၍ သိပ်များများစားစားမရှိပါ။

လက်ချိုးရေတွက်လျှင် လက်တစ်ဖက်ပင်မပြည့်ပါ။

ထိုနာမည်ကျော်ကြားသောစားသောက်ဆိုင်တိုင်း၌ ထူးခြားမှုတစ်ခုစီရှိကြသည်။

အချို့ဆိုင်က ဟင်းလျာများဖြင့်နာမည်ကျော်သည်။

မည်သို့ပင်ဖြစ်စေ၊ ထိုသို့နာမည်ကြီးသောစားသောက်ဆိုင်များ၌ တူညီသောအချက်တစ်ချက်ရှိသည်။

ထိုအချက်မှာ ဈေးနှုန်းကြီးခြင်းပင်ဖြစ်သည်မဟုတ်ပါလား။

****

www.burmeseclassic.com

www.burmeseclassic.com



လူတိုင်း၌ အားနည်းချက်ရှိကြသည်။

ငါက သူများထက် ငွေဖြုန်းနိုင်သည်ဟူ၍ ဂုဏ်ယူဝင့်ကြွားခြင်းသည် လူသားတို့၏အားနည်းချက်များထဲမှ တစ်ခုပင်ဖြစ်သည်။

ထိုအားနည်းချက်ကြောင့် ပုလဲစားသောက်ဆိုင်ပိုင်ရှင်သည် ယခုနှစ်မှ သတ္တမမြောက်မိန်းမကို ရရှိခဲ့ခြင်းပင်ဖြစ်သည်မဟုတ်ပါလား။

သူများတကာထက် ပိုက်ဆံဖြုန်းနိုင်သည်ဟု ဂုဏ်ယူဝင့်ကြွားသူများလာလေလေ ပုလဲစားသောက်ဆိုင်ပိုင်ရှင်က မိန်းမတစ်ယောက်ရလေပင်ဖြစ်သည်။

ပိုက်ဆံဖြုန်းနိုင်သည်ဟု ဝင့်ကြွားသူများထဲတွင် ချင်းစိန်စန်း မပါဝင်ပါ။ သို့သော် သူသည် ပုလဲစားသောက်ဆိုင်၌ စားသောက်နေသည်။

အဘယ်ကြောင့်ဆိုသော် သူသည် ဤစားသောက်ဆိုင်မှ ဘဲပေါင်းခေါက်ဆွဲကြော်ကိုကြိုက်နှစ်သက်သောကြောင့်ဖြစ်သည်။

ချင်းစိန်စန်းသည် မိုးနဂါးစားသောက်ဆိုင်မှမြေခွေးကြီး၏အခန်းတွင် ခေတ္တခိုအောင်းနေမည်ဟုစိတ်ကူးခဲ့သည်။

သို့သော် မြေခွေးကြီးကသူ့ကိုလက်မခံသောကြောင့် မိုးနဂါးစားသောက်ဆိုင်မှထွက်လာခဲ့သည်။

သူသည် မြေခွေးကြီးအကြောင်းကိုစဉ်းစားနေမိသည်။

မြေခွေးကြီးသည် သူ၏ရင်းနှီးသောမိတ်ဆွေဖြစ်သည်။



သူ၏ကိစ္စရပ်များကို မြေခွေးကြီးက မဖြစ်မနေ အကူအညီပေးခဲ့သည်။ ယခု မြေခွေးကြီးက သူ့ကိုမောင်းထုတ်လိုက်သည်။

ဤသို့ဆိုလျှင် ချင်းစိန်စန်းသည် ရုတ်တရက် စားသောက်နေရာမှ တစ်ပိုင်းတစ်စနှင့်ရပ်တန့်ပြီး ပိုက်ဆံကိုထုတ်ကာ စားပွဲပေါ်သို့တင်လိုက်သည်။

ထို့နောက် သူသည် ပုလဲစားသောက်ဆိုင်တွင်းမှ ကတိုက်ကရိုက်ပြေးထွက်ခဲ့လေတော့၏။

****

www.burmeseclassic.com

www.burmeseclassic.com



မိုးနဂါးစားသောက်ဆိုင်ရှေ့သို့ရောက်သောအခါ မိုးနဂါး စားသောက်ဆိုင်ရှေ့၌ လူများစုရုံးစုရုံးဖြစ်နေသည်ကိုတွေ့ရသည်။ ထို့ကြောင့် ချင်းစိန်စန်းသည် ဆိုင်တွင်းသို့မဝင်သေးဘဲ ရပ်ကြည့်နေသူတစ်ယောက်ကိုမေးလိုက်သည်။

"ဘာဖြစ်တာလဲဗျ"

ရပ်ကြည့်နေသူက ချင်းစိန်စန်းကိုလှည့်ကြည့်ပြီး....

"ဆိုင်ပိုင်ရှင်က ကိုယ့်ကိုယ်ကို ဆွဲကြိုးချပြီး သတ်သေသွားလို့တဲ့"

ချင်းစိန်စန်းသည် သက်ပြင်းတစ်ချက် မသိမသာချလိုက်မိသည်။ မြေခွေးကြီးသည် ကိုယ့်ကိုယ်ကိုသတ်သေရန် အကြောင်းမရှိပါ။ ဤသို့ဆိုလျှင် မြေခွေးကြီးသည် အသတ်ခံရခြင်းသာလျှင်ဖြစ်ပေလိမ့်မည်။

မြေခွေးကြီးကိုသတ်သူသည် မိမိကိုသေစေလိုသောသူမှလွဲ၍ မည်သူမျှမဖြစ်နိုင်ပါ။

ထို့ကြောင့် ချင်းစိန်စန်းသည် လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်ပြီး ထိုနေရာမှလှည့်ထွက်လာခဲ့လေတော့၏။

****



မိုးနဂါးစားသောက်ဆိုင်ကို ကျောခိုင်းထွက်လာခဲ့သော ချင်းစိန်စန်းသည် သူ၏ခြေလှမ်းများကို ရုတ်တရက်ရပ်တန့်လိုက်သည်။

ထို့နောက် သက်ပြင်းချရင်း ဦးခေါင်းကိုဖြည်းညင်းစွာခါယမ်းလိုက်၏။

ပြီးမှ သူက သူ၏ရှေ့မှလူကိုပြုံးပြလိုက်၏။

သူ၏ရှေ့၌ လုဝေရပ်နေသည်မဟုတ်ပါလား။

လုဝေက ချင်းစိန်စန်းကိုမပြုံးမရယ်ဘဲကြည့်နေ၏။

ချင်းစိန်စန်းပြုံးရင်း....

"ခင်ဗျား ကျုပ်ကိုမီအောင်လိုက်လာနိုင်တာပဲ"

ဟုပြောလိုက်၏။

လုဝေ ဘာမျှပြန်မပြောပါ။

ချင်းစိန်စန်းကပြုံးလျက်....

"ခင်ဗျားသာ ခြေရာခံပြီးလိုက်ရင် ဘယ်သူမှပြေးလို့လွတ်မှာမဟုတ်ဘူး"

လုဝေ ဘာမျှပြန်မပြောပါ။

ချင်းစိန်စန်းက....

"အင်း... ကျုပ်ကိုယ်ကျုပ် မိန်းမတစ်ယောက်မဖြစ်တာ ကံကောင်းတယ်လို့ပြောရတော့မှာပဲ"

လုဝေကား ပါးစပ်ပိတ်ထားဆဲဖြစ်သည်။

ချင်းစိန်စန်းက....

www.burmeseclassic.com

www.burmeseclassic.com



"အခုလို ကျူပ်နောက်ကိုလိုက်နေပုံမျိုးနဲ့ဆိုရင် အလိုက်ခံရတဲ့မိန်းမက ခင်ဗျားကိုယူရတော့မှာပဲ"

လုဝေ ဘာမျှပြန်မပြောပါ။

သို့သော် လုဝေ၏မျက်နှာပေါ်၌ အမူအရာအချို့ပေါ်လာသည်။ လုဝေ၏မျက်နှာပေါ်၌ သွေးရောင်သန်းသွားသည်။

သူ၏မျက်နှာပေါ်၌ ဝေဒနာတစ်ခု ပြင်းထန်စွာခံစားရဟန်ပေါ်လာ၏။

ချင်းစိန်စန်းသည် လုဝေ၏မျက်နှာကိုကြည့်ရင်း အံ့သြသွားလေသည်။

မိမိ၏စကားသည် ရယ်စရာမောစရာအဖြစ်ပြောလိုက်သောစကားဖြစ်သည်။

သို့သော် လုဝေမျက်နှာပေါ်၌ ဝေဒနာတစ်ရပ်ကိုပြင်းစွာခံစားနေရကြောင်း တွေ့လိုက်ရ၏။ ရယ်စရာအဖြစ် ပြောလိုက်သောစကားတစ်ခွန်းသည် လုဝေကို အဘယ်ကြောင့် ဤမျှအထိ ခံစားစေရပါသနည်း။

ချင်းစိန်စန်း စဉ်းစား၍မရပါ။ ချင်းစိန်စန်းသည် ဘာမှဆက်မပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေတော့၏။

****



အဘွားအိုတစ်ယောက်သည် ကလေးငယ်နှစ်ယောက်ကို လက်ဆွဲလျက် မုန့်ဆိုင်ထဲမှထွက်လာသည်။

တစ်ယောက်ကယောကျ်ားလေးဖြစ်ပြီး တစ်ယောက်က မိန်းကလေးဖြစ်သည်။ ထိုမုန့်ဆိုင်သည် ချင်းစိန်စန်းနှင့်လုဝေတို့ရပ်နေသောနေရာနှင့်မလှမ်းမကမ်း၌ရှိ၏။

ကလေးငယ်နှစ်ယောက်သည် ဆိုင်ထဲမှထွက်လာသည်နှင့်မုန့်စားရန်ပူဆာတော့သည်။

အဘွားအိုကခေါင်းခါယမ်းပြီး....

"အိမ်ရောက်မှစား... လမ်းပေါ်မှာမစားရဘူး"

ပြောပြီး... ကလေးနှစ်ယောက်ကို ပေါက်စီတစ်လုံးစီပေးလိုက်၏။ ကလေးနှစ်ယောက်က အဘွားအိုထံမှပေါက်စီတစ်ယောက်တစ်လုံးစီယူလိုက်၏။

ယောကျ်ားလေးက မိမိ၏လက်ထဲမှပေါက်စီကိုတစ်လှည့် မိန်းကလေး၏လက်ထဲမှပေါက်စီကိုတစ်လှည့်ကြည့်ပြီး....

"ဘွားဘွား မတရားဘူး"

ဟုပြောလိုက်၏။

အဘွားအိုက....

"ဘွားဘွားက တမင်ရွေးပေးတာမှမဟုတ်ဘဲ"

ယောကျ်ားလေးက မိန်းကလေးကိုကြည့်ပြီး....

"မရဘူး... လဲပေး"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောသည်။

အဘွားအိုက....

"တယ်... ဒီကလေးတွေ လမ်းမကြီးမှာ ငါရိုက်လိုက်ရ"

ဟုမာန်မဲလိုက်၏။

သို့သော် အဘွားအို၏မျက်နှာပေါ်၌ စိတ်ဆိုးဟန်မပေါ်ပါ။ သူမ၏အမူအရာကလည်း ကလေးများကိုရိုက်မည့်ပုံ မပေါ်ပါ။

ယောကျ်ားလေးက ဘာမျှမပြောဘဲ မိန်းကလေးကိုကြည့်နေ၏။ ပြီးမှ....

"မလဲရင် ငါလုမှာနော်"

မိန်းကလေးကခေါင်းခါယမ်းကာ....

"မလဲဘူး... နင့်ပေါက်စီ နင်စား"

ပြန်ပြောလိုက်သည်။ မိန်းကလေး၏စကားအဆုံးတွင် ယောကျ်ားလေးက မိန်းကလေးလက်ထဲမှပေါက်စီကိုလုယူလိုက်၏။

သို့သော် မိန်းကလေးသည် နောက်သို့ဆုတ်ပြီး ရှောင်လိုက်သည်။ ယောကျ်ားလေးသည် မိန်းကလေးလက်ထဲမှပေါက်စီကို ထပ်၍လုယူပြန်၏။

မိန်းကလေးက နောက်လှည့်ထွက်ပြေးသည်။

ယောကျ်ားလေးက သူ့နောက်သို့ပြေးလိုက်ပြီး သူ့လက်ထဲမှ ပေါက်စီကိုလု၏။

အဘွားအိုကလက်ရမ်းပြရင်း....



"ဟေ့... ဟေ့... ကလေးတွေ မလုကြနဲ့"

ဟုအော်ဟစ်၏။

သို့သော် သူမသည် ကလေးများနောက်သို့လိုက်၍မဆွဲပ ပါးစပ်မှသာ ဟန့်တားနေခြင်းဖြစ်၏။

မိန်းကလေးသည် ကွေ့ပတ်ပြေး၍ရှောင်နေ၏။

ယောကျ်ားလေးကကွေ့ပတ်၍မိအောင်လိုက်နေ၏။

မိန်းကလေးသည် ပြေးရင်းလွှားရင်း လုဝေနှင့်ချင်းစိန်စ တို့နားရောက်လာ၏။

မိန်းကလေးက ရုတ်တရက် ချင်းစိန်စန်း၏နောက်သို့ဝင် လိုက်၏။ ယောကျ်ားလေးက ချင်းစိန်စန်း၏ရှေ့၌ရပ်တန့်သွားသည်

သူက ချင်းစိန်စန်းကိုတစ်ချက် မော့ကြည့်လိုက်သည်။

မိန်းကလေးက ချင်းစိန်စန်း၏အကျီစကိုကိုင်လျှပ်ရင်း....

"ဦးဦး သူ သမီးရဲ့ပေါက်စီကိုလိုက်လုနေတယ်"

ယောကျ်ားလေးက ချင်းစိန်စန်းကိုမော့ကြည့်ပြီး....

"လိုက်လုတာမဟုတ်ဘူး... နင်လိမ်မပြောနဲ့"

မိန်းကလေးက လျှာထုတ်ပြပြီး....

"ငါမပေးတာကိုလိုက်ယူတာ လုတာပဲ မဟုတ်လား"

ယောကျ်ားလေးက....

"ဦးဦးကယောကျ်ား... ယောကျ်ားဆိုတာ မိန်းမကိုအ အညီမပေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက နှုတ်ခမ်းကိုရှုံ့မဲ့ရင်း....

"ဦးဦးကလူကြီး... လူကြီးဆိုတာ မတရားတာကိုသဘော မကျဘူး"

ချင်းစိန်စန်းက သဘောကျစွာပြုံးလိုက်၏။

ပြီးမှ ကလေးနှစ်ယောက်ကိုကြည့်ပြီး....

"မင်းတို့လုမနေနဲ့... ဦးဦး မင်းတို့ကို ပေါက်စီဆယ်လုံးစီ ဝယ်ပေးမယ်"

ချင်းစိန်စန်း၏စကားကြောင့် ကလေးနှစ်ယောက်သည် သူ့ကိုမော့ကြည့်ပြီး....

"ဦးဦး တကယ်ပြောတာလား"

ချင်းစိန်စန်းက ခေါင်းညိတ်ကာ....

"တကယ်ပြောတာ"

ဟုပြောပြီး မိမိ၏နောက်မှမိန်းကလေး၏လက်ကိုကိုင်၍ ရှေ့သို့ထွက်စေ၏။ ကလေးနှစ်ယောက်သည် ပေါက်စီကိုကိုယ်စီကိုင်၍ ချင်းစိန်စန်း၏ရှေ့၌ရပ်နေကြသည်။

သူက ကလေးနှစ်ယောက်ကိုပြုံး၍ ကြည့်ပြီး အင်္ကျီရင်ဘတ်ကြားထဲသို့လက်နှိုက်လိုက်၏။

သူက ကလေးနှစ်ယောက်ကိုပြုံးပြပြီး ကတ္တီပါအိတ်ရှုံ့ထဲသို့ လက်နှိုက်လိုက်သည်။ သူ၏လက်ကိုပြန်ရုပ်လိုက်သောအခါ သူ၏ လက်ထဲ၌ ကတ္တီပါရှုံ့အိတ်ထဲမှ ငွေစအချို့ကိုထုတ်ယူလိုက်သည်။



ထိုစဉ် ရုတ်တရက် အနက်ရောင်ဝင်းခနဲလက်သွားသည်။

ထို့ကြောင့် သူ၏မျက်လုံးသည် ပြူးကျယ်သွားလေတော့သည်။ လုဝေသည် ဓားအိမ်ထဲမှ ဓားကိုထုတ်လိုက်ပြန်သည်။

ထို့နောက် မျက်တောင်တစ်ချက်ခတ်ကလေးအတွင်းမှာပင် လုဝေ၏ဓားက ဓားအိမ်ထဲသို့ပြန်ရောက်သွားသည်။

ချင်းစိန်စန်းက သူ၏ဓားကိုမမြင်လိုက်ပါ။

သို့သော်... ကလေးနှစ်ယောက်သည် လုဝေကိုကြောက်၍ နောက်ဆုတ်ထွက်ပြေးသွားပြီး အဘွားအို၏နောက်၌ခေါင်းဝှက်ထားလိုက်ကြသည်။

ကလေးနှစ်ယောက်၏လက်ထဲမှပေါက်စီနှစ်လုံးသည် မြေပေါ်၌ကျနေ၏။ ချင်းစိန်စန်းက လုဝေကိုမျက်မှောင်ကြုတ်၍ကြည့်ရင်း....

"ခင်ဗျားဓားကလူသတ်ရုံအောင်မကဘူး... ကလေးတွေကိုပါ ခြောက်လှန့်လို့ရတာပဲ"

လုဝေကပြုံးပြီး....

"ကျုပ်ဓားက ကလေးတိုင်းကိုမခြောက်လှန့်တတ်ပါဘူး"

"ဘယ်လိုကလေးမျိုးမှ ခြောက်လှန့်တတ်တာလဲ"

လုဝေကသက်ပြင်းချရင်း....

"လူသတ်တဲ့ကလေးတွေကိုပဲ ခြောက်လှန့်တတ်ပါတယ်"

ချင်းစိန်စန်းကမျက်မှောင်ကြုတ်၍....

www.burmeseclassic.com

www.burmeseclassic.com



"လူသတ်တဲ့ကလေး ရှိလို့လား"

လုဝေ ဘာမျှပြန်မပြောပါ။

သူသည် လက်ထဲမှဓားအိမ်ဖြင့် မြေပေါ်မှပေါက်စီနှစ်လုံးကို တို့လိုက်၏။ ဓားအိမ်သည် ပေါက်စီကိုထိသည်နှင့် ပေါက်စီနှစ်လုံးစလုံး အလယ်မှတိတိရိရိထက်ခြမ်းကွဲသွားသည်။

ချင်းစိန်စန်းက ထက်ခြမ်းပြတ်သွားသော ပေါက်စီကိုကြည့်လိုက်သည်။ ပြီးမှ သက်ပြင်းတစ်ချက်ကိုမသိမသာချလေသည်။

အဘယ်ကြောင့်ဆိုသော် ထက်ခြမ်းပြတ်သွားသောပေါက်စီထဲ၌ စိမ်းဖန့်ဖန့်အရောင်တောက်နေသော အပ်ချောင်းကလေးများကို မြင်တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

****



ပေါက်စီသည် အထူးစီမံပြုလုပ်ထားသောလက်နက်ပုန်းတစ်ခုဖြစ်၏။

ပေါက်စီသဏ္ဌာန်သစ်သားလုံးကိုထက်ခြမ်းခြမ်းပြီး အထဲ၌ အခေါင်းဖြစ်အောင်ထွင်းထုထားသည်။

ပြီးလျှင် ပေါက်စီကိုအပေါ်မှဖျစ်လိုက်ရုံဖြင့်ပင် အတွင်းမှ ခလုတ်ပြုတ်ကာ အဆိပ်လူးထားသောအပ်ချောင်းများကို ပစ်လွှင့်နိုင်ရန် စီမံထား၏။

ပြီးမှ… အပေါ်မှဂျုံဖြင့် ပေါက်စီအစစ်ကဲ့သို့ဖန်တီးထားခြင်းဖြစ်သည်။ ချင်းစိန်စန်းကသက်ပြင်းချရင်း….

"ဒီလောက်အသက်ငယ်တဲ့ ကြေးစားလူသတ်သမားမျိုးကို ကျုပ်တစ်ခါမှမတွေ့ဖူးဘူး"

"သူတို့က ကြေးစားလူသတ်သမားမဟုတ်ဘူး"

လုဝေ၏စကားကြောင့်….

ချင်းစိန်စန်း မျက်ခုံးပင့်မိသည်။

"ဒါဖြင့် သူတို့ကဘာလဲ"

လုဝေက….

"သူတို့က မုန့်ဖိုးပဲဖိုးရရင် သူများခိုင်းတာလုပ်တဲ့လူ"

"ဒါဆို ကျုပ်ခေါင်းကတန်ဖိုးမရှိတော့ဘူးပေါ့"

"မဟုတ်ဘူး… ခင်ဗျားခေါင်းက လေးသိန်းထက် လျော့မှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ချင်းစိန်စန်းက အံ့သြဟန်ဖြင့် လေတစ်ချက်ချွန်လိုက်ပြီး....

"ဟုတ်လား"

လုဝေက....

"ဟိုကျားကိုသိလား"

ဟုမေးလိုက်၏။

ချင်းစိန်စန်း ခေါင်းညိတ်လိုက်သည်။

"တောင်ပိုင်းကဘိန်းဘုရင်မဟုတ်လား"

"ဟုတ်တယ်"

ချင်းစိန်စန်းက....

"သူ မနှစ်ကလုပ်ကြံခံလိုက်ရတယ်"

လုဝေခေါင်းညိတ်ကာ....

"ဟုတ်တယ်... သူ့ခေါင်းက လေးသိန်းတန်တယ်"

ချင်းစိန်စန်းကပြုံးပြီး....

"သူ့ကို သရဲဘွားဘွားကလုပ်ကြံခဲ့တာမဟုတ်လား"

"ဟုတ်တယ်... သူက ငွေလေးသိန်းယူပြီး ကလေးတွေကို မုန့်ဖိုးပဲဖိုးပေးပြီးလုပ်ကြံခိုင်းခဲ့တာပဲ"

ချင်းစိန်စန်းက....

"ဒါဆို ကလေးတွေက ဘာမှမသိဘူးပေါ့"

လုဝေခေါင်းညိတ်သည်။

"ကလေးတွေက မုန့်ဖိုးပဲသိမှာပေါ့"



ချင်းစိန်စန်းသည် သက်ပြင်းချရင်း အဘွားအိုကိုလှမ်းကြည့်လိုက်၏။ အဘွားအိုက ချင်းစိန်စန်းနှင့်လုဝေတို့ကို မျက်တောင်မခတ်ဘဲကြည့်နေသည်။

ကလေးနှစ်ယောက်သည် အဘွားအို၏နောက်မှ ဦးခေါင်းပြူ၍ လုဝေနှင့်ချင်းစိန်စန်းတို့ကိုမျက်လုံးပြူး၍ကြည့်နေသည်။

သူတို့၏မျက်လုံးများကထူးခြားနေသည်။

သူတို့၏မျက်လုံးများထဲ၌ကြောက်ရွံ့ခြင်း၊ မုန်းတီးခြင်း ရောယှက်နေသည်။

အဘွားအိုကလည်း ချင်းစိန်စန်းနှင့်လုဝေတို့ကိုစူးစိုက်ကြည့်လေသည်။ အဘွားအို၏မျက်လုံးများကလည်း ထူးခြားနေ၏။

သူမ၏မျက်လုံးများထဲ၌ ဒေါက်ကျစ်စဉ်းလဲခြင်း၊ ရှုံ့ရှာ မုန်းတီးခြင်းစသည်တို့ ရောယှက်နေလေသည်။

ချင်းစိန်စန်းက....

"ခင်ဗျားက သရဲဘွားဘွားမဟုတ်လား"

အဘွားအိုက နှုတ်ခမ်းတွန့်ရင်းမဲ့ပြုံးပြုံးသည်။ ပြီးမှ....

"မင်းက ငါ့ကိုသိနေပါလား"

ချင်းစိန်စန်းကသက်ပြင်းချရင်း....

"ဒီနေ့တော့ ကျုပ်ခင်ဗျားကိုသတ်ရလိမ့်မယ်"

ပြောသည်။

သရဲဘွားဘွားက ရုတ်တရက်ရယ်မောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ....

"မင်းက ငါ့ကိုသတ်မလို့လား"

ချင်းစိန်စန်းကခေါင်းညိတ်ပြသည်။

"ဟုတ်တယ်"

သရဲဘွားဘွားကရယ်မောရင်း....

"မင်း ငါ့ကိုမသတ်ပါဘူး"

ချင်းစိန်စန်းကမျက်ခုံးပင့်ကာ....

"ကျုပ်ကခင်ဗျားကိုမသတ်ဖူးလို့ ဘယ်သူကအာမခံမှာလဲ"

သရဲအဘွားက ပြုံးပြီး....

"မြစိမ်းရောင်ဓား ချင်းစိန်စန်းဟာ ဘယ်တော့မှအမျိုးသမီးတွေကိုမသတ်ခဲ့ဘူး"

"ဟုတ်ပါတယ်... ဒါပေမဲ့ ကျုပ် အမျိုးသမီးတွေကိုမသတ်ဘူးဆိုတာ လွန်ခဲ့တဲ့ငါးမိနစ်လောက်အထိပါ"

သရဲဘွားဘွားမျက်မှောင်ကြုတ်သွားသည်။

"မင်း ငါ့ကိုတကယ်သတ်မလို့လား"

"ဟုတ်တယ်"

သရဲဘွားဘွားက....

"မင်းက မင်းရဲ့ကောင်းတဲ့အကျင့်ကိုစွန့်ပစ်တော့မလို့လား"

ချင်းစိန်စန်းခေါင်းညိတ်လိုက်သည်။

"အပြောင်းအလဲဖြစ်အောင်လို့ပါ"



သရဲဘွားဘွားကသက်ပြင်းချရင်း....

"ဘာဖြစ်လို့ မင်းရဲ့ကောင်းတဲ့အကျင့်ကိုစွန့်ပစ်ရတာလဲ"

"ကလေးတွေဆိုတာ အစမှမသိပါဘူး... အပြစ်ကင်းပါတယ်၊ လူကြီးတွေကသာ ကလေးတွေကိုအပြစ်ရှိလာအောင် ဖန်တီးပေးတာပါ"

သရဲဘွားဘွားကရယ်မောလိုက်ပြီး....

"လူကြီးတွေက သူတို့ရဲ့ဘဝကို ရှေ့ဆောင်လမ်းပြလုပ်ပေးတာပဲ"

ချင်းစိန်စန်း ခေါင်းခါယမ်းလိုက်၏။

"လူသတ်တတ်အောင် လမ်းပြပေးတာလား"

သရဲဘွားဘွားကခေါင်းခါယမ်း၏။

"မဟုတ်ဘူး... ငွေရှာတတ်အောင်ပါ"

ချင်းစိန်စန်း မဲ့ပြုံးပြုံးလိုက်သည်။

"တခြားနည်းနဲ့ ဘာလို့သင်မပေးတာလဲ"

သရဲဘွားဘွားကရယ်မောရင်း....

"ငါက ဒါပဲတတ်တာကိုး"

ချင်းစိန်စန်း ဘာမျှမပြောတော့ပါ။

သရဲဘွားဘွားကရယ်မောလိုက်ပြီး....

"မင်းရဲ့ဓားကို လူတိုင်းကကြောက်ကြတယ်၊ ဒါပေမဲ့ အဲဒီမှာ ငါမပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



သရဲဘွားဘွားသည် ထိုသို့ပြောပြီး ရုတ်တရက် သူမ၏လက်ကိုလှုပ်ရှားလိုက်၏။

လက်ထဲ၌ကိုင်ထားသောပေါက်စီတစ်လုံးကို မြေပေါ်သို့ပစ်ပေါက်ချလိုက်ခြင်းဖြစ်၏။

ချင်းစိန်စန်းသည် သရဲဘွားဘွားလက်ထဲမှပေါက်စီဖြင့် မြေကြီးပေါ်သို့ ပစ်ပေါက်လိုက်သည်ကိုမြင်သည်နှင့် နောက်သို့ တစ်ပတ်ကျွမ်းထိုး၍ရှောင်တိမ်းလိုက်သည်။

ထို့ကြောင့် "ဝုန်း"ဟူသောအသံနှင့်အတူ ပေါက်စီပေါက်ကွဲသွားပြီး မြေကြီးမှုန့်များဖွာခနဲလွင့်စဉ်လာ၏။ ထိုမြေကြီးမှုန့်များနှင့်အတူ ပေါက်စီထဲမှစိမ်းဖန့်ဖန့်အလင်းတန်းများ ချင်းစိန်စန်းထံသို့ပစ်လွင့်လာပြေလေသည်။

သို့သော် သူက အချိန်မီရှောင်တိမ်းနိုင်သောကြောင့် စိမ်းဖန့်ဖန့်အလင်းတန်းကလေးများသည် သူ၏ခန္ဓာကိုယ်ပေါ်မှကျော်ကာလွဲချော်သွားခဲ့သည်မဟုတ်ပါလား။

****



အနီရောင်မီးခိုးလုံးများသည် ပတ်ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းသွား၏။ ထိုအနီရောင်မီးခိုးလုံးများ လွင့်ပြယ်သွားသောအခါ ချင်းစိန်စန်းသည် ကလေးနှစ်ယောက်နှင့်သရဲဘွားဘွားကို မတွေ့တော့ပါ။

မြေကြီးပေါ်၌ တစ်ပေခန့်နက်သောမြေကျင်းတစ်ခုကိုသာ တွေ့ရတော့သည်။

ချင်းစိန်စန်း သက်ပြင်းတစ်ချက်ချလိုက်သည်။

ထို့နောက် လုဝေကိုကြည့်ပြီး....

"ကလေးတွေလက်ထဲက ပေါက်စီဟာ လက်နက်ပုန်းဖြစ်မယ်လို့ ခင်ဗျားကြိုသိခဲ့လို့လား"

ဟုမေးလိုက်၏။

လုဝေကပြုံးလိုက်ပြီး....

"ကြက်သားပေါက်စီရဲ့အပေါ်မှာ အနီရောင်မှတ်သားထားတယ်၊ ကလေးတွေက ပေါက်စီကိုကိုင်ချင်သလိုကိုင်ထားတာမဟုတ်ဘူး။ သူတို့ရဲ့လက်မတွေက အနီရောင်အမှတ်ပေါ်မှာတင်ထားတယ်"

ချင်းစိန်စန်း သက်ပြင်းချလိုက်ပြီး....

"ခင်ဗျားရဲ့မျက်လုံးက ခင်ဗျားရဲ့ဓားထက် ပိုပြီးသက်ရောက်နေပါလား"

ဟုပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လုဝေ ဘာမျှပြန်မပြောပါ။

သူကသက်ပြင်းချလိုက်ပြီး....

"သရဲဘွားဘွားကို ခင်ဗျားလွှတ်ပေးလိုက်တာမှားတယ်"

ချင်းစိန်စန်းကပြုံးကာ....

"သူ့လက်ထဲကပေါက်စီဟာ ပေါက်ကွဲနိုင်တယ်လို့မှ ကျုပ်က မသိခဲ့ဘဲ"

လုဝေက....

"သရဲဘွားဘွားရဲ့လက်နက်ပုန်းတိုင်းဟာ မုန့်တစ်မျိုးမျိုးကို ပြုလုပ်ထားတာချည်းပဲ"

ချင်းစိန်စန်းက လုဝေကိုမျက်မှောင်ကြုတ်ကြည့်ကာ....

"သရဲဘွားဘွားကို ကျုပ်ကလွှတ်ပေးလိုက်တာ ထားပါတော့၊ ခင်ဗျားဟာ ဘာဖြစ်လို့ သရဲဘွားဘွားကိုဝင်ပြီးမတားတာလဲ"

"သူက ကျုပ်ကိုသတ်ချင်တာမှမဟုတ်ဘဲ"

ချင်းစိန်စန်း မျက်မှောင်ကုပ်ကာ....

"သရဲဘွားဘွားရဲ့လက်ချက်နဲ့ ကျုပ်သေသွားခဲ့ရင် ကျုပ်ကို မသတ်လိုက်ရပဲဖြစ်သွားမယ်လို့ ခင်ဗျားမတွေးခဲ့ဘူးလား"

လုဝေခေါင်းခါယမ်းရင်း....

"မတွေးခဲ့ပါဘူး"

"ဘာဖြစ်လို့လဲ"

လုဝေကပြုံးလိုက်ပြီး....



"ခင်ဗျားသေမှာမဟုတ်ဘူးဆိုတာ သိနေလို့ပါ"

"ကျုပ်သေမှာမဟုတ်ဘူးလို့ ဘယ်သူက ပြောနိုင်မှာလဲ"

လုဝေက မိမိ၏ရင်ဘတ်ကိုလက်ဖြင့်ပုတ်ကာ....

"ကျုပ်ပြောနိုင်ပါတယ်"

"ဘာဖြစ်လို့ ခင်ဗျားကပြောနိုင်ရတာလဲ"

"သရဲဘွားဘွားရဲ့လက်ထဲကပေါက်စီက နေရာလွဲသွားလို့"

လုဝေ၏စကားကြောင့် ချင်းစိန်စန်းအံ့သြသွားသည်။

လုဝေကိုကြည့်ကာ....

"နေရာလွဲအောင် ခင်ဗျားလုပ်လိုက်တာလား"

လုဝေက ဘာမှမပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေတော့၏။

****

www.burmeseclassic.com

www.burmeseclassic.com



သရဲဘွားဘွားကလှုပ်ရှားလိုက်သည်နှင့် လုဝေကလည်း လှုပ်ရှားလိုက်၏။ လုဝေ၏လှုပ်ရှားမှုက မြန်ဆန်လွန်းသဖြင့် လှုပ်ရှားလိုက်သည်ဟုပင် မသိရပေ။

လုဝေ၏အကျီလက်ကြားထဲမှ သတ္တုရောင်တစ်ချက် လက်သွားပြီး အလွန်ပါးလွှာ၍သေးငယ်သောဓားပါးလေးတစ်ချောင်းက သရဲအဘွား၏ပေါက်စီကိုင်ထားသောလက်ကို ထိမှန်သွားသည်။

ထို့ကြောင့် သရဲဘွားဘွားသည် ပေါက်စီကိုချိန်သားကိုက်အောင်မပစ်နိုင်တော့ဘဲ ရုတ်တရက် လွဲချော်သွားခဲ့သည်မဟုတ်ပါလား။

ထို့ကြောင့် ပေါက်စီထဲမှစိမ်းဖန့်ဖန့်အရောင်တောက်နေသောအဆိပ်အပ်ကလေးများသည် ချင်းစိန်စန်းကိုမထိမှန်ဘဲ လွဲချော်သွားခြင်းဖြစ်လေသည်။

****



ချင်းစိန်စန်းက သက်ပြင်းချပြီး....

“ကျုပ်ကိုလုပ်ကြံလိမ့်မယ်ဆိုတာ ခင်ဗျားဘယ်လိုလုပ်ပြီး ကြိုသိနေရတာလဲ”

ဟုမေးလိုက်၏။

လုဝေကပြုံးပြီး....

“ကျုပ်တွေးကြည့်တာပေါ့”

“ခင်ဗျားဘယ်လိုတွေးကြည့်တာလဲ”

လုဝေက သက်ပြင်းမှုတ်ထုတ်ရင်း....

“လူသတ်တဲ့နည်းအမျိုးပေါင်း ဘယ်လောက်ရှိတယ်ဆိုတာ ခင်ဗျားသိသလား”

ချင်းစိန်စန်း ခေါင်းခါယမ်းလိုက်သည်။

“မသိဘူး”

လုဝေက....

“လွန်ခဲ့တဲ့နှစ်ပေါင်း သုံးရာကျော်ကစပြီး ဒီနေ့အထိ လုပ်ကြံခံရလို့သေတဲ့လူ ဘယ်နှစ်ယောက်ရှိပြီဆိုတာရော ခင်ဗျားသိလား”

ချင်းစိန်စန်းခေါင်းခါယမ်းလိုက်ပြန်သည်။

“ကျုပ် မသိဘူး”

လုဝေ ဘာမှမပြောတော့ပါ။

ချင်းစိန်စန်းက....

“ခင်ဗျားကော သိလား”

www.burmeseclassic.com

www.burmeseclassic.com



လှဝေ ခေါင်းညိတ်ပြလိုက်၏။

ချင်းစိန်စန်းက....

"လုပ်ကြံခံရတဲ့လူပေါင်း ဘယ်နှစ်ယောက်ရှိသလဲ"

ဟုမေးလိုက်၏။

လှဝေက....

"ငါးရာကျော်ရှိတယ်"

ချင်းစိန်စန်းမျက်ခုံးပင့်ကာ....

"ခင်ဗျားတွက်ကြည့်ခဲ့လို့လား"

"ကျုပ် အဲဒီကိစ္စကို ခုနစ်နှစ်အချိန်ယူပြီးလေ့လာခဲ့တယ်"

ချင်းစိန်စန်းကနားမလည်ဟန်ဖြင့်....

"ဘာဖြစ်လို့ ဒီလောက်အချိန်ယူပြီးလေ့လာရတာလဲ"

"အခုလို ခင်ဗျားနဲ့စကားပြောနိုင်အောင်လို့ပါ"

ချင်းစိန်စန်း ဘာမှမပြောတော့ပါ။

လှဝေကသက်ပြင်းချပြီး....

"ကျုပ် ခုလိုအချိန်ကုန်ခံပြီးလေ့လာမထားရင် အခုလောက်ဆို ကျုပ်လဲ ဆယ်ကြိမ်လောက်သေပြီးနေပြီ၊ ခင်ဗျားလဲ သုံးကြိမ်လောက်သေပြီးနေပြီ"

ပြောလိုက်သည်။

ချင်းစိန်စန်း ဘာမှမပြောတော့ဘဲ လှဝေကိုတအံ့တသြဖြင့်ကြည့်နေမိတော့၏။



လှဝေကရယ်မောလိုက်ပြီး....

"လုပ်ကြံသတ်ဖြတ်မှုကြောင့် လူပေါင်းလေးရာကျော် သေဆုံးခဲ့ပြီးပြီ၊ ပြီးတော့ လုပ်ကြံခံရတဲ့ပုဂ္ဂိုလ်တွေဟာ သိုင်းလောကရဲ့ ထိပ်သီးတွေချည်းပဲ"

"စိတ်ဝင်စားစရာပဲ"

ချင်းစိန်စန်းကပြောလိုက်၏။

လှဝေက....

"ပိုပြီး စိတ်ဝင်စားဖို့ကောင်းတာက လုပ်ကြံတဲ့လူတွေဟာ လုပ်ကြံခံရတဲ့လူတွေထက် သိုင်းပညာအဆင့်နိမ့်နေတာပဲ"

"တကယ်လား"

"တကယ်ပေါ့... လုပ်ကြံခံရသူပေါင်းသုံးရာကျော်ရှိတယ်၊ အားလုံးဟာ သူတို့သတ်ခဲ့တဲ့လူထက် သိုင်းပညာမြင့်တာချည်းပဲ"

ချင်းစိန်စန်းလေပူတစ်ချက် 'ဟူး'ခနဲမှုတ်ထုတ်လိုက်သည်။

လှဝေကသက်ပြင်းချရင်း....

"လုပ်ကြံတဲ့လူတွေက သိုင်းပညာမှာသာ အဆင့်နိမ့်တာ၊ ဒါပေမဲ့ လုပ်ကြံတဲ့နည်းပရိယာယ်မှာတော့ အဆင့်မြင့်တယ်၊ ပြီးတော့ ဝိရိယသေသပ်တယ်... ဒါကြောင့် အောင်မြင်ခဲ့ကြတာ"

ဟုပြောလိုက်သည်။

ချင်းစိန်စန်းကခေါင်းညိတ်ကာ....

"သရဲဘွားဘွားလဲ ဒီလိုလူစားမျိုးပဲလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

ချင်းစိန်စန်းကသက်ပြင်းရှိုက်၍....

"သူက ဘာဖြစ်လို့မအောင်မြင်တာလဲ"

လုဝေကပြုံး၍....

"လုပ်ကြံနည်းပေါင်းငါးရာကျော်ရှိပေမဲ့ တကယ်တမ်းအသုံး ဝင်ပြီး ထိရောက်တဲ့နည်းပေါင်းက နှစ်ရာကျော်ပဲရှိတယ်"

ချင်းစိန်စန်းက....

"သရဲဘွားဘွားရဲ့နည်းက အဲဒီနည်းပေါင်း နှစ်ရာကျော်ထဲ ကပဲလား"

လုဝေကခေါင်းညိတ်ပြသည်။

"ဟုတ်တယ်"

ချင်းစိန်စန်းကသက်ပြင်းချ၍....

"ကျုပ် ဒါတွေမသိသေးဘူး"

"လောလောဆယ် ခင်ဗျားအနေနဲ့ လုပ်ကြံတဲ့နည်းပေါင်း သုံးမျိုးလောက်တော့ သိသွားပါပြီ"

လုဝေ၏အပြောကြောင့် ချင်းစိန်စန်းသည် သဘောကျစွာ ပြုံးလိုက်ပြီး....

"သုံးမျိုးတော့ မကတော့ဘူးဗျ"

လုဝေကမျက်ခုံးပင့်၍....

"ဟုတ်လား"



ဟုပြန်မေးလိုက်၏။

ချင်းစိန်စန်းကခေါင်းညိတ်ကာ....

"ဟုတ်တယ်... ဒီခြောက်လအတွင်းမှာ ကျုပ်ကို ဘယ်နှစ် ကြိမ်လုပ်ကြံခဲ့တယ်ဆိုတာ ခင်ဗျားမှမသိဘဲ"

လုဝေ သက်ပြင်းချလိုက်သည်။

"ဟုတ်လား"

ချင်းစိန်စန်းက မဲ့ပြုံးပြုံး၍....

"အနည်းဆုံး ၃၉ ကြိမ်လောက်ရှိပြီ"

"သူတို့အသုံးပြုတဲ့နည်းတွေက တစ်ခုနဲ့တစ်ခု တူမှာမဟုတ် ဘူး"

ချင်းစိန်စန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... သူတို့အသုံးပြုတဲ့နည်းတွေက တစ်ခုနဲ့တစ်ခု မတူတဲ့အပြင် တချို့နည်းတွေကို ကျုပ်စဉ်းစားလို့တောင်မရဘူး"

လုဝေကပြုံးလိုက်ပြီး....

"ဒါပေမဲ့ ခင်ဗျား အသက်ရှင်နေသေးတယ်"

ချင်းစိန်စန်းခေါင်းညိတ်သည်။

"ဟုတ်တယ်... ကျုပ်အသက်ရှင်နေသေးတယ်"

လုဝေ သက်ပြင်းချလိုက်ပြီး....

"ကျုပ် ခင်ဗျားကိုကျေးဇူးတင်ပါတယ်"

ဟုပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လုဝေ၏စကားကြောင့် ချင်းစိန်စန်းမျက်ခုံးပင့်တင်လိုက်သည်။

"ခင်ဗျားက ဘာဖြစ်လို့ ကျုပ်ကိုကျေးဇူးတင်ရတာလဲ"

လုဝေကပြုံးလိုက်ပြီး....

"ဒီခြောက်လအတွင်းမှာ ခင်ဗျားက ၃၉ ကြိမ်လုပ်ကြံခံခဲ့ရပေမဲ့ ကျုပ်အတွက်အသက်ရှည်အောင်နေနိုင်ခဲ့လို့ ကျေးဇူးတင်တာပါ"

ချင်းစိန်စန်း ဘာမှုပြန်မပြောတော့ပါ။

သူသည် နောက်သို့လှည့်ကြည့်ပြီး လုဝေကိုကျောခိုင်းထွက်သွားလေသည်။

လုဝေသည် ချင်းစိန်စန်း၏နောက်မှလိုက်လာသည်။

ချင်းစိန်စန်းက လုဝေကိုလှည့်ကြည့်ပြီး....

"အခု ကျုပ်မှာခြေထောက်နှစ်ချောင်းပဲရှိတော့တယ်"

ဟုပြောလိုက်သည်။

လုဝေကပြုံးရင်း....

"မင်းရဲ့ခြေထောက်နှစ်ချောင်းက ကောင်းပါသေးတယ်"

ချင်းစိန်စန်းက ပြုံး၍....

"ဒါပေမဲ့ ကျုပ်မှာခြေလေးချောင်းရှိတုန်းကတောင် ခင်ဗျားကိုရှောင်လို့မရခဲ့ပါဘူး။ အခု ခြေထောက်နှစ်ချောင်းပဲရှိတော့တာ ခင်ဗျား ကျုပ်နောက်ကလိုက်ခဲ့ပေါ့"



ဟု ပြောလိုက်၏။

ထို့နောက် သူတို့နှစ်ယောက်သည် နှစ်ထပ်အဆောက်အဦးတစ်ခုအတွင်းသို့ဝင်ရောက်သွားလေ၏။

လုဝေသည် ချင်းစိန်စန်း၏အရိပ်ဖြစ်၏။ သူသည် ချင်းစိန်စန်း၏နောက်မှ တကောက်ကောက်လိုက်နေသည်။

သို့သော်... ယခု သူ၏ခြေလှမ်းများသည် ချင်းစိန်စန်း ဝင်ရောက်သွားသောအဆောက်အဦးရှေ့၌ ရပ်တန့်သွားလေသည်။

လုဝေသည်သက်ပြင်းချလိုက်ပြီး အဆောက်အဦး၏အဝင်ဝ၌ ချိတ်ထားသောဆိုင်းဘုတ်ကိုကြည့်လိုက်၏။

"မိန်းမလှကျွန်း"

သူ သက်ပြင်းချလိုက်သည်။ ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းပြီး ထိုနေရာမှလှည့်ထွက်လာခဲ့တော့သည်။

ချင်းစိန်စန်း၏အရိပ်သည် ချင်းစိန်စန်း၏နောက်သို့လိုက်မသွားတော့ပါ။ ထိုစဉ် မိုးက တစ်ကျော့ပြန်ရွာသွန်းလာပြန်သည်။

လုဝေသည် မိုးရေထဲ၌ ထော့နင်းထော့နင်းဖြင့် မိန်းမလှကျွန်းကိုကျောခိုင်းခဲ့ပြီဖြစ်ပါသည်။

****

www.burmeseclassic.com

www.burmeseclassic.com



မိုးရွာနေ၏။

မိုးရွာနေသောကြောင့် ကောင်းကင်ပေါ်၌ကြယ်ကလေးများကို မတွေ့ရပါ။ လပြည့်နေ့ဖြစ်သော်လည်း မိုးရွာသွန်းနေသဖြင့် ကောင်းကင်ပေါ်၌လဝန်းမရှိပါ။

သို့သော် နှစ်ထပ်အဆောက်အဦ၏လေသာပြတင်းပေါက်၌ လဝန်းတစ်စင်းရှိနေပါသည်။

ထိုလဝန်းသည် မိန်းမပျိုလေးတစ်ဦးသာဖြစ်ပါ၏။

သူမသည် လေသာပြတင်းပေါက်မှ လမ်းကြားထဲသို့ကြည့်နေခြင်းဖြစ်သည်။

လမ်းကြမ်းထဲ၌ လူတစ်ယောက်ရပ်နေ၏။

ထိုလူသည် မိုးရွာထဲ၌ ဦးခေါင်းကိုငုံ၍ရပ်တန့်နေ၏။

ထိုလူသည် မိုးစရွာကတည်းက ထိုနေရာသို့ရောက်လာပြီး ယခုတိုင်ရပ်နေဆဲဖြစ်သည်။

****



မိန်းမပျိုသည် ခန်းဆီးစကိုပြန်ချပြီး အခန်းထဲသို့လှည့်လိုက်၏။

အခန်းထဲ၌ ချင်းစိန်စန်းထိုင်နေ၏။

သူက မိန်းမပျိုကိုလှမ်းကြည့်ပြီး....

"သူရှိနေတုန်းပဲလား"

ဟုမေးလိုက်၏။

မိန်းမပျိုက ပြုံး၍ခေါင်းညိတ်ကာ....

"ရှင်က တယ်ပြီးခွဲကောင်းပါလား"

ချင်းစိန်စန်းက သက်ပြင်းချပြီးထိုင်ရာမှထလိုက်၏။

ထို့နောက် သူသည် လေသာပြတင်းပေါက်သို့လျှောက်သွားပြီး ခန်းဆီးကိုအသာမ,ကာ လမ်းကြားထဲသို့လှမ်းကြည့်လိုက်၏။

လမ်းကြားထဲ၌ လူတစ်ယောက်ရပ်နေ၏။

ချင်းစိန်စန်းသည် သက်ပြင်းချလိုက်သည်။

နှုတ်မှလည်း....

"လုဝေ... မင်းဘယ်လိုလူစားမျိုးလဲ"

ဟုရေရွတ်လိုက်မိလေတော့၏။

****

www.burmeseclassic.com

www.burmeseclassic.com



[illegible]သာပြတင်းပေါက်မှခန်းဆီးစကိုပြန်ချပြီး အခန်းထဲမှ [illegible]ကိုလှည့်ကြည့်လိုက်၏။

မိန်းမပျိုက သူ့ကိုပြုံးပြရင်း....

“ရှင်ခေါ်ထားတဲ့လူနှစ်ယောက်ထဲက တစ်ယောက်လား”

ချင်းစိန်စန်းခေါင်းညိတ်ပြ၏။

“ဟုတ်တယ်... သူပဲ”

“ဒါဖြင့် နောက်တစ်ယောက်ကဘယ်သူလဲ၊ ကျွန်မလား”

ချင်းစိန်စန်း ခေါင်းခါလိုက်သည်။

“မင်း မဟုတ်ဘူး”

“ဒါဖြင့် ဘယ်သူလဲ”

ချင်းစိန်စန်းပါးစပ်ပိတ်ထား၏။

မိန်းမပျိုက ထပ်မမေးတော့ပါ။

အတန်ကြာမှ မိန်းမပျိုသည် သက်ပြင်းတစ်ချက် မသိမသာ ချကာ....

“ရှင့်ကိုဝါဆန်းမြို့မှာစောင့်နေတဲ့လူက သူလား”

ချင်းစိန်စန်းခေါင်းညိတ်ပြလိုက်၏။

“ဟုတ်တယ်”

“သူက ရှင့်ရန်သူလား”

“မဟုတ်ဘူး”

“မိတ်ဆွေလား”



ချင်းစိန်စန်းက ခေါင်းခါယမ်းလိုက်ပြန်၏။

“မဟုတ်ဘူး”

မိန်းမပျိုကအံ့ဩဟန်ဖြင့် ချင်းစိန်စန်းကိုကြည့်၏။

ပြီးမှ....

“ဒါဖြင့် သူက ဘာဖြစ်လို့ ရှင့်ကိုဝါဆန်းမြို့မှာလာပြီး စောင့်နေရတာလဲ”

ချင်းစိန်စန်း သက်ပြင်းချလိုက်သည်။

ပြီးမှ လေးလေးပင်ပင်လေသံဖြင့်....

“ငါ့ကိုသတ်ဖို့လာပြီးစောင့်နေတာ”

“ဒါဖြင့် သူက ကြေးစားဓားသမားပေါ့”

“မဟုတ်ဘူး”

မိန်းမပျိုသည် နားမလည်နိုင်အောင်ဖြစ်သွား၏။

သူမသည် ချင်းစိန်စန်းအား စိုက်ကြည့်ကာ....

“ဒါဆို ရှင်တို့ရန်ငြိုးရှိလို့ပေါ့”

ချင်းစိန်စန်း ပြုံးလိုက်သည်။

“သူက ငါ့ရန်သူမှမဟုတ်ဘဲ”

မိန်းမပျိုသည် အတော်ပင်စိတ်ရှုပ်သွား၏။

“ဒါဖြင့် သူက ဘာဖြစ်လို့ ရှင့်ကိုသတ်ဖို့ ဝါဆန်းမြို့မှာလာပြီး စောင့်ရတာလဲ”

ချင်းစိန်စန်းကပြုံး၍....

www.burmeseclassic.com

www.burmeseclassic.com



"ငါက အသတ်ခံဖို့ အဲ့ဒီမြို့မှာရှိနေးထားလို့"

မိန်းမပျိုမှာ ပို၍နားရှုပ်သွားလေသည်။

"ရှင်ကအသတ်ခံဖို့ ဟုတ်လား"

ချင်းစိန်စန်းခေါင်းညိတ်ပြသည်။

"ဟုတ်တယ်"

"ဒါပေမဲ့ သူကရှင့်ကိုမသတ်သေးပါလား"

ချင်းစိန်စန်းက လေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီး....

"မသတ်တဲ့အပြင် သူက ငါ့အသက်ကိုတောင်ကယ်ခဲ့သေးတယ်"

ထိုစကားကြောင့် မိန်းမပျိုမှာ တအံ့တသြဖြစ်သွားရပြန်၏။

"သူက ရှင့်ကိုကယ်ခဲ့တယ်ဟုတ်လား"

မယုံကြည်နိုင်သောလေသံဖြင့်မေးလိုက်ခြင်းဖြစ်၏။

ချင်းစိန်စန်းကခေါင်းညိတ်ပြသည်။

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ"

ချင်းစိန်စန်းက သက်ပြင်းချရင်း....

"ငါ့ကို သူ့လက်နဲ့ မသတ်လိုက်ရမှာစိုးလို့"

မိန်းမပျိုသည် စိတ်ရှုပ်သွားဟန်ဖြင့်....

"ရှင်တို့ယောကျ်ားတွေလုပ်တဲ့အလုပ်ကို ကျွန်မတို့ မိန်းမတွေ ဘာမှနားလည်နိုင်မှာမဟုတ်ဘူး"



"ငါလဲ တစ်ခါတစ်ခါ သူလုပ်တဲ့အလုပ်ကို ဘယ်လိုမှနားမလည်နိုင်ပါဘူး"

ချင်းစိန်စန်းကပြောလိုက်သည်။

မိန်းမပျိုက....

"ကဲ... ညဥ့်နက်နေပြီ၊ ရှင်အိပ်ဖို့သင့်ပြီ"

"ဟုတ်တယ်... ငါအိပ်သင့်ပြီ၊ ဒါပေမဲ့...."

ချင်းစိန်စန်းသည် စကားကိုဆုံးအောင်မပြောဘဲ ရပ်တန့်လိုက်၏။

မိန်းမပျိုကပြုံးပြီး....

"လမ်းကြားကလူကို ရှင်ကအအေးမိမှာစိုးရိမ်နေလို့လား"

သူမ၏အမေးကို ချင်းစိန်စန်းကဘာမျှပြန်မပြောပါ။

သူ စားပွဲပေါ်မှအရက်အိုးကိုလှမ်းယူ၍ မော့သောက်လိုက်သည်။ မိန်းမပျိုက သူ၏အနီးမှထွက်ခွာသွားသည်။

မိန်းမပျိုသည် တံခါးဝ၌ ရုတ်တရက် ခြေလှမ်းရပ်တန့်ပြီး ချင်းစိန်စန်းဘက်သို့လှည့်ကြည့်လိုက်သည်။

ပြီးမှ သူမကပြုံးရင်း....

"ရှင့်စိတ်ကူးထဲက ကျွန်တစ်ယောက်က ဘယ်သူလဲဆိုတာ ကျွန်မသိပြီ"

ထိုစကားကြောင့် ချင်းစိန်စန်း၏ခန္ဓာကိုယ်သည် ဆတ်ခနဲ တောင့်တင်းသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ချက်ချင်းဣန္ဒြေဆည်ကာ....

"ဟုတ်လား"

ဟုမေးလိုက်သည်။

မိန်းမပျိုကပြုံး၍ခေါင်းညိတ်ပြီး....

"ဟုတ်တယ်... ရှင်စဉ်းစားနေတဲ့လူက တခြားလူမဖြစ်နိုင်ဘူး"

ချင်းစိန်စိန် မျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် ဘယ်သူလဲ"

"ရှင် သိပ်ပြီးသတ်ချင်နေတဲ့လူ"

မိန်းမပျိုသည် ယင်းသို့ပြောပြီး အခန်းထဲမှထွက်သွားလေတော့သည်။ ချင်းစိန်စန်းသည် မိန်းမပျို၏နောက်ကျောကိုငေးကြည့်ရင်း အခန်းထဲ၌ကျန်ရစ်ခဲ့လေတော့၏။

****



အခန်းထဲ၌ မိန်းမပျိုလေး မရှိတော့ပါ။

သူမသည် အလွန်လျှို့ဝှက်သူဖြစ်၏။

ထိုမိန်းမပျိုကိုအမည်ရင်းကို မည်သူမျှမသိကြပါ။

သူမအား အားလုံးက ပန်းကလေးဟူ၍သာသိထားကြ၏။

ယခု ပန်းကလေးသည် အခန်းထဲမှထွက်ခွာသွားပြီဖြစ်၏။

အခန်းထဲတွင် ချင်းစိန်စန်းတစ်ယောက်တည်းသာ ကျန်ရစ်ခဲ့လေသည်။ အခန်းထဲ မီးမှန်အိမ်များထွန်းထား၏။

သို့သော် ပန်းကလေးထွက်ခွာသွားပြီးနောက် အခန်း၏အလင်းရောင်သည် မှေးမှိန်သွားသည်ဟုထင်ရလေသည်။

ချင်းစိန်စန်းသည် သက်ပြင်းတစ်ချက် မသိမသာချလိုက်ပြီး လေသာပြတင်းပေါက်သို့လျှောက်လာ၏။

မိုးက တဖွဲဖွဲရွာသွန်းနေရာမှ တဖြည်းဖြည်းနှင့်သည်းထန်လာပြီဖြစ်သည်။

မိုးသည်းထန်းလာသည်နှင့်အမျှ လေကလည်း တရှိန်ကြမ်းတိုက်ခိုက်လာပြီဖြစ်သည်။

မိုးစက်မိုးမှုန်များသည် လေသာပြတင်းပေါက်မှ အခန်းထဲသို့ကျရောက်လာပြီဖြစ်သည်။

ချင်းစိန်စန်းသည် လေသာပြတင်းပေါက်မှနေ၍ လမ်းကြားထဲမှလူကိုလှမ်းကြည့်လိုက်သည်။

လမ်းကြားထဲမှလူသည် ရပ်မြဲရပ်နေဆဲဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မိုးနှင့်အတူလေက ခပ်ပြင်းပြင်းတိုက်ခတ်လာ၏။

ခပ်ပြင်းပြင်းတိုက်လာသောလေက သစ်ပင်ပန်းပင်များ၊ အမြိုက်သရိုက်များကို လဲပြိုလွင့်စဉ်စေသည်။

သို့သော် လမ်းကြားမှလူကိုတော့ လဲပြိုအောင်တိုက်ခတ်နိုင်စွမ်းမရှိပေ။ ချင်းစိန်စန်းသည် ပြတင်းပေါက်မှနေ၍ လမ်းကြားထဲမှ လူကိုကြည့်လေသည်။

မိုးစက်ရေများက ချင်းစိန်စန်း၏မျက်နှာကိုရိုက်ခတ်လာသည်။ အေးစိမ့်သောမိုးရေစက်များက သူ၏ရင်ထဲသို့တိုင်အောင် အေးစိမ့်သွားစေသည်။

သို့သော် သူ၏ရင်ထဲအေးစိမ့်၍မသွားပါ။

သူ၏ရင်ထဲ၌ ပူလောင်နေသည်။ သူသည် တစ်စုံတစ်ရာကို ဆုံးဖြတ်လိုက်၏။ ထို့နောက်.... ပြတင်းပေါက်မှခုန်ဆင်းလိုက်လေတော့၏။

****



ချင်းစိန်စန်းသည် လုဝေ၏နံဘေး၌ဝင်၍ရပ်လိုက်သည်။

လုဝေက ချင်းစိန်စန်းကိုလှည့်မကြည့်ပါ။

မိုးက သည်းထန်စွာရွာသွန်းနေသောကြောင့် တစ်ခဏအတွင်းမှာပင် ချင်းစိန်စန်း၏အဝတ်အစားများသည် စိုရွှဲသွားလေသည်။

လုဝေကသက်ပြင်းချကာ....

"မိုးရွာနေတယ်"

ဟုပြောလိုက်၏။

ချင်းစိန်စန်းဦးခေါင်းညိတ်ပြသည်။

"ကျုပ်သိတယ်"

လုဝေက ချင်းစိန်စန်းကိုမကြည့်ဘဲ....

"ခင်ဗျား အပြင်ကိုထွက်လာဖို့မသင့်ဘူး"

ချင်းစိန်စန်းက လုဝေကိုလှည့်ကြည့်ပြီး....

"ခင်ဗျားလဲ ဒီမှာရပ်နေဖို့မသင့်ဘူး"

လုဝေက နှုတ်ခမ်းကိုတွန့်ပြီး....

"ဒါက ကျုပ်အလုပ်ပါ"

ချင်းစိန်စန်းကပြုံးလိုက်ပြီး....

"ခင်ဗျားတောင် မိုးရေထဲမှာအစိုခံနိုင်ရင် ကျုပ်ကဘာဖြစ်လို့ မိုးရေအစိုမခံနိုင်ရမှာလဲ"

ဟုပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လုဝေကသက်ပြင်းချလိုက်ပြီး....

"လူတစ်ယောက်ဟာ မိုးရေကိုအစိုခံနိုင်ခွင့်ရှိသလို မိုးရေကို အစိုမခံနိုင်ခွင့်လဲရှိတယ်၊ ဒါပေမဲ့ မိုးရေအစိုခံချင်တဲ့လူတစ်ယောက်ကို မိုးရေအစိုမခံပါနဲ့လို့တော့ မတားမြစ်နိုင်ပါဘူး"

ချင်းစိန်စန်းကပြုံးလိုက်ပြီး....

"ဟုတ်တယ်... မိုးရေအစိုခံချင်တဲ့လူကိုတားလို့မရပါဘူး... ဒါပေမဲ့...."

ချင်းစိန်စန်းက စကားကိုဆက်မပြောဘဲ ရပ်တန့်ပြီး လုဝေကိုကြည့်လိုက်၏။ ပြီးမှ သက်ပြင်းချကာ....

"ကျုပ် အခုလိုထွက်လာတာ မိုးရေအစိုခံဖို့သက်သက်မဟုတ်ဘူး"

ချင်းစိန်စန်း၏စကားကြောင့် လုဝေမျက်မှောင်ကုပ်သွား၏။

"ဒါဖြင့် မင်းထွက်လာပြီးဘာလုပ်မလို့လဲ"

ချင်းစိန်စန်းကပြုံးလိုက်ပြီး....

"ကျုပ်က ခင်ဗျားကိုလျှို့ဝှက်ချက်တစ်ခုပြောပြမလို့"

လုဝေက မိမိ၏နားကိုမိမိမယုံကြည်နိုင်ဟန်ဖြင့် ချင်းစိန်စန်းကိုတစ်ချက်ကြည့်ပြီး....

"ဘာ... ခင်ဗျားက ကျုပ်ကိုလျှို့ဝှက်ချက်တစ်ခုပြောပြမလို့ ဟုတ်လား"

ချင်းစိန်စန်းခေါင်းညိတ်လိုက်သည်။



"ဟုတ်တယ်"

လုဝေကသက်ပြင်းချရင်း....

"ခင်ဗျားရဲ့ ဆုံးဖြတ်ချက်ကိုပြင်လိုက်ပြီလား"

ချင်းစိန်စန်းခေါင်းညိတ်လိုက်သည်။

"အခြေအနေနဲ့အချိန်အခါပေါ်မှာမူတည်ပြီး ဆုံးဖြတ်ချက်ကို ပြောင်းသင့်ရင် ပြောင်းရမှာပေါ့"

လုဝေသည် ချင်းစိန်စန်းကို အတန်ကြာအောင်ကြည့်နေမိ၏။ ပြီးမှ....

"ခင်ဗျားကို ဘယ်အရာက အခုလိုဆုံးဖြတ်ချက်ကိုပြောင်းလဲစေလိုက်တာလဲ"

ချင်းစိန်စန်းကသက်ပြင်းချရင်း....

"ခင်ဗျားကြောင့်"

ဟုပြောလိုက်သည်။

လုဝေမှာ အံ့သြသွားပြီး....

"ကျုပ်ကြောင့် ဟုတ်လား"

ဟုပြန်မေးသည်။

ချင်းစိန်စန်းကခေါင်းညိတ်ကာ....

"ဟုတ်တယ်... ခင်ဗျားကြောင့်"

လုဝေ ခေါင်းတွင်တွင်ခါယမ်းလိုက်၏။

"ကျုပ်ကြောင့်... ကျုပ်ကြောင့် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ချင်းစိန်စန်းက မိုးပေါ်သို့မော့ကြည့်ပြီး....

"ဟုတ်တယ်... ခင်ဗျားဟာ လူမဟုတ်ဘူး၊ လူသားလုံးဝ မဟုတ်ဘူး"

"ဒါကြောင့် ကျုပ်ဖွင့်ပြောဖို့ဆုံးဖြတ်လိုက်တာ"

ဟုပြောလိုက်လေသည်။

****

လုဝေသည် လူမဟုတ်ပါဟု ချင်းစိန်စန်းကပြောလိုက်သည်။ ဤသို့ဆိုလျှင် လုဝေသည် မည်သို့သောသတ္တဝါနည်း။

သူသည် လူမဟုတ်လျှင် တောရိုင်းတိရစ္ဆာန်လော၊

သရဲတစ္ဆေလော၊

နတ်သိကြားလော။

မဟုတ်ပါ။

သူသည် လူသာဖြစ်ပါသည်။

လူသားစင်စစ်ဖြစ်ပါသည်။

သို့သော်.... လုဝေသည် သာမန်လူသားများမပြုလုပ်နိုင်သောအလုပ်များကို လုပ်နိုင်သူဖြစ်၏။

သာမန်လူတစ်ယောက်ထက်ပိုပြီး သည်းခံနိုင်စွမ်းရှိ၏။

လုဝေသည် ဘာမျှပြန်မပြောဘဲ သက်ပြင်းတစ်ချက်ချလိုက်၏။



ချင်းစိန်စန်းက ပြုံးလိုက်ပြီး....

"ကျုပ်က ခင်ဗျားကိုလူမဟုတ်ဘူးလို့ သတ်မှတ်မယ်ဆိုရင်တော့ ခင်ဗျားကို လူမဟုတ်တဲ့လူလို့ခေါ်ရတော့မှာပဲ"

လုဝေ ပြုံးလိုက်သည်။

ချင်းစိန်စန်းကလုဝေကိုကြည့်ပြီး....

"အင်း... လူမဟုတ်တဲ့လူကပြုံးနိုင်သေးတယ်နော်"

လုဝေက ပြုံးရင်း....

"ဘာလဲ လူမဟုတ်တဲ့လူက ပြုံးခွင့်မရှိဘူးလား"

ချင်းစိန်စန်းကခေါင်းခါယမ်းကာ....

"ကျုပ်က ခင်ဗျား အခုလိုပြုံးလိမ့်မယ်လို့မမျှော်လင့်လို့ပါ"

"ကျုပ်က ပြုံးရုံပြုံးတာမဟုတ်ပါဘူး... ကျုပ်ရဲ့နားကလဲ နားထောင်နေတယ်"

ချင်းစိန်စန်းက လုဝေကိုမျက်လုံးပင့်၍ကြည့်လိုက်ပြီး....

"ဒါဆို ကျုပ်တို့ ဒီမှာရပ်ပြီး ဘာဖြစ်လို့ မိုးရေအစိုခံနေတော့မှာလဲ"

လုဝေက မျက်ခုံးပင့်ကာ....

"ဒီမှာမရပ်ရင် ကျုပ်တို့ကဘယ်မှာရပ်မှာလဲ"

ချင်းစိန်စန်းကပြုံး၍ နှစ်ထပ်အဆောက်အဦကိုလှမ်းကြည့်ပြီး....

"မိုးလဲ မစိုဘူး... အရက်လဲရမဲ့နေရာကိုသွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



လုဝေသည် နှစ်ထပ်အဆောက်အဦကိုကြည့်ပြီး သက်ပြင်းရှိုက်ကာ....

"အဲဒီနေရာက ခင်ဗျားသွားရမဲ့နေရာပဲ"

ချင်းစိန်စန်းက မျက်မှောင်ကြုတ်ကာ....

"ခင်ဗျား မလိုက်ဘူးလား"

ဟုမေးသည်။

လုဝေက ခေါင်းခါယမ်းလိုက်ပြီး....

"ကျုပ်သွားရမဲ့နေရာမှမဟုတ်ဘဲ"

ချင်းစိန်စန်းကပြုံး၍....

"ခင်ဗျားက ကျုပ်ရဲ့အရိပ်ပဲ... ကျုပ်ရှိတဲ့နေရာမှာ ခင်ဗျားရှိရမှာပေါ့"

"ကျုပ်တို့ တခြားနေရာကိုသွားကြတာပေါ့"

လုဝေကပြောလိုက်သည်။

ချင်းစိန်စန်းက လုဝေကိုထူးဆန်းစွာကြည့်သည်။

ဤမြို့ကလေး၌ ဤအဆောက်အဦသို့ လူတိုင်းလာရောက်လိုကြ၏။ ဤမိန်းမလှကျွန်းသည် ဤမြို့ကလေး၏တစ်ခုတည်းသော ကြေးစားဂေဟာဖြစ်၏။

လုဝေသည် ဤကဲ့သို့သောနေရာမျိုးကို အဘယ်ကြောင့်ရှောင်ရသနည်း။

ချင်းစိန်စန်းကခေါင်းခါယမ်းလိုက်၏။



ထိုစဉ် ရုတ်တရက် လူရိပ်နှစ်ခုကိုတွေ့လိုက်ရ၏။

ထိုလူရိပ်နှစ်ခုသည် သူတို့ရပ်နေသောလမ်းကြား၏အပေါ်ဘက်အိမ်ခေါင်မိုးပေါ်၌ ပြေးလွှားနေခြင်းဖြစ်၏။

ရှေ့မှလူရိပ်နောက်သို့ နောက်မှလူရိပ်က လိုက်လာခြင်းဖြစ်၏။ မကြာမီ လူရိပ်တစ်ရိပ်သည် အိမ်ခေါင်မိုးပေါ်မှနေ၍ လမ်းကြားထဲသို့ထိုးကျလာ၏။

ထိုလူရိပ်သည် ချင်းစိန်စန်းနှင့်လုဝေတို့၏ရှေ့သို့ပြုတ်ကျလာခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင်... ကျန်လူရိပ်သည် အိမ်ခေါင်မိုးပေါ်မှနေ၍ ပျံလွှားလေဝဲကိုယ်ဖော့ပညာဖြင့် နှစ်ထပ်အဆောက်အဦ၏ ပွင့်နေသောလေသာဆောင်ထဲသို့ ခုန်ဝင်သွားလေတော့၏။

လုဝေကသက်ပြင်းချပြီး မြေပေါ်သို့ကျလာသူကို စမ်းသပ်ကြည့်လိုက်လေသည်။

အတန်ကြာစမ်းသပ်ပြီးသည့်အခါ လုဝေကအသာအယာခေါင်းခါယမ်းပြလိုက်၏။

ထို့နောက် မြေပေါ်လဲကျနေသူ၏ဦးခေါင်း၌စွပ်ထားသော အနက်ရောင်ခေါင်းစွပ်ကိုဆွဲချွတ်လိုက်သည်။

အနက်ရောင်ခေါင်းစွပ်ကျွတ်သွားသောအခါ အသားဖြူဝင်းဝါကြန့်ကြန့်ရှိပြီး မုတ်ဆိတ်မွေးရှည်လျားသောအဘိုးအိုဖြစ်ကြောင်းတွေ့မြင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် မြေပေါ်ရောက်သည်နှင့် အသက်မရှိတော့ပါ။ ချင်းစိန်စန်းက လုဝေကိုလှမ်းကြည့်လိုက်၏။

လုဝေကလည်း ချင်းစိန်စန်းကိုပြန်၍မော့ကြည့်၏။

ထို့နောက် သူတို့နှစ်ယောက်သည် နှစ်ထပ်အဆောက်အဦ၏လေသာဆောင်ပြတင်းပေါက်သို့ ခုန်တက်သွားကြလေတော့၏။

****



အခန်းထဲ၌ လူမရှိပါ။

ထိုအခန်းသည် ချင်းစိန်စန်း၏အခန်းဖြစ်၏။

သူသည် ထိုလေသာပြတင်းမှလမ်းကြားထဲသို့ခုန်ဆင်းသည်။

ယခု သူသည် ထိုပြတင်းပေါက်မှအခန်းထဲသို့ပြန်ဝင်ခဲ့သည်

ပြတင်းပေါက်မှခုန်ဆင်းစဉ်က ချင်းစိန်စန်းတစ်ယော တည်းသာဖြစ်၏။

ယခု ထိုပြတင်းပေါက်မှပြန်လည်ခုန်တက်လာချိန်၌ ချင်းစိ စန်းတစ်ယောက်တည်းမဟုတ်တော့ပါ။

ချင်းစိန်စန်းနှင့်အတူ လုဝေပါလိုက်ပါလာသည်။

****

အခန်းထဲ၌ လူမရှိပါ။

သို့သော် အခန်းကြမ်းပြင်ပေါ်၌ ရေစိုနေသည့်သေးသွ သောခြေရာများကိုတွေ့ရ၏။

ချင်းစိန်စန်းက ကြမ်းပြင်ပေါ်မှခြေရာကိုကြည့်ပြီး သက်ပြ ချကာ....

"အင်း... သူပဲဖြစ်ရမယ်"

ဟုပြောလိုက်သည်။

လုဝေက မျက်မှောင်ကုပ်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

ဟုမေးလိုက်၏။

"မိန်ကျင်းလျှံ"

ချင်းစိန်စန်းကပြောသည်

လုဝေ မျက်မှောင်ကုပ်သွားသည်။

"မိန်ကျင်းလျှံ... ဟုတ်လား"

"ဟုတ်တယ်"

"မိန်ကျင်းလျှံဆိုတာ မိန်းမလှကျွန်းရဲ့ပိုင်ရှင်မဟုတ်လား"

လုဝေကပြန်မေး၏။

ချင်းစိန်စန်းခေါင်းညိတ်ပြလိုက်၏။

ထိုစဉ်မှာပင်.... ရုတ်တရက် တံခါးခေါက်သံပေါ်ထွက်လာလေတော့၏။

"ဒေါက်.... ဒေါက်... ဒေါက်"

****



အခန်းတံခါးက ပိတ်မထားပါ။

အခန်းတံခါးကို စေ့ရုံသာစေ့ထားခြင်းဖြစ်ပါသည်။

ထို့ကြောင့် တံခါးခေါက်သံပေါ်ထွက်လာပြီးနောက် အခန်းတွင်းသို့ ဆယ့်ရှစ်နှစ်အရွယ်ခန့်ရှိ မိန်းကလေးတစ်ယောက်ဝင်ရောက်လာလေသည်။

သူမသည် အစိမ်းရောင်အကျီလက်ရှည်ကိုဝတ်ဆင်ထားပြီး ပန်းထိုးထားသောအဝတ်ဖိနပ်ကိုစီးထား၏။

သူမ၏လက်တွင်း၌ လင်ဗန်းတစ်ချပ်ကိုင်ထားသည်။

လင်ဗန်းထဲ၌ စားသောက်ဖွယ်ရာများပါလာ၏။

သူမသည် စားသောက်ဖွယ်ရာများပါသော လင်ဗန်းကို လက်တစ်ဖက်ဖြင့်ကျွမ်းကျင်စွာကိုင်ရင်း ကျန်လက်တစ်ဖက်ဖြင့် မသောက်ရသေးသောအရက်အိုးတစ်လုံးကိုပိုက်လာ၏။

"ကျွန်မသခင်မရဲ့ဧည့်သည်ဆိုတာ ရှင်တို့လား"

မိန်းကလေးကမေးလိုက်၏။ ထိုစကားကြောင့် ချင်းစိန်စန်းနှင့်လုဝေတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြ၏။

မိန်းကလေးကပြုံး၍ စားသောက်ဖွယ်ဟင်းလျာများပါရှိသောလင်ဗန်းနှင့်အရက်အိုးကိုစားပွဲပေါ်သို့တင်ရင်း....

"သခင်မလေးက မှာလိုက်ပါတယ်၊ အခန်းထဲမှာ အထူးဖိတ်ကြားထားတဲ့ဧည့်သည်ရှိတယ်တဲ့... ရှင်တို့ကိုဧည့်ခံဖို့ ကျွန်မကိုလွှတ်လိုက်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေသည်။

ချင်းစိန်စန်းနှင့်လုဝေက ဘာမျှပြန်မပြောဘဲ မိန်းကလေး၏လှုပ်ရှားမှုကိုသာငေးကြည့်နေမိ၏။

မိန်းကလေးက စားပွဲကိုအဝတ်ဖြင့်သုတ်၍ သန့်ရှင်းလိုက်သည်။ ထို့နောက် အသင့်ပါလာသောစားပွဲခင်းကိုခင်းပြီး လင်ဗန်းထဲမှဟင်းလျာခွက်များကို စားပွဲပေါ်သို့တင်လိုက်သည်။

သူမ၏လှုပ်ရှားမှုကလျင်မြန်၏။ သွက်လက်၏။

မကြာမီမှာပင် ညှော်သည်များကို တည်ခင်းညှော်ခံရန် အသင့်ဖြစ်သွားလေသည်။

သူမသည် စားပွဲကိုပြင်ဆင်ပြီးနောက် ချင်းစိန်စန်းနှင့်လုဝေတို့ကိုလှည့်ကြည့်လိုက်၏။ ပြီးမှ....

"သခင်မက အထူးညှော်သည်လို့သာပြောတယ်... ရှင်တို့ကိုကြည့်ရတာ အထူးညှော်သည်နဲ့မတူလို့ပါ"

ချင်းစိန်စန်းက ရုတ်တရက်ပြုံးပြီး လုဝေကိုလှည့်ကြည့်ကာ....

"သူက ညှော်သည်ဖိတ်တဲ့ပညာမဆိုးဘူး"

ဟုပြောလိုက်သည်။

လုဝေသက်ပြင်းချရင်း....

"ကျုပ်က သူ့ရဲ့ညှော်သည်မှမဟုတ်ဘဲ"

ချင်းစိန်စန်းကပြုံးပြီး....



"ဘာပဲဖြစ်ဖြစ် သူက ညှော်သည်ကိုမလာချင် လာချင်အောင် ဖိတ်တတ်တာပဲ"

လုဝေက ခေါင်းခါယမ်းကာ....

"ကျုပ်က သူ့ရဲ့ညှော်သည်မဖြစ်နိုင်ဘူး"

"ဘာပဲဖြစ်ဖြစ် ရောက်မှတော့ သူ့ရဲ့ဖိတ်ကြားချက်ကို လက်ခံလိုက်ပါ"

ပြောလိုက်ပြီး စားပွဲပေါ်မှ အရက်အိုးကိုဖောက်လိုက်သည်။ ပြီးမှ.... ချင်းစိန်စန်းသည် အရက်အိုး၏အဝကိုငုံ၍နမ်းလိုက်သည်။

မွှေးကြိုင်သောအနံ့က ပေါ်ထွက်လာ၏။

ချင်းစိန်စန်းကပြုံးပြီး....

"ကောင်းလိုက်တဲ့အရက်ပါလား၊ ကျုပ်ကို တစ်ခါမှ ဒါမျိုးမတိုက်ခဲ့ဘူး"

လုဝေက ချင်းစိန်စန်းကိုကြည့်ပြီး....

"ခင်ဗျား ကျုပ်ကိုဘာမှမပြောသေးဘူးနော်"

ချင်းစိန်စန်းက လက်ကာပြပြီး....

"ကျုပ် ခင်ဗျားကိုမညာပါဘူး"

ဟု ပြောလိုက်၏။

လုဝေက မိန်းကလေးကိုလှမ်းကြည့်ပြီး....

"ကျုပ်တို့ဘာသာ ကျုပ်တို့စားလို့မရဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကပြုံး၍ အရက်အိုးထဲမှအရက်များကို အရက်ခွက်ထဲသို့ငှဲ့ရင်း....

"သခင်မကကြိုက်မှာမဟုတ်ဘူး"

ဟု ပြောလိုက်၏။

လုဝေ မျက်မှောင်ကုပ်ရင်း....

"ဘာဖြစ်လို့လဲ"

မိန်းကလေးက....

"ရှင်တို့ကို ကျွန်မကဧည့်ခံရမှာမို့လို့ပါ"

ချင်းစိန်စန်းက လုဝေကိုလှမ်းကြည့်ပြီး....

"ခင်ဗျားတို့ သိဖူးလား"

ဟုရုတ်တရက်မေးလိုက်သည်။

ချင်းစိန်စန်း၏စကားကြောင့် လုဝေမျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲ"

ဟုပြန်မေးလိုက်၏။

ချင်းစိန်စန်းက အရက်အိုးကိုတစ်လှည့် ပွဲသောဟင်းလျာများကိုတစ်လှည့်ကြည့်ရင်း....

"အိမ်ရှင်က ခင်ဗျားအကြောင်းကိုသိနေလို့ပဲ"

ထို့နောက် သူသည် အရက်ခွက်ကိုလှမ်းယူ၍ မော့သောက်လိုက်လေသည်။



လုဝေ ဘာမျှမပြောပါ။

အကြောင်းမှာ စားပွဲပေါ်မှဟင်းလျာများသည် သူ၏အနှစ်သက်ဆုံးဟင်းလျာများဖြစ်နေသောကြောင့်ဖြစ်သည်။

အရက်ကလည်း သူအကြိုက်ဆုံးဖြစ်နေသောကြောင့်ဖြစ်ပါသည်။

****

www.burmeseclassic.com

www.burmeseclassic.com



လုဝေ ပါးစပ်ပိတ်ထားသည်။ ချင်းစိန်စန်းက လုဝေကို လှမ်းကြည့်ပြီးသက်ပြင်းချလိုက်သည်။

"ခင်ဗျား ကျုပ်ကိုသုံးနှစ်အချိန်ပေးခဲ့တယ်"

လုဝေက ခေါင်းညိတ်၏။

ချင်းစိန်စန်းကဆက်ပြောသည်။

"ခင်ဗျားက ကျုပ်ရဲ့ကိစ္စကိုမေးခဲ့တယ်"

တစ်ဆက်တည်းပင်....

ချင်းစိန်စန်းကနှုတ်ခမ်းတွန့်ပြီး....

"ကျုပ်မပြောခဲ့ဘူး"

လုဝေခေါင်းညိတ်ပြလိုက်၏။

ချင်းစိန်စန်းကသက်ပြင်းချလိုက်ပြီး....

"အခု ကျုပ်ပြောတော့မယ်"

လုဝေ ဘာမှမပြောပါ။ ချင်းစိန်စန်းက....

"ကျုပ်ကိစ္စမပြီးပြတ်သေးဘူးဆိုတာက ကျုပ် လူတစ်ဦးကို သတ်ဖို့ကျန်နေတာကိုပြောတာပါ"

လုဝေ သက်ပြင်းချရင်း....

"ဒါပေမဲ့ ခင်ဗျားမသတ်ရသေးဘူးမဟုတ်လား"

ချင်းစိန်စန်းက....

"သုံးနှစ်လုံးလုံး အချိန်ကုန်ခံပြီး ကြိုးစားခဲ့ပေမဲ့ ကျုပ်သူ့ကို မသတ်ဖြစ်ခဲ့သေးဘူး"



လုဝေက ချင်းစိန်စန်းကိုကြည့်လိုက်၏။

သို့သော် သူဘာမှမပြောပါ။

ချင်းစိန်စန်းက....

"သူဟာသေသင့်တဲ့လူတစ်ယောက်ပါ... ဒါပေမဲ့ မသေသေ ဘူး"

လုဝေကသက်ပြင်းချလိုက်ပြီး....

"မင်း သူ့ကိုသတ်ချင်နေတာလား"

ချင်းစိန်စန်းကခေါင်းညိတ်ကာ....

"အချိန်ရတိုင်း သူ့ကိုသတ်ချင်နေတယ်"

လုဝေ သက်ပြင်းချရင်း....

"သူကသေသင့်တဲ့လူမဟုတ်လား"

ဟုမေးလိုက်သည်။

ချင်းစိန်စန်း နှုတ်ခမ်းကိုတွန့်၍ပြုံးပြီး....

"ဆယ်ခါပြန် သေသင့်တဲ့လူပဲ"

လုဝေကခေါင်းညိတ်ပြီး....

"သေသင့်တဲ့လူက တစ်နေ့မဟုတ်တစ်နေ့တော့ သေရမှာ ခင်ဗျားက ဘာဖြစ်လို့ကိုယ်တိုင်သတ်ချင်နေရတာတုန်း"

ချင်းစိန်စန်းသက်ပြင်းချသည်။

"သူဟာ သေသင့်သေထိုက်တဲ့လူဖြစ်တယ်ဆိုတာ ကျုပ် လွဲပြီး ဘယ်သူမှမသိကြလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် လုဝေသည် မျက်မှောင်ကြုတ်သွားပြီး....

"သူကဘယ်သူလဲ"

ဟု မေးလိုက်သည်။

ချင်းစိန်စန်းကသက်ပြင်းတစ်ချက်ချကာ....

"မြို့စားလေးဝမ်"

ဟု တစ်လုံးချင်းဖြည်းညင်းစွာပြောလိုက်လေတော့၏။

****



လုဝေ၏ပါးစပ်ပိတ်သွား၏။

သူသည် ချင်းစိန်စန်းကိုမယုံကြည်နိုင်လောက်အောင် အံ့ဩသောမျက်လုံးများဖြင့်ကြည့်နေမိ၏။

အရက်ငှဲ့ပေးနေသောမိန်းကလေး၏လက်သည်လည်း ရုတ်တရက် ရပ်တန့်သွား၏။ သူမက ထိတ်လန့်တကြားဖြင့် ချင်းစိန်စန်းကိုလှမ်းကြည့်လိုက်သည်။

ချင်းစိန်စန်းက ဒုတိယမြောက်အရက်ခွက်ကို မော့သောက်လိုက်ရင်း....

"ဟုတ်တယ်... မြို့စားလေးဝမ်"

ဟုထပ်ပြောလိုက်သည်။

မြို့စားလေးဝမ်....

ထိုအမည်ကိုကြားမိသူတိုင်း ထိတ်လန့်သွား၏။

လုဝေ သက်ပြင်းချလိုက်ပြီး....

"ကျူပ်နားကြားမလွဲပါဘူးနော်"

ချင်းစိန်စန်းခေါင်းညိတ်ကာ....

"ခင်ဗျား နားကြားမလွဲပါဘူး... ဒါပေမဲ့ ခင်ဗျား ယုံဖို့ခက်နေတာပါ"

လုဝေက နှုတ်ခမ်းကို လျှာဖြင့်တစ်ချက်သိမ်းလိုက်ပြီး....

"အခု နှစ်ပေါင်းလေးဆယ်အတွင်းမှာ ဓားသမားလို့ခေါ်ထိုက်တဲ့လူ ဘယ်နှစ်ယောက်ရှိလဲ"

www.burmeseclassic.com

www.burmeseclassic.com



ချင်းစိန်စန်းကပြုံး၍....

"သုံးယောက်"

ဟုဖြေလိုက်၏။

လုဝေ မျက်မှောင်ကြုတ်ကာ....

"သုံးယောက်တည်းလား"

ဟုမေးလိုက်၏။

ချင်းစိန်စန်းခေါင်းညိတ်သည်။

"ခင်ဗျား မပါဘူး"

"ကျုပ်မပါမှန်းကျုပ်သိပါတယ်... ကျုပ်ကလူကိုပဲသတ်တာ လူကိုမကယ်ဘူး"

ချင်းစိန်စန်းကခေါင်းညိတ်ပြီး....

"ကျုပ်သိပါတယ်... ခင်ဗျားက သူ့ရဲကောင်း မလုပ်ချင်ဘူး ဆိုတာ"

လုဝေက နှုတ်ခမ်းကိုတစ်ချက်ကိုက်လိုက်ပြီး....

"ခင်ဗျားပြောတဲ့ဓားသမားသုံးယောက်ဆိုတာ ဖုန်ကြားလျှံ့ စင်ယုံနဲ့တန်ကျောက်ထုံတို့ပဲမဟုတ်လား"

ချင်းစိန်စန်းက ခေါင်းညိတ်ကာ....

"ဟုတ်တယ်"

လုဝေကသက်ပြင်းချလိုက်ပြီး....

"ဘာဖြစ်လို့ မြို့စားလေးဝမ်ကိုထည့်မတွက်တာလဲ"



ချင်းစိန်စန်းကပြုံးရင်း....

"ဓားသမားဘွဲ့နဲ့မတန်လို့"

ဟုပြောလိုက်၏။

လုဝေက....

"ပထမဆယ်စုနှစ်က ဓားသမားစင်ယုံရဲ့ခေတ်"

ချင်းစိန်စန်း အငြင်းမပွားပါ။ ခေါင်းညိတ်ကာ....

"ကျုပ်မငြင်းပါဘူး"

လုဝေက နှုတ်ခမ်းကို လျှာဖြင့်တစ်ချက်သပ်လိုက်ပြီး....

"ဒုတိယဆယ်ရာစုနှစ်က ဓားသမားတန်ကျောက်ထုံရဲ့ ခေတ်မဟုတ်လား"

ချင်းစိန်စန်း ခေါင်းညိတ်လိုက်၏။

"မမှားပါဘူး"

လုဝေက....

"တတိယဆယ်စုနှစ်က ဓားသမားဖုန်ကြားလျှံ့ရဲ့ခေတ်"

ချင်းစိန်စန်းခေါင်းညိတ်လိုက်ပြန်၏။

"ဟုတ်ပါတယ်"

လုဝေ သက်ပြင်းချလိုက်၏။

ပြီးမှ....

"အခု ဆယ်စုနှစ်အတွင်းမှာကော"

ဟုမေးလိုက်၏။

www.burmeseclassic.com

ချင်းစိန်စန်းက မဲ့ပြုံးပြုံးကာ....

"အားလုံးသိကြတာကတော့ မြို့စားလေးဝမ်ရဲ့ ခေတ်ပေါ့၊ သူက သိုင်းလောကတစ်ခုလုံးကိုလွှမ်းမိုးထားပြီလေ... ဒါပေမယ့်...."

သူက စကားကိုဆက်မပြောဘဲ ရပ်တန့်ထားလိုက်သည်။

လုဝေက သက်ပြင်းရှိုက်ကာ....

"ဒါပေမဲ့ ခင်ဗျားက လက်မခံဘူး မဟုတ်လား"

ဟု မေးသည်။

ချင်းစိန်စန်း ဘာမှပြန်မပြောပါ။

လုဝေက ချင်းစိန်စန်းကိုတစ်ချက်ကြည့်လိုက်ပြီး....

"မြို့စားလေးဝမ်ဟာ ချင်းယန့်ရဲ့ တစ်ဦးတည်းသော တပည့်ဖြစ်တယ်... ပြီးတော့ သူဟာ ဂုဏ်သရေရှိလူတန်းစားလဲ ဖြစ်တယ်၊ ပြီးတော့ စာပေကဗျာလဲကျွမ်းကျင်တယ်... ဓားပညာရပ်မှာလဲ သူ့ကို ကျော်လွှားနိုင်မဲ့လူမရှိသေးဘူး"

ချင်းစိန်စန်းခေါင်းညိတ်သည်။

"ကျုပ် မငြင်းပါဘူး"

လုဝေသည် ချင်းစိန်စန်းကိုစိုက်ကြည့်လိုက်ပြီး....

"ဒါဆို မင်းက ဘာဖြစ်လို့ သူ့ကိုသတ်ချင်ရတာလဲ"

ချင်းစိန်စန်းက မဲ့ပြုံးပြုံးပြီး....

"ကျုပ်က ကျုပ်နာမည်အတွက် သူ့ကိုသတ်ချင်တယ်လို့ ခင်ဗျားထင်နေလို့လား"



လုဝေက ပြုံးပြီး....

"ဒါဖြင့် ခင်ဗျား သူ့ကို ဘာအကြောင်းနဲ့သတ်ချင်ရတာလဲ"

ချင်းစိန်စန်းက....

"ကျုပ်က အမှန်တရားနဲ့တရားမျှတမှုအတွက် သူ့ကိုသတ်ချင်တာ၊ ဘာလို့လဲဆိုတော့ သူ့ရဲ့ လျှို့ဝှက်ချက်ကို ကျုပ်တစ်ယောက်တည်းသိထားလို့"

ထို့နောက် ချင်းစိန်စန်းသည် အရက်ခွက်ကိုကောက်ကိုင်ပြီး တတိယမြောက်အရက်ကိုမော့သောက်သည်။

ထိုစဉ် သူ၏မျက်လုံးများ ရုတ်တရက်ပြူးကျယ်သွားသည်။

သူ၏မျက်နှာမှာ စိမ်းဖန့်ဖန့်အရောင်သို့ပြောင်းလဲသွား၏။

တစ်ပြိုင်တည်းမှာပင်... သူ၏လက်ထဲမှအရက်ခွက်သည် ကြမ်းပေါ်သို့ပြုတ်ကျသွားသည်။

လုဝေ ရုတ်တရက်လှုပ်ရှားလိုက်သည်။

သူသည် စားပွဲပေါ်မှတူတစ်စုံကိုကောက်ယူပြီး ချင်းစိန်စန်း၏ပါးစပ်ထဲသို့ထိုးထည့်လိုက်၏။

ထို့ကြောင့် ချင်းစိန်စန်း၏မေးများစေ့မသွားဘဲ ဟတစ်ချောင်းစာဟနေ၏။

ထို့နောက် လုဝေသည် ချင်းစိန်စန်း၏နှလုံးပတ်ဝန်းကျင်မှ သွေးကြောများကို လက်ညှိုး လက်ခလယ်တို့ဖြင့် ထောက်၍ သွေးကြောပိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းမှာပင်.... လုဝေသည် အင်္ကျီရင်ဘတ်ကြားထဲမှကြွေဘူးတစ်ခုကိုထုတ်ယူပြီး ထိုကြွေဘူးထဲမှ ဆေးလုံးလေးတစ်လုံးကိုထုတ်ယူသည်။

ထို့နောက်.... တူတစ်စုံခံထားသောကြောင့် ဟနေသော ချင်းစိန်စန်း၏ပါးစပ်ထဲသို့ပစ်ထည့်သည်။

ပြီးမှ သူသည် ချင်းစိန်စန်း၏လည်ပင်းကို လက်ချောင်းများဖြင့်ထောက်၍မော့လိုက်ပြီး ပါးစပ်ထဲမှတူကိုပြန်ထုတ်လေသည်။

သို့ဖြင့်.... လုဝေ၏ဆေးလုံးသည် ချင်းစိန်စန်း၏ဝမ်းဗိုက်ထဲသို့ကျသွားတော့သည်။

****



မိန်းကလေးသည် ချင်းစိန်စန်း၏အဖြစ်ကိုမြင်ပြီး ထိတ်လန့်သွားသည်။

မိန်းကလေးသည် လုဝေသာ ချင်းစိန်စန်းကို ဆေးလုံးတိုက်ကျွေးနေချိန်၌ အခန်းထဲမှထွက်ပြေးရန် ပြနိပြင်လိုက်သည်။

သို့သော် လုဝေ၏အေးစက်မာကျောသောမျက်လုံးအကြည့်ကြောင့် သူမသည် မလှုပ်ရှားဝံ့ဘဲရပ်တန့်နေသည်။

လုဝေက အရက်ခွက်ကိုကြည့်လိုက်သည်။

အရက်ခွက်ကို ငွေဖြင့်ပြုလုပ်ထားခြင်းဖြစ်သည်။

ထို့ကြောင့် အရက်ခွက်ထဲ၌ အဆိပ်ကိုကြိုတင်၍ ခပ်မထားနိုင်ပေ။ လုဝေက အရက်အိုးကိုကြည့်လိုက်သည်။

အရက်အိုးကအသစ်ဖြစ်သည်။

အရက်အိုးအဖုံးကို တိတ်တဆိတ်ဖွင့်ထားသည့်လက္ခဏာများမတွေ့ရပါ။

သို့သော် ချင်းစိန်စန်းသည် အဆိပ်မိသွားပြီဖြစ်သည်။

ဤသို့ဆိုလျှင် အရက်ထဲ မည်သို့အဆိပ်ခပ်လိုက်သနည်း။

လုဝေက မိန်းကလေးကိုတစ်ချက်မျှစိုက်ကြည့်လိုက်၏။

မိန်းကလေးသည် လုဝေ၏အကြည့်ကိုမခံနိုင်သည့်အလား ခေါင်းငုံ့ထားသည်။

လုဝေက သက်ပြင်းချပြီး ရုတ်တရက် အရက်အိုးကိုကောက်ကိုင်၍ အရက်များကိုသွန်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အရက်အိုးထဲကိုကြည့်လိုက်သည်။

အလင်းရောင်ကြောင့် စိမ်းဖန့်ဖန့်အရောင်တစ်ချက်လက်သွားသည်ကို တွေ့လိုက်ရသည်။

လုဝေ တစ်ချက်ပြုံးလိုက်သည်။

ပြီးမှ သူကအရက်အိုးကိုခွဲလိုက်သည်။

အရက်အိုးဖင်၌ အပ်တစ်ချောင်းစိုက်နေသည်ကိုတွေ့ရသည်။ အပ်ကသုံးလက်မခန့်ရှည်၏။

အရက်အိုး၏ဖင်သည် တစ်လက်မခန့်သာထူ၏။

ထို့ကြောင့် အဆိပ်အပ်ကို အရက်အိုး၏ဖင်မှစိုက်သွင်းခဲ့ခြင်းပင် ဖြစ်၏။

အပ်ကို အဆိပ်လူးထားပြီး အရက်အိုး၏ဖင်မှစိုက်သွင်းခဲ့၏။

သို့ဖြစ်၍ အဆိပ်လူးထားသောအပ်သည် အရက်အိုးထဲမှအရက်နှင့်ထိတွေ့သောအခါ အပ်မှအဆိပ်များသည် အရက်ထဲသို့ စိမ့်ဝင်သွားခဲ့ခြင်းဖြစ်သည်။

****



လုဝေသည် အရက်အိုးထဲ မည်သို့မည်ပုံ အဆိပ်ခပ်ထား ကြောင်းကိုသိလိုက်ရပြီဖြစ်၏။

သို့သော် မည်သူက ထိုသို့ပြုလုပ်ခဲ့သနည်း။

တစ်လက်မခန့်ထူသောအရက်အိုး၏ဖင်မှ သုံးလက်မရှည် သောအပ်ကိုစိုက်သွင်းခဲ့သူသည် သာမန်သိုင်းသမားတစ်ယောက် မ ဖြစ်နိုင်ပါ။

ထို့ကြောင့် လုဝေ သက်ပြင်းချလိုက်၏။

ပြီးမှ သူက မိန်းကလေးကိုလှမ်းကြည့်လိုက်၏။

သူ၏အကြည့်က သံမဏိဓားသွားကဲ့သို့ စူးရှထက်မြက် နေ၏။ ထို့ကြောင့် မိန်းကလေးသည် လုဝေ၏အကြည့်ကိုမခံနိုင်ဘဲ ခေါင်းငုံ့ထားခြင်းဖြစ်ပေသည်။

သူမ၏ခန္ဓာကိုယ်သည် ကြောက်ရွံ့၍ တုန်လှုပ်နေ၏။

လုဝေ သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး....

"ဒီအရက်အိုးကို မင်းယူခဲ့တာမဟုတ်လား"

မိန်းကလေးက ခေါင်းညိတ်၏။

"ဟုတ်... ဟုတ်ပါတယ်"

"ဘယ်ကယူလာတာလဲ"

လုဝေကထပ်၍မေးလိုက်၏။

မိန်းကလေးက ကြောက်ရွံ့တုန်လှုပ်စွာဖြင့်...

"မြေ... မြေအောက်ခန်းထဲကပါ"

www.burmeseclassic.com

www.burmeseclassic.com



လုဝေက မိန်းကလေးကိုစူးစိုက်ကြည့်ပြီး....

"မြေအောက်ခန်းထဲမှာ အရက်အိုး ဘယ်လောက်ရှိသလဲ"

မိန်းကလေးက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

"အရက်အိုးတစ်ရာကျော်လောက်ရှိတယ်"

"ဘာဖြစ်လို့ မင်းက ဒီအရက်အိုးကိုရွေးပြီး ယူလာရတာလဲ"

မိန်းကလေးက ကြောက်ရွံ့တုန်လှုပ်စွာဖြင့်....

"ကျွန်မယူလာတာ မဟုတ်ပါဘူး"

လုဝေ မျက်မှောင်ကြုတ်သွားသည်။

"မင်းယူလာတာမဟုတ်ရင် ဘယ်သူပေးလိုက်တာလဲ"

မိန်းကလေးက ခေါင်းငုံ့လိုက်ပြီး....

"သခင်မလေးက ပေးလိုက်တာပါ"

ထိုစကားကြောင့် လုဝေ မျက်မှောင်ကြုတ်သွားပြန်သည်။

"ဘာ... သခင်မလေးကပေးလိုက်တာ ဟုတ်လား"

"ဟုတ်... ဟုတ်ပါတယ်၊ သခင်မလေးက အကောင်းဆုံးအရက်အိုးယူခဲ့ရမယ်ဆိုလို့ ကျွန်မက ဒီအရက်အိုးကိုယူလာခဲ့တာပါ"

"မင်းရဲ့သခင်မလေးဘယ်မှာလဲ"

"အ... အခန်းထဲမှာ အဝတ်အစားလဲနေပါတယ်"

လုဝေ တစ်စုံတစ်ရာပြောရန် ဟန်ပြင်လိုက်ချိန်၌ အခန်းတံခါးပွင့်လာပြီး အခန်းထဲသို့ မိန်းကလေးတစ်ယောက် ဝင်လာလေတော့၏။



ထိုမိန်းကလေးသည် အဝတ်အစားများကို ရိုးရိုးနှင့်ယဉ်ယဉ် သာဝတ်ဆင်ထား၏။

သူမ၏အလှသည် တည်ငြိမ်၏။

သူမသည် အခန်းတံခါးဝ၌ရပ်တန့်ပြီး လုဝေကိုလှမ်းကြည့်လိုက်၏။ ပြီးမှ....

လုဝေထံသို့တစ်လှမ်းချင်းလျှောက်လာလေသည်။

****

မိန်းကလေးသည် လုဝေရှေ့၌ရပ်တန့်လိုက်၏။ သူမထံမှ မွှေးကြိုင်သောရနံ့များက လုဝေ၏နှာခေါင်းထဲသို့တိုးဝင်လာ၏။

"ကျွန်မ အဝတ်အစားလဲတာ နည်းနည်းကြာသွားတယ်၊ ခွင့်လွှတ်ပါ"

လုဝေက သက်ပြင်းရှိုက်လိုက်ပြီး....

"ခင်ဗျားအခန်းကမိုးယိုလို့လား"

"မဟုတ်ဘူး... ကျွန်မ မိုးရေထဲကပြန်လာလို့ပါ"

လုဝေကပြုံး၍....

"မင်းရဲ့ပျံလွှားလေဝဲကိုယ်ဖော့ပညာက အံ့မခန်းပါလား"

မိန်းကလေးကပြုံးရင်း....

"ရှင်ကလဲ ကျွန်မထင်တာထက်ပိုပြီးတော်ပါတယ်"

ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ် ကံကောင်းလို့ပါ"

"ဘာပဲဖြစ်ဖြစ်ပေါ့... ရှင်က ဒီအဝ်ကလေးကိုတွေ့အောင် ရှာနိုင်ခဲ့ပြီပဲ၊ ဒီအဝ်ကလေးရဲ့အကြောင်းကို ရှင်သိမှာပေါ့"

လုဝေက ဘာမျှပြန်မပြောပါ။

မိန်းကလေးက စကားဆက်လိုက်သည်။

"ဒီအဝ်ဟာ ထန်ကျားကျေးရွာရဲ့ လက်နက်ပုန်းတစ်ခုပဲ"

လုဝေ ဘာမျှပြန်မပြောပါ။ သူသည် သုံးလက်မခန့်ရှိအဝ်ကို မြင်ကတည်းက ထန်ကျားမိသားစု၏လက်နက်ပုန်းဖြစ်ကြောင်းသိခဲ့ပြီးဖြစ်သည်။

ထန်ကျားကျေးရွာသည် လက်နက်ပုန်းပြုလုပ်ရာ၌ နာမည်ကျော်ကြားသောမိသားစုကျေးရွာဖြစ်ခဲ့၏။

သို့သော်... ထန်ကျားကျေးရွာသည် မည်သည့်အကြောင်းကြောင့်မှန်း မသိပါ။ သိုင်းလောကမှပျောက်ချင်းမလှ ပျောက်ကွယ်သွားခဲ့လေသည်။ မိန်းကလေးက...

"စောစောကလမ်းကြားထဲသေခဲ့တဲ့အဘိုးကြီးက ထန်ကျားကျေးရွာရဲ့မိသားစုထဲကပဲ၊ ဒါပေမဲ့ သစ္စာဖောက်"

သူမသည် လုဝေကိုစိုက်ကြည့်ပြီး စကားဆက်လိုက်ပြန်၏။

"သူက ဒီကိုရောက်လာတယ်... ဒီမှာက ထန်ကျားကျေးရွာလို အစောင့်အကြပ်ရှိတာမဟုတ်ဘူး၊ အရက်လှောင်တဲ့မြေတိုက်ခန်းကလဲ သော့ခတ်ထားတာမဟုတ်ဘူး"



လုဝေမှာ မိန်းကလေးကိုကြည့်ရင်း ချွေးများပြန်လာသည်

သူ၏ခန္ဓာကိုယ်သည် တုန်ယင်၍လာ၏။ သူ၏အသက်ရှူ နှုန်းလည်းမြန်လာ၏။ မိန်းကလေးသည် လုဝေ၏မျက်နှာအမူအရာ ပြောင်းလဲသွားသည်ကို သတိပြုမိလိုက်၏။

ထို့ကြောင့် ထိတ်လန့်တကြားဖြစ်ကာ...

"ဟင်... ရှင်လဲ အဆိပ်မိထားသလား"

လုဝေသည် ဘာမျှပြန်မပြောဘဲ ရုတ်တရက် မိန်းကလေး ကိုတွန်းဖယ်ကာ လေသာဆောင်ပြတင်းပေါက်သို့ ပြေးသွားလေ၏။ ထို့နောက် သူသည် ပြတင်းပေါက်မှခုန်ဆင်းသွားတော့သည်။

အိမ်ဖော်မိန်းကလေးက အံ့ဩဟန်ဖြင့်...

"သူ... သူ ရောဂါရှိလို့လား"

ဟုမေးလိုက်၏။

မိန်းကလေးက သက်ပြင်းချလိုက်ပြီး...

"ဟုတ်တယ်... သူ့ရောဂါကျွမ်းနေပြီ"

အိမ်ဖော်မိန်းကလေးက ကရုဏာသက်ဟန်ဖြင့်...

"ဟုတ်လား... ဘာရောဂါလဲဟင်"

"မိန်းမတစ်ယောက်ကိုသိပ်ပြီးချစ်တဲ့ရောဂါပဲ"

ဟုဖြည်းညင်းစွာပြောလိုက်လေတော့၏။

****

www.burmeseclassic.com

www.burmeseclassic.com



မိုးသည် သည်းထန်စွာ ရွာနေဆဲဖြစ်၏။

လုဝေသည် မိုးရေထဲပြေးနေ၏။

သူသည် မှောင်မိုက်သောလမ်းကြားတစ်ခုအတွင်းသို့ဝင်ရောက်လိုက်၏။ လမ်းကြားတွင်းသို့ရောက်သောအခါ လုဝေသည် မြေပေါ်သို့လဲကျသွား၏။

သူ၏ကိုယ်သည် ကွေးကောက်၍သွားသည်။

သူ၏မျက်နှာပေါ်၌ ပြင်းပြသောဝေဒနာခံစားနေရဟန်ပေါ်လွင်နေ၏။ သူသည်ဝမ်းဗိုက်ကို လက်ဖြင့်ပွတ်ရင်းငိုကြွေးနေ၏။

ထို့နောက် သူသည် အဆက်မပြတ်အော့အန်၍နေသည်။ သူ့တွင် ဝေဒနာတစ်ခုရှိသည်။ ထိုဝေဒနာသည် စိတ်ဝေဒနာဖြစ်သည်။

သူ၏စိတ်ထဲ၌ နှစ်ပေါင်းများစွာ ခံစားနေရသောဝေဒနာဖြစ်သည်။ ထို့ကြောင့်....

သူသည် အလွန်ဒေါသထွက်သောအခါ၌လည်းကောင်း၊

ဝမ်းနည်းစရာများ ကြုံတွေ့ရသောအခါ၌လည်းကောင်း၊

အလွန်စိတ်လှုပ်ရှားသောအခါ၌လည်းကောင်း

သူ၏ဝေဒနာသည် ဖောက်ပြန်လာတတ်၏။

ထိုအခါ၌ သူသည် လူသူမရှိသောနေရာများ၌ တစ်ယောက်တည်း ခံစားနေတတ်သည်။

မိုးက သည်းထန်စွာရွာနေသည်။

မိုးရေများက သူ့ကိုယ်ပေါ်သို့တဖြန်းဖြန်းကျနေသည်။



သူသည် ဗိုက်ထဲ၌လှုးလှိမ့်နေသောကြောင့် သူ၏ကိုယ်တစ်ခုလုံးသည် ပေကျံနေသည်။ ထိုအချိန်တွင် သေးသွယ်သောလူရိပ်တစ်ရိပ်သည် ထီးဆောင်းလျက် သူ့ထံသို့ တစ်လှမ်းချင်းလှမ်းလာလေသည်။

****

လုဝေ၏မျက်လုံးများသည် ခြေထောက်တစ်စုံကိုတွေ့လိုက်ရ၏။ ဖြူဖွေးသေးသွယ်ပြီး လှပသောခြေထောက်တစ်စုံဖြစ်၏။ ခြေထောက်၌ အဝတ်ဖိနပ်စီးထားသည်။

ထို့နောက်.... သွယ်လျသောလက်ချောင်းကလေးများက လုဝေ၏မျက်နှာပေါ်သို့ညင်သာစွာကျလာသည်။

လုဝေက ထရပ်ရန်ကြိုးစားလိုက်၏။

သို့သော် သူ၏ခြေထောက်များမှာ အားအင်များကုန်ခန်းသကဲ့သို့ချည့်နဲ့နေသည်။

နွေးထွေး၍ နူးညံ့သောလက်တစ်ဖက်က လုဝေ၏ကိုယ်ကိုပွေ့ပိုက်လိုက်သည်။ လုဝေ၏မျက်နှာသည် နွေးထွေး၍သွယ်လျသောရင်ခွင်တစ်ခုအတွင်းသို့ကျရောက်သွား၏။

လုဝေသည် ထိုရင်ခွင်တွင်း၌ တသိမ့်သိမ့်ငိုကြွေးလိုက်လေတော့၏။

****

www.burmeseclassic.com

www.burmeseclassic.com



လုဝေသည် မည်မျှကြာအောင် သတိမေ့နေမိသည်မသိပါ။

သူ ပြန်လည်သတိရလာသောအခါ သန့်ရှင်းသပ်ရပ်သော ခုတင်တစ်လုံးပေါ်ရောက်နေကြောင်း ပထမဆုံးသတိပြုမိသည်။

ထို့နောက်... သူ၏အနီး၌ မိန်းကလေးရှိနေသည်ကို ဒုတိယအနေဖြင့်သတိပြုမိသည်။

သူမသည် ခုတင်အနီး၌ရှိသောကုလားထိုင်တစ်လုံးပေါ်၌ ထိုင်နေသည်။ သူမ၏အဝတ်အစားများမှာ သစ်လွင်သည်ဟု မဆိုသာသော်လည်း သန့်ရှင်းသပ်ရပ်နေ၏။

သူမ၏အဝတ်အစားများက တောက်ပခြင်းမရှိသော်လည်း သူမ၏မျက်လုံးများက ကောင်းကင်ပေါ်မှငွေကြယ်ကလေးများကဲ့သို့ တလက်လက်တောက်ပနေသည်။

သူမ၏မျက်နှာပေါ်၌ မည်သည့်အရာမှလိမ်းခြယ်ထားခြင်း မရှိပါ။ သို့သော် သူမ၏မျက်နှာက လဝန်းကဲ့သို့ရွှန်းလက်နေသည်။

လုဝေက သူမကိုကြည့်နေသည်။

ထိုစဉ် သူမက လုဝေကိုလှမ်းကြည့်လိုက်၏။

ထို့ကြောင့် လုဝေ၏မျက်လုံးများနှင့်သူမ၏မျက်လုံးများ အကြည့်ချင်းဆုံသွားသည်။

သူမ၏မျက်လုံးများနှင့်သူမ၏အကြည့်သည် လုဝေ၏ရင်ထဲ၌ ထူးခြားသောခံစားမှုတစ်ရပ်ဖြစ်ပေါ်လာ၏။

မိန်းကလေးက လုဝေကိုပြုံးပြလိုက်ပြီး....



"ရှင်ဘာမှမပြောနဲ့... ကျွန်မ ရှင့်ကိုခေါ်လာတာ ချင်းစိန်စန်းရဲ့အသက်ကိုကယ်ပေးစေချင်လို့ပါ... သူ့ရဲ့အခြေအနေကသိပ်ပြီးဆိုးနေတယ်"

လုဝေ မျက်စိမှိတ်ထားလိုက်၏။

မိန်းကလေးက မျက်လွှာကိုချပြီး....

"ထန်ကျားကျေးရွာရဲ့အဆိပ်ကိုဖြေနိုင်တဲ့လူ သုံးယောက်ပဲရှိတယ်၊ အဲဒီသုံးယောက်ထဲမှာ ရှင်ပါနေတယ်"

လုဝေ ဘာမျှမပြောပါ။ သူသည် ခုတင်ပေါ်မှထပြီး ပြတင်းပေါက်သို့လျှောက်သွားသည်။

ထို့နောက် ပြတင်းပေါက်ဘောင်ကိုလက်ထောက်၍ရပ်ပြီး အဝေးသို့ငေးကြည့်နေသည်။

အတန်ကြာမှ သူသည် သက်ပြင်းချပြီး မိန်းကလေးကိုလှည့်မကြည့်ဘဲမေးလိုက်၏။

"သူ ဒီမှာရှိလား"

မိန်းကလေးက လုဝေ၏နောက်ကျောကိုကြည့်ရင်း....

"ရှိတယ်... အတွင်းခန်းထဲမှာပါ"

"ကောင်းပြီ... ငါသွားလိုက်မယ်၊ မင်း မလိုက်လာနဲ့"

ထို့နောက် လုဝေသည် အတွင်းခန်းထဲသို့ရောက်သွားလေသည်။ မိန်းကလေးက လုဝေအခန်းထဲသို့ဝင်ရောက်သွားသည်အထိ လိုက်၍ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် လုဝေက မိန်းကလေးကိုလှည့်မကြည့်ပါ။

အတန်ကြာမှ လုဝေ၏အသံသည် အတွင်းခန်းမှပေါ်ထွက်လာသည်။

"မစိုးရိမ်ရတော့ဘူး... သုံးရက်ကြာရင် သတိပြန်ရလာမယ်၊ ခုနစ်ရက်ကြာရင် အကောင်းအတိုင်း ပြန်ဖြစ်မယ်၊ ကျူပ်ဖြေဆေးကို စားပွဲပေါ်မှာထားခဲ့တယ်၊ တစ်နေ့တစ်လုံးမှန်မှန်တိုက်ပေးပါ"

မိန်းကလေးက အတွင်းခန်းသို့လှမ်း၍ပြောလိုက်၏။

"အခု ရှင်သွားလို့မဖြစ်သေးဘူး"

သို့သော် အတွင်းထဲမှ လုဝေ၏အသံ ပေါ်ထွက်မလာပါ။

မိန်းကလေးက သက်ပြင်းချကာ....

"ရှင် ကျွန်မကိုမတွေ့ချင်ပေမဲ့ လောလောဆယ် ရှင်သွားလို့မဖြစ်သေးဘူး"

ထပ်ပြောလိုက်၏။

အတွင်းခန်းမှ လုဝေ၏တုံ့ပြန်သံပေါ်ထွက်မလာပါ။

မိန်းကလေးကသက်ပြင်းချရင်း....

"ရှင့်ကို ကျွန်မကိုယ်ချင်းစာပါတယ်... ရှင့်အပေါ် နားလည်းလည်ပါတယ်၊ ရှင့်စိတ်ထဲမှာ ဝမ်းနည်းစရာတွေနဲ့ကြုံခဲ့မယ်ဆိုတာ ကျွန်မသိပါတယ်၊ ပြီးတော့ အဲဒီလူဟာ ကျွန်မနဲ့ရုပ်ချင်းတူနေမယ်လို့လဲ ကျွန်မထင်ပါတယ်"

လုဝေ၏အသံ ပေါ်ထွက်မလာပါ။



သူမသည် နှုတ်ခမ်းကိုကိုက်လိုက်ပြီး....

"ဒါပေမဲ့ ရှင်တစ်ခုတော့ ခွဲခွဲခြားခြားနားလည်ပေးပါ၊ အဲဒါကတော့ သူကသူ ကျွန်မကကျွန်မ ဆိုတာကိုပါပဲ"

မိန်းကလေးသည် ထိုသို့ပြောပြီးနောက် အတွင်းသို့ လှမ်းကြည့်သည်။ အခန်းတွင်းမှ မည်သည့်အသံမျှမကြားပါ။

ထို့ကြောင့် သူမ၏ရင်ထဲ၌ လုဝေသည် အတွင်းခန်း ပြတင်းပေါက်မှထွက်သွားပြီလားဟုတွေးလိုက်၏။ ထိုစဉ် ရုတ်တရက် လုဝေ၏သက်ပြင်းချသံကိုကြားလိုက်ရသည်။ ထိုအခါမှ မိန်းကလေးသည် စိတ်အေးသွားဟန်ဖြင့်ပြုံး၍....

"တကယ်လို့ ရှင် နောက်ထပ် တစ်နှစ်လောက်အသက်ရှည်ချင်တယ်ဆိုရင် ရှင့်အနေနဲ့ အချက်နှစ်ချက်ကို သတိထားပါလို့ပြောပါရစေ"

သူမ၏စကားသံဆုံးပြီး အတန်ကြာသောအခါ အတွင်းခန်းထဲမှ လုဝေ၏အသံပေါ်ထွက်လာ၏။

"ဘာကိုသတိထားရမှာလဲ"

"ပထမအချက်က ဒီခုနစ်ရက်အတွင်း ရှင်ဘယ်မှမသွားရဘူး"

အတွင်းခန်းမှ လုဝေ၏အသံပေါ်လာ၏။

"ဒုတိယအချက်က ဘာလဲ"

မိန်းကလေးက....

www.burmeseclassic.com

www.burmeseclassic.com



"ဒုတိယအချက်က မနက်ဖြန်မွန်းတည့်ချိန်မှာ ကျွန်မနောက်ကိုလိုက်ခဲ့ပါ... ရှင့်ကို လူတစ်ယောက်ပြမလို့"

လုဝေ၏အသံ ပေါ်လာ၏။

"ဘယ်ကလူလဲ"

မိန်းကလေးကပြုံးရင်း....

"ချင်းစိန်စန်းကိုသုံးရက်ပိုပြီး အသက်မရှည်စေချင်တဲ့လူတစ်ယောက်ပါ"

ဟုပြောလိုက်သည်။

****

နောက်တစ်နေ့....

မွန်းတည့်ချိန်မတိုင်မီ အခန်းထဲသို့ မိန်းကလေးဝင်လာ၏။ သူမ၏မျက်နှာကို အနက်ရောင်ပိုးပုဝါဖြင့်ဖုံးအုပ်ထား၏။ သူမက လုဝေကိုတစ်ချက်ကြည့်ပြီး....

"ကျွန်မမျက်နှာကို ရှင်မတွေ့ရအောင် ကျွန်မမျက်နှာဖုံးအတုတစ်ခု စွပ်ထားပါ့မယ်"

လုဝေက မိန်းကလေးကိုမကြည့်ပါ။ မိန်းကလေးက....

"ရှင် အဆင်သင့်ဖြစ်ပြီလား"

လုဝေကသက်ပြင်းချပြီး ထိုင်ရာမှထလိုက်၏။

မိန်းကလေးကပြုံး၍....



"ကောင်းတယ်... မြင်းလှည်းလဲ အဆင်သင့်ပြင်ထားပြီးပါပြီ"

မိန်းကလေး၏စကားကြောင့် လုဝေမျက်မှောင်ကုပ်သွား၏။

"မြင်းလှည်းဟုတ်လား"

"ဟုတ်တယ်"

လုဝေကခေါင်းခါယမ်းလိုက်ပြီး....

"မြင်းလှည်းနဲ့သွားဖို့ လိုလို့လား"

မိန်းကလေးက ခေါင်းညိတ်ပြလိုက်ပြီး....

"ကျွန်မက ရှင် သူတို့ကိုတွေ့နိုင်ပြီး သူတို့က ရှင့်ကိုမတွေ့အောင်လို့ မြင်းလှည်းနဲ့သွားဖို့စီစဉ်တာပါ"

လုဝေ ဘာမျှပြန်မပြောတော့ပါ။

****

မြင်းလှည်းက ခြံဝင်း၏အနောက်ပေါက်၌ရပ်ထားသည်။

မြင်းလှည်း၏ပြတင်းပေါက်များကို ယင်းကာများဖြင့် ကာထားသည်။ မိန်းကလေးက မြင်းလှည်းအတွင်းသို့ အရင်ဝင်ထိုင်သည်။ လုဝေက မိန်းကလေး၏နောက်မှလိုက်၍ဝင်သည်။

"ရှင့်ကို ကျွန်မလိုက်ပြမဲ့လူ ဘယ်သူလဲဆိုတာ ရှင်မသိချင်ဘူးလား"

www.burmeseclassic.com



မိန်းကလေးကမေးသည်။

လုဝေ ဘာမျှပြန်မပြောဘဲ ပါးစပ်ပိတ်ထားသည်။

မိန်းကလေးက....

"သူ့နာမည်ကတောက်လု... သိုင်းလောကသားတွေက သူ့ကို မိုးကြိုးနတ်ဓားလို့ခေါ်ကြတယ်"

လုဝေ ဘာမျှပြန်မပြောပါ။

မိန်းကလေးက သက်ပြင်းချရင်း...

"အင်း... ရှင် သိုင်းလောကနဲ့ကင်းကွာခဲ့တာ အတော်ကြာပြီပဲ၊ ဒီလူတွေကို ရှင်ဘယ်လိုလုပ်သိနိုင်မှာလဲ"

လုဝေကသက်ပြင်းချပြီး....

"ငါ ဒီလူတွေကိုသိဖို့လိုသလား"

မိန်းကလေးက....

"သူက စာရင်းထဲမှာပါတဲ့ပုဂ္ဂိုလ်ပဲ"

လုဝေ မျက်မှောင်ကြုတ်သွားသည်။

"စာရင်း ဟုတ်လား... ဘာစာရင်းလဲ"

မိန်းကလေးက....

"သိုင်းလောကမှာ ကျော်ကြားတဲ့ ပညာရှင်တွေရဲ့ စာရင်းလေ"

ထိုစကားကြောင့် လုဝေသည် မိန်းကလေးကို ရုတ်တရက် လှမ်းကြည့်မိလိုက်၏။



မိန်းကလေး၏မျက်နှာ၌ မျက်နှာဖုံးစွပ်ထားသည်။

သို့သော် သူက မိန်းကလေး၏တောက်ပသောမျက်လုံးအစုံကိုတွေ့လိုက်ရ၏။ ထို့ကြောင့် သူ ချက်ချင်းမျက်နှာလွှဲပြီး သက်ပြင်းချလိုက်သည်။ ပြီးမှ....

"အဲဒီစာရင်းကို ဘယ်သူပြုစုတာလဲ"

"မြို့စားလေးဝမ်"

လုဝေ သက်ပြင်းချလိုက်၏။

သိုင်းလောက၌အောင်မြင်ကျော်ကြားသော လူတစ်ဦးသည် အောင်မြင်ကျော်ကြားသောအခြားတစ်ဦးကို အလျှော့ပေးလေ့မရှိပါ။

ထို့ကြောင့် သိုင်းလောက၌ သူတော်တယ် ငါတော်တယ်ဟု အငြင်းပွားပြီး သွေးချောင်းစီးတိုက်ပွဲပေါင်းများစွာ မကြာခဏဖြစ်ပေါ်ခဲ့သည်မဟုတ်ပါလား။

"အဲဒီစာရင်းထဲမှာ မြို့စားလေးဝမ်က သူ့နာမည်ကိုဖော်ထည့်ထားသလား"

မိန်းမပျိုလေးက ခေါင်းခါယမ်းပြ၏။

"မပါဘူး"

လုဝေသည်မျက်မှောင်ကုပ်၍စဉ်းစားလိုက်ပြီး....

"စာရင်းထဲမှာ လူဘယ်နှစ်ယောက်ရှိလဲ"

"အားလုံး ဆယ့်သုံးယောက်ရှိတယ်"

လုဝေသည် တစ်စုံတစ်ခုကိုစဉ်းစားမိဟန်ဖြင့်....

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီစာရင်းထဲမှာ ဖုန်ကြားလျှံရဲ့နာမည်ကော ပါလား"

မိန်းကလေးက ခေါင်းခါလိုက်၏။

"မပါဘူး"

"မင်း မျက်စိရှမ်းသွားပြီနဲ့တူတယ်"

မိန်းကလေးက....

"သူ့နာမည်ကို တမင်မထည့်တာလို့ပြောသံကြားတယ်"

"ဘာဖြစ်လို့လဲ"

"ရှင်က သူများနာမည်တွေပဲလိုက်မေးနေတယ်၊ ရှင့်နာမည် ပါမပါ ဘာလို့မမေးတာလဲ"

"ကျုပ်နာမည် ပါနေလို့လား"

မိန်းကလေးက ခေါင်းညိတ်ကာ....

"ပါတယ်... အဲဒီစာရင်းမှာ ရှင့်နာမည်ကော ချင်းစိန်စန်းရဲ့ နာမည်ပါ ပါတယ်"

ထိုစကားကြောင့် လုဝေ၏မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်သွား၏။ အတန်ကြာမှ သူသည် သက်ပြင်းချရင်း....

"မကောင်းတော့ဘူး"

ဟုတီးတိုးပြောလိုက်၏။

မိန်းကလေးက....

"ဘာမကောင်းတာလဲ"

ဟုမေးလိုက်သည်။



လုဝေကသက်ပြင်းချကာ....

"လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ရာလောက်က မေ့ချောင်းဆိုတဲ့ ပညာရှင်တစ်ယောက် ပေါ်ခဲ့ဖူးတယ်"

မိန်းကလေးက စိတ်ဝင်စားဟန်ဖြင့်....

"ဟုတ်လား... ပြောစမ်းပါဦး"

"သူက သိုင်းလောကမှာကျော်ကြားတဲ့ပညာရှင်တွေ အသုံး ပြုတဲ့လက်နက်စာရင်းကို ပြုစုခဲ့တယ်"

"ဟုတ်လား"

"ဟုတ်တယ်... အဲဒီလို စာရင်းပြုစုလိုက်တဲ့အတွက် ရခဲ့တဲ့ အကျိုးကျေးဇူးကတော့ သိုင်းလောကမှာ သွေးချောင်းစီးတိုက်ပွဲတွေ ဖြစ်ပေါ်လာခဲ့တာပဲ"

မိန်းကလေးကသက်ပြင်းချလိုက်ပြီး....

"ဖြစ်နိုင်ပါတယ်"

ဟု ပြော၏။

လုဝေက တစ်စုံတစ်ရာကိုသတိရဟန်ဖြင့်....

"မင်းပြောတဲ့စာရင်းကို ဘယ်လိုပြုစုထားတာလဲ"

မိန်းကလေးက....

"နာမည်တွေကိုစီပြီး ရေးထားတယ်"

လုဝေကမျက်မှောင်ကြုတ်၍....

"ဘယ်သူကပထမ... ဘယ်သူကဒုတိယ မပါဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ခေါင်းခါယမ်းရင်း....

"ပြုစုတဲ့စာရင်းမှာ ပထမ... ဒုတိယ... တတိယဆိုတာ မပါဘူးလို့ရှင်းလင်းထားတယ်"

"ဘာပဲဖြစ်ဖြစ် စာရင်းပြုစုရင်တော့ အစီအစဉ်အတိုင်းရေးရမှာပဲ"

"ဟုတ်ပါတယ်... စာရင်းမှာ အမှတ်စဉ် တပ်ထားပါတယ်"

လုဝေ ပြုံးလိုက်ပြီး....

"ကျူပ်ထင်တာမလွဲဘူးဆိုရင်တော့ ချင်းစိန်စန်းရဲ့ နာမည်ဟာ ထိပ်ဆုံးမှာဖြစ်လိမ့်မယ်"

မိန်းကလေး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်... ချင်းစိန်စန်းရဲ့ နာမည်ဟာ အမှတ်စဉ်တစ်မှာရှိနေပါတယ်"

"ဒါကြောင့် ဒီလူဟာ ခြောက်လအတွင်း (၃၉)ကြိမ်လောက် လုပ်ကြံခံရတာကိုး"

ထိုစဉ် မြင်းလှည်းရပ်တန့်သွား၏။

မိန်းကလေးက ယင်းကာကိုအသာလှပ်ပြီးမေးလိုက်သည်။

လုဝေကလည်း ယင်းကာအသာလှပ်ပြီး ချောင်းကြည့်လိုက်၏။ မြင်းလှည်းက အဆောက်အဦတစ်ခုနှင့်မျက်နှာချင်းဆိုင်၌ ရပ်တန့်လိုက်ခြင်းဖြစ်၏။ လုဝေ ထိုအဆောက်အဦ၏အဝင်ဝမှ ရွှေရောင်ဖောင်းကြွစာလုံးဖြင့်ပြုလုပ်ထားသောဆိုင်းဘုတ်ကို ဖတ်လိုက်၏။



ရွှေနဂါးစားသောက်ဆိုင်....

မိန်းကလေး ရွှေနဂါးစားသောက်ဆိုင်ကိုကြည့်ရင်း....

"တောက်လုဟာ နေ့တိုင်း ဒီဆိုင်မှာ နေ့လယ်စာစားတယ်"

လုဝေ မျက်နှာပေါ်မှကြွက်သားများ တင်းမာသွား၏။

သိုင်းလောက၌ ကျော်ကြားသောသိုင်းသမားများစွာ ရှိသည်။ သို့သော် မြို့စားလေးဝမ်ပြုစုသောစာရင်း၌ ဆယ့်သုံးယောက်သာရှိသည်။

ထို့ကြောင့် ထိုစာရင်း၌ပါသောလူသည် မည်မျှသိုင်းပညာအဆင့်မြင့်ပြီး မည်မျှကြောက်မက်ဖွယ်ကောင်းသည်ကိုစဉ်းစား၍ရနိုင်ပေသည်။ ထို့ကြောင့် လုဝေသည် သက်ပြင်းတစ်ချက် မသိမသာချလိုက်မိလေသည်။

****

မွန်းတည့်ချိန်ဖြစ်၏။ နေက ဦးခေါင်းပေါ်သို့ရောက်လာပြီဖြစ်၏။ မိန်းကလေးသည် ယင်းကာကြားမှချောင်းကြည့်ရင်း....

"ဟော... သူထွက်လာပြီ"

ဟုပြောသည်။

ထို့ကြောင့် လုဝေက ယင်းကာကိုအသာလှပ်ပြီး ချောင်းကြည့်လိုက်သည်။ ထွားကျိုင်းသောလူတစ်ယောက်သည် ရွှေနဂါးစားသောက်ဆိုင်မှထွက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



မှန်းတည့်ချိန်ဖြစ်၍ သူ၏အရိပ်သည် သူ၏ခြေအောက်သို့ ရောက်နေ၏။

မိန်းကလေးကလေးသိဖြင့်....

"တောက်လုဆိုတာ အဲဒီလူထွားကြီးပဲ"

ဟုပြောလိုက်၏။

တောက်လုသည် ယခင်တောက်လု မဟုတ်တော့ပါ။

သူသည် သိုင်းလောကမှအကျော်အမော်ဆယ့်သုံးယောက်စာရင်း၌ ပါဝင်နေသောပုဂ္ဂိုလ်ဖြစ်နေသည်။

ထို့ကြောင့် တောက်လုသည် ယခင်ကကဲ့သို့ ဖြစ်ကတတ်ဆန်း မဝတ်ဆင်တော့ပါ။ သူသည် အဝတ်အစားများကိုသပ်ရပ်စွာဝတ်ဆင်ထားလေသည်။

ဆံပင်ကိုလည်း ဆီထည့်၍ သပ်ရပ်စွာဖြီးသင်ထားသည်။

သူသည် နှစ်ပေါင်းနှစ်ဆယ်မျှ ဒုက္ခသုခခံစားရပြီးနောက် လူတိုင်းက အားကိုးအားထားပြုရသော သိုင်းလောက၏အကျော်အမော်စာရင်းဝင် ပုဂ္ဂိုလ်ကြီးဖြစ်နေလေပြီ။

****



စားသောက်ဆိုင်မှထွက်လိုက်သည်နှင့် လမ်းပေါ်မှလူများသည် တောက်လုကိုဝိုင်းကြည့်နေကြ၏။ လူတိုင်းက သူ့ကို ယခုကဲ့သို့ ဝိုင်းကြည့်သည်ကိုသဘောကျသည်။

သို့သော် မျက်နှာချင်းဆိုင်၌ ရပ်တန့်ထားသောမြင်းလှည်း၏ယင်းကာကြားမှချောင်းကြည့်နေသောမျက်လုံးကိုမူ တောက်လုသဘောမကျပါ။

သူသည် ခါး၌ချိတ်ထားသောဓားဖြင့် ထိုမြင်းလှည်း၏ထက်ပိုင်းပြတ်အောင်ခုတ်ပြီး ချောင်းကြည့်နေသောမျက်လုံးနှစ်စုံကို ထိုးဖောက်ပစ်လိုက်ချင်သည်။

သို့သော် တောက်လု မလုပ်ဖြစ်ပါ။ သူသည် သိုင်းလောက၏ကျော်ကြားသောပုဂ္ဂိုလ်ဆယ့်သုံးယောက်စာရင်းထဲ၌ ပါဝင်နေသည်မဟုတ်ပါလား။

ထို့ကြောင့်....

တောက်လုသည် စိတ်ကိုထိန်းချုပ်ပြီး သူ့ကိုချောင်းကြည့်နေသောမျက်လုံးနှစ်စုံကိုမသိကျိုးကျွံပြုကာ တည်းခိုခန်းသို့ ခြေလှမ်းမှန်မှန်ဖြင့်လျှောက်သွားလေသည်။

****

www.burmeseclassic.com

www.burmeseclassic.com



"တောက်လုကို ရှင်ဘယ်လိုမြင်သလဲ"

မိန်းကလေးက လုဝေကိုကြည့်၍မေးလိုက်သည်။

လုဝေက ပခုံးတွန့်လိုက်ပြီး....

"နောက်သုံးနှစ်အတွင်းမှာ သူသေရင်သေ... မသေရင်ရူးမှာပဲ"

မိန်းကလေးက အသာအယာခေါင်းခါလိုက်၏။

"ခက်တာက အခုထိ သူကမရူးသေးဘူး"

ယင်းသို့ပြောနေစဉ်မှာပင် မြင်းလှည်းကရပ်သွားပြန်သည်။

မိန်းကလေးက ယင်းကာမှချောင်းမကြည့်ဘဲ....

"ကျွန်မတို့လှည်းရဲ့မျက်နှာချင်းဆိုင်မှာ ယုံဖွေလက်ဖက်ရည်ဆိုင်ရှိတယ်"

လုဝေသည် ယင်းကာကို လက်ဖြင့် အသာလှပ်ပြီး ချောင်းကြည့်လိုက်၏။

လုဝေက ဟိုဟိုသည်သည်ကြည့်နေသဖြင့် မိန်းကလေးက ဆက်ပြောလိုက်သည်။

"ယုံဖွေလက်ဖက်ရည်ဆိုင်က နာမည်တပ်မထားဘူး... ဒါပေမဲ့ ဒီနေရာမှာတော့ လူသိပ်စည်တဲ့လက်ရည်ဆိုင်ပဲ"

လုဝေသည် လူစည်ကားသောဆိုင်ကိုရှာကြည့်လိုက်၏။

"ရှင် ဘာတွေ့လဲ"

လုဝေသည် ချောင်းကြည့်နေရာမှ....



"လူ...."

ဟုဖြေလိုက်သည်။

"ဘယ်နှစ်ယောက်လဲ"

မိန်းကလေးက ထပ်၍မေးလိုက်သည်။

"ခုနစ်ယောက်"

ဟု ဖြေလိုက်သည်။

မိန်းကလေးသဘောကျစွာတီးတိုးရယ်လိုက်ပြီး....

"ဟုတ်ရဲ့လား... ဒီအချိန်ဟာ လူအစည်ကားဆုံးအချိန်ပဲ၊ ဆိုင်ထဲမှာ လူအနည်းဆုံး သုံးဆယ်လောက်ရှိရမယ်"

"ကျုပ်ကတော့ ခုနစ်ယောက်ပဲတွေ့တယ်"

"သေချာရဲ့လား"

လုဝေ ကျွဲမြီးတိုသွားပုံရ၏။

"ကျုပ်မျက်စိ ဒီလောက်မမွဲသေးပါဘူးဗျ"

မိန်းကလေးကပြုံးရင်း ....

"ရှင့်မျက်လုံးက ရှင့်ရဲ့ဓားလို အင်မတန်ထက်ပါလား"

"ကျုပ်မျက်လုံးက ဘယ်အရာမဆို တစ်ခါလောက်ကြည့်ရုံနဲ့ လုံလောက်ပါတယ်ဗျာ"

မိန်းကလေးက သဘောကျစွာရယ်လိုက်ပြီး....

"ကောင်းပြီ... အဲဒီခုနစ်ယောက်က ဘယ်သူတွေလဲ"

ဟုမေးလိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



လုဝေက....

"ဆိုင်ရဲ့ဘယ်ဘက်က စစ်တုရင်ထိုးနေတဲ့လူနှစ်ယောက်၊ သူတို့နားမှာထိုင်ပြီး မြေပဲအခွံခွာစားနေတာကတစ်ယောက်၊ ပြီးတော့ အလယ်ကစားပွဲမှာထိုင်နေတဲ့ဘုန်းတော်ကြီးကတစ်ပါး၊ ဟော့ဟိုဘက်က ချောင်ထဲမှာထိုင်နေတဲ့ကျောက်ပေါက်မာနဲ့ လူတစ်ယောက်... သီချင်းဆိုနေတဲ့မိန်းမကတစ်ယောက်... ပြီးတော့ စားပွဲပေါ်မှာ မှောက်ခုံကြီးအိပ်နေတဲ့လူကြီးတစ်ယောက်"

မိန်းကလေးက ကျေနပ်စွာပြုံးလိုက်ပြီး....

"ရှင် ဘယ်လိုလုပ်ပြီးရွေးထုတ်နိုင်တာလဲ"

ဟု မေးလိုက်သည်။

လုဝေသည် ယင်းကာကိုပြန်ချလိုက်ပြီး မိန်းကလေးကို ကြည့်လိုက်သည်။ ပြီးမှ....

"သူတို့က လူတွေထဲမှာ ဘယ်လိုပဲရောပြီးနေနေ သူတို့ရဲ့ အမူအရာနဲ့ဟန်ပန်က ကွဲပြားနေတာပဲ"

တစ်ဆက်တည်းပင်....

"စားပွဲပေါ်မှာမှောက်ပြီးအိပ်နေတဲ့ လူဝကြီးဆိုရင် အတော်ကြောက်ဖို့ကောင်းတဲ့ကြေးစားဓားသမားတစ်ယောက်ပဲ"

ဟုပြောလိုက်သည်။

မိန်းမပျိုမှာအံ့ဩသွားပြီး....

"ရှင် သူ့ကိုသိနေလို့လား"



လုဝေ အသာခေါင်းခါလိုက်၏။

"ကျုပ် သူ့ကိုမသိပါဘူး"

မိန်းကလေးမှာ ဘဝင်မကျဖြစ်သွားဟန်တူ၏။

"ဒါဖြင့် ဘာဖြစ်လို့ ကြောက်စရာကောင်းတယ်လို့ ရှင်က ပြောနိုင်ရတာလဲ"

လုဝေကသက်ပြင်းရှိုက်ကာ....

"ဒီလူမှာထူးခြားမှုရှိတယ်"

မိန်းကလေးစိတ်ဝင်စားသွားသည်။

"ဟုတ်လား... ဘယ်လိုထူးခြားတာလဲ"

လုဝေ နှုတ်ခမ်းကိုတစ်ချက်ကိုက်လိုက်ပြီး....

"ဒီလူရဲ့အငွေ့အသက်မှာ သွေးဆာတဲ့အငွေ့အသက်ပါနေတယ်"

မိန်းကလေး အံ့ဩသွားသည်။

"သွေးဆာတဲ့အငွေ့အသက် ဟုတ်လား"

"ဟုတ်တယ်... လူများများသတ်ခဲ့တဲ့ ထိပ်တန်းသိုင်းသမားမှာသာ ဒီလိုအငွေ့အသက်မျိုးတွေ့နိုင်တာ"

လုဝေက ရှင်းပြလိုက်ခြင်းဖြစ်သည်။

"သူ့ကိုကြည့်ရတာ ခပ်နုံနုံလူဝကြီးတစ်ယောက်နဲ့တူတာပဲ"

မိန်းကလေးက စောဒကတက်သည်။

လုဝေက....

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်… ဒါဟာ သူ့ရဲ့အကာအကွယ်ပါပဲ၊ စားကို စားအိမ်ထဲမှာထည့်ထားသလိုပေါ့"

"အင်း… ရှင့်ရဲ့မျက်လုံးက ရှင့်ရဲ့စားထက်တောင် ထက်မြက်နေပါလား"

"အဲဒီလူက ဘယ်သူလဲ"

လုဝေက ရုတ်တရက်မေးလိုက်၏။

"သူ့ကို ကျွန်မသိတယ်လို့ ရှင်ထင်နေလို့လား"

"မင်းက ဒီလူတွေအကြောင်းကို စုံစမ်းပြီးသားပါ။ ကျူပ်ပြောတဲ့အထဲမှာ လူဝကြီးကို နံနံအအလို့မပါဘူး။ မင်း ဘယ်လိုလုပ်သိတာလဲ"

မိန်းကလေး သက်ပြင်းချလိုက်ပြီး….

"ဒါကြောင့် ချင်းစိန်စန်းကပြောတာ"

လုဝေ မျက်မှောင်ကုပ်သွားပြီး….

"ဘာပြောလို့လဲ"

"ရှင်ဟာ လူမဟုတ်ဘူးတဲ့"

လုဝေမှာ ဘာပြန်ပြောရမှန်းမသိဘဲ ပါးစပ်ပိတ်ထားလိုက်လေတော့၏။

*ပထမပိုင်းပြီး၏*

*ဒု–ဇာတ်သိမ်းဆက်လက်ဖတ်ရှုပါရန်*



ရွှေနဂါးစားသော(က်)ဆိုင်….

မိန်းကလေး ရွှေနဂါး(စာ)းသောက်ဆိုင်ကိုကြည့်ရင်း….

"တောက်လုဟာ နေ့တိုင်း ဒီဆိုင်မှာ နေ့လယ်စာစားတယ်"

လုဝေ မျက်နှာပေါ်မှကြက်သ(ီး)များ တင်းမာသွား၏။

သိုင်းလောက၌ ကျော်ကြားသော(သ)ိုင်းသမားများစွာ ရှိသည်။ သို့သော် မြို့စားလေးဝမ်ပြုစုသော(စ)ာရင်း၌ ဆယ့်သုံးယောက်သာရှိသည်။

ထို့ကြောင့် ထိုစာရင်း၌ပါသောလူ(မ)သည် မည်သည့်သိုင်းပညာအဆင့်မြင့်ပြီး မည်မျှကြောက်မက်ဖွယ်ကော(င်း)သည်ကိုစဉ်းစား၍ရနိုင်ပေသည်။ ထို့ကြောင့် လုဝေသည် သက်ပြ(င်း)တစ်(ချ)က် မသိမသာ ချလိုက်မိလေသည်။

****

မွန်းတည့်ချိန်ဖြစ်၏။ နေက ဦးခေါင်းပေါ်သို့ရောက်လာပြီဖြစ်၏။ မိန်းကလေးသည် ယင်းကာကြားမှချောင်းကြည့်ရင်း….

"ဟော… သူထွက်လာပြီ"

ဟုပြောသည်။

ထို့ကြောင့် လုဝေက ယင်းကာကိုအသာလှပ်ပြီး ချောင်းကြည့်လိုက်သည်။ ထွားကျိုင်းသောလူတစ်ယောက်သည် ရွှေနဂါးစားသောက်ဆိုင်မှထွက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



မွန်းတည့်ချိန်ဖြစ်၍ သူ၏အရိပ်သည် သူ၏ခြေအောက်သို့ ရောက်နေ၏။

မိန်းကလေးကလေသံဖြင့်....

"တောက်လုဆိုတာ အဲဒီလူထွားကြီးပဲ"

ဟုပြောလိုက်၏။

တောက်လုသည် ယခင်တောက်လု မဟုတ်တော့ပါ။

သူသည် သိုင်းလောကမှအကျော်အမော်ဆယ့်သုံးယောက် စာရင်း၌ ပါဝင်နေသောပုဂ္ဂိုလ်ဖြစ်နေသည်။

ထို့ကြောင့်, တောက်လုသည် ယခင်ကကဲ့သို့ ဖြစ်ကတတ်ဆန်း မဝတ်ဆင်တော့ပါ။ သူသည် အဝတ်အစားများကိုသပ်ရပ်စွာ ဝတ်ဆင်ထားလေသည်။

ဆံပင်ကိုလည်း ဆီထည့်၍ သပ်ရပ်စွာဖြီးသင်ထားသည်။

သူသည် နှစ်ပေါင်းနှစ်ဆယ်မျှ ဒုက္ခသုခခံစားရပြီးနောက် လူတိုင်းက အားကိုးအားထားပြုရသော သိုင်းလောက၏အကျော် အမော်စာရင်းဝင် ပုဂ္ဂိုလ်ကြီးဖြစ်နေလေပြီ။

****



စားသောက်ဆိုင်မှထွက်လိုက်သည်နှင့် လမ်းပေါ်မှလူများ သည် တောက်လုကိုဝိုင်းကြည့်နေကြ၏။ လူတိုင်းက သူ့ကို ယခုကဲ့သို့ ဝိုင်းကြည့်သည်ကိုသဘောကျသည်။

သို့သော် မျက်နှာချင်းဆိုင်၌ ရပ်တန့်ထားသောမြင်းလှည်း ၏ယင်းကာကြားမှချောင်းကြည့်နေသောမျက်လုံးကိုမူ တောက်လု သဘောမကျပါ။

သူသည် ခါး၌ချိတ်ထားသောဓားဖြင့် ထိုမြင်းလှည်းကို ထက်ပိုင်းပြတ်အောင်ခုတ်ပြီး ချောင်းကြည့်နေသောမျက်လုံးနှစ်စုံကို ထိုးဖောက်ပစ်လိုက်ချင်သည်။

သို့သော် တောက်လု မလုပ်ဖြစ်ပါ။ သူသည် သိုင်းလောက ၏ကျော်ကြားသောပုဂ္ဂိုလ်ဆယ့်သုံးယောက်စာရင်းထဲ၌ ပါဝင်နေ သည်မဟုတ်ပါလား။

ထို့ကြောင့်....

တောက်လုသည် စိတ်ကိုထိန်းချုပ်ပြီး သူ့ကိုချောင်းကြည့် နေသောမျက်လုံးနှစ်စုံကိုမသိကျိုးကျွံပြုကာ တည်းခိုခန်းသို့ ခြေလှမ်း မှန်မှန်ဖြင့်လျှောက်သွားလေသည်။

****

www.burmeseclassic.com

www.burmeseclassic.com



"တောက်လုကို ရှင်ဘယ်လိုမြင်သလဲ"

မိန်းကလေးက လုဝေကိုကြည့်၍မေးလိုက်သည်။

လုဝေက ပခုံးတွန့်လိုက်ပြီး....

"နောက်သုံးနှစ်အတွင်းမှာ သူသေရင်သေ... မသေရင်ရူးမှာပဲ"

မိန်းကလေးက အသာအယာခေါင်းခါလိုက်၏။

"ခက်တာက အခုထိ သူကမရူးသေးဘူး"

ယင်းသို့ပြောနေစဉ်မှာပင် မြင်းလှည်းကရပ်သွားပြန်သည်။

မိန်းကလေးက ယင်းကာမှချောင်းမကြည့်ဘဲ....

"ကျွန်မတို့လှည်းရဲ့မျက်နှာချင်းဆိုင်မှာ ယုံဖွေ့လက်ဖက်ရည်ဆိုင်ရှိတယ်"

လုဝေသည် ယင်းကာကို လက်ဖြင့် အသာလှပ်ပြီး ချောင်းကြည့်လိုက်၏။

လုဝေက ဟိုဟိုသည်သည်ကြည့်နေသဖြင့် မိန်းကလေးက ဆက်ပြောလိုက်သည်။

"ယုံဖွေ့လက်ဖက်ရည်ဆိုင်က နာမည်တပ်မထားဘူး... ဒါပေမဲ့ ဒီနေရာမှာတော့ လူသိပ်စည်တဲ့လက်ရည်ဆိုင်ပဲ"

လုဝေသည် လူစည်ကားသောဆိုင်ကိုရှာကြည့်လိုက်၏။

"ရှင် ဘာတွေ့လဲ"

လုဝေသည် ချောင်းကြည့်နေရာမှ....



"လူ...."

ဟုဖြေလိုက်သည်။

"ဘယ်နှစ်ယောက်လဲ"

မိန်းကလေးက ထပ်၍မေးလိုက်သည်။

"ခုနစ်ယောက်"

ဟု ဖြေလိုက်သည်။

မိန်းကလေးသဘောကျစွာတိုးတိုးရယ်လိုက်ပြီး....

"ဟုတ်ရဲ့လား... ဒီအချိန်ဟာ လူအစည်ကားဆုံးအချိန်ပဲ၊ ဆိုင်ထဲမှာ လူအနည်းဆုံး သုံးဆယ်လောက်ရှိရမယ်"

"ကျုပ်ကတော့ ခုနစ်ယောက်ပဲတွေ့တယ်"

"သေချာရဲ့လား"

လုဝေ ကျွဲမြီးတိုသွားပုံရ၏။

"ကျုပ်မျက်စိ ဒီလောက်မမွဲသေးပါဘူးဗျ"

မိန်းကလေးကပြုံးရင်း ....

"ရှင့်မျက်လုံးက ရှင့်ရဲ့ခေါင်းလို အင်မတန်ထက်ပါလား"

"ကျုပ်မျက်လုံးက ဘယ်အရာမဆို တစ်ခါလောက်ကြည့်ရုံနဲ့ လုံလောက်ပါတယ်ဗျာ"

မိန်းကလေးက သဘောကျစွာရယ်လိုက်ပြီး....

"ကောင်းပြီ... အဲဒီခုနစ်ယောက်က ဘယ်သူတွေလဲ"

ဟုမေးလိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



လုဝေက....

"ဆိုင်ရဲ့ဘယ်ဘက်က စစ်တုရင်ထိုးနေတဲ့လူနှစ်ယောက်၊ သူတို့နားမှာထိုင်ပြီး မြေပဲအခွံခွာစားနေတာကတစ်ယောက်၊ ပြီးတော့ အလယ်ကစားပွဲမှာထိုင်နေတဲ့ဘုန်းတော်ကြီးကတစ်ပါး၊ ဟောဟိုဘက်က ချောင်ထဲမှာထိုင်နေတဲ့ကျောက်ပေါက်မာနဲ့ လူတစ်ယောက်... သီချင်းဆိုနေတဲ့မိန်းမကတစ်ယောက်... ပြီးတော့ စားပွဲပေါ်မှာ မှောက်ခုံကြီးအိပ်နေတဲ့လူကြီးတစ်ယောက်"

မိန်းကလေးက ကျေနပ်စွာပြုံးလိုက်ပြီး....

"ရှင် ဘယ်လိုလုပ်ပြီးရွေးထုတ်နိုင်တာလဲ"

ဟု မေးလိုက်သည်။

လုဝေသည် ယင်းကာကိုပြန်ချလိုက်ပြီး မိန်းကလေးကို ကြည့်လိုက်သည်။ ပြီးမှ....

"သူတို့က လူတွေထဲမှာ ဘယ်လိုပဲရောပြီးနေနေ သူတို့ရဲ့ အမူအရာနဲ့ဟန်ပန်က တွဲပြားနေတာပဲ"

တစ်ဆက်တည်းပင်....

"စားပွဲပေါ်မှာမှောက်ပြီးအိပ်နေတဲ့လူဝကြီးဆိုရင် အတော်ကြောက်ဖို့ကောင်းတဲ့ကြေးစားဓားသမားတစ်ယောက်ပဲ"

ဟုပြောလိုက်သည်။

မိန်းမပျိုမှာအံ့သြသွားပြီး....

"ရှင် သူ့ကိုသိနေလို့လား"



လုဝေ အသာခေါင်းခါလိုက်၏။

"ကျုပ် သူ့ကိုမသိပါဘူး"

မိန်းကလေးမှာ ဘဝင်မကျဖြစ်သွားဟန်တူ၏။

"ဒါဖြင့် ဘာဖြစ်လို့ ကြောက်စရာကောင်းတယ်လို့ ရှင်က ပြောနိုင်ရတာလဲ"

လုဝေကသက်ပြင်းရှိုက်ကာ....

"ဒီလူမှာထူးခြားမှုရှိတယ်"

မိန်းကလေးစိတ်ဝင်စားသွားသည်။

"ဟုတ်လား... ဘယ်လိုထူးခြားတာလဲ"

လုဝေ နှုတ်ခမ်းကိုတစ်ချက်ကိုက်လိုက်ပြီး....

"ဒီလူရဲ့အငွေ့အသက်မှာ သွေးဆာတဲ့အငွေ့အသက်ပါနေတယ်"

မိန်းကလေး အံ့သြသွားသည်။

"သွေးဆာတဲ့အငွေ့အသက် ဟုတ်လား"

"ဟုတ်တယ်... လူများများသတ်ခဲ့တဲ့ ထိပ်တန်းသိုင်းသမားမှာသာ ဒီလိုအငွေ့အသက်မျိုးတွေ့နိုင်တာ"

လုဝေက ရှင်းပြလိုက်ခြင်းဖြစ်သည်။

"သူ့ကိုကြည့်ရတာ ခပ်နုံနုံလူဝကြီးတစ်ယောက်နဲ့တူတာပဲ"

မိန်းကလေးက စောဒကတက်သည်။

လုဝေက....

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်… ဒါဟာ သူ့ရဲ့အကဲ့အကွယ်ပါပဲ၊ စားကို စားအိမ်ထဲမှာထည့်ထားသလိုပေါ့"

"အင်း… ရှင့်ရဲ့မျက်လုံးက ရှင့်ရဲ့စားထက်တောင် ထက်မြက်နေပါလား"

"အဲဒီလူက ဘယ်သူလဲ"

လှဝေက ရုတ်တရက်မေးလိုက်၏။

"သူ့ကို ကျွန်မသိတယ်လို့ ရှင်ထင်နေလို့လား"

"မင်းက ဒီလူတွေအကြောင်းကို စုံစမ်းပြီးသားပါ၊ ကျူပ်ပြောတဲ့အထဲမှာ လူကြီးကို နှံ့နှံ့အအလို့မပါဘူး၊ မင်း ဘယ်လိုလုပ်သိတာလဲ"

မိန်းကလေး သက်ပြင်းချလိုက်ပြီး…

"ဒါကြောင့် ချင်းစိန်စန်းကပြောတာ"

လှဝေ မျက်မှောင်ကုပ်သွားပြီး…

"ဘာပြောလို့လဲ"

"ရှင်ဟာ လူမဟုတ်ဘူးတဲ့"

လှဝေမှာ ဘာပြန်ပြောရမှန်းမသိဘဲ ပါးစပ်ပိတ်ထားလိုက်လေတော့၏။

*ပထမပိုင်းပြီး၏*

*၃–ဓာတ်သိမ်းဆက်လက်ဖတ်ရှုပါရန်*

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

## မဟူရာလှိုယမင်း

(ဒု-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ−၄၀၀
တန်ဖိုး ၁၀၀/−ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာရှို၊ (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း။
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း နှင့် မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း။ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅− လမ်း။
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



လုဝေသည် မိန်းကလေးကိုငေးကြည့်နေမိ၏။

ခြီးမှ သက်ပြင်းချရင်း....

"ထားပါတော့... ကျုပ်ဘာမှမပြောတော့ပါဘူး"

မိန်းမပျိုကထပ်ပြောလိုက်သည်။

"ရှင်ဟာ လူမဟုတ်ဘူးတဲ့... ဒါကြောင့် ရှင့်ကိုညာလို့မရဘူးတဲ့"

လုဝေ ဘာမျှမပြောပါ။ မိန်းမပျိုက....

"ရှင်ပြောတဲ့လူကြီး ဘယ်သူဆိုတာမပြောခင် ရှင့်ကိုတစ်ခုမေးဦးမယ်"

"ဘာလဲ"

"သိုင်းလောကမှာ ကြောက်စရာကောင်းတဲ့အဖွဲ့အစည်းတစ်ဖွဲ့ပေါ်နေတာ ရှင်ကြားမိသလား"

လုဝေ သက်ပြင်းချလိုက်ပြီး....

"ဒီတစ်ခါတော့ ကျုပ်ညံ့သွားပြီ"

မိန်းမပျိုက....

www.burmeseclassic.com

www.burmeseclassic.com



"ဒီနှစ်ပိုင်းမှာပေါ်လာတာ၊ အင်း... လွန်ခဲ့တဲ့သုံးနှစ်လောက်ကစပြီး အဲဒီအဖွဲ့အစည်းပေါ်ခဲ့တယ်၊ ဒါပေမဲ့ ဒီနှစ်ပိုင်းမှာမှ သိုင်းလောကမှာနာမည်ထွက်လာတာ"

"ဟုတ်လား... ဘာအဖွဲ့အစည်းလဲ"

"ကင်းမြီးကောက်"

လုဝေသည် ထိုနာမည်ကိုမကြားဖူးပါ။ သို့သော် ယခုကြားလိုက်ရသောအခါ ထိုနာမည်၌တစ်စုံတစ်ခုသောဖိအားတစ်မျိုးရှိနေသည်ဟုခံစားလိုက်ရ၏။

ထို့ကြောင့် သူမျက်မှောင်ကုပ်ပြီး....

"ကင်းမြီးကောက်ဟုတ်လား"

ဟုထပ်မေးလိုက်၏။

"ဟုတ်တယ်... ဒီနေ့အထိ သိုင်းလောကမှာအဲဒီအဖွဲ့အစည်းကိုသိတဲ့လူ သိပ်မများသေးဘူး။ ဘာဖြစ်လို့ဆိုတော့ သူတို့က ပိပိရိရိနဲ့ လုပ်တတ်လို့ပဲ"

"လူအင်အား ဘယ်လောက်များလဲ"

မိန်းကလေးကခေါင်းကိုခါယမ်း၍....

"ဘယ်သူမှမသိဘူး"

"ခေါင်းဆောင်ကကော ဘယ်သူလဲ"

"ဘယ်သူဆိုတာဘယ်သူမှမသိသေးဘူး... ဒါပေမဲ့ စောစောက ရှင်တွေ့တဲ့လူဝကြီးကတော့ကင်းမြီးကောက်"



"ဟုတ်လား"

မိန်းကလေးက ဆက်ပြောလိုက်သည်။

"ကင်းမြီးကောက်အဖွဲ့မှာ အရေးပါအရာရောက်တဲ့လူ ငါးယောက်ရှိတယ်"

"ဘယ်သူတွေလဲ"

"လက်မလှို့ခေါ်တဲ့လူဝကြီးနဲ့ လက်ညှိုးလို့ခေါ်တဲ့လူကိုပဲသိတယ်"

လုဝေ သက်ပြင်းချလိုက်သည်။ မိန်းကလေးက....

"ဒီမြို့ဟာအလွန်သေးငယ်တဲ့မြို့ကလေးပါ၊ ပြီးတော့ သိစ်ပြီးစည်ကားတဲ့မြို့လဲမဟုတ်ပါဘူး"

လုဝေ ဘာမျှမပြောဘဲ မိန်းကလေးကိုကြည့်နေ၏။

မိန်းကလေးက....

"ဒါပေမဲ့ အခုရက်ပိုင်းအတွင်းမှာ ဒီမြို့ကိုသိုင်းသမားတွေ အတော်များများရောက်လာကြတယ်"

လုဝေ မျက်မှောင်ကုပ်သွားသည်။

"ဟုတ်လား... သူတို့က ဘာလာလုပ်တာလဲ"

မိန်းကလေးက လုဝေကိုကြည့်ပြီး....

"သူတို့ကစိန်ခေါ်ပွဲကိုကြည့်ဖို့လာကြတာလို့သိရတယ်"

"စိန်ခေါ်ပွဲ ဟုတ်လား"

မိန်းမပျိုကခေါင်းညိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

လုဝေ မျက်မှောင်ကုပ်ပြီး....

"ဘယ်နေရာမှာပြိုင်ကြမှာလဲ"

"ပိုင်ရိုဝေရဲ့ခြံဝင်းထဲမှာပါ"

"ဘယ်သူက စိန်ခေါ်တာလဲ"

"မိုးကြိုးနတ်ဓား တောက်လုကပါ"

"သြော်... သူက စိန်ခေါ်တာလား"

"ဟုတ်တယ်"

"သူ ဘယ်သူနဲ့ပြိုင်မှာလဲ"

မိန်းမပျိုက လုဝေကိုကြည့်ပြီး....

"ရှင်နဲ့"

ဟုပြောလိုက်၏။

မိန်းမပျိုလေး၏စကားကြောင့် လုဝေ၏ခန္ဓာကိုယ်သည် ဆတ်ခနဲတွန့်သွားပြီး မယုံကြည်နိုင်သောမျက်လုံးများဖြင့် သူမကို မျက်လုံးပြူး၍ကြည့်လိုက်မိလေတော့၏။

oooo



ဖိတ်စာတစ်စောင်....

သာမန်စာအိတ်ပေါ်၌ လိပ်စာကို ဖြစ်ကတတ်ဆန်းရေး ထားသည်။ အထဲမှစာမှာလည်း အလွန်ညံ့သောလက်ရေးဖြင့် ရေး ထားသည်။

သို့သော် ထိုစာသည် အေးစက်၍ လူသတ်သည့်အငွေ့ အသက်များပေါ်ထွက်နေသည်။

*"လဆန်း သုံးရက်... ပိုင်ရိုဝေခြံ လူတစ်ယောက် ဓားတစ် လက်"*

*မိုးကြိုးနတ်ဓားတောက်လု*

လုဝေသည် ခပ်ညံ့ညံ့လက်ရေးဖြင့်ရေးထားသောအပေါ်စား စာရွက်ကို လုံးချေ၍ ပြတင်းပေါက်မှရွံ့တောထဲသို့လွှင့်ပစ်လိုက်လေ သည်။ သူမသည် လုဝေ၏နောက်ကျောကိုကြည့်နေ၏။

သူတို့သည် မိန်းမလှကျွန်း၏အပေါ်ထပ်အခန်းသို့ရောက် လာပြီးနောက် မကြာမီမှာပင် လူတစ်ယောက် ထိုစာကိုလာ၍ပေး သွားခဲ့ခြင်းဖြစ်သည်။

"ဘာတွေဖြစ်နေတာလဲ"

လုဝေက နားမလည်စွာနှင့်ရေရွတ်လိုက်၏။

မိန်းကလေးကပြုံးပြီး....

"သူ ရှင့်ကိုစိန်ခေါ်တာလေ"

ဟုပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လုဝေ နားမလည်ဟန်ဖြင့်ခေါင်းခါပြီး….

"ကျုပ်ကို သူ တစ်ခါမှစိန်မခေါ်ခဲ့ဘူး… ကျုပ်လဲ တစ်ခါမှစိန်မခေါ်ခဲ့ဘူး၊ ဒါပေမဲ့ ဘာဖြစ်လို့ ကျုပ်တို့နှစ်ဦး စိန်ခေါ်ပွဲကျင်းပမယ်ဆိုပြီးသတင်းထွက်နေတယ်လေ"

မိန်းကလေးကပြုံးပြီး….

"တစ်ယောက်ယောက်က သတင်းလွှင့်လိုက်လို့ဖြစ်မှာပေါ့"

လုဝေ သက်ပြင်းချပြီး….

"ဘယ်သူကသတင်းလွှင့်တာလဲ"

"မြို့စားလေးဝမ်"

လုဝေ ဘာမျှမပြောတော့ပါ။

မိန်းမပျိုသည် သက်ပြင်းချရင်း….

"ရှင် သူ့ရဲ့ဖိတ်ကြားချက်ကိုလက်ခံမှာလား"

ဟုမေးလိုက်သည်။

လုဝေက သက်ပြင်းချရင်း….

"နောက်ဆုတ်လို့ရမယ်ထင်လို့လား"

"သူက ရှင့်ကို တကယ်ပဲစိန်ခေါ်တာလို့ ရှင်ကထင်နေလို့လား"

"ဒါဖြင့် ဘာဖြစ်လို့ ကျုပ်ဆီဖိတ်စာပို့ရတာလဲ"

မိန်းကလေးကသက်ပြင်းချ၍….

"ရှင့်ကို ဒီမှာမရှိစေချင်လို့ပါ"



သူမစကားကြောင့် လုဝေသည် သူ့ကိုလှည့်ကြည့်လိုက်၏။

ပြီးမှ ကပျာကယာမျက်နှာလွှဲလိုက်ပြီး….

"ကျုပ်ကို ဘာဖြစ်လို့ ဒီမှာမရှိစေချင်ရတာလဲ"

သူမသည် သက်ပြင်းရှိုက်ရင်း….

"ချင်းစိန်စန်းကိုလုပ်ကြံဖို့မလွယ်ကူမှာစိုးလို့ပါ"

သူ့စကားကြောင့် လုဝေမျက်မှောင်ကုပ်သွားလေသည်။

အတန်ကြာမှ သူကသက်ပြင်းချရင်း….

"ဘာဖြစ်လို့ ချင်းစိန်စန်းကိုလုပ်ကြံချင်ရတာလဲ"

မိန်းမပျိုကပြုံးလိုက်ပြီး….

"သိုင်းအကျော်အမော်စာရင်းရဲ့ထိပ်ဆုံးမှာ ချင်းစိန်စန်းရဲ့နာမည်ရေးထားလို့"

လုဝေသည် ခေါင်းကိုဖြည်းညင်းစွာခါယမ်းလိုက်ပြီး….

"ဒီထက် လေးနက်တဲ့ကိစ္စရှိတယ်"

မိန်းကလေး ဘာမျှပြန်မပြောပါ။

လုဝေက မျက်မှောင်ကြုတ်၍….

"သိုင်းလောကနဲ့ပတ်သက်ပြီး ချင်းစိန်စန်းဟာ တစ်ခုခုကို သိထားပုံရတယ်၊ ဒါကြောင့် ချင်းစိန်စန်းကိုနှုတ်ပိတ်ဖို့ ကြိုးစားနေတာဖြစ်ရမယ်"

မိန်းကလေးမှာ ပါးစပ်ပိတ်ထားလိုက်လေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲ၌ တိတ်ဆိတ်နေ၏။ လုဝေသည် လေသာပြတင်းဘောင်ကိုလက်ထောက်၍ အဝေးသို့ငေးကြည့်နေ၏။

အတန်ကြာမှ သူသည် နောက်သို့လှည့်မကြည့်ဘဲ....

"လက်ဖက်ရည်ဆိုင်မှာ ကျုပ် လူခုနစ်ယောက်တွေ့ခဲ့တယ်လို့ပြောတယ်နော်"

မိန်းကလေးကခေါင်းညိတ်၏

"ဟုတ်တယ်"

လုဝေက သက်ပြင်းချလိုက်ပြီး....

"ကျုပ် မျက်စိရှုန်းသွားတာ"

ဟုပြောလိုက်၏။

"ဟုတ်လား"

"ဟုတ်တယ်... ခုနစ်ယောက်မဟုတ်ဘူး... ရှစ်ယောင်"

မိန်းကလေးကပြုံးလိုက်ပြီး....

"အဲဒီတစ်ယောက်က ကြမ်းပေါ်မှာအိပ်နေတဲ့ဘိန်းစားမဟုတ်ပါဘူး"



မိန်းကလေး၏စကားကြောင့် လုဝေသည် ရုတ်တရက်နောက်လှည့်ကြည့်လိုက်သည်။

မိန်းကလေးက သူ့ကိုကြည့်၍ပြုံးနေသည်။

သူက မိန်းကလေး၏အကြည့်ကိုမခံနိုင်ဟန်ဖြင့် မျက်နှာလွှဲလိုက်ပြီး....

"မင်းက ကျုပ်ထင်တာထက်တောင်ပိုပြီး ထက်မြက်နေပါလား"

ဟု ပြောလိုက်လေသည်။

မိန်းကလေး ပြုံး၍....

"ကျွန်မကထက်မြက်တာ မဟုတ်ပါဘူး"

"ဒါဖြင့် မင်း ဘာဖြစ်လို့သိနေတာလဲ"

မိန်းကလေးကပြုံးလိုက်ပြီး....

"ဒီလိုပါ... ဒီမြို့ကသိပ်ပြီး လူစည်ကားတဲ့မြို့ မဟုတ်ဘူး၊ ဒါပေမဲ့ ဒီရက်ပိုင်းမှာ သိုင်းသမားတော်တော်များများ ဒီမြို့ကိုရောက်လာတယ်"

လုဝေက....

"ကျုပ်နဲ့တောက်လု စိန်ခေါ်တဲ့သတင်းကြောင့်လား"

မိန်းကလေးကပြုံးလိုက်ပြီး....

"သိုင်းသမားတွေရောက်လာမှ ရှင်နဲ့တောက်လု စိန်ခေါ်တဲ့သတင်းထွက်လာတာပါ"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး၏စကားကြောင့် လုဝေမျက်မှောင်ကြုတ်ကာ

"သိုင်းသမားတွေရောက်လာပြီးမှ ကျုပ်နဲ့တောက်လု စိန်ခေါ်တဲ့သတင်းထွက်လာတာ ဟုတ်လား"

"ဟုတ်ပါတယ်"

လုဝေ သက်ပြင်းချရင်း....

"ဒါဆို သိုင်းသမားတွေက ဘာဖြစ်လို့ရောက်လာရတာလဲ"

မိန်းကလေးပြုံး၍....

"လူတစ်ယောက်ရဲ့အမိန့်ကြောင့်ပါ"

"လူတစ်ယောက်ရဲ့အမိန့် ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘယ်သူ့ရဲ့အမိန့်လဲ"

မိန်းကလေးကသက်ပြင်းချရင်း....

"မြို့စားလေးဝမ်ရဲ့အမိန့်ကြောင့်ပါ"

လုဝေ ဘာမျှမပြောတော့ပါ။ သူသည် သက်ပြင်းတစ်ချက် မသိမသာမှုတ်ထုတ်လိုက်လေတော့၏။

ဝဝဝဝ



မိန်းကလေးက လုဝေကိုကြည့်နေသည်။ သူမသည် လုဝေကို အတန်ကြာအောင်ကြည့်နေပြီးမှ သက်ပြင်းချလိုက်ကာ....

"ရှင် တောက်လုရဲ့ဖိတ်စာကိုလက်ခံမှာလား"

လုဝေက သူမကိုလှည့်မကြည့်ဘဲ....

"ကျုပ် ငြင်းလိုက်ရမှာလား"

"ရှင် ငြင်းမှာမဟုတ်ပါဘူး"

လုဝေ သက်ပြင်းချလိုက်သည်။

"ဟုတ်တယ်... ကျုပ် ငြင်းမှာမဟုတ်ဘူး"

မိန်းကလေးကပြုံးပြီး....

"ရှင် နိုင်မှာပါ"

"မင်းက သေချာပေါက်ပြောနိုင်နေပါလား"

မိန်းကလေး ပြုံးရင်း....

"ရှင်က တောက်လုဟာ ဘယ်လိုလူစားဆိုတာသိနေတာပဲ... ရှင့်မှာရှုံးဖို့အခွင့်အရေးနည်းပါတယ်"

"သိုင်းလောကဟာ ကျုပ် လက်လှမ်းမမီအောင် ပြောင်းလဲနေပြီ၊ ကျုပ် တောက်လုကိုနိုင်ဖို့ ကျိန်းသေမပြောနိုင်ဘူး"

"ဒါပေမဲ့ ရှင် နိုင်ကိုနိုင်မှာပါ... မြန်မြန်နိုင်တာနဲ့ နှေးနှေးနိုင်တာပဲကွာမယ်"

"မင်း ဘာဖြစ်လို့ ဒီလိုပြောနိုင်ရတာလဲ"

မိန်းကလေးကပြုံးပြီး....

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျိန်းသေနိုင်ရမဲ့လူမျိုးနဲ့ စိစဉ်ထားလို့ပါ"

သူမ၏စကားကြောင့် လုဝေမျက်မှောင်ကြုတ်သွားသည်။

"ဘာပြောတယ်... စီစဉ်ထားတာဟုတ်လား"

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ သူတို့က ချင်းစိန်စန်းကိုသတ်ချင်လို့ပါ"

ထိုစကားကြောင့် လုဝေသည်ပါးစပ်အဟောင်းသားဖြင့် သူမကိုငေးကြည့်နေမိလေတော့၏။

ဝဝဝဝ

လုဝေသည် မိန်းကလေးကို အတန်ကြာအောင် ငေးကြည့်နေမိ၏။ ပြီးမှ သက်ပြင်းချကာ....

"ချင်းစိန်စန်းကိုသတ်ဖို့ဟုတ်လား"

မိန်းကလေးခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်... သူတို့က ချင်းစိန်စန်းကိုသတ်ဖို့အတွက် ရှင့်ကို ချင်းစိန်စန်းရဲ့အနားကဖယ်ထုတ်တဲ့သဘောပါ"

"ဘယ်သူတွေလဲ"

မိန်းကလေးက....

"ကင်းမြီးကောက်"



"ကင်းမြီးကောက်အဖွဲ့ ဟုတ်လား"

မိန်းကလေးက ဦးခေါင်းညိတ်သည်။

"ဟုတ်ပါတယ်"

လုဝေခေါင်းခါယမ်း၏။

"သူတို့က တောက်လုကို ဒီလိုနိုင်းလို့ရသလား"

"ရှင်ပဲပြောခဲ့တယ်မဟုတ်လား... တောက်လုဟာ နောက်ထပ်သုံးနှစ်လောက် အသက်ရှည်ရင် ရှူးမယ်လို့"

လုဝေ ဘာမျှပြန်မပြောပါ။

မိန်းကလေးက သက်ပြင်းချပြီး....

"တောက်လုဟာ သိုင်းအကျော်အမော်စာရင်းမှာပါတယ်၊ ပြီးတော့ ရှင့်ရဲ့နာမည်ပါတယ်၊ ဒီတော့ တောက်လုဟာ ဒီအခွင့်အရေးကိုလက်လွှတ်ခံပါ့မလား"

လုဝေကသက်ပြင်းချရင်း....

"သူရှုံးသွားရင် ဘာဖြစ်မလဲ"

"သူရှုံးသွားရင် သေလူပေါ့... နိုင်သွားရင် ရှင်ကသေလူပေါ့၊ ရှင်တို့နှစ်ယောက်စလုံး ဘယ်သူနိုင်နိုင်၊ ဘယ်သူရှုံးရှုံး သူတို့အလုပ်မဟုတ်ဘူး၊ သူတို့က ရှင်တို့ ဘာဖြစ်ဖြစ် သူတို့အတွက် အကျိုးအမြတ်ထွက်ဖို့ပဲ"

လုဝေ ဘာမျှပြန်မပြောတော့ပါ။

သူမျက်မှောင်ကုပ်၍ စဉ်းစားနေ၏။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ပြုံးပြီး...

"တောက်လုရဲ့ဖိတ်စာကို ရှင် လက်ခံမယ်ဆိုတာ သူတို့က သိပြီးသားပါ။ ပြီးတော့ ပိုင်ရိုဝေရှုံးခြိက ဒီကနေသွားရင် သိပ်မဝေးဘူး။ ဒါမှ သူတို့က ရှင့်ကိုချင်းစိန်စန်းအနားက ပ,ထုတ်လိုက်တယ်ဆိုတာ ရှင် မရိပ်မိမှာပေါ့"

လုဝေ သက်ပြင်းချလိုက်သည်။

"သူတို့က တောက်လုရဲ့ဖိတ်စာကို ကျုပ်က လက်ခံလိမ့်မယ်ဆိုပြီး အပိုင်တွက်ထားတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်... ရှင် ဒီကနေထွက်သွားတာနဲ့ သူတို့ ဒီကို ရောက်လာကြတော့မှာပါ"

လုဝေမျက်မှောင်ကုပ်သွားသည်။

"ချင်းစိန်စန်း... ဒီမှာရှိတာကို သူတို့ကသိနေတာပေါ့"

"ချင်းစိန်စန်း ဘယ်မှာရှိတယ်ဆိုတာ သူတို့က သိပ်ပြီးသားပါ။ ဒါပေမဲ့ ချင်းစိန်စန်းအနားမှာ ရှင်ရှိတယ်ဆိုတာတော့ သူတို့ အခုမှ သိတာဖြစ်လိမ့်မယ်"

"ဒါဆို ကျုပ် တောက်လုရဲ့ဖိတ်စာကိုလက်ခံသင့်ပါ့မလား"

"ဘာဖြစ်လို့ ရှင်လက်မခံရမှာလဲ"

"ချင်းစိန်စန်းကို ကျုပ်ကိုယ်တိုင် မသတ်လိုက်ရမှာစိုးလို့ပါ"

"အင်း သူကအဆိပ်မိနေတော့ သူ့အတွက် စိုးရိမ်ရပါတယ်"

လုဝေက...



"ဒါဖြင့် ကျုပ်ငြင်းလိုက်ရင်ကောင်းမယ်"

"ငြင်းတာထက်ကောင်းတဲ့အစီအစဉ်ရှိပါတယ်"

လုဝေ မျက်မှောင်ကြုတ်ပြီး...

"ဘာအစီအစဉ်လဲ"

ဟုမေးလိုက်သည်။

မိန်းကလေးက အတွင်းဘက်သို့လှမ်းကြည့်ပြီး...

"ရှင် တောက်လုနဲ့သွားပြီးမယ့်ဉ်ပြိုင်ခင် သူ့ကိုလုံခြုံတဲ့နေရာကိုပို့ပေးခဲ့ပါ"

"လုံခြုံတဲ့နေရာ... ဟုတ်လား"

"ဟုတ်ပါတယ်"

လုဝေ မျက်မှောင်ကုပ်၍ပြန်မေးလိုက်သည်။

"ဘယ်နေရာလဲ"

"ကြာပန်းတောင်ကုန်း"

မိန်းကလေးက ဖြည်းညင်းစွာပြောလိုက်လေသည်။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



ကြာပန်းတောင်ကုန်း....

လွန်ခဲ့သောနှစ်ပေါင်း နှစ်ဆယ်ခန့်က ကြာပန်းတောင်ကုန်းသည် သိုင်းလောက၌ အလွန်နာမည်ကျော်ကြားခဲ့သော ကျေးရွာတစ်ရွာ၏အမည်ဖြစ်သည်။

သိုင်းလောကတွင် ကြာပန်းတောင်ကုန်း နာမည်ကျော်ကြားရသည့်အကြောင်းရင်းမှာ မိုးကြိုးသွားကြောင့်ဖြစ်ပါသည်။

မိုးကြိုးသွားသည် ကြာပန်းတောင်ကုန်း၏ထူးဆန်းသောလက်နက်ပုန်းတစ်မျိုးဖြစ်သည်။

ထိုမိုးကြိုးသွားလက်နက်ပုန်းကြောင့် ကြာပန်းတောင်ကုန်းကို မည်သူမျှတိုက်ခိုက်သိမ်းပိုက်ခြင်းမပြုနိုင်ခဲ့ပါ။

လုဝေသည် သက်ပြင်းတစ်ချက်မှုတ်ထုတ်ပြီး....

"ကြာပန်းတောင်ကုန်းက လုံခြုံလိမ့်မယ်လို့ မင်း ထင်နေလို့လား"

မိန်းကလေးက ပြုံးလိုက်ပြီး....

"ဘာလဲ... ကြာပန်းတောင်ကုန်းမှာ မိုးကြိုးသွားလက်နက်မရှိတော့လို့ မလုံခြုံဘူးလို့ ရှင်ထင်နေတာလား"

လုဝေ ဘာမျှပြန်မပြောပါ။ မိန်းကလေးကပြုံး၍....

"လွန်ခဲ့တဲ့ဆယ်နှစ်လောက်က ကြာပန်းတောင်ကုန်းရဲ့ မိုးကြိုးသွားလက်နက်ပုန်း ပျောက်ဆုံးသွားတယ်လို့ သိုင်းလောကမှာ သတင်းဖြစ်ပေါ်ခဲ့တယ်"



လုဝေ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... အဲဒီနောက်ပိုင်းမှာ ကြာပန်းတောင်ကုန်းရဲ့ နာမည်ဟာ သိုင်းလောကထဲကနေပျောက်သွားတာပဲ မဟုတ်လား"

မိန်းကလေးကပြုံး၍....

"သိုင်းလောကထဲကနေပြီး ကြာပန်းတောင်ကုန်းပျောက်သွားတာမဟုတ်ပါဘူး... ကြာပန်းတောင်ကုန်းက သိုင်းလောကကို အဆက်အသွယ်ဖြတ်သွားတာပါ"

လုဝေ သက်ပြင်းချလိုက်ပြီး....

"ကြာပန်းတောင်ကုန်းမှာ မိုးကြိုးသွားမရှိတော့ဘူး"

"ဒါပေမဲ့ ကြာပန်းတောင်ကုန်းမှာ ရဲတင်းပိုင်ရှိတယ်လေ"

လုဝေ ဘာမျှမပြောတော့ပါ။

အမျိုးသမီးကပြုံး၍ဆက်ပြောသည်။

"သူကရှင့်ကိုလက်ခံမှာပါ"

လုဝေ ပါးစပ်ပိတ်ထား၏။

အမျိုးသမီးက ဆက်ပြောလိုက်သည်။

"ရှင် သူ့အသက်ကိုနှစ်ကြိမ်ကယ်ခဲ့ဖူးတယ်"

လုဝေ ပါးစပ်ပိတ်ထား၏။

မိန်းကလေးကသက်ပြင်းချရင်း....

"အခု ရဲတင်းပိုင်ဟာ ကြာပန်းတောင်ကုန်းရဲ့ သခင်ဖြစ်နေပြီ... သူကရှင်ကိုလက်ခံမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



လုဝေသက်ပြင်းချလိုက်ပြီး....

"မင်းက အတော်သိနေတာပဲ"

မိန်းကလေးက ပြုံးပြီး....

"ရှင့် လိုက်ပို့မယ်မဟုတ်လား"

လုဝေကသက်ပြင်းချရင်း....

"မိုးကြိုးသွားမှာမရှိတော့တာပဲ"

မိန်းကလေးက....

"မိုးကြိုးသွားကြောင့် ကြာပန်းတောင်ကုန်းဖြစ်လာတာမှ မဟုတ်ဘဲ၊ ကြာပန်းတောင်ကုန်းကြောင့် မိုးကြိုးသွားဖြစ်လာတာပါ။ အမှန်ပြောရရင် လက်နက်ပုန်းဆိုတာ လူကတီထွင်တာပါ။ ဒီဆယ်နှစ်အတွင်းမှာ ကြာပန်းတောင်ကုန်းဟာ မိုးကြိုးသွားလက်နက်ပုန်း မရှိဘဲ ဘာဖြစ်လို့ အခုအချိန်အထိရပ်တည်နေနိုင်ရတာလဲ"

လုဝေသည် သူမကိုစိုက်ကြည့်လိုက်ပြီး....

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်၏။ သူမကပြုံး၍....

"ကြာပန်းတောင်ကုန်းမှာ မိုးကြိုးသွားလက်နက်မရှိတော့ဘူးဆိုတဲ့သတင်းထွက်လာပြီးတော့ သိုင်းလောကကလူတွေဟာ အနည်းဆုံးခြောက်ကြိမ်လောက် ကြာပန်းတောင်ကုန်းကိုတက်သွားကြတယ်"

လုဝေ ဘာမျှပြန်မပြောပါ။



မိန်းကလေးသည် ပြုံး၍စကားဆက်ပြော၏။

"အဲဒီလိုသွားတဲ့လူတွေအားလုံးဟာ ထိပ်တန်းသိုင်းသမားတွေဖြစ်တယ်"

လုဝေပါးစပ်ပိတ်ထား၏။

မိန်းကလေးကဆက်ပြောသည်။

"အဲဒီလူတွေဟာ တစ်ယောက်မှ တောင်ပေါ်ကပြန်ပြီးဆင်းမလာနိုင်ခဲ့ကြဘူး"

"ပြီးတော့ သူတို့ဘာတွေဖြစ်သွားတယ်ဆိုတာ ဘယ်သူမှ မသိကြဘူး"

လုဝေ သက်ပြင်းချလိုက်၏။

မိန်းကလေးကဆက်ပြောပြန်သည်။

"လူပေါင်းခုနစ်ဆယ်ကျော် တစ်ယောက်မှပြန်ရောက်မလာကြဘူး၊ အဲ့ဒီကတည်းက ကြာပန်းတောင်ကုန်းပေါ် ဘယ်သူမှမတက်ရဲကြတော့ဘူး"

လုဝေ ဘာမျှပြန်မပြောပါ။ မိန်းကလေးကသာ....

"ကြာပန်းတောင်ကုန်းဟာ ဒီကနေဆိုရင် ဘယ်လောက်မှ မဝေးပါဘူး... ဒီနေ့သွားရင် မနက်ဖြန် ပြန်ရောက်နိုင်ပါတယ်"

ဟုပြောလိုက်၏။ လုဝေသက်ပြင်းချလိုက်ပြီး....

"လမ်းမှာဖြတ်ပြီးလုပ်ကြံမှာကို မင်းကထည့်ပြီးမစဉ်းစားတော့ဘူးလား"

www.burmeseclassic.com



မိန်းကလေးသည် လုဝေကို တအံ့တသြဖြင့် ငေးကြည့်လိုက်မိသည်။ အခန်းထဲမှ လုဝေထွက်သွားပြီးနောက် အတန်ကြာသည့်တိုင်အောင် သူမသည်လှုပ်ရှား၍မရနိုင်အောင် မှင်တက်နေမိသည်။

အတန်ကြာမှ မိန်းကလေးသည်သက်ပြင်းတစ်ချက်ကို ညင်ညာစွာချပြီး ထိုင်ရာမှထလိုက်သည်။ ပြီးနောက် ချင်းစိန်စန်းရှိရာ အခန်းထဲသို့ ဝင်ရောက်သွားလေသည်။

၀၀၀၀

ခုတင်ပေါ်၌ ချင်းစိန်စန်းရှိနေ၏။

သူသည် အဆိပ်မိသဖြင့် ခုတင်ပေါ်၌ သတိမေ့နေဆဲဖြစ်သည်။ မိန်းကလေးသည် အခန်းဝ၌ရပ်တန့်ပြီး ခုတင်ပေါ်၌ သတိမေ့နေသောချင်းစိန်စန်းကိုလှမ်းကြည့်လိုက်သည်။

ပြီးနောက် သူမသည် အခန်းထဲသို့ညင်သာစွာရောက်လာပြီး ခုတင်နံဘေးရှိခုံ၌ဝင်ထိုင်လိုက်၏။

ထို့နောက် သူမသည် သတိမေ့နေသောချင်းစိန်စန်းကို ကြည့်၍ သက်ပြင်းချလိုက်သည်။

ထိုစဉ် ချင်းစိန်စန်း၏နှုတ်ခမ်းများလှုပ်ရှလာပြီး...

"ငါပြောသားပဲ... သူ့ကိုလိမ်လို့မရပါဘူးလို့"

ထို့နောက် ချင်းစိန်စန်း၏မျက်လုံးများပွင့်လာပြီး ခုတင်ပေါ် ထထိုင်လိုက်၏။



မိန်းကလေးကပြုံးလိုက်ပြီး...

"သရဲငါးကောင်... ကြောင်နက်... ဘီလူးညီနောင်... သရဲဘွားဘွားတို့တောင် လုပ်ကြံတာ အောင်မှမအောင်မြင်ခဲ့တာ၊ ရှင့်ကို ဘယ်သူကတားနိုင်မှာလဲ"

လုဝေသည် သူမကိုကြည့်လိုက်၏။ ပြီးမှ သက်ပြင်းချကာ...

"မင်း ချင်းစိန်စန်းကိုတကယ်ပဲအသက်ရှင်စေချင်တာလား"

မိန်းကလေးကခေါင်းဆတ်ပြ၏။

လုဝေခေါင်းညိတ်ကာ...

"ကောင်းပြီ... ချင်းစိန်စန်းကိုပို့ပေးပါ့မယ်၊ ဒါပေမဲ့ ကျုပ် တစ်ခုတော့မေးပါရစေ"

"မေးပါ"

"မင်း ချင်းစိန်စန်းကိုအသက်ရှင်စေချင်ရင် ဘာဖြစ်လို့ မနက်က အဆိပ်ဖြေဆေးကိုလွှင့်ပစ်ရတာလဲ"

ပြောရင်း သူသည် မိန်းကလေးကိုကျောခိုင်းကာ အခန်းထဲမှထွက်သွားတော့သည်။

သူသည် မိန်းကလေး၏အဖြေကိုစောင့်၍ နားမထောင်တော့ပါ။ နားထောင်ရန်လည်း မလိုတော့ပါ။

အဘယ်ကြောင့်ဆိုသော် မိန်းကလေး၌ သူ့မေးခွန်းကိုအဖြေပေးနိုင်ရန်အခြေအနေမရှိကြောင်း သိထားသောကြောင့်ဖြစ်သည်။

၀၀၀၀

www.burmeseclassic.com



မိန်းကလေးကသက်ပြင်းချ၍….

"မလွယ်မှန်း ကျွန်မသိပါတယ်… ဒါပေမဲ့ ကျွန်မကြိုးစား ကြည့်ချင်သေးလို့ပါ"

ချင်းစိန်စန်းကပြုံး၍….

"မင်း ကြိုးစားပြီးပြီပဲ"

"ထပ်ပြီး ကြိုးစားကြည့်ချင်သေးတယ်"

"မလွယ်ဘူးနော်"

မိန်းကလေးက သက်ပြင်းချရင်း….

"ဟုတ်တယ်… သူ့ကိုလိမ်ဖို့ဆိုတာမလွယ်ဘူး"

"ဘာပဲဖြစ်ဖြစ် ထပ်ပြီးကြိုးစားရမှာပဲ"

ဟုချင်းစိန်စန်းကပြောလိုက်လေသည်။

၀၀၀၀



အခန်းသည် အလွန်ကျဉ်းမြောင်းလှ၏။

ထိုကျဉ်းမြောင်းသောအခန်းထဲ၌ ကွပ်ပျစ်တစ်လုံး၊ စားပွဲတစ်လုံးနှင့်ကုလားထိုင်တစ်လုံးသာရှိ၏။

လက်ညှိုးက အခန်းတံခါးကိုတွန်းဖွင့်၍ အခန်းထဲသို့ဝင်လိုက်၏။ ထို့နောက် သူသည် ကွပ်ပျစ်ပေါ်လှဲလိုက်၏။

ထို့နောက် ကွပ်ပျစ်ပေါ် ပက်လက်လှန်ကာ ခြေထောက်တစ်ချောင်းကိုဒူးထောက်၍ ကျန်ခြေထောက်ကိုထောင်ထားသော ဒူးပေါ်တင်ထားသည်။

ထိုအချိန်တွင် အခန်းထဲသို့လူဝကြီးတစ်ယောက်ရောက်လာသည်။ သူ၏လှုပ်ရှားမှုက သူ၏ခန္ဓာကိုယ်နှင့်မလိုက်ဖက်အောင် လျင်မြန်လှသည်။

သူ၏လှုပ်ရှားမှုမှာ သစ်ရွက်ကလေးတစ်ရွက် လေတိုက်သဖြင့် အခန်းထဲသို့လွင့်မျောကျလာပုံဖြစ်သည်။

ကွပ်ပျစ်ပေါ်မှ လက်ညှိုးက လူဝကြီးကိုမကြည့်ဘဲ မျက်နှာကျက်ကိုသာစိုက်ကြည့်လေသည်။

သူသည် လူဝကြီးကိုသဘောမကျပါ။ သို့သော် လူဝကြီးသည် သူ၏တွဲဖက်ဖြစ်သည်။ တစ်ချိန်ချိန်တွင် သူကလူဝကြီးကို သူ၏တွဲဖက်အဖြစ်မှလက်တွဲဖြုတ်ရန် အမြဲတမ်းကြံစည်နေသည်။

ယခုလည်း သူက စိတ်ထဲမှနေ၍လူဝကြီးကိုအကြိမ်တစ်ရာမက နည်းမျိုးစုံဖြင့်သတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူဝကြီးက ကွပ်ပျစ်ပေါ်မှလက်ညှိုးကိုကြည့်ပြီး....

"လုဝေဆိုတာသေချာလား"

ဟု မေးလိုက်၏။ လက်ညှိုးက မျက်လုံးကိုစွေစောင်း၍ လူဝကြီးကိုကြည့်လိုက်ပြီး....

"ကျုပ်မပိုင်ရင် ဘာမှမလုပ်ဘူး"

လူဝကြီးကမဲ့ပြုံးပြုံး၍....

"တောက်လုက လုဝေကိုနိုင်ပါ့မလား"

လက်ညှိုးကမဲ့ပြုံးပြုံး၍....

"ဘယ်သူနိုင်နိုင် ဘယ်သူရှုံးရှုံး ကျုပ်တို့ကိစ္စမှမဟုတ်ဘဲ"

လူဝကြီးကသက်ပြင်းချရင်း....

"တောက်လုစိန်ခေါ်တာကို လုဝေကလက်ခံပါ့မလား"

လက်ညှိုးကပြုံး၍....

"စိတ်ချ... လုဝေ တောက်လုချိန်းတဲ့နေရာကိုရောက်အောင်သွားလိမ့်မယ်"

လူဝကြီးပြုံးပြီး....

"ဒါဆို ကျုပ်တို့ ချင်းစိန်စန်းကိုလုပ်ကြဖို့ လွယ်သွားတာပေါ့"

လက်ညှိုးသည်သက်ပြင်းချရင်း....

"ထင်သလိုဖြစ်ပါ့မလားလို့ ကျုပ်ကစိတ်ပူနေတယ်"

"ဘာဖြစ်လို့လဲ... ချင်းစိန်စန်းက အဆိပ်လဲမိထားတယ် မဟုတ်လား"



လက်ညှိုးက မဲ့ပြုံးပြုံး၍....

"ချင်းစိန်စန်းအနားမှာ လူတစ်ယောက်ရှိသေးတယ်"

"ဘယ်သူလဲ"

"မိန်းမလှကျွန်းပိုင်ရှင် မိန်ကျူင်းလျှံလေ"

လူဝကြီးကမျက်မှောင်ကုပ်ကာ....

"သူကအရေးပါလို့လား"

"အရေးပါမပါတော့ ကျုပ်မပြောတတ်ဘူး"

"ဒါဖြင့် မင်း ဘာပြောတတ်သလဲ"

လက်ညှိုးကသက်ပြင်းချကာ....

"သူ့မျက်လုံးတွေကိုတော့ပြောတတ်တယ်"

လူဝကြီး မျက်မှောင်ကုပ်သွားပြန်သည်။

"သူ့မျက်လုံးတွေက ဘာဖြစ်နေလို့လဲ"

လက်ညှိုးက ရုတ်တရက်ပြုံးပြီး....

"သူ့မျက်လုံးတွေက ကျုပ်တွေ့ဖူးတဲ့ကြေးစားဓည့်ဂေဟာပိုင်ရှင်တွေရဲ့မျက်လုံးတွေနဲ့မတူတာဘဲ"

လူဝကြီးကရယ်မောလိုက်ပြီး....

"မင်းက ဘာဖြစ်လို့တွေးပြီးစိုးရိမ်နေရတာလဲ"

လက်ညှိုးကသက်ပြင်းချရင်း....

"ကျုပ်စိတ်ထဲမှာ တစ်ခုခုလိုနေသလိုပဲ"

"ဘာမှမစိုးရိမ်နဲ့... မင်း လက်ထဲမှာမိုးကြိုးသွားရှိနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုး ဘာမှုပြန်မပြောပါ။

လက်ညှိုးသည် သူ့အကြောင်း သူသာလျှင်သိ၏။ သူသည် ကြာပန်းတောင်ကုန်းမှပျောက်ဆုံးသွားသော မိုးကြိုးသွားအမည်ရှိ လက်နက်ပုန်းကို အမှတ်မထင်ရထားသည်။

ထိုမိုးကြိုးသွား လက်နက်ပုန်းရှိခြင်းကြောင့်ပင် သူသည် ကင်းမြီးကောက်အဖွဲ့၌ နေရာရခဲ့၏။

သို့သော် သူသည် မိုးကြိုးသွားလက်နက်ပုန်းကို တစ်ကြိမ်မျှ အသုံးမပြုရသေးပါ။ မည်သို့ပင် ဖြစ်စေ၊ သူ၏လက်ထဲ၌ မိုးကြိုးသွား လက်နက်ပုန်းရှိနေခြင်းကြောင့် သူသည် မည်သူ့ကိုမဆိုရင်ဆိုင်ရဲသည် မဟုတ်ပါလား။

၀၀၀၀



အမည်.... လုဝေ

အဘအမည်.... မသိ

အသက်.... ၄၀ ဝန်းကျင်ခန့်

(မွေး သက္ကရာဇ် ကို အတိအကျမသိရပါ)

ပုံပန်းသဏ္ဌာန်... ရုပ်ရည်ချောမောသည်ဟုမဆိုနိုင်သော်လည်း ကြည့်ပျော်ရှုပျော်ဖြစ်ပြီး ယောကျ်ားပီသခန့်ညား၏။ ခြေတစ်ဖက် မသန်မစွမ်းဖြစ်နေ၏။

သိုင်းပညာ.... ထိပ်တန်းအဆင့်ရှိသည်။

သို့သော် မည်မျှမြင့်မားမှန်း ခန့်မှန်း၍မရ။

အသုံးပြုသောလက်နက်.... ဓား

(သို့သော် သူ၏ဓားကို မည်သူမျှမမြင်ပါ)

ကိုယ်ရေးအကျဉ်းချုပ်.... မိဘမဲ့ဖြစ်သည်။ မည်သည့်မျိုးနွယ်ဟူ၍မသိပါ။ မည်သည့်ဇာတိဟူ၍လည်း မသိပါ။

တောင်ပိုင်းရေလယ်ကျွန်း၊ မော်ဝိန္ဒာသခင်မ၏မွေးစားသားဖြစ်၍ အဆိပ်အကြောင်းကို ကောင်းစွာနားလည်၏။

လုပ်ကြံသည့်နည်းပညာကို ကောင်းစွာတတ်ကျွမ်း၏။

သူအသုံးပြုသောဓားပညာကို မည်သူမျှမသိပါ။

သူ၏ဓားပညာကိုသင်ပေးသောဆရာကိုလည်း မည်သူမျှမသိပါ။ အိမ်ထောင်မရှိ၊ ခြေသလုံးအိမ်တိုင်သမားဖြစ်သည်။ သိုင်းလောက၌ တစ်ကိုယ်တော်နေထိုင်ကျက်စားသည်။

www.burmeseclassic.com

www.burmeseclassic.com



တောက်လုသည် စာရွက်ကိုဆက်မဖတ်တော့ဘဲ လုံးချေ၍ လွှင့်ပစ်လိုက်ပြီး....

"မသိတာများနေတဲ့နောက် ဒီအချက်အလက်တွေက ဘာလုပ်ရမှာလဲ"

ဟုပြောလိုက်၏။

တောက်လု၏စကားကြောင့် လူဝကြီး၏မျက်နှာပျက်သွားသည်။ သို့သော် ဟန်ဆောင်၍ပြုံးလိုက်ပြီး....

"ကျုပ်တို့စုံစမ်းလို့ရသမျှအကုန်ပဲ"

ဟုပြောလိုက်၏။

တောက်လုက လူဝကြီးကိုကြည့်ပြီး....

"ဖြစ်နိုင်ပါတယ်"

ဟုပြန်ပြောလိုက်၏။

လူဝကြီးကပြုံးပြီး....

"ဘာပဲဖြစ်ဖြစ် ခင်ဗျားအတွက်အသုံးဝင်မှာပါ"

တောက်လုခေါင်းခါလိုက်သည်။

"အသုံးမဝင်ဘူး"

တောက်လု၏စကားကြောင့် လူဝကြီးကမျက်ခုံးပင့်ပြီး....

"အသုံးမဝင်ဘူး... ဟုတ်လား"

တောက်လုခေါင်းညိတ်လိုက်၏

"ဟုတ်တယ်... အသုံးမဝင်ဘူး"



လူဝကြီးကသက်ပြင်းချပြီး....

"နည်းနည်းလေးမှအသုံးမဝင်ဘူးလား"

တောက်လုခေါင်းခါယမ်းသည်။

"နည်းနည်းလေးမှ အသုံးမဝင်ဘူး"

လူဝကြီးသည် စိတ်ပျက်သွားဟန်ဖြင့် ခေါင်းကိုဘယ်ညာခါယမ်းလိုက်ပြီး....

"ဘာတွေလိုနေလို့လဲ"

ဟုမေးလိုက်သည်။

တောက်လုက....

"အရေးကြီးတဲ့အချက်နှစ်ချက်လိုနေတယ်"

လူဝကြီးမျက်မှောင်ကြုတ်သွားသည်။

"အရေးကြီးတဲ့အချက်နှစ်ချက် ဟုတ်လား"

"ဟုတ်တယ်"

လူဝကြီးကတောက်လုကိုကြည့်ပြီး....

"ဘယ်အချက်တွေလဲ"

ဟုမေးလိုက်သည်။ တောက်လုက လူဝကြီးကိုအထင်သေးသောမျက်လုံးများဖြင့်ကြည့်ကာ....

"ပထမအချက်က သူ့ကိုမိန်းမတစ်ယောက်က ရက်စက်သွားဖူးတယ်"

လူဝကြီး မျက်မှောင်ကြုတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား... ဘယ်သူလဲ"

တောက်လုက ဝင့်ကြွားဟန်ဖြင့်ပြုံးလိုက်ပြီး....

"ချွေလွှမ်းယုံလို့ခေါ်တဲ့မိန်းမတစ်ယောက်ပဲ"

လူဝကြီး မျက်မှောင်ကြုတ်၍စဉ်းစားသည်။

"သိုင်းလောကမှာ ဒီနာမည်မကြားဖူးပါဘူး"

တောက်လု၏ကအထင်သေးသောမျက်လုံးဖြင့် လူဝကြီးကို ကြည့်ပြီး....

"သိုင်းလောကထဲကလို့ ကျုပ်ပြောမိလို့လား"

လူဝကြီး ဘာမျှပြန်မပြောတော့ဘဲ ပါးစပ်ပိတ်ထားသည်။

တောက်လုသည် သူသိသူတတ်ပုံစံဖြင့် ရင်ကိုမသိမသာ ကော့ကာ....

"အဲဒီမိန်းမက သာမန်ကြေးစားမယ်ကလေးပါ"

တစ်ချိန်လုံး တိတ်ဆိတ်စွာ နားထောင်နေသောလက်ညှိုးက သက်ပြင်းချလိုက်ပြီး....

"အင်း... သိပ်တော်တဲ့လူတွေ ခံလိုက်ရပြီဆိုရင် ဒီလိုမိန်းမ မျိုးနဲ့ချည်းပဲ"

ဟု ဝင်ပြောလေသည်။

လူဝကြီးကလက်ညှိုးကိုလှည့်ကြည့်ပြီး....

"မင်းက ကိုယ်ချင်းစာတတ်ပါလား"

တောက်လုက....



"မိန်းမတစ်ယောက်ရဲ့ အလိမ်အညာခံရမှတော့ အဲဒီလူဟာ သိပ်တော်တဲ့လူလို့ပြောလို့ရမလား"

ဟုမေးလိုက်သည်။

လက်ညှိုးကမဲ့ပြုံးပြုံးလိုက်ပြီး....

"သိပ်တော်တတဲ့လူလို့ ပြောမရရင်တောင်မှ သူ့ကိုသိပ်ချစ် တတ်တဲ့လူလို့ပြောရင် ရနိုင်ပါတယ်ဗျာ"

လူဝကြီးကလက်ကာပြကာ....

"ထားပါတော့... နောက်တစ်ချက်ကဘာလဲ"

တောက်လုက....

"သူ့မှာရောဂါတစ်ခုရှိတယ်"

လူဝကြီးနှင့်လက်ညှိုးတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိ၏။ ပြီးမှ လူဝကြီးကပြောလိုက်၏။

"ဟုတ်လား... ဘာရောဂါလဲ"

"ဝက်ရူးပြန်တဲ့ရောဂါ"

လူဝကြီးနှင့်လက်ညှိုးတို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး....

"ဝက်ရူးပြန်တဲ့ရောဂါ"

ဟုပြိုင်တူပြောလိုက်သည်။

တောက်လုကခေါင်းညိတ်ပြီး....

"ဟုတ်တယ်... ဝက်ရူးပြန်တဲ့ရောဂါ"

www.burmeseclassic.com

www.burmeseclassic.com



လူဝကြီးက ရုတ်တရက်....

"ဒါဆို သူရောဂါထလာပြီဆိုရင် မြေပေါ်မှာလူးလိမ့်ပြီး ပါးစပ်ကအမြှုပ်ထွက်နေမှာပေါ့"

တောက်လုက နှုတ်ခမ်းကိုမဲ့၍....

"ဝက်ရူးပြန်တဲ့ရောဂါလက္ခဏာကတစ်မျိုးပဲရှိတာ၊ မင်းက ဘယ်လိုဝက်ရူးပြန်တယ်ထင်လို့လဲ"

ဟုခပ်ငေါ့ငေါ့ ပြောလိုက်သည်။

လက်ညှိုးကသက်ပြင်းချရင်း....

"အင်း... ခြေလဲမသန်ဘူး... ဝက်ရူးပြန်တဲ့ရောဂါလဲရှိတယ်၊ ဒီလိုလူက ဘာဖြစ်လို့ သိုင်းလောကမှာအမြန်ဆုံးဓားသမားဖြစ်နေရတာလဲ"

တစ်ယောက်တည်းရေရွတ်လိုက်သည်။

တောက်လုက....

"အင်း သူက ငါးနှစ်အရွယ်ကစပြီးဓားပညာကိုသင်ခဲ့တယ်၊ ပြီးတော့ ဓားထုတ်ဓားသိမ်းလေ့ကျင့်ခန်းကိုလဲ တစ်နေ့ အကြိမ်နှစ်ရာလောက်လေ့ကျင့်ခဲ့တယ်ဆိုပဲ"

လူဝကြီးကပြုံးပြီး....

"အင်း... ခင်ဗျားကသူ့အကြောင်းကို ကျုပ်တို့ထက်ပိုပြီးသိနေပါလား"

တောက်လုက....



"ကျုပ် သိုင်းလောကရဲ့အကျော်အမော်စာရင်းမှာပါတဲ့ လူတိုင်းကို အချိန်ကုန်ခံလေ့လာထားခဲ့တာပဲ၊ ဒါကြောင့် သူ့အကြောင်းကို ကျုပ်ကောင်းကောင်းကြီးသိနေတာပေါ့"

"ဒါပေမဲ့ ခင်ဗျား လုဝေအကြောင်းကိုပိုပြီးလေ့လာထားခဲ့တယ်ဆိုပါတော့"

တောက်လု ခေါင်းညိတ်လိုက်သည်။

"ဒါပေါ့"

"ဘာတွေထပ်ပြီး တွေ့သေးလဲ"

လူဝကြီးကမေးလိုက်သည်။

တောက်လုက....

"သူ့ရဲ့ဓားဟာ သူ့ရဲ့အသက်ပဲ၊ သူက ဓားကိုကိုယ်နဲ့မကွာအမြဲတမ်းထားတယ်၊ ဒါကြောင့် သူ့ရဲ့ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုလိုဖြစ်နေတယ်"

လူဝကြီးကသက်ပြင်းချလိုက်ပြီး....

"ဒါပေမဲ့ သူ့ရဲ့ဓားက ဓားကောင်းတစ်လက်မဟုတ်ဘူးလို့ပြောကြတယ်"

တောက်လုကပြုံးလိုက်ရင်း....

"လူကိုသတ်လို့ရတဲ့ဓားဟာ ဓားကောင်းပဲပေါ့"

လက်ညှိုးကမျက်မှောင်ကုပ်၍....

"တကယ်လို့ ကျုပ်တို့ သူ့ရဲ့ဓားကိုယူနိုင်ခဲ့ရင်...."

www.burmeseclassic.com

www.burmeseclassic.com



တောက်လုက ခေါင်းခါလိုက်ပြီး....

"သူ့ဓားကသူ့ခါးမှာရှိတယ်၊ ဓားကိုကိုယ်နဲ့မခွာထားတယ်"

"သူ့ဓား သူ့ခန္ဓာကိုယ်ကခွာသွားတဲ့အချိန်ရှိပါတယ်"

လက်ညှိုး၏စကားကြောင့် တောက်လုမှာ မျက်မှောင်ကုပ်သွားလေသည်။

"ဒီလိုကိစ္စမျိုးဖြစ်နိုင်လို့လား"

"ဘယ်ကိစ္စများမှာမဆို ချွင်းချက်တော့ရှိစမြဲပဲ"

တောက်လု ခေါင်းခါယမ်းလိုက်၏။

"သူ့ကိစ္စမှာတော့ ချွင်းချက်မရှိနိုင်ဘူး... ဓားက သူ့ကိုယ်ပေါ်မှာ ကော်နဲ့ကပ်ထားသလို မကွာဘူး"

"အဲဒါ ခင်ဗျားတို့မှားနေတာ"

တောက်လုက မျက်မှောင်ကုပ်ကာ....

"ဘာမှားနေလို့လဲ"

လက်ညှိုးကပြုံးရင်း....

"သူ ဝက်ရူးပြန်တဲ့အချိန်မှာ သူ့ဓားက သူ့ကိုယ်နဲ့မကွာ ရှိနေပါဦးမလား"

လက်ညှိုးစကားကြောင့် တောက်လုသည် ဘာမျှမပြောနိုင်အောင်ဖြစ်သွားတော့၏။

၀၀၀၀



တောက်လုက လက်ညှိုးကိုကြည့်နေ၏။

အတန်ကြာမှ သက်ပြင်းတစ်ချက်ချကာ....

"ကျုပ်က သူ ဝက်ရူးပြန်တဲ့အချိန်အထိစောင့်ရမှာလား"

လက်ညှိုးကပြုံး၍....

"သူ ဘယ်အချိန်မှာဝက်ရူးပြန်တတ်သလဲ"

တောက်လုကမျက်မှောင်ကုပ်ကာ....

"ဝက်ရူးပြန်တာက သိပ်ပြီး စိတ်လှုပ်ရှားတဲ့အခါမျိုးမှာဖြစ်တတ်တယ်၊ ဒါကြောင့် သိပ်ပြီးဝမ်းနည်းတဲ့အခါ နောက်ပြီး သိပ်ပြီးဒေါသဖြစ်တဲ့အခါမျိုးမှာ ဖြစ်လေ့ဖြစ်ထရှိတယ်"

"ဟုတ်တယ်... အဲဒီလိုအချိန်မျိုးကိုရွေးပြီးတိုက်ရင် သူဘာခံနိုင်တော့မှာလဲ"

လက်ညှိုး၏စကားဆုံးသည်နှင့်တောက်လုက စားပွဲခုံကိုလက်ဝါးဖြင့် ဖြန်းခနဲမြည်အောင်ပုတ်ရင်း....

"ကျုပ်ကို ခင်ဗျားကဘယ်လိုလူစားမျိုးလို့ထင်နေလို့လဲ"

လက်ညှိုးကပြုံး၍....

"ဒါမျိုးကို ခင်ဗျားမလုပ်ဘူးဆိုတာ ကျုပ်တို့သိပါတယ်၊ ဒါပေမဲ့ ဒါမျိုးကိုလုပ်ပေးမဲ့လူ ကျုပ်တို့ရှာလို့ရပါတယ်"

တောက်လုကခေါင်းခါယမ်းလိုက်သည်။

"ဒီမှာ ခင်ဗျားတစ်ခုနားလည်ထားဖို့က လုဝေနဲ့ပြိုင်ခွင့်ရှိတဲ့လူဟာ ကျုပ်ပဲဆိုတာ ခင်ဗျားနားလည်ထားပါ"

www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးကပြုံးပြီး....

"ကြွက်သေဖို့ အဓိကပါ"

တောက်လုက မဲ့ပြုံးပြုံး၍....

"အခုကိစ္စက သူနဲ့ကျုပ်နဲ့နှစ်ယောက်ကိစ္စပါ... ဘယ်သူမှ ဝင်ပြီးမစွက်ဖက်သင့်ဘူး"

"မြို့စားလေးဝမ်က ဝင်ပြီးမစွက်ဖက်သင့်ဘူးလား"

ထိုစကားကြောင့် တောက်လု ဘာမျှပြန်မပြောတော့ပါ။

ပါးစပ်ကိုပိတ်ထားလိုက်သည်။

လက်ညှိုးကပြုံး၍....

"ဘာပဲဖြစ်ဖြစ် မြို့စားလေးဝမ်ရဲ့ကျေးဇူးကို ခင်ဗျားသိတတ်မယ်ဆိုရင်တော့ ခင်ဗျားတစ်ခုတော့လုပ်ရလိမ့်မယ်"

တောက်လုသက်ပြင်းချလိုက်သည်။

"ဘာလုပ်ရမှာလဲ"

လက်ညှိုးက ကောက်ကျစ်စွာပြုံး၍....

"သူ့စိတ်ရှုပ်ထွေးပြီး ရောဂါထခါနီးအချိန်အထိ စောင့်ပြီးမှ သွားပါ"

တောက်လုက ဘာမျှပြန်မပြောတော့ပါ။ လက်ညှိုးက....

"ဒီပွဲမှာ ခင်ဗျား နိုင်သည်ဖြစ်စေ ရှုံးသည်ဖြစ်စေ ကျုပ်တို့ ဘာမှအရေးမထားဘူး၊ ဒါပေမဲ့ ကျုပ်ကတော့ ခင်ဗျားရဲ့အလောင်းကိုလာပြီးမယူချင်ဘူး"



ထို့နောက် လက်ညှိုးသည် တောက်လုထံမှစကားပြန်ကို မစောင့်ဘဲ အခန်းထဲမှထွက်သွားလေသည်။

လှူဝကြီးက ပခုံးနှစ်ဖက်ကိုဟန်ပါပါတွန့်လိုက်ပြီး အခန်းထဲမှထွက်သွားလေသည်။ အခန်းထဲ၌ တောက်လုတစ်ယောက်တည်းသာ ကျန်ရစ်ခဲ့လေတော့၏။

၀၀၀၀

ပိုင်ခြံဝင်း....

ခြံဝင်းထဲမှအဆောက်အဦများသည် တစ်ပိုင်းတစ်စပြိုကျပျက်စီးနေပြီဖြစ်၏။ မီးသင့်ထားဟန်ဖြင့် သစ်သားတိုင်အချို့သည် ထိုးထိုးထောင်ထောင်ဖြစ်နေ၏။

ခြံဝင်းထဲ၌ အုတ်ကျိုးအုတ်ပဲ့ပုံများ၊ သစ်တိုသစ်စများ ပြန့်ကျဲနေသည်။ ထို့ပြင် နှစ်ပေါင်းများစွာ လူတို့စွန့်ပစ်ထားသောကြောင့် ပိုင်ခြံဝင်းထဲ၌ မြက်ရိုင်းပင်များ ရှည်လျားနေပြီဖြစ်သည်။

လုဝေသည် ရှည်လျားသော မြက်ပင်များဖုံးလွှမ်းနေသည့် လမ်းအတိုင်း ပိုင်ခြံဝင်းအတွင်းသို့ ထော့နင်းထော့နင်းဖြင့် ဝင်ရောက်လာ၏။

မွန်းတည့်ချိန်ဖြစ်၍ လုဝေ၏အရိပ်သည် လုဝေ၏ကိုယ်အောက်ရောက်ရှိနေ၏။ ရုတ်တရက် လုဝေ၏ခြေလှမ်းများ ရပ်တန့်သွား၏။

တစ်ဆက်တည်းပင် မျက်မှောင်ကုပ်သွားကာ....

www.burmeseclassic.com

www.burmeseclassic.com



"ဟော့… ဘယ်သူလဲ၊ ထွက်ခဲ့"

လုဝေ၏စကားအဆုံးတွင် ချိုလွင်သောရယ်မောသံတစ်သံ ပေါ်ထွက်လာ၏။ ထို့နောက် ရယ်မောသံနှင့်အတူ ဆယ့်ရှစ်နှစ်အရွယ်ရှိမိန်းကလေးတစ်ယောက်သည် မြက်ရိုင်းပင်များကြားမှပေါ် ထွက်လာလေသည်။

မိန်းကလေးက လုဝေကိုပြုံး၍ကြည့်နေ၏။

လုဝေသည် မိန်းကလေး၏အကြည့်ကိုမခံနိုင်သည့်အလား မျက်နှာလွှဲလိုက်၏။ မိန်းကလေးသည် အဝတ်အစားကိုရိုးရိုးစင်းစင်း ဝတ်ဆင်ထား၏။

သို့သော် သူမသည် ထိုသို့ရိုးစင်းသောအဝတ်အစားနှင့်ပင် လှပနေလေသည်။ မိန်းကလေးက ရယ်မောနေရာမှ လုဝေကိုလှမ်း၍ မေးလိုက်၏။

"ကျွန်မ ဘာဖြစ်လို့ရယ်တာလဲလို့ ရှင်မမေးတော့ဘူးလား"

လုဝေက သက်ပြင်းချလိုက်ရင်း….

"မင်းဘာသာမင်းရယ်တာ ငါကဘာဖြစ်လို့မေးရမှာလဲ"

မိန်းကလေးက လုဝေ၏ဘုဂ္ဂကန့်လန့်စကားကြောင့် ထပ်မံ ရယ်မောပြီး….

"အနည်းဆုံးတော့… ဟော့… နင်ဘယ်သူလဲလို့မမေးသင့်ဘူး လားရှင်"

လုဝေက နှုတ်ခမ်းတွန့်၍….



"မင်း ဘယ်သူဖြစ်ဖြစ် ငါ့ကိစ္စမှမဟုတ်တာ"

မိန်းကလေးက နှုတ်ခမ်းစူပြီး….

"ရှင် ကျွန်မရဲ့နာမည်ကိုမမေးနိုင်ရလောက်အောင် ကျွန်မ က သိပ်အရုပ်ဆိုးနေလို့လား"

လုဝေ ဘာမှမပြောပါ။ ပါးစပ်ပိတ်ထားလိုက်သည်။

မိန်းကလေးက ခြေဆောင့်ရင်း….

"မေးလေ… နင်ဘယ်သူလဲလို့"

လုဝေ လေပူတစ်ချက်မှုတ်ထုတ်ပြီး….

"ကောင်းပြီ… ကဲ… မင်းဘယ်သူလဲ"

လုဝေ ထိုသို့မေးလိုက်သည်နှင့် မိန်းကလေးက ထခုန်ကာ လုဝေကိုခါးထောက်ကြည့်ရင်း….

"ရှင် အခု ဘယ်သူ့ခြံဝင်းထဲရောက်နေတယ်ဆိုတာ သိသ လား၊ ရှင်ဘယ်သူ့အားကိုးနဲ့ ဒီခြံဝင်းထဲကိုဝင်လာတာလဲ"

မိန်းကလေး၏အပြုအမူကြောင့် လုဝေသည် အံ့သြသွားပြီး မိန်းကလေးကိုငေးကြည့်လိုက်၏။

သူမသည် လက်နှစ်ဖက်ကိုနောက်သို့ပစ်ပြီး လုဝေ၏ရှေ့ ခေါက်တုံ့ခေါက်ပြန်လျှောက်နေ၏။

ပြီးမှ သူမက ဦးခေါင်းကိုငဲ့စောင်း၍လုဝေကိုကြည့်ကာ….

"ဒါ ပိုင်ခြံဝင်း… ပိုင်ရီဝေရဲ့ခြံဝင်း… သိလား"

ဟုပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လုဝေ ဘာမှမပြောပါ။

မိန်းကလေးက လက်ညှိုးဖြင့် သူမ၏နှာခေါင်းကိုထိုးရင်း....

"ကျွန်မက ပိုင်ခြံဝင်းရဲ့သခင်မလေး ပိုင်ကျင်းကျင်း"

လုဝေ ဘာမှမပြောပါ။

ပိုင်ကျင်းကျင်းဆိုသူ မိန်းကလေးကိုငေးကြည့်နေ၏။ ပိုင်ကျင်းကျင်းက လုဝေကိုခြေအဆုံးခေါင်းအဆုံးကြည့်ရင်း....

"ဒီမှာ ရှင့်ကို ကျွန်မမောင်းထုတ်လို့ရတယ်... သိရဲ့လား"

ဟု ဟိတ်ကြီးဟန်ကြီးဖြင့်ပြောသည်။

လုဝေ ပါးစပ်ပိတ်ထားသည်။

သူမ၏အပြုအမူက ကလေးဆန်နေ၏။

ထို့ကြောင့် လုဝေ ဘာမျှမပြောဘဲနေခြင်းဖြစ်၏။

မိန်းကလေးက ရုတ်တရက်ရယ်မောလိုက်ပြီး...

"ဒါပေမဲ့ ကျွန်မ ရှင့်ကိုမောင်းမထုတ်ပါဘူး"

လုဝေ ပြန်မပြောပါ။

မိန်းကလေးကနှုတ်ခမ်းစူပြီး ငိုမဲ့မဲ့ဟန်ဖြင့်....

"ရှင် စကားလဲပြန်မပြောပါလား"

လုဝေက သက်ပြင်းချရင်း....

"ငါ ဘာပြန်ပြောရမှာလဲ"

မိန်းကလေးက ပြုံးပြီး....

"မင်းကငါ့ကိုဘာဖြစ်လို့မောင်းမထုတ်တာလဲ၊ မေးလေ"



လုဝေက ခေါင်းခါယမ်းလိုက်၏

မိန်းကလေးက....

"သဘောကျလို့"

ဟု ပြောလိုက်၏။ ထိုစကားကြောင့် လုဝေ သက်ပြင်းမှုတ်ထုတ်လိုက်သည်။ မိန်းမပျိုသည် လုဝေကိုအတန်ကြာအောင်စိုက်ကြည့်၏။ ပြီးမှ....

"အမှန်ပြောရရင် ရှင့်ကို မောင်းမထုတ်တာဟာ မောင်းထုတ်လို့မရမှန်းသိလို့ပါ"

လုဝေ ဘာမျှပြန်မပြောပါ။

မိန်းကလေးက ဆက်ပြောသည်။

"ရှင်ဘယ်သူဘယ်ဝါဆိုတာ ပြောမပြတော့ဘူးလား"

လုဝေ ဘာမျှမပြောပါ။

မိန်းကလေးကပြုံး၍....

"ရှင်မပြောလဲ ကျွန်မသိပါတယ်"

ဟု ပြောလိုက်သည်။

လုဝေ မျက်မှောင်ကုပ်သွားသည်။

"မင်း ငါ့ကိုသိတယ်ဟုတ်လား"

မိန်းကလေးက ခေါင်းညိတ်၍....

"သိတာပေါ့"

ဟုပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

မိန်းကလေးက လုဝေကိုခြေအဆုံးခေါင်းအဆုံးကြည့်ရင်း

"ရှင် ဘယ်သူလဲဆိုတာသိတယ်... ရှင့်ရဲ့သိုင်းပညာကိုလဲသိတယ်၊ ပြီးတော့ ဒီခြံထဲကို ဘာဖြစ်လို့ လာတယ်ဆိုတာလဲ သိတယ်"

မိန်းကလေး၏စကားကြောင့် လုဝေက မိန်းကလေးကို မျက်မှောင်ကြုတ်၍ကြည့်သည်။

မိန်းကလေးက လုဝေကိုဂရုမစိုက်ဟန်ဖြင့် ဦးခေါင်းကိုမော့လိုက်ပြီး....

"အင်း... ရှင့်ကို လူထူးဆန်းလို့ပြောကြတယ်၊ ဘာမှမထူးပါဘူး... ဒါပေမဲ့ ကြည့်လို့ကောင်းတယ်"

လုဝေ သက်ပြင်းချလိုက်ပြီး....

"မင်း တစ်ယောက်တည်းလား"

လုဝေ၏စကားကြောင့် မိန်းကလေးက လုဝေကိုမျက်လုံးပြူး၍ကြည့်ပြီး....

"တစ်ယောက်တည်းဖြစ်တော့ကော ဘာဖြစ်လဲ"

လုဝေက မဲ့ပြုံးပြုံးလိုက်ပြီး....

"ဒီလောက်ပျက်စီးနေတဲ့နေရာမှာ မင်းတစ်ယောက်ထဲနေခဲ့မှာ မဟုတ်ဘူး"

မိန်းကလေးကပြုံးပြီး....

"ဘယ်နေပါ့မလဲ... တခြားမှာနေတာပေါ့"



"ဒါဖြင့် မင်းက ဘာဖြစ်လို့ မပြန်သေးတာလဲ"

မိန်းကလေးက....

"ဒါ ကျွန်မခြံဝင်းလေ... ကျွန်မက ပိုင်ခြံဝင်းရဲ့သခင်မလေး ပိုင်ကျင်းကျင်းလေ၊ ကျွန်မပြန်ချင်တဲ့အချိန်ပြန်မှာပေါ့၊ ကျွန်မကို ဘယ်သူကမှ မောင်းထုတ်လို့မရဘူး"

လုဝေက သက်ပြင်းချပြီး....

"မင်းတစ်ယောက်တည်း မကြောက်ဘူးလား"

ဟုမေးသည်။ မိန်းကလေးကပြုံးပြီး....

"ဘာလဲ... ရှင်က ကျွန်မကိုစော်ကားချင်လို့လား"

လုဝေက မိန်းကလေးကိုစိုက်ကြည့်ပြီး....

"ဒီနေရာကလူပြတ်တယ်... ပြီးတော့...."

လုဝေ၏စကားမဆုံးမီ မိန်းကလေးကလက်ကာပြ၏။

"ရှင် ဘာမှပြောမနေနဲ့... ရှင် ဒီနေ့ဒီကိုဘာဖြစ်လို့လာတယ်ဆိုတာ ကျွန်မသိတယ်၊ ဘယ်သူ့ကိုလာစောင့်တယ်ဆိုတာလဲ ကျွန်မသိတယ်"

လုဝေက ပြုံးပြီး....

"မင်းသိတာတွေ သိပ်များနေရင် မကောင်းဘူး"

မိန်းကလေးကပြုံးပြီး....

"အင်း... တစ်ခါတစ်ခါတော့လဲ အဲ့ဒီလိုသိထားတာတွေကြောင့် အန္တရာယ်ကိုရှောင်နိုင်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



လုဝေ ပြုံး၍....

"တစ်ခါတစ်ခါတော့ အဲဒီလိုသိတာတွေကြောင့် ခွေးပြေး ဝက်ပြေး ပြေးခဲ့ရဖူးမှာပေါ့"

ဟုပြောလိုက်၏။

မိန်းကလေးနှုတ်ခမ်းကိုမဲ့ပြီး....

"အင်း... အမှန်တော့ ကျွန်မတို့ စကားနိုင်မလုသင့်ဘူး"

ဟု ပြောလိုက်သည်။

ပြီးမှ သူမက လုဝေကိုကြည့်ပြီး....

"ရှင့်နာမည်လုဝေ သိုင်းလောကမှာ အမြန်ဆုံးဓားသမား ဟုတ်တယ်မဟုတ်လား"

ဟုမေးလိုက်သည်။

လုဝေကဘာမျှပြန်မပြောပါ။

မိန်းကလေးက လုဝေကိုပြုံးပြီး....

"ရှင်က တောက်လုနဲ့သူ့သေကိုယ်သေယှဉ်ပြိုင်ဖို့ ဒီမှာလာ ပြီးစောင့်နေတာမဟုတ်လား"

လုဝေ ပါးစပ်ပိတ်ထား၏။

သူ၏စိတ်ထဲ၌ တောက်လု အမြန်ဆုံးရောက်လာပါစေဟု ဆုတောင်းလိုက်၏။ မိန်းကလေးက ပြုံးပြီး....

"ဘယ့်နှယ်လဲ... ကျွန်မပြောတာတွေ ဟုတ်တယ်မဟုတ် လား"



ဟုပြောလိုက်၏။

လုဝေ သက်ပြင်းချလိုက်ပြီး....

"မင်း ဒီလောက်သိနေတာပဲ... ဘာဖြစ်လို့ ဒီနေရာက အမြန် ဆုံး ထွက်မသွားရတာလဲ"

ဟုမေးလိုက်သည်။

မိန်းကလေးက....

"ကျွန်မ တစ်ခုခုဖြစ်သွားမှာစိုးရိမ်လို့လား"

ဟု ပြန်မေးလိုက်သည်။

လုဝေခေါင်းခါပြလိုက်၏။

"မင်းကို ငါကဘာဖြစ်လို့စိုးရိမ်ရမှာလဲ"

မိန်းကလေးကမျက်ခုံးပင့်ပြီး....

"ဒါဖြင့် ဘာဖြစ်လို့ ကျွန်မကို ဒီခြံထဲကထွက်သွားခိုင်းရတာ လဲ"

လုဝေကသက်ပြင်းချရင်း....

"ကျုပ်လူသတ်တာ လူတကာကြည့်ဖို့မဟုတ်ဘူး"

မိန်းကလေးက စိတ်ဆိုးဟန်ဖြင့် 'ခြေတစ်ချက်ဆောင့် လိုက်ရင်း....

"မကြည့်စေချင်လဲ မကြည့်ပါဘူး... ဒါပေမဲ့ ဒီလောက်မြန် မြန်မောင်းထုတ်ဖို့ မလိုပါဘူး"

ဟုပြော၏။

www.burmeseclassic.com

www.burmeseclassic.com



လုဝေ သက်ပြင်းချ၍ ကောင်းကင်သို့မော့ကြည့်လိုက်သည်။

နေက အနောက်ဘက်သို့ရွေ့သွားလေသည်။

ထို့ကြောင့် ခြေထောက်အောက်၌ရောက်နေသော လုဝေ၏အရိပ်သည် အရှေ့ဘက်သို့ အနည်းငယ်ထွက်ပေါ်လာပြီဖြစ်သည်။

လုဝေ မိန်းကလေးကိုတစ်ချက်ကြည့်ပြီး....

"မင်းက ငါနဲ့တောက်လုနဲ့ ယှဉ်ပြိုင်မယ်ဆိုတာသိရင် ဘယ်အချိန်ဆိုတာပါ မင်းသိနေရမှာပေါ့"

မိန်းကလေးကပြုံးပြီး....

"သိတာပေါ့... ဒါပေမဲ့ စိတ်ချပါ... တောက်လု လာမှာ မဟုတ်ပါဘူး"

ဟုပြောသည်။

လုဝေ မျက်မှောင်ကုပ်သွားသည်။

"မင်းက ဘာဖြစ်လို့ပြောနိုင်ရတာလဲ"

မိန်းကလေးကပြုံးရင်း....

"တောက်လုကချိန်းတဲ့အချိန်အတိုင်းမလာဘဲ ရှင့်ကိုစောင့်နိုင်းထားမယ်၊ ရှင်က စောင့်ရင်းကြာလာတော့ စိတ်မရှည်နိုင်တော့ဘဲ ဒေါသဖြစ်လာလိမ့်မယ်၊ ဒီတော့မှ တောက်လုကရောက်လာပြီး ရှင်နဲ့တိုက်မယ်၊ ဒါမှ သူ့အတွက်အခွင့်အရေးရမှာပေါ့ မဟုတ်ဘူးလား"

လုဝ ဘာမျှပြန်မပြောပါ။

မိန်းကလေးကပြုံးရင်း....



"ကဲ ဘယ့်နှယ်လဲ... ကျွန်မပြောတာ မဖြစ်နိုင်ဘူးလား၊ ဒါ ပရိယာယ်တစ်ခုပဲ... ရှင်က တိကျတဲ့လူဆိုတော့ ဒါကိုစဉ်းစားမိမှာမဟုတ်ဘူး"

လုဝေ ပါးစပ်ပိတ်ထားသည်။

သူက မိန်းကလေးကိုကြည့်ရင်း သက်ပြင်းချလိုက်သည်။

မိန်းကလေးကလုဝေကိုကြည့်၍....

"ဒါပေမဲ့ ရှင်စိတ်မပူပါနဲ့... အဲ့ဒီလိုလူမျိုးနဲ့ရင်ဆိုင်ဖို့ နည်းလမ်းကောင်းတစ်ခု ကျွန်မမှာရှိတယ်"

လုဝေက မိန်းကလေးကိုကြည့်သည်။

ဘာမှပြန်မပြောပါ။

မိန်းကလေးကစိတ်ဆိုးဟန်ဖြင့် နှုတ်ခမ်းစူပြီး....

"ဟင်း... မေးလေ၊ ကျွန်မမှာ ဘယ်လိုနည်းလမ်းကောင်းရှိသလဲလို့"

လုဝေသက်ပြင်းချလိုက်သည်။

ဘာမျှတော့မမေးပါ။

မိန်းကလေးက ခြေတစ်ချက်ဆောင့်လိုက်ပြီး....

"ရှင် မမေးဘူးလား"

ဟုမေးသည်။

လုဝေကခေါင်းခါလိုက်၏။

"ကျုပ်မမေးလဲ မင်းကပြောမှာပဲမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကပြုံးလိုက်ပြီး....

"ရှင် မဆိုးဘူး... ဉာဏ်ကောင်းတယ်"

ဟုပြောလိုက်၏။

ထို့နောက် သူမသည် တစ်စုံတစ်ခုကိုစဉ်းစားနေဟန်ဖြင့် မျက်မှောင်ကုပ်လိုက်၏။

ပြီးမှ လုဝေကိုပြုံးပြီး....

"ဟုတ်တယ်... ရှင်မမေးလဲပြောမှာပဲ၊ သူက ရှင့်ကိုစိတ်မရှည်အောင်စောင့်နိုင်းရင် ရှင်ကလည်း သူ့ကိုစိတ်မရှည်အောင် ပြန်ပြီး စောင့်နိုင်းလိုက်ပေါ့"

ဟုပြောလိုက်သည်။

ထို့နောက် သူမက ပိုင်ခြိုဝင်းကိုတစ်ချက်ဝေ့ကြည့်ရင်း....

"ဒီလိုလုပ်... ကျွန်မတို့ တစ်ပတ်လောက်လျှောက်လည်မယ်၊ ပြီးတော့ နှစ်ချို့အရက်သောက်မယ်... ပြီးတော့ စစ်တုရင်ကစားနေမယ်၊ မကောင်းဘူးလား"

လုဝေ ဘာမျှမပြောပါ။

မိန်းကလေးကပြုံးရင်း....

"ဘယ့်နှယ်လဲ... ကျွန်မအကြံမကောင်းဘူးလား"

ဟုပြောကာ လုဝေ၏လက်ကိုဖမ်းဆွဲလိုက်၏။

ယင်းသို့ လုဝေ၏လက်ကိုဖမ်းဆုပ်လိုက်သည်နှင့် လုဝေ၏ လက်တစ်ဖက်က လျှပ်တစ်ပြက်လှုပ်ရှားသွားလေတော့၏။



"ဝုန်း"ဟူသောအသံနှင့်အတူ မိန်းကလေးသည် မြက်တောထဲသို့လဲကျသွားလေတော့၏။

မိန်းကလေးက လုဝေကိုမျက်လုံးပြူးကြည့်ပြီး....

"ရှင်... ရှင် သိပ်ရက်စက်ပါလား"

ဟုပြော၏။

လုဝေက သက်ပြင်းချကာ....

"မင်းက ငါ့ရဲ့လက်ကိုလာပြီးကိုင်တာကိုး"

ဟုပြော၏။

မိန်းကလေးက မျက်မှောင်ကုပ်လိုက်ပြီး....

"ကျွန်မက ရှင်နဲ့မိတ်ဆွေဖြစ်ချင်လို့ ရှင့်လက်ကိုလှမ်းကိုင်လိုက်တာ... ရှင်က ရက်ရက်စက်စက်တွန်းထုတ်ရသလား"

ပြန်ပြောရင်း မိန်းကလေးကငိုကြွေး၏။

လုဝေက သူမကို အတန်ကြာအောင်ကြည့်နေမိ၏။

ပြီးမှ လက်လှမ်းပေးကာ....

"ထ... မြက်တောထဲမှာမြွေရှိတယ်"

ဟုပြော၏။

မိန်းကလေးက....

"ကျွန်မ ထလို့မရတော့ဘူး... ခြေထောက်နာသွားပြီ"

"ခြေထောက်နာတာက အရေးမကြီးဘူး... မြွေကိုက်ရင် သေတတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com

"မြွေကိုက်လို့သေချင်လဲ သေပါစေတော့"

လုဝေက သက်ပြင်းချပြီး....

"မင်းက မြွေကိုက်ခံချင်လား"

မိန်းကလေးကနှုတ်ခမ်းစူပြီး....

"ဘယ်သူကမြွေကိုက်ခံချင်ပါ့မလဲ"

"ဒါဖြင့် ဘာဖြစ်လို့ မထသေးတာလဲ"

"ရှင်ကော ဘာလို့ လာမထူသေးတာလဲ"

လုဝေသက်ပြင်းချကာ မိန်းကလေး၏လက်ကိုဆွဲ၍ထူလိုက်သည်။ မိန်းကလေးသည် လုဝေ၏လက်ကိုဖမ်းဆုပ်၍ အလိုက်သင့်ထလိုက်ရာ မိန်းကလေး၏ကိုယ်သည် လုဝေ၏ရင်ခွင်ထဲသို့ရောက်ရှိသွားလေတော့၏။

သို့သော်....

 ဝဝဝဝ



မိန်းကလေး၏လှုပ်ရှားမှုသည် အလွန်လျင်မြန်၏။

ထို့ပြင် မထင်မှတ်ဘဲ အနီးကပ်တိုက်ခိုက်လိုက်ခြင်းဖြစ်၏။

သို့သော်....

မိန်းကလေး၏ဓားသည် လုဝေ၏ရင်ဝသို့ထိုးစိုက်မသွားပါ။

သူမ၏ဓားသည် လေထဲသို့သာထိုးမိသွား၏။

ထို့ကြောင့် အမျိုးသမီး၏မျက်လုံးအစုံသည် ပြူးကျယ်၍သွားလေသည်။

အမျိုးသမီးသည် မိမိ၏ဓားချက်ကို လုဝေကရှောင်တိမ်းနိုင်လိုက်ကြောင်းသိသည်နှင့်တစ်ပြိုင်တည်း....

နောက်သို့တစ်ပတ်ကျွမ်းပစ်၍ရှောင်တိမ်းသွားပြီး တစ်ပိုင်းဘစ်စပြိုကျပျက်စီးနေသောအဆောက်အဦးခေါင်မိုးပေါ်သို့ ခုန်တက်သွားလေသည်။

သူမ၏လှုပ်ရှားမှုသည် လျင်မြန်၏။

သူမ၏ကိုယ်ဖော့ပညာသည် သူမ၏အသက်အရွယ်နှင့် မသိုက်အောင်ပင် ထိပ်တန်းအဆင့်ရှိ၏။

လုဝေသည် သူမကိုကြည့်ရင်း သက်ပြင်းတစ်ချက်ချလိုက်လေသည်။

အမျိုးသမီးသည်အဆောက်အဦး၏ခေါင်မိုးပေါ်မှနေ၍ လုဝေကိုကြည့်ပြီး ပြုံးပြလိုက်၏။

ပြီးမှ....

www.burmeseclassic.com

www.burmeseclassic.com



အဆောက်အဦခေါင်မိုးပေါ်မှတစ်ဆင့် လေထဲခုန်ပျံရင်း ပိုင်ခြံဝင်းအတွင်းမှထွက်သွားလေသည်။

လုဝေခေါင်းယမ်းလိုက်ပြီး…

"မင်း ငါ့ကိုဘာဖြစ်လို့သတ်ချင်ရတာလဲ"

ဟု နှုတ်မှတီးတိုးရေရွတ်လိုက်လေတော့၏။

၀၀၀၀



နေသည် အနောက်မှရောက်ရှိနေပြီဖြစ်သည်။

ပိုင်ခြံဝင်းတွင်းမှ ထိုးထိုးထောင်ထောင်ဖြစ်နေသော မီးသင့်ထားသည့်တိုင်များ၏အရိပ်သည် အရှေ့အရပ်ကိုရှည်ရှည်မျှောမျှောကျဆင်းနေသည်။

လုဝေသည် ပိုင်ခြံဝင်းတွင်း၌ရှိနေဆဲဖြစ်သည်။

သူ၏အရိပ်သည်လည်း အရှေ့အရပ်သို့ တဖြည်းဖြည်း ရှည်မျှောမျှောထိုးထွက်လာပြီဖြစ်သည်။

သို့သော် တောက်လုရောက်မလာသေးပါ။

သူသည် မလှုပ်မယှက်ရပ်နေဆဲဖြစ်၏။

သူ၏စိတ်သည်စောင့်ဆိုင်းနေသောကြောင့် လှုပ်ရှားမှုမရှိပါ။ သူသည် လူတစ်ယောက်ကိုသတ်ရန်အတွက် နှင်းတောထဲ၌ သုံးရက်နှင့်သုံးညတိုင်တိုင် စောင့်ခဲ့ရဖူးသည်မဟုတ်ပါလား။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ကို မိမိကစောင့်ဆိုင်းခဲ့လျှင် မိမိကိုယ်တိုင်လည်း ထိုလူကိုပြန်၍စောင့်နေရသည်မဟုတ်ပါလား။

တောက်လုသည် လုဝေကို ပိုင်ခြံဝင်းတွင်း၌ ညနေစောင်းသည်အထိ စောင့်ဆိုင်းခဲ့၏။

တောက်လုသည် စောင့်ဆိုင်းရင်း စိတ်မရှည်တော့ပါ။

ပထမ၌ သူသည် စားပွဲ၌ငြိမ်သက်စွာထိုင်၍အရက်သောက်နေ၏။

မွန်းတည့်ချိန်ကျော်လာသောအခါ သူသည် စားပွဲ၌ ငြိမ်ငြိမ်မထိုင်နိုင်တော့ပါ။

ထို့ကြောင့်... သူသည် အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း စိတ်ကိုတည်ငြိမ်အောင်ကြိုးစားနေရလေသည်။

ဝဝဝဝ



အခန်းက ကျဉ်းသည်။

အခန်းထဲရှိ တစ်ခုတည်းသောကွပ်ပျစ်ပေါ်၌ လက်ညှိုးက ပက်လက်လှန်၍အိပ်နေ၏။

လူဝကြီးက အရက်အိုးကို နှုတ်ခမ်းဖြင့်တေ့၍ မော့သောက်ပြီးနောက် အရက်အိုးကို အခန်းထဲ၌ရှိသည့် တစ်ခုတည်းသောစားပွဲပေါ်သို့ပြန်ချလိုက်၏။

ပြီးမှ.... နှုတ်ခမ်း၌ စီးကျပေကျံနေသောအရက်များကို လက်ခုံဖြင့်သုတ်ရင်း....

"တောက်လုသွားပြီလား"

ဟုမေးသည်။

လက်ညှိုးက လူဝကြီးကိုမကြည့်ဘဲ....

"စောင့်နေတုန်းပဲ"

"ဒီလိုအချိန်မျိုးမှာ အကြာကြီးစောင့်နေရတာ မလွယ်ဘူး"

လက်ညှိုးက သက်ပြင်းချရင်း....

"ကျုပ်က စိုးရိမ်နေတယ်"

လူဝကြီးမျက်မှောင်ကြုတ်သွား၏။

"ဘာကိုစိုးရိမ်တာလဲ"

လက်ညှိုးက....

"ဒီလိုလေ လုဝေကိုစောင့်ခိုင်းထားသလောက် တောက်လုကလဲစောင့်နေရတယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ"

လက်ညှိုးက....

"ဒါကြောင့် ကျုပ်ကတောက်လုကိုစိုးရိမ်တာ"

လူဝကြီးမျက်မှောင်ကုပ်သွားပြန်၏။

"ဘာဖြစ်လို့စိုးရိမ်တာလဲ"

လက်ညှိုးက....

"လုဝေကဝက်ရူးမပြန်ဘဲ တောက်လု ဝက်ရူးပြန်သွားမှာကို စိုးရိမ်တာပါ"

လူဝကြီးကပြုံးပြီး....

"ဘယ်သူဝက်ရူးပြန်ပြန် ကျုပ်တို့အလုပ်မဟုတ်ဘူး"

လက်ညှိုးကခေါင်းညိတ်ကာ....

"ဟုတ်ပါတယ်... ဒါပေမဲ့...."

"ဒါပေမဲ့ ဘာဖြစ်လဲ"

"တောက်လုက စိတ်မထိန်းနိုင်တော့ဘဲ လုဝေဆီကိုသွားခဲ့ရင်...."

လူဝကြီးက လက်ညှိုး၏စကားမဆုံးမီ....

"သွားခဲ့ရင် စောစောသေသွားမှာပေါ့"

လက်ညှိုးကသက်ပြင်းချပြီး....

"တောက်လု ဘယ်အချိန်သေသေ ကျုပ်ဂရုမစိုက်ဘူး၊ ဒါပေမဲ့ နောက်ကျပြီးသေမှဖြစ်မှာ"



လူဝကြီးကမျက်မှောင်ကြုတ်ပြီး....

"သေတာချင်းအတူတူပဲ... ဘာဖြစ်လို့နောက်ကျမှ သေစေချင်ရတာလဲ"

လက်ညှိုးက လူဝကြီးကိုစောင်းကြည့်လိုက်ပြီး....

"ကျုပ်တို့ ချင်းစိန်စန်းကိုမသတ်ရသေးလို့ပါ"

"ဒါဖြင့် မင်းက ဘာဖြစ်လို့ကွပ်ပျစ်ပေါ်မှာအိပ်နေရတာလဲ"

လူဝကြီးကမေးလိုက်သည်။

လက်ညှိုးကပြုံးပြီး....

"မင်းကကော ဘာဖြစ်လို့ထိုင်နေရတာလဲ" ဟုလှစ်မဟုပြန်မေးသည်။

ထို့နောက် လက်ညှိုးသည် ကွပ်ပျစ်ပေါ်မှထလိုက်

လူဝကြီးကလည်း အရက်အိုးကိုမ,၍ နှုတ်ခမ်းဖျားမှ မော့သောက်လိုက်သည်။

သူတို့သည် အလွန်ကျဉ်းမြောင်းသောအခန်းထဲမှ ပြိုင်တူထွက်ခွာသွားကြလေသည်။

ထိုစဉ် ရုတ်တရက် ရာသီဥတုက ရုတ်ခြည်းပြောင်းလဲသွားလေသည်။

ကြည်လင်နေသောကောင်းကင်ပေါ်သို့ အမည်းရောင်တိမ်တိုက်များ ရုတ်ခြည်းရောက်ရှိလာလေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတုက မထင်မှတ်ဘဲပြောင်းလဲသွား၏။

ကြည်လင်နေသောကောင်းကင်ပေါ်သို့ တိမ်စိုင်တိမ်ခဲများ ရုတ်ခြည်းရောက်ရှိလာ၏။

မိုး၏အငွေ့အသက်ပါသော လေများက တသုန်သုန်တိုက်ခတ်လာသည်။

လျှပ်ရောင်များ တဝင်းဝင်းလက်လာ၏။

စိုးရိမ်

ပထမဆုံး မိုးခြိမ်းသံပေါ်လာ၏။

"ဂျိမ်း...."

ထိုမိုးခြိမ်းသံနှင့်အတူ ပိုင်ခြံဝင်းအနောက်ဘက်တံခါးဝမှ လူ ်က်ထွက်ပေါ်လာ၏။

ထိုလူသည် မိုးကြိုးနက်မား တောက်လုပင်ဖြစ်ပေတော့ ၌း။

၀၀၀၀

ရင်...



လေသည် တသုန်သုန်တိုက်ခတ်နေ၏။

ပိုင်ခြံဝင်းထဲမှာ မြက်ရိုင်းပင်များက လေအဝေ့တွင် ယိမ်းထိုးလှုပ်ရှားနေ၏။

ဖုန်များ၊ အမှိုက်သရိုက်များက တသုန်သုန်တိုက်ခတ်နေသောလေထဲ၌ဝဲပျံနေ၏။

လုဝေ၏အင်္ကျီစများသည် လေပြင်းတိုးဝှေ့မှုကြောင့် တဖျပ်ဖျပ်လှုပ်ရှားနေ၏။

လုဝေ၏ဆံပင်များသည်လည်း လေထဲ၌ဝဲပျံနေ၏။

သို့သော်... လုဝေသည် ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ မလှုပ်မယှက်ရပ်လျက်ရှိနေလေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ခြံဝင်း၏တစ်ပိုင်းတစ်စပျက်စီးနေပြီဖြစ်သော အနောက်ဘက်တံခါးဝ၌ မိုးကြိုးနတ်တား တောက်လု ရပ်နေသည်။

သူ၏အင်္ကျီစများသည် လေထဲ၌ တဖျပ်ဖျပ်လွင့်နေ၏။

သူ၏မျက်လုံးများက တည်ငြိမ်နေ၏။

လုဝေသည် ထိုအနောက်ဘက်တံခါးမှပင် ပိုင်ခြံဝင်းထဲသို့ ဝင်လာခြင်းဖြစ်သည်။

တောက်လုသည် အသက်ကိုခပ်ပြင်းပြင်းတစ်ချက်ရှူလိုက်ပြီး ပိုင်ခြံဝင်းထဲသို့တစ်လှမ်းချင်းဝင်ရောက်လာသည်။

ထို့နောက် သူ၏ခြေလှမ်းများသည် လုဝေနှင့်ဝါးလေးရိုက်အကွာ၌ရပ်တန့်လိုက်၏။

ပြီးမှ သူက လုဝေကိုစူးစိုက်ကြည့်လိုက်သည်။

လုဝေက ကောင်းကင်ပေါ်သို့တစ်ချက်မော့ကြည့်လိုက်သည်။

ကောင်းကင်ပေါ်၌ နေလုံးကြီးမရှိတော့။

အမှန်မှာ နေလုံးကြီးမရှိခြင်းမဟုတ်ပါ။

နေဝန်းကို မိုးသားတိမ်လိပ်များက ဖုံးကွယ်လိုက်ခြင်းဖြစ်ပါသည်။ လုဝေသည် ကောင်းကင်ကိုမော့ကြည့်ရာမှသက်ပြင်းတစ်ချက်ချပြီး တောက်လုကိုလှမ်းကြည့်လိုက်၏။

တောက်လုက....

"ကျုပ် မိုးကြိုးနတ်တားတောက်လုပါ"



ဟုပြောလိုက်သည်။

လုဝေက အေးတိအေးစက်လေသံဖြင့်....

"ကျုပ်သိပါတယ်"

တောက်လုက....

"ကျုပ်ရဲ့ဖိတ်စာကိုရတယ်မဟုတ်လား"

"ရတယ်"

"ကျုပ်ချိန်းတဲ့အချိန်ထက် နောက်ကျသွားတယ်"

"ကျုပ်စောင့်နေပါတယ်"

တောက်လုက....

"ကျုပ်က တမင်နောက်ကျပြီးမှလာတာ... ဒါမှ ခင်ဗျားက ကျုပ်ကိုစောင့်ရလို့ စိတ်တိုပြီး ကသိကအောင့်ဖြစ်သွားအောင် ကျုပ်တမင်လုပ်တာပါ"

လုဝေက အေးစက်စက်ပင်....

"ကျုပ်သိပါတယ်"

ဟုပြောလိုက်၏။

တောက်လုက....

"ဒါမှ ကျုပ်က ခင်ဗျားကိုသတ်ဖို့အခွင့်အရေးရမှာ"

လုဝေခေါင်းညိတ်လိုက်၏။

"ကျုပ်သိပါတယ်"

တောက်လု မဲ့ပြုံးပြုံးလိုက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ကျုပ်တစ်ခုမေ့သွားတယ်"

"ခင်ဗျားလဲ ကျုပ်ကိုပြန်ပြီးစောင့်နေရမယ်ဆိုတာ မဟုတ်လား"

တောက်လုသက်ပြင်းချလိုက်သည်။

"ဟုတ်တယ်"

"ခင်ဗျားကိုစောင့်ရလို့ ကျုပ်ရဲ့စိတ်တွေ ဂနာမငြိမ်ဖြစ်သလို ခင်ဗျားလဲဖြစ်နေတယ်မဟုတ်လား"

တောက်လုခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

လုဝေက....

"ကျုပ် အားလုံးသိနေတယ်"

တောက်လုက....

"ခင်ဗျား မသိသေးတာရှိတယ်"

"ဘာလဲ"

တောက်လုက မျက်နှာရှုံ့မဲ့လိုက်ပြီး....

"ကျုပ်ရဲ့ဓားကိုဆွဲထုတ်လိုက်တာနဲ့ ခင်ဗျားသေပြီဆိုတာပဲ"

လုဝေကပြုံးလိုက်ပြီး....

"ဒါဖြင့် ဘာဖြစ်လို့ ဓားကိုမထုတ်သေးတာလဲ"

ထိုစဉ်....

ရုတ်တရက် လျှပ်ရောင်တစ်ချက်ဝင်းလက်သွားပြီး....



"ဂျိမ်း"

ဟူသောမိုးခြိမ်းသံပေါ်ထွက်လာလေသည်။

ထို့နောက်....

မည်းမှောင်နေသောတိမ်များကြားမှ မိုးစက်မိုးပေါက်များ မြေပေါ်သို့တဖွဲဖွဲကျလာလေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



မိုးသည် ခပ်ဖွဲဖွဲရွာလာသည်။

မိုးရေများကြား၌ လူဝကြီးသည် မပြေးရုံတမယ် လျှောက်လာနေသည်။

သူ၏နောက်မှ လက်ညှိုးက ခေါင်းပေါ်သို့ လက်ကလေးမိုးကာလိုက်လာ၏။

လူဝကြီးက....

"အချိန်တွေ ဘယ်လောက်လင့်သွားပြီလဲ"

ဟုပြောလေသည်။

လက်ညှိုးက အေးတိအေးစက်လေသံဖြင့်....

"ဟုတ်လား"

လူဝကြီးက....

"ကွပ်ပျစ်ပေါ်မှာပက်လက်လှန်ပြီး မင်း ဘာဖြစ်လို့ အချိန်ဖြုန်းနေရတာလဲ"

လက်ညှိုးက....

"အချိန်နည်းနည်းစောသေးလို့ပါ"

"နောက်ကျရင် လုဝေပြန်လာတာနဲ့တိုးနေမှာပေါ့"

လက်ညှိုးက ခနဲ့ပြုံးပြုံးရင်း....

"ငါက အဲဒီလိုဖြစ်အောင်အချိန်စောင့်နေတာ"

သူ့စကားကြောင့် လူဝကြီး ခြေလှမ်းရပ်ပြီးသူ့ကိုလှည့်ကြည့်လိုက်လေသည်။



ပြီးမှ....

"ဘာပြောတယ်... လုဝေနဲ့တိုးအောင် တမင်စောင့်နေတာဟုတ်လား"

ဟုမေးလိုက်၏။

"ဟုတ်တယ်"

လူဝကြီးမျက်နှာရှုံ့ကာ....

"မင်းက ငါ့ကိုသေစေချင်လို့လား"

လက်ညှိုးက....

"မင်းကို စိတ်ထဲကနေပြီး သတ်နေတာကြာပြီ"

လူဝကြီးကနှုတ်ခမ်းမဲ့ပြီး....

"ငါကလဲ မင်းကိုအမှန့်ချေပစ်ချင်တာကြာပြီ"

လက်ညှိုးက....

"ငါ့လက်ထဲမှာ မိုးကြိုးသွားရှိတဲ့တချိန်လုံး မင်းက ငါ့ကိုစိတ်နဲ့တောင် မသတ်ရဲဘူး မဟုတ်လား"

လူဝကြီး ပါးစပ်ပိတ်ထားလိုက်သည်။

ပြီးမှ သက်ပြင်းချပြီး....

"မင်းနဲ့ငါတွဲပြီး လူသတ်ခဲ့တာမနည်းဘူး... အောင်မြင်တာချည်းပဲ၊ ငါမပါဘဲနဲ့ အောင်မြင်နိုင်ပါ့မလား"

"ထားပါတော့... ဒါပေမဲ့ ငါ မင်းနဲ့ဆက်ပြီး လက်မတွဲချင်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



လူဝကြီးကပြုံးလိုက်ပြီး....

"ဒါဆိုလဲ ခေါင်းဆောင်ကြီးကိုပြောလိုက်ပေါ့"

လက်ညှိုးက....

"သူက တို့နှစ်ယောက်ပေါင်းမှအောင်မြင်တယ်လို့ ယုံကြည်တယ်"

"မဟုတ်လို့လား"

လက်ညှိုးကပြုံးပြီး....

"မဟုတ်ကြောင်း တစ်နေ့ပြရမှာပဲ"

"ထားပါတော့... မင်းက ဘာဖြစ်လို့ လုဝေနဲ့တိုးအောင် အချိန်ဖြုန်းနေရတာလဲ"

"လုဝေကိုပါ အပြတ်ရှင်းမလို့"

လူဝကြီးက လက်ညှိုးကို အထင်သေးသောမျက်လုံးများဖြင့် ကြည့်ရင်း....

"မင်းက လုဝေကိုသတ်နိုင်လို့လား"

လက်ညှိုးကနှုတ်ခမ်းမဲ့ကာ....

"မိုးကြိုးသွားကို ဘယ်သူရှောင်နိုင်မှာလဲ"

လူဝကြီးကပြုံးလိုက်ပြီး....

"ဒါဆို ဘာဖြစ်လို့ အစကတည်းက လုဝေရော ချင်းစိန်စန်းကိုပါမသတ်ရတာလဲ"

သူ့အပြောကြောင့် လက်ညှိုး မျက်နှာပျက်သွားသည်။



ပြီးမှ သက်ပြင်းချ၍....

"ခေါင်းဆောင်ကြီးစီစဉ်တဲ့အတိုင်း ငါလုပ်ရတာပဲ"

လူဝကြီးကပြုံးပြီး....

"လုဝေကိုသတ်လို့ ခေါင်းဆောင်ကြီးစိတ်ဆိုးမှာ မဟုတ်ပါဘူး"

လက်ညှိုး ဘာမှပြန်မပြောတော့ပါ။

လူဝကြီးသည် လက်ညှိုးကိုတစ်ချက်ကြည့်လိုက်ပြီး....

"တောက်လုနဲ့လုဝေယှဉ်ပြိုင်ပြီး လုဝေနိုင်ခဲ့ရင်လဲ အနည်းဆုံးတော့ ဒဏ်ရာရလာလိမ့်မယ်လို့ မင်းထင်နေတယ်မဟုတ်လား"

"ဒါမှ မင်းက လုဝေကို အလွယ်တကူသတ်နိုင်မှာ မဟုတ်လား"

လူဝကြီး၏စကားကို လက်ညှိုး ခွန်းတုံ့ပြန်၍မပြောတော့ပါ။

သူသည်သက်ပြင်းတစ်ချက်ချပြီး ရှေ့ဆက်ထွက်သွားလေတော့သည်။

လူဝကြီးသည် လက်ညှိုးကိုကြည့်ပြီး သဘောကျဟန်ဖြင့် ပခုံးတွန့်၍ လက်ညှိုး၏နောက်မှလိုက်သွားလေတော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



မိုးက ရွာနေဆဲဖြစ်သည်။

မိုးရွာသည်နှင့် လမ်းများကဗွက်ထလာပြီဖြစ်သည်။

လေကလည်း တဖြည်းဖြည်းနှင့် ခပ်ကြမ်းကြမ်းတိုက်ခတ်လာပြီဖြစ်သည်။

မိုးသည် သည်းထန်စွာရွာနေဆဲဖြစ်၏။

လေသာဆောင်၏ပြတင်းတံခါးကိုဖွင့်ထားသဖြင့် မိုးရေစက်များက ကြမ်းပေါ်သို့ကျလာ၏။

မိန်ကျင်းလျှံသည် ပြတင်းတံခါးကိုထ၍မပိတ်ပါ။

သူမသည် ခုံတစ်လုံးပေါ်၌ထိုင်ရင်း ဦးခေါင်းကိုငုံ၍ဓာပန်းထိုးနေသည်။

သူမသည် ဦးခေါင်းငုံ့ပြီးဓာပန်းထိုးနေရာမှ....

"တံခါးစေ့ထားတယ်... တွန်းဝင်ခဲ့ပါ"

ဟု ပြောလိုက်သည်။

သူမ၏အသံကြောင့် တံခါးဝ၌ရပ်နေသောလက်ညှိုး၏ရင်ထဲ၌ ထိတ်ခနဲဖြစ်ကာ မျက်စိမျက်နှာပျက်သွားလေသည်။

လူဝကြီး၏မျက်နှာပေါ်တွင်လည်း ချွေးသီးများကျလာလေသည်။ သို့သော် မိုးရေစက်များနှင့်ရောနေသောကြောင့် ချွေးသီးများကိုမည်သူမျှမတွေ့နိုင်ပါ။

လူဝကြီးသည် ရင်ထဲထိတ်လန့်သွားသော်လည်း မျက်နှာမပျက်အောင် ထိန်းချုပ်ထားနိုင်ခဲ့၏။



သူတို့သည် အခန်းတံခါးရှေ့သို့ ခြေသံမကြားအောင် လာခဲ့ခြင်းဖြစ်သည်။

သူတို့၏ကိုယ်ဖော့ပညာသည် ထိပ်တန်းအဆင့်မဟုတ်သည့်တိုင်အောင် ကိုယ်ဖော့ပညာ အလွန်မြင့်သူများဖြစ်ကြ၏။

လက်ညှိုးက လူဝကြီးကိုကြည့်လိုက်သည်။

လူဝကြီးကလက်ညှိုးကိုပြန်ကြည့်၏။

လက်ညှိုးကသက်ပြင်းချပြီး....

"ကျုပ်ပြောတယ်မဟုတ်လား... မိန်ကျင်းလျှံဟာ ကျုပ်တွေ့ဖူးတဲ့ကြေးတန်းစားဂေဟာပိုင်ရှင်တွေနဲ့မတူဘူး"

ဟုတီးတိုးပြောလိုက်သည်။

လူဝကြီးကသက်ပြင်းချ၏။

အခန်းထဲမှ မိန်ကျင်းလျှံ၏အသံပေါ်ထွက်လာပြန်၏။

"ဘာဖြစ်လို့ တံခါးဝမှာရပ်နေရတာလဲ"

လူဝကြီးက လက်ညှိုးကိုမေးငေါ့၍ တံခါးဖွင့်ရန်အချက်ပေးလိုက်၏။ လက်ညှိုးက ဦးခေါင်းစောင်း၍ လူဝကြီးကိုတံခါးဖွင့်ခိုင်းလေသည်။ ထိုစဉ် အခန်းထဲမှ မိန်ကျင်းလျှံ၏အသံထပ်မံပေါ်ထွက်လာပြန်သည်။

"ရှင်တို့နှစ်ယောက် လူသတ်ဖို့လာတာမဟုတ်လား... အသတ်ခံရမဲ့လူက ခုတင်ပေါ်ကထလာပြီး ရှင်တို့ကို တံခါးဖွင့်ပေးရဦးမှာလား"

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှပေါ်ထွက်လာသော မိန်ကျင်းလျှို၏စကား ကြောင့် လက်ညှိုးသည်လန့်ဖျပ်၍ တံခါးဝမှနောက်သို့ခြေလှမ်းတစ် လှမ်းမျှ ဆုတ်လိုက်မိသည်။

လူဝကြီးသည် မျက်လုံးပြူးမျက်ဆံပြူးဖြစ်ကာ ဆံပင်မွေး များပင် ထောင်လာသည်ဟုခံစားရသည်။

ပြီးမှ လူဝကြီးနှင့်လက်ညှိုးတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။

ထိုစဉ် အခန်းထဲမှ မိန်ကျင်းလျှို၏အသံပေါ်ထွက်လာပြန် သည်။

"ရှင်တို့ဝင်လာရင် ခြေသံမကြားအောင်နင်းလာပါ... ချင်းစိန် စန်းက အဆိပ်မိပြီးသတိမရသေးဘူး"

လက်ညှိုးသက်ပြင်းချပြီး လူဝကြီးကိုကြည့်လိုက်သည်။

လူဝကြီးကပခုံးတွန့်ပြသည်။

ထိုစဉ် အခန်းထဲမှ မိန်ကျင်းလျှို၏အသံက ထပ်၍ပေါ်ထွက် လာသည်။

"ရှင်တို့ ခုထိဘာဖြစ်လို့ဝင်မလာကြသေးတာလဲ၊ နောက်မှ ရှင်တို့နောင်တရနေလိမ့်မယ်"

ထိုစကားကြောင့် လက်ညှိုးကတီးတိုးလေသံဖြင့်....

"သူကချင်းစိန်စန်းရဲ့အရင်းနှီးဆုံးမိတ်ဆွေပဲ... ဘာဖြစ်လို့ သူက ငါတို့ဝင်ပြီးမသတ်မှာကိုစိုးရိမ်နေရတာလဲ"



လူဝကြီးက တီးတိုးလေသံဖြင့်....

"သူ မိန်းမပဲ... မိန်းမဆိုတာ ယောကျ်ားကိုသစ္စာဖောက် တတ်ကြတာပဲ"

လက်ညှိုးကလေသံနှိမ့်၍....

"မဟုတ်ဘူး"

"ဒါဖြင့် ဘာသဘောလဲ"

လက်ညှိုးက နှုတ်ခမ်းကိုမဲ့၍ပြုံးပြီး....

"သူက ဒီလိုပြောမှ ကျုပ်တို့စိတ်ထဲမှာသံသယဝင်လာမယ် မဟုတ်လား"

လူဝကြီးကမျက်မှောင်ကြုတ်ကာ စဉ်းစားလိုက်၏။

ပြီးမှ ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်... အခုတောင် စိတ်ထဲမှာမသိုးမသန့်ဖြစ်နေပြီ"

လက်ညှိုးကပြုံးပြီး....

"ကျုပ်တို့စိတ်ထဲမှာသံသယဖြစ်လာပြီး အထဲကိုမဝင်ဖြစ် တော့ဘူးမဟုတ်လား"

လူဝကြီးကခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

လက်ညှိုးက သူသိသူတတ်ဟန်ပန်ဖြင့် ရင်ကိုကော့ပြီး....

"ဒါဟာ နည်းပရိယာယ်တစ်မျိုးပဲ"

လူဝကြီးက လက်ညှိုး၏စကားကိုထောက်ခံ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

လက်ညှိုးကပြုံးလိုက်ပြီး....

"ဒါဆို ငါတို့က ဘာဖြစ်လို့ ဒီမှာရပ်နေရမှာလဲ"

ဟု ပြန်ပြောလိုက်၏။

လူဝကြီးက ပခုံးတွန့်ပြီး....

"ကျုပ်က တံခါးဖွင့်မှာကိုစောင့်နေတာ"

လက်ညှိုးက....

"တံခါးက သူ့ဘာသာသူ ပွင့်ပါ့မလား"

"ဒါဆို မင်းကတွန်းဖွင့်လိုက်ပေါ့"

"ဘယ်သူက လူသတ်မှာလဲ"

လူဝကြီးက....

"မင်းမှာ မိုးကြိုးသွားရှိတယ်လေ"

"ဒါဖြင့် မင်းကတံခါးဖွင့်"

လူဝကြီးကပြုံးပြီး....

"တံခါးမှာ ထောင်ချောက်ဆင်မထားဘူးလို့ မင်း အာမခံနိုင်လို့လား"

လက်ညှိုးကရယ်မောပြီး....

"မင်းကစေ့စပ်သေချာတယ်၊ ဒါကြောင့် မင်းပဲတံခါးဖွင့်ပါ"

လူဝကြီးကမျက်နှာရှုံ့ကာ....

"မင်းလိုလူနဲ့ပေါင်းမိတာ ငါ့အတွက်ကံကောင်းတာပဲ"



လက်ညှိုးက....

"ဘာဖြစ်လို့လဲ"

လူဝကြီးကပြုံး၍....

"အနည်းဆုံး ငါသာသေသွားရင် မင်းက ငါ့အလောင်းကို ပြန်ပြီးသယ်နိုင်တာပေါ့"

ထို့နောက် ရုတ်တရက် လူဝကြီးကတံခါးကိုတွန်းဖွင့်လိုက်ပြီး လက်ညှိုး၏ခန္ဓာကိုယ်နောက်သို့ ခုန်ဝင်လိုက်လေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



"ဂျိမ်း"

ဟူသောမိုးခြိမ်းသံနှင့်အတူ အခန်းတံခါးပွင့်သွား၏။

လှုဝကြီးက လက်ညှိုး၏နောက်သို့ခုန်ဝင်ပုန်းအောင်း၍ အခန်းထဲသို့ခေါင်းပြူကြည့်လိုက်သည်။

အခန်းထဲ၌ မိန်ကျင်းလျှံသည် ခုံတစ်လုံးပေါ် ထိုင်ရင်း ခေါင်းငုံ့စာပန်းထိုးနေသည်။

လက်ညှိုးသည် သူ၏နောက်မှလှုဝကြီးကို ပျစ်ပျစ်နှစ်နှစ်ဆဲလိုက်ပြီး....

"မင်းက ငါ့ကိုလုပ်ကြံတာလား"

ဟုမေးသည်။

လှုဝကြီးကပခုံးတွန့်၍....

"ပုန်းဖို ်နေးရာ ပုန်းလိုက်တာပါကွာ"

ဟု ပြောသည်။

လက်ညှိုးက....

"တံခါးမှာထောင်ချောက်ဆင်ထားရင် အခုလောက်ဆို မင်းငါ့အလောင်းကိုထမ်းသွားရပြီ"

ဟုပြော၏။

လှုဝကြီးကပြုံး၍....

"သေချာတာပေါ့... မင်း အခုလို စကားတောင်ပြောနိုင်မှာမဟုတ်ဘူး"



လက်ညှိုးသည် ဘာမျှပြန်မပြောတော့ဘဲ....

"ကဲ... ဝင်"

ဟုပြောလိုက်သည်။

သို့သော် လှုဝကြီးက ရပ်မြဲရပ်နေသည်။

လက်ညှိုးကမျက်မှောင်ကုပ်၍....

"အထဲဝင်လေ... ဘာလို့ရပ်နေတာလဲ"

လှုဝကြီးကပြုံးလိုက်ပြီး....

"ငါတံခါးဖွင့်ပေးပြီးပြီလေ... အထဲဝင်ရမှာကမင်းအလုပ်ပဲ"

လက်ညှိုးကခေါင်းခါ၍....

"အတူတူဝင်မယ်"

ဟုပြောလိုက်သည်။

လှုဝကြီးကခေါင်းခါ၏။

"လူသတ်ရမှာက မင်းကိစ္စလေ... တံခါးဖွင့်တာကငါ့ကိစ္စပဲ၊ ငါ့ကိစ္စကို ငါလုပ်ပြီးပြီ၊ မင်းကိစ္စကို မင်းဘာသာလုပ်တော့"

လက်ညှိုး ဘာမျှပြန်မပြောတော့ဘဲ အခန်းထဲသို့လှမ်းဝင်လေတော့၏။

ဝဝဝဝ

www.burmeseclassic.com



လက်ညှိုးသည် အခန်းထဲသို့လှမ်းဝင်လိုက်သည်။

တစ်ဆက်တည်းမှာပင်.... သူ၏လက်သည် အင်္ကျီရင်ဘတ်ကြားထဲ၌ဝှက်ယူလာသော မိုးကြိုးသွားလက်နက်ပုန်းကိုစမ်းသပ်လိုက်သည်။

သူ၏လက်များက မိုးကြိုးသွားလက်နက်ပုန်းနှင့်ထိတွေ့လိုက်သောအခါ သူ၏စိတ်သည် ပြောင်းလဲသွား၏။

အင်အားများဖြစ်ပေါ်လာသလို ခံစားရသည်။

မိမိကိုယ်မိမိ ယုံကြည်စိတ်ဖြစ်ပေါ်လာသည်။

ကြောက်ရွံ့စိတ်များ ထွက်ပြေးသွား၏။

အခန်းထဲသို့ လက်ညှိုးရောက်ရှိလာသည်နှင့် မိန်ကျင်းလျှိုက ဦးခေါင်းငုံ့၍စာပန်းထိုးနေရာမှ ဆတ်ခနဲခေါင်းထောင်ပြီး လက်ညှိုးကိုလှမ်းကြည့်လိုက်သည်။

ပြီးမှ သူမသည် ချိုလွင်သောအသံဖြင့်ရယ်မောကာ....

"ရှင်က လက်ညှိုးမဟုတ်လား"

ဟုမေးလိုက်၏။

လက်ညှိုးက ဘာမျှပြန်မပြောပါ။

မိန်ကျင်းလျှိုကရယ်မောရင်း....

"ကင်းမြီးကောက်ဂိုဏ်းရဲ့ နာမည်ကြီးလက်ညှိုးဆိုတာ ရှင်လား"

ဟုထပ်မေးပြန်၏။



လက်ညှိုးက မျက်မှောင်ကုပ်၍မိန်ကျင်းလျှိုကိုကြည့်ရင်း....

"ကျုပ်ကရယ်စရာကောင်းနေလို့လား"

ဟုမေးလိုက်သည်။

မိန်ကျင်းလျှိုကခေါင်းညိတ်ကာ....

"ဟုတ်တယ်... ရယ်စရာကောင်းတယ်"

လက်ညှိုးကမျက်မှောင်ကုပ်ကာ....

"ဘာဖြစ်လို့လဲ"

မိန်ကျင်းလျှိုက....

"ရှင်ဟာ ထိပ်တန်းလူသတ်သမားနဲ့မတူဘူး"

လက်ညှိုးက ခနဲ့ပြုံးပြုံးလိုက်ပြီး....

"လူသေဖို့ပဲအရေးကြီးတယ် မဟုတ်လား"

မိန်ကျင်းလျှိုကပြုံးကာ....

"ဟုတ်ပါတယ်... ဒါပေမဲ့ အင်္ကျီရင်ဘတ်ကြားထဲဝှက်လာတဲ့ မိုးကြိုးသွားကိုတော့ ရှင်တစ်ခါမှအသုံးမပြုခဲ့သေးပါဘူး"

လက်ညှိုးကမဲ့ပြုံးပြုံးရင်း....

"မလိုအပ်ပါဘူး"

မိန်ကျင်းလျှိုကပြုံးပြီး....

"မလိုအပ်တာလား... မသုံးတတ်တာလား"

မိန်ကျင်းလျှို၏စကားကြောင့် လက်ညှိုးသည် မျက်စိမှေးနှာတစ်ချက်ပျက်သွားပြီး....

www.burmeseclassic.com

www.burmeseclassic.com



"မလိုအပ်လို့မသုံးတာ"

မိန်ကျင်းလျှံကရယ်မောလိုက်သည်။

ပြီးမှ....

"ရှင် မလိမ်ပါနဲ့... ရှင့်လက်ထဲမှာရှိတဲ့မိုးကြိုးသွားလက်နက်ပုန်းအပေါ်မှာ ရှင်သံသယရှိနေတယ်မဟုတ်လား"

လက်ညှိုးက နှုတ်ခမ်းကိုတစ်ချက်ကိုက်ပြီး....

"မိုးကြိုးသွားဟာ ကြာပန်းတောင်ကုန်းရဲ့ လက်နက်ပုန်းဆိုတာ မင်းမသိဘူးလား"

ဟုပြန်စမ်းမေးလိုက်သည်။

မိန်းကျင်းလျှံကရယ်မောရင်း....

"သိတာပေါ့... ဒါပေမဲ့ ရှင်လက်ထဲကပစ္စည်းတော့ မဟုတ်နိုင်ဘူး"

ထိုစကားကြောင့် လက်ညှိုး၏ရင်ထဲ၌ထိတ်သွား၏။

သို့သော် မျက်နှာမပျက်အောင် ထိန်းချုပ်ထားလိုက်သည်။

မိန်ကျင်းလျှံက လက်ထဲမှဓာပန်းထိုးသောပစ္စည်းများကို အနီးရှိ စားပွဲပေါ်သို့တင်လိုက်သည်။

ထိုသို့ စားပွဲပေါ်သို့ ပစ္စည်းများတင်လိုက်ရင်း....

"ရှင့်လက်ထဲကပစ္စည်းဟာ မိုးကြိုးသွားအစစ်ဆိုရင် ရှင်တို့ ကျွန်မကိုလုပ်ကြံပြီးတာကြာပြီပေါ့"

ဟုပြောလိုက်သည်။



လက်ညှိုးက ရုတ်တရက်ရယ်မောလိုက်ပြီး....

"မင်းက ငါလက်ထဲကပစ္စည်းဟာ မိုးကြိုးသွားဟုတ်မဟုတ် သိလို့လား"

မိန်ကျင်းလျှံကပြုံး၍....

"ရှင်လက်ထဲမှာရှိတဲ့ပစ္စည်းမျိုး ကျွန်မဆီမှာ သုံးလေးဘူးလောက်ရှိတယ်"

"ကျုပ် မယုံဘူး"

မိန်ကျင်းလျှံကပြုံးပြီး....

"ရှင်လိုချင်တယ်ဆိုရင် ကျွန်မက လက်ဆောင်အဖြစ်ပေးနိုင်ပါတယ်"

ပြောပြီး အင်္ကျီရင်ဘတ်ကြားတွင်းမှ ရွှေရောင်လေးထောင့်ဘူးလေးတစ်ခုကိုထုတ်ယူလိုက်သည်။

ထို့နောက် ထိုရွှေရောင်ဘူးကို လက်ညှိုးထံသို့ ပစ်ပေးလိုက်လေသည်။

လက်ညှိုးက မိန်ကျင်းလျှံပစ်ပေးလိုက်သောဘူးကို ဖမ်းယူလိုက်၏။ ထို့နောက် မိန်ကျင်းလျှံပေးလိုက်သည့်ဘူးကို ကြည့်လိုက်သည်။ ထိုသို့ကြည့်လိုက်မိသည်နှင့် သူ၏မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်သွားလေတော့သည်။

ရွှေရောင်ဘူးကိုကိုင်ထားသော သူ၏လက်များလည်း တုန်ဆင်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်ကျင်းလျှံကရယ်မောရင်း....

"ဘယ်လိုလဲ... ကျွန်မပေးတဲ့ဘူးနဲ့ ရှင့်မှာရှိတဲ့ဘူးက အတူတူပဲမဟုတ်လား"

လက်ညှိုး ဘာမျှပြန်မပြောနိုင်တော့ပါ။ သူသည် လက်တွင်းမှရွှေရောင်ဘူးကိုတစ်လှည့် မိန်ကျင်းလျှံကိုတစ်လှည့် ကြည့်လိုက်လေသည်။

ထိုစဉ်.... လူဝကြီးသည် အခြေအနေမဟန်မှန်းသိသဖြင့် နောက်ကြောင်းပြန်လှည့်ပြေးရန် ဟန်ပြင်လိုက်သည်။

သို့သော် လူဝကြီးသည် နောက်ပြန်လှည့်၍မပြေးဖြစ်ပါ။

အဘယ်ကြောင့်ဆိုသော်....

လက်ညှိုးက ရုတ်တရက်ဆိုသလို သူ့ကိုလှမ်းကြည့်လိုက်သောကြောင့်ဖြစ်လေသည်။

ဝဝဝဝ



လူဝကြီးက လက်ညှိုးကိုပြုံးပြလိုက်၏။

သူ၏အပြုံးက တစ်စုံတစ်ခုကိုခိုးဝှက်ပြုလုပ်စဉ် လူမိသွားသောကလေးတစ်ယောက်အပြုံးမျိုးဖြစ်နေပေသည်။

လက်ညှိုးက လူဝကြီးကိုမျက်မှောင်ကြုတ်၍ကြည့်ပြီး....

"မင်းကထွက်ပြေးမလို့လား"

ဟုမေးလိုက်သည်။

လူဝကြီးပြုံးလိုက်ပြီး....

"ဟဲ... ဟဲ... အကူအညီလှမ်းတောင်းမလို့ပါ"

လက်ညှိုးကသက်ပြင်းချကာ....

"ဘာဖြစ်လို့ မင်းငါ့ကိုမသတ်တာလဲ"

လူဝကြီးကပြုံးရင်း....

"မင်းနဲ့ငါက လုပ်ဖော်ကိုင်ဖက်တွေပဲ"

"မင်း ငါ့ကိုသတ်ချင်နေတာမဟုတ်လား"

လူဝကြီးခေါင်းခါလိုက်သည်။

"ငါ မင်းကိုမသတ်ချင်တော့ပါဘူး"

လက်ညှိုးကမျက်မှောင်ကြုတ်ပြီး....

"ဘာဖြစ်လို့ စိတ်ပြောင်းသွားရတာလဲ"

"ကိုယ်တိုင်သတ်ဖို့ မလိုတော့လို့ပါ"

လက်ညှိုး ဘာမျှပြန်မပြောတော့ဘဲ လူဝကြီးကိုစိုက်ကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူဝကြီးက သဘောကျစွာပြုံးရင်း....

"မင်းရဲ့လက်ထဲမှာရှိတဲ့ မိုးကြိုးသွားဟာ အစစ်မဟုတ်တဲ့အကြောင်း သိုင်းလောကကိုပြောလိုက်ရုံပဲ"

လက်ညှိုးက မဲ့ပြုံးပြုံးလိုက်ပြီး....

"မင်း အဲဒီလိုပြောနိုင်တော့မှာမဟုတ်တော့ဘူး"

လူဝကြီးက မခံချိမခံသာမျက်နှာထားမျိုးဖြင့် လက်ညှိုးကို သရော်တော်တော်ကြည့်ပြီး....

"မင်းကငါ့ကိုသတ်နိုင်လို့လား"

လက်ညှိုးခေါင်းခါယမ်းလိုက်သည်။

"မသတ်နိုင်ပါဘူး"

လူဝကြီးကပြုံး၍....

"ဒါဆို ငါကဘာဖြစ်လို့ မင်းအကြောင်းမပြောနိုင်ရမှာလဲ၊ ဟင်း... ဟင်း... တစ်ယောက်ယောက်သိသွားတာနဲ့ သုံးနာရီတောင်ကြာမှာမဟုတ်ဘူး၊ ဒါပေမဲ့ မပူပါနဲ့.... မင်းရဲ့အလောင်းကို ကျုပ်က ကောင်းကောင်းမွန်မွန်သင်္ဂြိုဟ်ပေးမှာပါ"

ဟု ရိုတိုတိပြောလိုက်သည်။

လက်ညှိုးကသက်ပြင်းချလိုက်ပြီး....

"မင်းတစ်ခုမေ့နေတယ်"

ဟုပြောလိုက်သည်။

လူဝကြီးမျက်ခုံးပင့်ကာ....



"ဘာမေ့နေလို့လဲ"

လက်ညှိုးကောက်ကျစ်စွာပြုံးလိုက်ပြီး....

"ကျုပ်လက်ထဲကပစ္စည်းဟာ အတုဖြစ်ပေမဲ့ မင်းကိုတော့ သတ်လို့ရသေးတယ်ဆိုတာ"

လက်ညှိုး၏စကားကြောင့် လူဝကြီး၏မျက်နှာပေါ်မှအပြုံး ပျောက်ကွယ်သွား၏။

တစ်ဆက်တည်းမှာပင် လူဝကြီးကလှုပ်ရှားလိုက်၏။

လူဝကြီး၏လှုပ်ရှားမှုက ဝဖိုင့်သောခန္ဓာကိုယ်နှင့် မလိုက်ဖက်အောင် လျင်မြန်၏။

သူက လက်ညှိုးကိုစတင်တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

သို့သော် သူသည် ခြေတစ်လှမ်းစာမျှ နောက်ကျသွားနေပြီ ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော်....

လက်ညှိုး၏လက်ထဲ ကိုင်ထားသောရွှေရောင်လေးထောင့်ဘူးကလေးသည် ရုတ်တရက် စူးရှသောအလင်းရောင်တန်းတစ်ခု ပေါ်ထွက်လာပြီး လူဝကြီးထံသို့ရောက်ရှိသွားသောကြောင့်ဖြစ်၏။

ထိုအလင်းတန်းက အလွန်လှပ၏။

နေဝင်ဆည်းဆာကဲ့သို့လည်းကောင်း

သက်တံ့ကဲ့သို့လည်းကောင်း လှပ၏။ ထိုလှပသော အလင်းတန်းအောက်၌ လူဝကြီး၏အသက် ကွယ်ပျောက်သွားပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်....

လူဝကြီး၏ဝဖိုင့်သောခန္ဓာကိုယ်သည် ကြမ်းပြင်ပေါ်သို့ ဖွဲ့အိတ်တစ်အိတ်ပစ်ချလိုက်သည့်ပမာ ဘိုင်းခနဲအသံမြည်အောင် ပစ်လဲကျသွားလေတော့၏။

οοοο



လှျပ်ရောင်များ ပြိုးပြက်ဝင်းလက်သွား၏။

"ဂျိမ်း... ဂျိမ်း"

မိုးခြိမ်းသံက နောက်မှလိုက်လာ၏။

မိန်ကျင်းလျှံ သက်ပြင်းချလိုက်သည်။

"အင်း... ရှင်ပြောတာမှန်သားပဲ၊ ရှင့်ရဲ့မိုးကြိုးသွားဟာ အတုဖြစ်ပေမဲ့ လူသတ်လို့တော့ရသားပဲ"

လက်ညှိုးက လက်ထဲမှရွှေရောင်ဘူးကို မိန်ကျင်းလျှံဘက်သို့ လှည့်ချိန်လိုက်ပြီး....

"ဟုတ်တယ်... အတုဖြစ်ပေမဲ့ မင်းကိုလဲသတ်လို့ရတယ်"

ဟုပြောလိုက်၏။

မိန်ကျင်းလျှံကပြုံးနေ၏။ လက်ညှိုးက....

"မင်းသေသွားရင် မိုးကြိုးသွားအတုလား အစစ်လားဆိုတာ ဘယ်သူသိနိုင်တော့မလဲ"

မိန်ကျင်းလျှံက ပြုံး၍ခေါင်းညိတ်၏။

"မှန်တာပေါ့... ဒီကိစ္စကို ကျွန်မကလွဲပြီး ဘယ်သူမှမသိကြဘူး"

လက်ညှိုးကပြုံးလိုက်ပြီး....

"ဒီမိုးကြိုးသွားအတုဟာ မင်းကိုလဲသတ်နိုင်တယ်၊ လုဝေနဲ့ တောက်လုတို့နှစ်ယောက်ထဲက ကျန်တဲ့တစ်ယောက်ကိုလဲသတ်နိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



မိန်ကျင်းလှုံ့ကပြုံးလိုက်ပြီး....

"မှန်တာပေါ့... ဒါပေမဲ့ ရှင်မေ့နေတာတစ်ခုရှိတယ်"

မိန်ကျင်းလှုံ့၏စကားကြောင့် လက်ညှိုးမျက်မှောင်ကုပ်သွားပြီး....

"မင်းကိုသတ်ဖို့လား"

မိန်ကျင်းလှုံ့ကခေါင်းယမ်းကာ....

"မဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ"

မိန်ကျင်းလှုံ့ကပြုံးရင်း....

"ဒီမိုးကြိုးသွားဟာအတုဖြစ်တယ်ဆိုတာ ဘာဖြစ်လို့ ကျွန်မပြောနိုင်သလဲဆိုတာကို ရှင်မမေးတော့ဘူးလား"

"မင်းကိုသတ်လိုက်မှတော့ မင်း ဘာဖြစ်လို့သိနေတယ်ဆိုတာကို ငါကမေးဖို့လိုဦးမလား"

မိန်ကျင်းလှုံ့ကပြုံး၍....

"လိုတာပေါ့"

ဟုပြောလိုက်၏။

"ဘာဖြစ်လို့လဲ"

မိန်ကျင်းလှုံ့က....

"တော်ကြာ ရှင့်လက်ထဲကမိုးကြိုးသွားအတုဟာ မိန်းမတွေကိုသတ်လို့မရတဲ့ပစ္စည်း ဖြစ်ချင်ဖြစ်နေမှာစိုးလို့ပါ"



မိန်ကျင်းလှုံ့၏စကားကြောင့် လက်ညှိုးသည် ရုတ်တရက် တွေဝေသွား၏။ ပြီးမှ....

"မဟုတ်တာမပြောနဲ့ လူသတ်တဲ့လက်နက်က ယောကျ်ားမိန်းမ မရွေးဘူး၊ အကုန်သတ်လို့ရတယ်"

ဟုပြန်ပြောလိုက်၏။

မိန်ကျင်းလှုံ့ကပြုံး၍....

"မှားတယ်... အဲ့ဒီလက်နက်နဲ့သတ်လို့မရတဲ့လူရှိတယ်"

လက်ညှိုးကမျက်မှောင်ကုပ်ကာ....

"ဘယ်သူလဲ"

ဟုမေးလိုက်၏။

မိန်ကျင်းလှုံ့ကပြုံး၍....

"အဲဒီပစ္စည်းကိုလုပ်တဲ့လူ"

မိန်ကျင်းလှုံ့၏စကားကြောင့် သူကြောင်အမ်းအမ်းဖြစ်သွားပြီး မိန်ကျင်းလှုံ့ကိုစိုက်ကြည့်လိုက်၏။

မိန်ကျင်းလှုံ့ကပြုံး၍....

"ကျွန်မက မိုးကြိုးသွားလက်နက်ပုန်းကို အတုလုပ်နိုင်လို့ ရှင့်ကိုလွယ်လွယ်နဲ့ပေးနိုင်တာပေါ့၊ ဘာဖြစ်လို့ အဲဒီလိုလွယ်လွယ်ကူကူနဲ့ပေးရတာလဲလို့ ရှင်မေးခဲ့ဖို့ကောင်းတယ်"

မိန်ကျင်းလှုံ့၏စကားကြောင့် သူ့မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်ကျင်းလျှံကို မယုံကြည်သောမျက်လုံးများဖြင့်ကြည့်ရင်း မေးသည်။ မိန်ကျင်းလျှံက....

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်မမှာ အဲဒီလက်နက်ပုန်းကို ဖျက်ဆီးတဲ့လက်နက်ရှိနေတယ်လေ"

လက်ညှိုး ဘာမျှပြန်မပြောတော့ပါ။

မိန်ကျင်းလျှံကိုသာစိုက်ကြည့်နေ၏။

မိန်ကျင်းလျှံ၏အမူအရာက တုန်လှုပ်ခြင်းမရှိ။

အေးဆေးတည်ငြိမ်နေ၏။

လက်ညှိုးသည် မိန်ကျင်းလျှံကိုကြည့်ရင်း ချွေးစေးများပြန်လာ၏။

ရွှေရောင်လေးထောင့်ဘူးကိုကိုင်ထားသော သူ၏လက်များကလည်း ချွေးစေးများဖြင့်စေးထန်လာပြီဖြစ်သည်။

မိန်ကျင်းလျှံသည် မျက်နှာဖြူဖပ်ဖြူရော်ဖြစ်ပြီး အမူအရာပျက်နေသောသူ့ကိုကြည့်ကာ သဘောကျစွာရယ်မောလိုက်သည်။

ပြီး သူ့ကိုစေ့စေ့ကြည့်ကာ....

"ရှင် မိုးကြိုးသွားလက်နက်ပုန်းကို ဘယ်ကရတယ်ဆိုတာ ကျွန်မသိတယ်"

ဟုပြောလိုက်သည်။

လက်ညှိုး ဘာမှပြန်မပြောပါ။

မိန်ကျင်းလျှံကဆက်၍ပြောလိုက်၏။



"ဘာဖြစ်လို့လဲဆိုတော့ ရှင့်လက်ထဲရောက်အောင် ကျွန်မလုပ်ခဲ့တာပဲ၊ ရှင်က ကျွန်မလိုချင်တဲ့အရည်အသွေးတွေရှိတယ်လေ၊ ဒါကြောင့် ဒီပစ္စည်းကို ရှင်တွေ့အောင်ဖန်တီးခဲ့တာ"

မိန်ကျင်းလျှံ၏စကားအဆုံးတွင် လက်ညှိုး၏တစ်ကိုယ်လုံး ထိတ်လန့်မှုကြောင့် တုန်တုန်ယင်ယင်ဖြစ်လာလေသည်။

လက်ညှိုး၏ပါးစပ်သည်လည်း အာစေးထည့်ထားသကဲ့သို့ မည်သည့်အသံမျှ ထွက်မလာတော့ချေ။

မိန်ကျင်းလျှံကပြုံးလိုက်ပြီး....

"ကျွန်မ ရှင့်ကိုမသေစေချင်သေးပါဘူး... ဒါပေမဲ့ ရှင် ကျွန်မရဲ့အမိန့်ကိုတော့နာခံရလိမ့်မယ်၊ ဒါဆိုရင် ရှင်ဟာ သိုင်းလောကမှာ မိုးကြိုးသွားလက်နက်ပိုင်ဆိုင်ထားတဲ့ သိုင်းသမားတစ်ယောက်အနေနဲ့ ဆက်ပြီးနာမည်ကျော်မှာပဲ"

လက်ညှိုးသည် မိန်ကျင်းလျှံကိုစိုက်ကြည့်နေ၏။

သူ၏လက်များက ရွှေရောင်ဘူးကိုကိုင်ရင်း မိန်ကျင်းလျှံကို ချိန်ရွယ်ထား၏။

မိန်ကျင်းလျှံက လက်ညှိုး၏လက်ထဲမှရွှေရောင်ဘူးကိုကြည့်လိုက်ပြီး....

"ကျွန်မပြောတာကို ရှင်ကမယုံဘူးလား"

ဟုမေးလိုက်သည်။

လက်ညှိုး ဘာမျှမပြောပါ။

www.burmeseclassic.com

www.burmeseclassic.com



သူ၏လက်ထဲမှ ရွှေရောင်ဘူးက မိန်ကျင်းလျှံ၏ရင်ဝသို့ မလွတ်တမ်းချိန်ရွယ်ထား၏။

မိန်ကျင်းလျှံကပြုံး၍....

"ကဲ... ကျွန်မပြောတာကိုမယုံရင် ပစ်ကြည့်လေ"

ဟုပြောလိုက်၏။

ရုတ်တရက် လျှပ်ရောင်တစ်ချက် ဝင်းခနဲလက်သွား၏။

"ဂျိမ်း...."

ဟူသော မိုးခြိမ်းသံက နားကွဲမတတ် ပေါက်ထွက်လာလေတော့သည်။

ဝဝဝဝ



မိုးက သည်းထန်စွာရွာသွန်းနေသည်။

မိုးရေထဲ၌ လူနှစ်ယောက်မျက်နှာချင်းဆိုင် ရပ်နေ၏။

မိုးကသည်းထန်သကဲ့သို့ လေကလည်းထန်လာ၏။

မိုးထဲလေထဲ၌ မျက်နှာချင်းဆိုင်ရပ်နေသောလူနှစ်ဦးမှာ မိုးကြိုးနတ်ဓားတောက်လူနှင့် လုဝေကျိဖြစ်သည်။

တောက်လူက လုဝေကိုမမှိတ်မသုန်ကြည့်နေ၏။

မိုးရေများက သူ၏မျက်နှာတစ်ခုလုံးစိုရွှဲနေ၏။

သူက လုဝေကိုအော်ပြောလိုက်၏။

"မင်း ဘာလို့ဓားမထုတ်သေးတာလဲ"

လုဝေကပြုံးလိုက်ပြီး....

"မင်းကိုအခွင့်အရေးပေးထားတာ"

တောက်လူက....

"ကျုပ်ဓား ဓားအိမ်ထဲကထွက်လာတာနဲ့ ခင်ဗျား သေလူဖြစ်နေပြီ"

"ဟုတ်လား"

"ဟုတ်တယ်"

လုဝေက....

"ဒါဖြင့် ဘာလို့စောင့်နေတာလဲ... ကျုပ် သေချင်နေပြီ"

တောက်လူကပြုံးပြီး....

"ကျုပ်က ခင်ဗျားဓားထုတ်တာကိုကြည့်ချင်လို့"

www.burmeseclassic.com

www.burmeseclassic.com



လုဝေက....

"ကျုပ် ဓားအိမ်ထဲက ဓားထုတ်တာကို ဘယ်သူမှမမြင်နိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"သူတို့ရဲ့ခေါင်းတွေ ပြတ်သွားလို့"

တောက်လုကရယ်မောလိုက်ပြီး....

"ခင်ဗျားက ရယ်စရာစကားပြောတတ်သားပဲ"

"ခင်ဗျား မယုံဘူးလား"

လုဝေကမေးလိုက်သည်။

တောက်လုက....

"ကျုပ်က ခင်ဗျား ဓားထုတ်တာကိုကြည့်ချင်တယ်"

လုဝေခေါင်းခါသည်။

"ကျုပ်ကဓားမထုတ်ဘူး"

တောက်လုက....

"ဒါဆို ဘယ်အချိန်မှ ဓားကိုဆွဲထုတ်မှာလဲ"

လုဝေက....

"ခင်ဗျားရဲ့ဓားကိုဆွဲထုတ်လိုက်တဲ့အချိန်ပေါ့"

တောက်လုက....

"ကျုပ်က ဓားဆွဲမထုတ်ဘူးဆိုရင်ကော"

လုဝေက....



"ခင်ဗျား ဓားကိုဆွဲထုတ်မှာပါ"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားက ကျုပ်ကိုသေစေချင်နေလို့ပါ"

တောက်လုဘာမျှမပြောပါ။

တောက်လု၏ ဓားကိုင်ထားသောလက်မှ အကြောများထောင်လာသည်။ လုဝက ခြေထောက်မှဖိနပ်ကိုချွတ်လိုက်၏။

မိုးက သဲသဲမဲမဲရွာနေသည်။

လေက ကြမ်းကြမ်းတမ်းတမ်းတိုက်ခတ်နေသည်။

ရုတ်တရက် လျှပ်ရောင်တစ်ချက်ဝင်းလက်လာသည်။

"ဂျိမ်း...."

ဟူသောမိုးခြိမ်းသံ ပေါ်ထွက်လာ၏။

မိုးခြိမ်းသံနှင့်အတူ တောက်လု၏"ယား"ဟုအော်ဟစ်လိုက်သောဝမ်းခေါင်းသံကြီးလည်း တစ်ပြိုင်တည်းထွက်ပေါ်လာ၏။

"ယား...."

အားမာန်ဖြင့်အော်လိုက်သောအသံနှင့်အတူ တောက်လု၏လက် လျှပ်တစ်ပြက်လှုပ်ရှားသွားသည်။

မိုးရေထဲ၌ သွေးရောင်တစ်ချက်လက်သွားသည်။

တောက်လု၏ခေါင်းသည် သူ၏ကိုယ်ပေါ်တွင်မရှိတော့ပါ။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



လုဝေသည် တည်ငြိမ်စွာရပ်နေသည်။

လုဝေ၏ဓားသည် ဓားအိမ်တွင်း၌ရှိနေသည်။

တောက်လုသည် လုဝေ ဓားအိမ်တွင်းမှဓားထုတ်လိုက်သည်ကိုမြင်ချင်သည်။

သို့သော် တောက်လုသည် လုဝေ ဓားအိမ်တွင်းမှဓားထုတ်လိုက်သည်ကို မတွေ့လိုက်ရပါ။

လုဝေ၏ဓားက ဓားအိမ်တွင်းသို့ပြန်ရောက်သွားသည်ကိုလည်းမတွေ့ရပါ။

တောက်လုသည် ဘာကိုမျှမတွေ့လိုက်ရပါ။

အဘယ်ကြောင့်ဆိုသော်....

တောက်လုသည် လုဝေကိုတိုက်ခိုက်ရန် ဓားအိမ်တွင်းမှဓားကိုဆွဲထုတ်လိုက်သည်နှင့် အနက်ရောင်အလင်းတန်းတစ်ခုကို နောက်ဆုံးမြင်တွေ့လိုက်ရပြီး ခေါင်းတစ်ခြား ကိုယ်တစ်ခြားဖြစ်သွားသောကြောင့်ပင်ဖြစ်ပေသည်။

ဝဝဝဝ



လုဝေသည် မိုးရေထဲ၌ရပ်နေဆဲဖြစ်သည်။

မိုးက ရုတ်ခြည်းရွာချလိုက်သကဲ့သို့ ယခုရုတ်တရက် ပြန်လည်တိတ်သွားပြီဖြစ်သည်။

ကောင်းကင်ပေါ်မှမိုးတိမ်များကလည်း တဖြည်းဖြည်းလွင့်ပြယ်သွားပြီဖြစ်သည်။

ထူထပ်သောမိုးတိမ်များနောက်၌ရှိနေခဲ့သော နေဝန်းသည် မိုးတိမ်များလွင့်ပြယ်လာသည်နှင့် တိမ်တိုက်ကြားမှထိုးဖောက်ထွက်ပေါ်လာသည်။

ထိုစဉ် ရုတ်တရက် ရယ်မောသံပေါ်လာသည်။

"ဟား... ဟား... ဟား"

မိန်းကလေးတစ်ယောက်၏ရယ်မောသံဖြစ်သည်။

ထိုရယ်မောသံကြောင့် လုဝေ၏မျက်နှာသည် ရှုံ့မဲ့၍သွားလေသည်။

ထိုရယ်မောသံသည် ပိုင်ကျင်းကျင်း၏အသံဖြစ်ကြောင်း သိလိုက်ရသောကြောင့်ဖြစ်ပါသည်။

"ရှင်တို့ပွဲ ကြည့်လို့မကောင်းဘူး"

ပြောလိုက်သောအသံနှင့်အတူ ပိုင်ကျင်းကျင်းသည် လေထဲ၌ပျံဝဲလာပြီး လုဝေရှေ့သို့ရောက်လာသည်။

လုဝေ ဘာမျှပြန်မပြောပါ။

ပိုင်ကျင်းကျင်းကနှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ရှင့်ရဲ့ဓားပညာကိုကြည့်ချင်တာ... ရှင်က ဘာဓားပညာမှမသုံးဘဲ ပရိယာယ်ဆင်လိုက်တာပဲ"

လုဝေက ဘာမှမပြောဘဲ ပိုင်ကျင်းကျင်းကိုကျော့ပတ်၍ ရှေ့သို့လျှောက်သွားသည်။

ပိုင်ကျင်းကျင်းက လုဝေ၏နောက်မှလိုက်ရင်း...

"ရှင် တောက်လုကို ဓားဆွဲထုတ်တဲ့အထိစောင့်တာ တမင်သက်သက်ပရိယာယ်ဆင်တာမဟုတ်လို့ ဘာဖြစ်မှာလဲ"

လုဝေ ခြေလှမ်းရပ်တန့်လိုက်သည်။

ပြီးမှ သက်ပြင်းချကာ...

"မင်း ဘာဖြစ်လို့ ဒီလိုပြောရတာလဲ"

"ရှင်က တောက်လုဓားဆွဲထုတ်တဲ့အချိန်ထိစောင့်ပြီးမှ သူ့ကိုသတ်လိုက်တာဟာ ပရိယာယ်ဆင်တာမဟုတ်ဘူးလား"

လုဝေ သက်ပြင်းမှုတ်ထုတ်ပြီး...

"ခြေထောက်နာလို့မထနိုင်တော့ဘူးဆိုပြီး ပရိယာယ်ဆင်တာထက် စာရင်တော့ ငါ့ဟာက ဓားပညာလို့ပြောနိုင်ပါသေးတယ်"

ထို့နောက်... လုဝေသည် ထော့နင်းထော့နင်းနှင့်ပိုင်ခြံဝင်းတွင်းမှထွက်သွားလေ၏။ ပိုင်ကျင်းကျင်းသည် လုဝေ၏နောက်ကျောကိုငေးကြည့်နေရင်းကျန်ရစ်ခဲ့လေသည်။

၀၀၀၀



လှေသာဆောင်ပြတင်း၌ လဝန်းရှိသည်။

ကောင်းကင်ပေါ်မှ လဝန်းမဟုတ်ပါ။

မိန်းမလှကျွန်းမှလဝန်း မိန်ကျင်းလျှံဖြစ်ပါသည်။

သူမသည် လေသာဆောင်ပြတင်းမှနေ၍ ခြံတံခါးဖွင့်ကာ ဝင်လာသောလုဝေကိုကြည့်နေသည်။

လုဝေက ခြံတံခါးဖွင့်ရင်း လေသာဆောင်ပြတင်းပေါက်၌ ရပ်နေသောမိန်ကျင်းလျှံကိုလှမ်းကြည့်လိုက်သည်။

မိန်ကျင်းလျှံက...

"ရှင် နိုင်လာပြီလား"

ဟုလှမ်း၍မေးလိုက်သည်။

လုဝေ မဖြေပါ။

ဖြေရန်လည်း မလိုပါ။

သူသည် ဤနေရာသို့အသက်ရှင်လျက် ပြန်ရောက်လာခြင်းက အနိုင်အရှုံးကိုဖော်ပြနေသည်မဟုတ်ပါလား။

မိန်ကျင်းလျှံကလည်း မေးရန်မလိုပါ။

လုဝေပြန်လာကတည်းက အနိုင်ရမှန်းကို သူမကသိရှိနေပြီးဖြစ်ပါသည်။

သူမကသက်ပြင်းချပြီး...

"ရှင် ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ"

ဟုမေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လုဝေက မိန်ကျင်းလျှံကိုမော့ကြည့်ပြီး....

"ဘာကိုလဲ"

မိန်ကျင်းလျှံက....

"ရှင်နိုင်မယ့်ဆိုတာကိုသိလျက်နဲ့ ဘာလို့သွားတာလဲ"

လုဝေ ဘာမျှပြန်မပြောပါ။

မိန်ကျင်းလျှံကသက်ပြင်းချကာ....

"သူကကော ရှုံးမှာသိရက်နဲ့ ဘာလို့လာရတာလဲ"

"သူကတောက်လု... ကျုပ်က လုဝေဖြစ်နေလို့ပေါ့"

မိန်ကျင်းလျှံ ခပ်ယဲ့ယဲ့ပြုံးရင်း....

"လုဝေရှင်ရင် တောက်လုသေရမယ်ဆိုတဲ့သဘောလား"

"မဟုတ်ဘူး... ဘယ်သူမဆို လောကပေါ်ကိုရောက်လာရင် သေရမှာပဲ"

"ရှင့်ကိုကြည့်ရတာ သေခြင်းတရားကိုနားလည်နေသလိုပဲ"

"အသက်ရှင်တာရှိရင် အသက်သေတာရှိမှာပေါ့"

မိန်ကျင်းလျှံက....

"ရှင်က ရှင့်ကိုယ်ရှင် သေရမှာလဲဂရုမစိုက်ဘူး... သူများသေမှာကိုလဲ ဂရုမစိုက်ဘူး"

လုဝေသက်ပြင်းချလိုက်သည်။ ဘာမှပြန်မပြောပါ။

မိန်ကျင်းလျှံက....

"ရှင် ချင်းစိန်စန်းကို ဒီအတိုင်းပစ်ထားရက်တယ်"



လုဝေက မဲ့ပြုံးပြုံးကာ....

"မင်းကမှ သူ့ကိုဆေးမတိုက်တော့တာ ကျုပ်က သူနေကောင်းပြီလို့ထင်တာပေါ့"

မိန်ကျင်းလျှံ ဘာမျှပြန်မပြောပါ။

လုဝေကသက်ပြင်းချပြီး....

"သူတို့ရောက်လာသလား"

ဟုမေးလိုက်၏။

မိန်ကျင်းလျှံခေါင်းညိတ်ပြသည်။

"လာတယ်"

"ချင်းစိန်စန်း ဘာမှမဖြစ်ဘူးမဟုတ်လား"

"ဘာဖြစ်လို့ ရှင်ဒီလိုပြောနိုင်ရတာလဲ"

လုဝေကသက်ပြင်းချရင်း....

"မင်း သူ့ကိုကောင်းကောင်း စောင့်ရှောက်နိုင်မယ်လို့ ကျုပ်ယုံလို့ပါ"

မိန်ကျင်းလျှံ ဘာမျှပြန်မပြောတော့ပါ။

လုဝေသည် မိန်ကျင်းလျှံကို အတန်ကြာအောင်ကြည့်နေမိ၏။ ပြီးမှ....

"မင်းတို့ သဘောထားပြောင်းသွားပြီလား"

ဟုမေးလိုက်သည်။

မိန်ကျင်းလျှံက....

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

လုဝေက....

"ကြာပန်းတောင်ကုန်းကိုသွားဖို့ပါ"

"ရှင်ကကော သဘောထားပြောင်းသွားပြီလား"

"ဘာကိုလဲ"

မိန်ကျင်းလျှံက....

"ကြာပန်းတောင်ကုန်းကို လိုက်ပို့ဖို့ပါ"

လုဝေကပြုံးလိုက်ပြီး....

"မင်းတို့ သဘောထားမပြောင်းရင် ကျုပ်လဲ သဘောထား မပြောင်းပါဘူး"

မိန်ကျင်းလျှံက ကျေနပ်သွားဟန်ဖြင့်ပြုံးလိုက်သည်။

"ဘယ်တော့လဲ"

"အခု...."

"တကယ်လား"

လုဝေခေါင်းညိတ်လိုက်သည်။

"တကယ်ပေါ့"

မိန်ကျင်းလျှံ ပြုံးလိုက်ပြီး....

"ကျွန်မရဲ့မျက်နှာမှာ မျက်နှာဖုံးအတုတပ်ထားရဦးမှာ လား"

လုဝေ ခေါင်းခါယမ်းလိုက်သည်။



"အခုလဲ မင်းမျက်နှာမှာ မျက်နှာဖုံးအတုတပ်ထားတာပဲ မဟုတ်လား"

ထိုစကားကြောင့် မိန်ကျင်းလျှံ၏မျက်နှာပေါ်၌ ဝမ်းနည်းသည့်အရိပ်အယောင်ပေါ်လာ၏။

သို့သော် သူမကကြိုးစား၍ပြုံးလိုက်ပြီး....

"ဘာပဲဖြစ်ဖြစ် ရှင့်ကိုကျေးဇူးတင်ပါတယ်"

ဟုပြောပြီး လေသာပြတင်းပေါက်မှပျောက်ကွယ်သွားလေတော့၏။

လုဝေသည် မိန်ကျင်းလျှံ၏အရိပ်အယောင်ကိုမတွေ့ရတော့သော်လည်း လေသာပေါက်ကို အတော်ကြာအောင် ငေးကြည့်နေမိ၏။ ပြီးမှ သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချလိုက်လေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့.... လူတိုင်း၏မျက်နှာသည် မျက်နှာအတုစွပ်ထားကြသည်သာဖြစ်၏။

အသက်အရွယ်ရလေ အတွေ့အကြုံရင့်ကျက်လေ မျက်နှာဖုံးအတုကို ပို၍စွပ်ထားလေဖြစ်၏။

အဘယ်ကြောင့်ဆိုသော်... လူတို့၏မျက်နှာသည် ပတ်ဝန်းကျင်ကိုလိုက်၍ပြောင်းလဲတတ်သည်။

စိတ်၏လှုပ်ရှားမှုပေါ်၌မူတည်၍ ပြောင်းလဲတတ်သည်။

လူတစ်ယောက်၏ ပြုံးပျော်နေသောမျက်နှာကိုကြည့်ပြီး ထိုလူ၏ရင်ထဲမှ ဝမ်းနည်းကြေကွဲမှုကိုမသိနိုင်ပါ။

ထို့အတူပင် သူတို့၏မျက်နှာကိုကြည့်ပြီး ထိုသူ၏ရင်ထဲမှ ကြံစည်မှုကို မသိနိုင်ပါ။

လောကဓာတ်ခံပေါ်၌ လူတို့သည် အမျိုးမျိုးသောမျက်နှာအတုကို ပတ်ဝန်းကျင်အခြေအနေ စိတ်၏လှုပ်ရှားမှုစသည်တို့အပေါ်လိုက်၍ အမျိုးမျိုးပြောင်းလဲတတ်ကြသည်မဟုတ်ပါလား။

၀၀၀၀



ပြုံးရယ်နေသောကြာပန်းတောင်ကုန်း၏သခင်ကြီး ရဲထင်းပိုင်၏မျက်နှာကိုကြည့်ကာ ထိုလူသည် မည်သည့်မျက်နှာအတုကို စွပ်ထားသနည်းဟု မိန်ကျင်းလျှံက စိတ်ထဲမှတွေးနေမိသည်။

မည်သို့ပင်ဖြစ်စေ....

ကြာပန်းတောင်ကုန်းသို့ရောက်လာသော သူတို့ကိုကြိုဆိုနေရှာသော ကြာပန်းတောင်ကုန်းသခင်ကြီးရဲထင်းပိုင်ကိုတွေ့သဖြင့် သူတို့သည်စိတ်ချမ်းမြေ့ခဲ့ရသည်က အမှန်ပင်ဖြစ်ပါသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ကြာပန်းတောင်ကုန်းကို ခြံဝင်းသုံးယပ်ကာရံထားသည်။

သို့သော် အစောင့်ဟူ၍မတွေ့ရပါ။

ကြာပန်းတောင်ကုန်း၏ပထမခြံဝင်းတံခါးဝ၌ ရဲထင်းပိုင်သည် မားမားကြီးရပ်၍ လုဝေတို့ကိုကြိုဆိုနေသည်။

ရဲထင်းပိုင်သည် အလွန်စည်းကမ်းကြီးသူဖြစ်သည်။

သူ၏မျက်နှာပေါ်၌ ဝမ်းနည်းသည်ဖြစ်စေ၊ ဝမ်းသာသည်ဖြစ်စေ၊ ဒေါသဖြစ်နေသည်ဖြစ်စေ မည်သည့်အမူအယာမှပေါ်ထွက်မလာအောင် ထိန်းချုပ်နိုင်စွမ်းရှိသူဖြစ်သည်။

ယခု သူကလုဝေတို့ကိုကြိုဆိုနေ၏။

သူသည် လုဝေတို့ကို အမှန်တကယ် လှိုက်လှဲပျူငှာစွာကြိုဆိုခြင်းလော။

သို့တည်းမဟုတ်....

လှိုက်လှဲဟန်ပြု၍ ဖက်လဲတကင်းကြိုဆိုခြင်းလော....

မည်သူမျှမသိနိုင်ပါ။

မည်သို့ပင်ဖြစ်စေ.... အိမ်ရှင်က ဧည့်သည်ကိုဖော်ရွေစွာဆီးကြိုခြင်းသည် အလွန်ပင် စိတ်ကြည်နူးဖွယ်ကောင်းသည်မဟုတ်ပါလား။

၀၀၀၀



ရဲထင်းပိုင်က လုဝေ၏ပခုံးကိုရင်းနှီးစွာပုတ်ရင်း....

"မင်းပါလာမယ်လို့ ငါကမထင်ဘူး... ဘာပဲဖြစ်ဖြစ် အခုလိုရောက်လာတာသိပ်ကောင်းတာပဲ"

ဟုပြောလိုက်၏။

လုဝေက ရဲထင်းပိုင်ကိုပြုံးပြလိုက်ပြီး....

"ဒါဆို မင်းက တစ်ယောက်ယောက်လာမယ်ဆိုတာတော့ သိနေတယ်ပေါ့ဟုတ်လား"

ရဲထင်းပိုင်က ခေါင်းညိတ်ပြ၏။

"ဟုတ်တယ်... ကျုပ်တို့ဆီကို ဧည့်သည်တစ်ယောက်လာသိမ့်မယ်၊ သာမန်ဧည့်သည်မဟုတ်ဘူး"

လုဝေ မျက်မှောင်ကြုတ်သွားသည်။

"ဘယ်သူလဲ"

ရဲထင်းပိုင်ကပြုံးပြီး....

"မြို့စားလေးဝမ်လေ"

မိန်ကျင်းလျှံက လုဝေကိုကြည့်လိုက်သည်။

လုဝေကလည်း မိန်ကျင်းလျှံကိုလှမ်းကြည့်လိုက်၏။

ရဲထင်းပိုင်က မိန်ကျင်းလျှံကိုတစ်ချက်ကြည့်ပြီး....

"သူက...."

လုဝေကပြုံးလိုက်ပြီး....

"သူကမိန်ကျင်းလျှံပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟုမိတ်ဆက်ပေးလိုက်သည်။

ထို့နောက် မြင်းလှည်းပေါ်မှ ထမ်းစင်ဖြင့်ထမ်းချလာသော ချင်းစိန်စန်းကိုကြည့်ပြီး....

"သူတို့က ခင်ဗျားရဲ့မိတ်ဆွေလား"

ဟု ရဲထင်းပိုင်ကမေးလိုက်သည်။

ထိုမေးခွန်းသည် လုဝေအတွက် အဖြေရခက်သောမေးခွန်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ချင်းစိန်စန်းသည်လည်းကောင်း၊ မိန်ကျင်းလျှံသည်လည်းကောင်း၊ သူ၏မိတ်ဆွေလော ရန်သူလော ဟူ၍ လုဝေကိုယ်တိုင်ခွဲခြားမရသောကြောင့်ပင်ဖြစ်သည်။

ထို့ကြောင့် လုဝေက ဝန်ခံခြင်းလည်းမပြု၊ ငြင်းဆန်ခြင်း လည်းမပြုဘဲ ပြုံးနေလိုက်၏။

ရဲထင်းပိုင်က....

"လာ... အထဲကိုသွားရအောင်"

ဟုပြောကာ ရှေ့မှဦးဆောင်ထွက်ခွာသွားလေသည်။

၀၀၀၀



ရဲထင်းပိုင်သည် ရှေ့မှသွားနေ၏။

လုဝေနှင့်မိန်ကျင်းလျှံတို့က နောက်မှလိုက်လာကြ၏။

လုဝေနှင့်မိန်ကျင်းလျှံတို့၏နောက်မှ ရဲထင်းပိုင်၏လူနှစ်ယောက်က ချင်းစိန်စန်း၏ထမ်းစင်ကိုထမ်းလာကြသည်။

မိန်ကျင်းလျှံက ချင်းစိန်စန်းကိုကြည့်လိုက်၏။

ချင်းစိန်စန်းမှာမျက်လုံးမှိတ်ထားသည်။

မိန်ကျင်းလျှံက နှုတ်ခမ်းကိုတစ်ချက်ကိုက်ကာ....

"ကျွန်မတို့ ဘာကိစ္စနဲ့လာတယ်ဆိုတာ မမေးတော့ဘူးလား"

ဟု ရဲထင်းပိုင်ကိုမေးလိုက်သည်။

ရဲထင်းပိုင်ခေါင်းခါယမ်းသည်။

"မေးဖို့မလိုပါဘူး"

"ဘာဖြစ်လို့လဲ"

ရဲထင်းပိုင်ကပြုံးပြီး....

"လုဝေရဲ့မိတ်ဆွေဟာ ကျုပ်ရဲ့မိတ်ဆွေပဲ၊ ဧည့်သည်တွေ စိတ်ညစ်စေမဲ့မေးခွန်းမျိုးကို အိမ်ရှင်ကမမေးကောင်းဘူး"

မိန်ကျင်းလျှံက ပြုံးလိုက်ပြီး....

"ဒါပေမဲ့ ကျွန်မကတော့ပြောပြရမှာပဲ"

ရဲထင်းပိုင်က ဘာမှမပြောပါ။

မိန်ကျင်းလျှံက....

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ ရန်သူကိုပုန်းရှောင်ဖို့နဲ့ရောဂါကုဖို့အတွက်ပါ"

ရဲထင်းပိုင်က ရှေ့မှခြေလှမ်းမှန်မှန်ဖြင့်လျှောက်ရင်း....

"ရောဂါကုဖို့ ဟုတ်လား"

ဟုမေးလိုက်သည်။

မိန်ကျင်းလျှံက....

"ဟုတ်ပါတယ်"

"ဘာရောဂါလဲ"

"စိတ်ရောဂါပါ"

မိန်ကျင်းလျှံ၏စကားကြောင့် ရဲထင်းပိုင် ခြေလှမ်းရပ်တန့်လိုက်ပြီး သူမဘက်လှည့်ကြည့်ကာ....

"စိတ်ရောဂါဟုတ်လား"

"ဟုတ်ပါတယ်... စိတ်ရောဂါပါ"

ရဲထင်းပိုင်က သူမဘက်လှည့်ကြည့်ပြီး....

"စိတ်ရောဂါဆိုရင် စိတ်နဲ့ပတ်သက်တဲ့ဆေးနဲ့ကုမှ ပျောက်မှာပေါ့"

မိန်ကျင်းလျှံခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ရဲထင်းပိုင်က မျက်မှောင်ကုပ်ပြီး....

"ဒါဆို ဘာဖြစ်လို့ ဒီကိုလာတာလဲ"

မိန်ကျင်းလျှံက ပြုံးပြီး....



"အဲဒီရောဂါကိုပျောက်အောင် ဒီမှာပဲကုလို့ရမှာဖြစ်လို့ပါ"

သူမ၏စကားကြောင့် ရဲထင်းပိုင်မျက်မှောင်ကုပ်သွားသည်။ သူမကိုနားမလည်သော မျက်လုံးများဖြင့်ကြည့်ပြီး....

"ဒီမှာကုမှရမယ်ဟုတ်လား"

"ဟုတ်ပါတယ်.... ဒီနေရာကလွဲပြီး ဘယ်မှာမှကုလို့မရပါဘူး"

ထိုစကားကို မိန်ကျင်းလျှံကပြောလိုက်ခြင်းမဟုတ်ပါ။

ထိုစကားကိုပြောလိုက်သူမှာ ထမ်းစင်ပေါ်မှ ချင်းစိန်စန်းဖြစ်ပါသည်။

သူသည် ထိုသို့ပြောလိုက်ပြီးနောက် ရုတ်တရက် ထမ်းစင်မှဆင်း၍ ရဲထင်းပိုင်အနီးသို့ချဉ်းကပ်လေသည်။

တစ်ချိန်တည်းမှာပင် မိန်ကျင်းလျှံကလည်း ရဲထင်းပိုင်၏ရှေ့မှပိတ်၍ရပ်လိုက်သည်။

သူတို့နှစ်ယောက်သည် ရဲထင်းပိုင်ကိုရှေ့နောက် ပိတ်ရပ်နေကြခြင်းဖြစ်သည်။

သူတို့နှစ်ယောက်၏လှုပ်ရှားမှုသည် အလွန်လျင်မြန်သည်။

သူတို့သည် ထိုသို့ပြုလုပ်ရန် ကြိမ်ဖန်များစွာလေ့ကျင့်ထားကြသည်။ ထို့ကြောင့် မျက်တောင်တစ်ချက်ခတ်အတွင်းမှာပင် သူတို့သည် ရဲထင်းပိုင်၏သွေးကြော ၉ နေရာခန့်ကို သွေးကြောပိတ်ထားနိုင်ခဲ့ပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ကြာပန်းတောင်ကုန်းသခင်ကြီး ရဲထင်းပိုင်သည် သူတို့နှစ်ယောက် စုပေါင်းတိုက်ခိုက်လိုက်သောတိုက်ခိုက်မှုအောက်တွင် မလှုပ်သာ မယှက်သာဖြစ်သွားရလေတော့၏။

ဝဝဝဝ

ရဲထင်းပိုင်၏မျက်လုံးများက မယုံကြည်နိုင်လောက်အောင် အံ့ဩနေ၏။ သို့သော် သူသည် မျက်စိမျက်နှာပျက်မဖြစ်ဘဲ ဟန်အမူအရာတည်ငြိမ်နေ၏။

မိန်ကျင်းလျှံက သက်ပြင်းတစ်ချက်မှုတ်ထုတ်ပြီး....

"စိတ်ရောဂါကို စိတ်နဲ့ကုသမှဖြစ်မယ်ဆိုတာကိုသိလို့ ဒီကိုလာရတာပါ"

ရဲထင်းပိုင်သည် သွေးကြောပိတ်ခံရသဖြင့် လဲကျမသွားပါ။

မိန်ကျင်းလျှံနှင့်ချင်းစိန်စန်းတို့က ရဲထင်းပိုင်ကိုထိန်းထားသောကြောင့်ဖြစ်ပါသည်။

ထို့ပြင် ရဲထင်းပိုင်သည် နားမကြားနိုင် မျက်စိမမြင်နိုင်၏။ ပါးစပ်မှစကားပြောနိုင်သည်။

ရဲထင်းပိုင်က လုဝေကိုလှမ်းကြည့်ပြီး....

"သူတို့ ဘာကိစ္စနဲ့လာတယ်ဆိုတာ ခင်ဗျားသိလား"

ဟုမေးသည်။

လုဝေကခေါင်းခါပြပြီး....



"ကျုပ်လဲမသိဘူး"

"ဒါဖြင့် ဘာဖြစ်လို့ခေါ်လာရတာလဲ"

"ဘာကိစ္စနဲ့လာတယ်ဆိုတာ သိချင်လို့"

ထိုစဉ်.... ကြာပန်းတောင်ကုန်းမှလူနှစ်ဆယ်ခန့်တို့သည် လက်နက်ကိုယ်စီဖြင့် သူတို့ကိုဝိုင်းထားလိုက်ကြ၏။

သို့သော် ထိုသူများသည် ရှေ့သို့မတိုးပါ။

ရဲထင်းပိုင်က သက်ပြင်းချလိုက်ပြီး....

"ချင်းစိန်စန်း.... မင်း ဘာကြောင့်အခုလိုလုပ်ရတာလဲ"

ရဲထင်းပိုင်၏စကားကြောင့် ချင်းစိန်စန်းသည် အံ့ဩသွားပြီး....

"ခင်ဗျားက ကျုပ်ကိုသိနေတယ်ဟုတ်လား"

ရဲထင်းပိုင်က....

"ကြာပန်းတောင်ကုန်းရဲ့ပတ်ပတ်လည် မိုင်ပေါင်း ၅၀ အတွင်းမှာ ကျုပ်လူတွေရှိတယ်၊ ကျုပ်ရဲ့ပိုင်နက်ထဲကိုဝင်လာတာနဲ့ ဘယ်သူဘယ်ဝါဆိုတာ ကျုပ်ကသိပြီးသားပါ၊ အဲဒီလူရဲ့ကိုယ်ရေးရာဇဝင်ကိုပါ ကျုပ်သိတယ်"

ချင်းစိန်စန်း သက်ပြင်းချလိုက်သည်။

"ဒါကြောင့် ကြာပန်းတောင်ကုန်းကို ဘယ်သူမှမကျူးကျော်ဝံ့တာကိုး"

ရဲထင်းပိုင်က မဲ့ပြုံးပြုံးရင်း....

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က မင်းအကြောင်းကိုသိနေလို့ အခုလိုခံလိုက်ရတယ်ဆိုတာ မင်းသဘောပေါက်မှာပါ"

ချင်းစိန်စန်းကသက်ပြင်းချရင်း....

"ဟုတ်ပါတယ်... ကျုပ်က အခုလိုလုပ်တတ်တဲ့လူစားမျိုးမဟုတ်ပါဘူး"

မိန်ကျင်းလျှံကပြုံးလိုက်ပြီး....

"ဟုတ်ပါတယ်... သူက ဒီလိုလူစားမျိုးမဟုတ်ပါဘူး၊ ဒါပေမဲ့ သူ့ရောဂါ အတော်ကျွမ်းနေလို့ပါ"

ရဲထင်းပိုင်က....

"သူ့ရောဂါကိုကုနိုင်မယ့်ဆေး ကျုပ်ဆီမှာရှိတယ်ထင်နေလို့လား"

မိန်ကျင်းလျှံကခေါင်းညိတ်ရင်း....

"ထင်လို့လာတာပေါ့"

ရဲထင်းပိုင် သက်ပြင်းချလိုက်သည်။

"ဘာဆေးလဲ"

မိန်ကျင်းလျှံကပြုံးပြီး....

"လျှို့ဝှက်ချက်ဆိုတဲ့ဆေးပါ"

ရဲထင်းပိုင် ပါးစပ်ပိတ်ထားလိုက်၏။

မိန်ကျင်းလျှံက ဆက်ပြောလိုက်သည်။

"လျှို့ဝှက်ချက်တွေကို ဖလှယ်ချင်တာပါ"



"ဘာပြောတယ်... လျှို့ဝှက်ချက်တွေကိုဖလှယ်ချင်တာဟုတ်လား"

မိန်ကျင်းလျှံက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်... ကျွန်မဆီကလျှို့ဝှက်ချက်နဲ့ ရှင့်ဆီကလျှို့ဝှက်ချက်ကိုဖလှယ်ချင်တာပါ"

"ဘာလျှို့ဝှက်ချက်လဲ"

"မိုးကြိုးသွား"

မိန်ကျင်းလျှံက လေသံတိုးတိုးဖြင့်ပြောလိုက်လေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ရဲထင်းပိုင်သည် ဧည့်ခန်းထဲမှကုလားထိုင်၌ ထိုင်နေသည်။

သူ၏ခြေထောက်များ လှုပ်ရှားနိုင်ခြင်းမရှိသည်မှလွဲ၍ ကျန်သွေးကြောအားလုံးကို ချင်းစိန်စန်းတို့ကပြန်လည်ဖွင့်ပေးခဲ့ပြီးဖြစ်၏။

လူဝေ၊ ချင်းစိန်စန်းနှင့်မိန်ကျင်းလျှံတို့က ရဲထင်းပိုင်နှင့်မျက်နှာချင်းဆိုင်၍ထိုင်နေသည်။

မိန်ကျင်းလျှံက သက်ပြင်းတစ်ချက်ချပြီး....

"ကျွန်မသိထားတာကတော့ ကြာပန်းတောင်ကုန်းရဲ့ မိုးကြိုးသွားလက်နက်ပုန်းဟာ ရှင့်ရဲ့အဘိုးလက်ထက်မှာပျောက်ဆုံးခဲ့တယ်ဆိုတာပဲ"

မိန်ကျင်းလျှံ၏စကားကြောင့် ရဲထင်းပိုင်သည် ကွက်ခနဲမျက်နှာတစ်ချက်ပျက်သွားပြီး....

"မင်း ဘယ်လိုလုပ်သိသလဲ"

ဟုမေးလိုက်၏။

မိန်ကျင်းလျှံက ရဲထင်းပိုင်ကိုစေ့စေ့ကြည့်ပြီး....

"ရှင့်အဘိုးက မိုးကြိုးသွားလက်နက်ပုန်းလုပ်တဲ့ပုံစံစာရွက်ကိုယူပြီး လူတစ်ယောက်ဆီမှာ အဲ့ဒီအတိုင်းလုပ်ပေးဖို့အပ်ခဲ့တယ်"

ရဲထင်းပိုင်က မိန်ကျင်းလျှံကို တအံ့တသြကြည့်လိုက်၏။

မိန်ကျင်းလျှံကပြုံးပြီး....

"ဒါပေမဲ့ ပုံစံထဲမှာပါတဲ့အတိုင်း မလုပ်နိုင်တာကိုသိရတယ်"

ရဲထင်းပိုင် မနေနိုင်တော့ပါ။



မိန်ကျင်းလျှံကိုကြည့်ပြီး....

"မလုပ်ဘူးလို့ မင်းကဘယ်လိုလုပ်ပြီးပြောနိုင်ရတာလဲ"

မိန်ကျင်းလျှံကပြုံး၍....

"ရှင့်အဘိုးအပ်သွားတဲ့လူဟာ အဲဒီတုန်းက အလွန်ကျော်ကြားတဲ့စက်ခလုတ်ပညာရှင်တစ်ယောက်ပါ"

"အဲဒီခေတ်က အတော်ဆုံးစက်ခလုတ်ပညာရှင်ဟာ မုန့်ကျူးသခင်မပဲ"

မိန်ကျင်းလျှံကပြုံးပြီးခေါင်းညိတ်သည်။

"မှန်ပါတယ်... မုန့်ကျူးသခင်မပါ"

ရဲထင်းပိုင်မျက်မှောင်ကုပ်ပြီး....

"မုန့်ကျူးသခင်မဟာ ထန်ကျားကျေးရွာရဲ့ ချွေးမအကြီးဖြစ်တယ်၊ လက်နက်ပုန်းလုပ်တဲ့နေရာမှာ ပြိုင်ဘက်ကင်းတယ်"

"မမှားပါဘူး... ဒါပေမယ့် မုန့်ကျူးသခင်မဟာ ရှင့်အဘိုးပစ္စည်းကိုလက်ခံပြီးလုပ်တာ ခြောက်နှစ်ကြာသွားတယ်၊ ဖြစ်မလာဘူး... ပြီးတော့ သခင်မရဲ့ဆံပင်တွေဖြူကုန်တယ်"

မိန်ကျင်းလျှံက သူမ၏အင်္ကျီရင်ဘတ်ကြားမှရွှေရောင် လေးထောင့်ဘူးကိုထုတ်ယူပြီး စားပွဲပေါ်သို့တင်လိုက်၏။

ထို့နောက် ရဲထင်းပိုင်ကိုကြည့်ပြီး....

"ခြောက်နှစ်အတွင်းမှာ သခင်မဟာ မိုးကြိုးသွားလက်နက်ပုန်းလေးခုလုပ်ခဲ့တယ်၊ ရှင့်အဘိုးပေးခဲ့တဲ့ပုံစံအတိုင်းပဲ... ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



အစစ်လောက် အစွမ်းမရှိဘူး... အစစ်ထက် အများကြီး အားနည်းတယ်"

မိန်ကျောင်းလှိုင်သည် စားပွဲပေါ်မှရွှေရောင်လေးထောင့်ဘူးကို လက်ငှေ့ယမ်းပြရင်း....

"အဲ့ဒီဘူးဟာ သခင်မလုပ်ခဲ့တဲ့လေးခုထဲကတစ်ခုပါပဲ"

ရဲထင်းပိုင် သက်ပြင်းချလိုက်၏။

သူသည် စားပွဲပေါ်မှရွှေရောင်ဘူးကို အတန်ကြာအောင်ကြည့်နေသည်။ ပြီးမှ....

"အခုတလော သိုင်းလောကမှာ မိုးကြိုးသွားပိုင်တဲ့သိုင်းသမားတစ်ယောက်ပေါ်နေတယ်လို့ပြောတယ်"

မိန်းကျောင်းလှိုင် ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်... သူရဲ့လက်နက်ပုန်းဟာ ကျွန်မဆီကခိုးသွားတာပါ"

ရဲထင်းပိုင်က မိန်ကျောင်းလှိုင်ကိုကြည့်ပြီး....

"မင်း ပေးတာလား"

ဟုမေးသည်။ မိန်ကျောင်းလှိုင်ကခေါင်းယမ်းပြီး....

"မဟုတ်ဘူး"

"ဒါဖြင့် မင်းဆီကခိုးသွားတာပေါ့"

မိန်ကျောင်းလှိုင် ခေါင်းယမ်းလိုက်ပြန်သည်။

"မဟုတ်ဘူး"



"ရောင်းလိုက်တာလား"

မိန်ကျောင်းလှိုင် ခေါင်းခါယမ်းပြန်၏။

ရဲထင်းပိုင် မျက်မှောင်ကြုတ်ပြီး....

"ဒါဖြင့် သူ့ဆီကို ဘယ်လိုလုပ်ပြီးရောက်သွားတာလဲ"

မိန်ကျောင်းလှိုင်ကပြုံးပြီး....

"သူ့ဆီရောက်အောင် တမင်ဖန်တီးပေးလိုက်တာပါ"

"ဒါဆို မင်းက ကြာပန်းတောင်ကုန်းမှာ မိုးကြိုးသွားလက်နက်ပုန်းမရှိတော့ဘူးဆိုတာ သိုင်းလောကတစ်ခုလုံးသိအောင် လုပ်လိုက်တာပေါ့ ဟုတ်လား"

မိန်ကျောင်းလှိုင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ရဲထင်းပိုင်ကခေါင်းယမ်းလိုက်ပြီး....

"မင်း ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ"

"ကျွန်မက သိချင်လို့ပါ"

"ဘာသိချင်တာလဲ"

မိန်ကျောင်းလှိုင်က....

"မိုးကြိုးသွားလက်နက်ပုန်းဟာ တကယ်ပဲ ပျောက်သွားတာလားဆိုတာကိုပါ"

ရဲထင်းပိုင်က မိန်ကျောင်းလှိုင်ကိုကြည့်ကာ....

"မင်း ဘာဖြစ်လို့ အဲ့ဒီလိုသံသယစိတ်ဖြစ်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



မိန်ကျင်းလှိုကပြုံးပြီး....

"မိုးကြိုးသွားလက်နက်ပုန်းဟာ ကြာပန်းတောင်ကုန်းရဲ့ အသက်ပဲ၊ ပြီးတော့ ကြာပန်းတောင်ကုန်းပိုင်ရှင်အဆက်ဆက်ဟာ အလွန်စည်းကမ်းကြီးပြီး သေချာတဲ့လူတွေချည်းပဲ"

ရဲထင်းပိုင်က ပြန်မပြောဘဲ နားထောင်နေသည်။

မိန်ကျင်းလှိုကဆက်ပြောသည်။

"ပြီးတော့ ရှင့်ရဲ့အဘိုးဟာ အင်မတန်မှစေ့စပ်သေချာတဲ့ လူပါ၊ ဒီလိုလူမျိုးက ဒီလောက်အရေးကြီးတဲ့ပစ္စည်းမျိုးပျောက်တယ် ဆိုတာ ဖြစ်နိုင်ပါ့မလား"

ရဲထင်းပိုင်ကပြုံးလိုက်ပြီး....

"ဒါကြောင့် မင်းက သိုင်းလောကကိုသတင်းလွှင့်လိုက်တာ ပေါ့"

မိန်ကျင်းလှိုခေါင်းညိတ်လိုက်သည်။

"ဟုတ်မဟုတ် သိချင်တာပါ"

ရဲထင်းပိုင်ကသက်ပြင်းချလိုက်ပြီး....

"သိုင်းလောကသားတွေက ကြာပန်းတောင်ကုန်းကိုလာပြီး တိုက်ခိုက်ကြတာပေါ့"

မိန်ကျင်းလှိုပြုံးလိုက်သည်။

"ကျွန်မကြောင့်မဟုတ်ပါဘူး"

ရဲထင်းပိုင်က....



"မင်းကြောင့်မဟုတ်ပေမဲ့ မင်းလုပ်လိုက်တဲ့အတွက် သိုင်းလောကသားတွေက ကြာပန်းတောင်ကုန်းမှာ မိုးကြိုးသွားမရှိတော့ ဘူးဆိုတာ သိသွားရတာမဟုတ်လား"

"ဒါပေမဲ့ ဘယ်သူမှ ကြာပန်းတောင်ကုန်းကပြန်မလာနိုင်ခဲ့ ကြဘူးလေ"

ရဲထင်းပိုင် ပါးစပ်ပိတ်ထားလိုက်၏။

မိန်ကျင်းလှိုက ရဲထင်းပိုင်ကိုကြည့်ပြီး....

"သူတို့အားလုံး လူခုနစ်ဆယ်ကျော်တယ်... တစ်ယောက်မှ ပြန်ရောက်မလာဘူး၊ အဲဒါ ဘာဖြစ်လို့လဲ"

ရဲထင်းပိုင်က မိန်ကျင်းလှိုကိုလှမ်းကြည့်လိုက်၏။

မိန်ကျင်းလှိုကပြုံး၍....

"အဖြေက ရှင်းပါတယ်... ရှင့်လက်ထဲမှာ မိုးကြိုးသွားရှိနေ လို့မဟုတ်လား"

ရဲထင်းပိုင် ပါးစပ်ပိတ်ထားလိုက်၏။

မိန်ကျင်းလှိုကပြုံးရင်း....

"ရှင့်ရဲ့အဘိုးဟာ ပစ္စည်းလုပ်ပေးဖို့လာအပ်ပြီးကတည်းက တစ်ခေါက်မှမလာတော့ဘူး၊ ဒါဟာ ဘာသဘောလဲ.... သူဟာ ရှင့် အဖေရဲ့အစွမ်းအစကိုစမ်းသပ်တာလား... ဒါမှမဟုတ် သိုင်းလောက ကိုလှည့်စားတာလား၊ ဒါမှမဟုတ် ပျောက်ဆုံးသွားတဲ့မိုးကြိုးသွားကို ပြန်ရသွားတာလား"

www.burmeseclassic.com

www.burmeseclassic.com



ရဲထင်းပိုင်ကသက်ပြင်းချလိုက်ပြီး....

"အမှန်တော့ သူ မုန့်ကျူးသခင်မဆီကိုမသွားသင့်ဘူး"

မိန်ကျင်းလျှံကပြုံးရင်း....

"သူတို့နှစ်ယောက်ဟာ အိမ်ထောင်မပြုခင်ကတည်းက ရင်းနှီးတဲ့မိတ်ဆွေတွေပါ"

"မိတ်ဆွေဆိုတိုင်း ယုံကြည်ရလို့လား"

မိန်ကျင်းလျှံကပြုံးရင်း....

"မုန့်ကျူးသခင်မဟာ အင်မတန်မှနှုတ်လုံတဲ့ပုဂ္ဂိုလ်ပါ"

ရဲထင်းပိုင်က....

"ဒါဖြင့် မင်းက ဘာဖြစ်လို့သိနေရတာလဲ"

မိန်ကျင်းလျှံကပြုံးလိုက်ပြီး....

"ဘာဖြစ်လို့လဲဆိုတော့.... ကျွန်မက ထန်ကျားကျေးရွာရဲ့ သခင်မလေးဖြစ်နေလို့ပါ"

၀၀၀၀



ရဲထင်းပိုင်က မိန်ကျင်းလျှံကိုစိုက်ကြည့်နေသည်။

မိန်ကျင်းလျှံကလည်း ရဲထင်းပိုင်ကိုမျက်တောင်မခတ်ကြည့်သည်။ အတန်ကြာမှ မိန်ကျင်းလျှံကသက်ပြင်းချပြီး....

"ကျွန်မနာမည် ထန်ကျင်းဗုာလို့ခေါ်ပါတယ်.... ထန်ကျားကျေးရွာရဲ့သမီးအကြီးပါ။ အခု ထန်ကျားကျေးရွာရဲ့သခင်မပါ"

ရဲထင်းပိုင်က ခေါင်းယမ်းလိုက်ပြီး....

"ထန်ကျားကျေးရွာဟာသိပ်စည်းကမ်းကြီးတယ်၊ ထန်ကျားကျေးရွာရဲ့သခင်မကြီးဟာ မိန်းမလှကျွန်းဆိုတဲ့ကြေးစားဂေဟာကို တည်ထောင်သူ မဖြစ်နိုင်ဘူး"

မိန်ကျင်းလျှံ ခေါ် ထန်ကျင်းဗုာကပြုံး၍....

"ထန်ကျားကျေးရွာဟာ အဆိပ်လက်နက်ပုန်းကို အသုံးပြုပေမဲ့ ထန်ကျားကျေးရွာရဲ့စည်းကမ်းဟာ သိုင်းလောကရဲ့နာမည်ကြီးသိုင်းအဖွဲ့အစည်းတွေမှာချမှတ်ထားတဲ့စည်းကမ်းထက်ပိုပြီး တင်းကျပ်ပါတယ်၊ ထန်ကျားကျေးရွာရဲ့မိသားစုတွေဟာ သိုင်းလောကမှာ ပါဝင်ပတ်သက်ခွင့်မရှိဘူး၊ ဒါပေမဲ့...."

သူမသည် စကားကိုဆုံးအောင်မပြောဘဲ ရပ်တန့်လိုက်၏။

ပြီးမှ ရဲထင်းပိုင်ကိုလှမ်းကြည့်လိုက်သည်။

"ဒါပေမဲ့ ကျွန်မက တစ်ခုခုကိုလုပ်ဖို့ဆုံးဖြတ်ပြီးဖြစ်နေပါတယ်၊ ဒါကြောင့်လဲ မိန်းမလှကျွန်းဆိုတဲ့ကြေးစားဂေဟာကို တည်ထောင်ပြီး ခြေကုပ်ယူရတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ရဲထင်းပိုင် သက်ပြင်းချကာ....

"မင်းက ဘာကိုဆုံးဖြတ်ချက်ချထားတာလဲ"

ထန်ကျင်းဗှာက ပြုံး၍....

"သေသင့်ထိုက်တဲ့လူကိုသတ်ဖို့ပါ"

ရဲထင်းပိုင်မျက်မှောင်ကုပ်လိုက်သည်။

"သိပ်ပြီးခက်ခဲနေလို့လား"

ထန်ကျင်းဗှာကပြုံး၍....

"သူ့ရဲ့အင်အားကအတော်ကြီးမားတယ်"

ရဲထင်းပိုင်မျက်မှောင်ကုပ်ပြီး ချင်းစိန်စန်းကိုတစ်ချက်လှမ်း ကြည့်ကာ....

"မင်းတို့နှစ်ယောက်က ပစ်မှတ်တစ်ခုတည်းမဟုတ်လား"

ဟု မေးလိုက်၏။

ချင်းစိန်စန်း ခေါင်းညိတ်ပြလိုက်သည်။

ထန်ကျင်းဗှာကပြုံး၍....

"အခု ကျွန်မတို့အဖွဲ့အစည်းတစ်ခုကိုထူထောင်ပြီးပါပြီ... ဒါပေမဲ့ အင်အားက တစ်ဖက်အဖွဲ့အစည်းကိုယှဉ်လို့မရသေးဘူး"

ရဲထင်းပိုင်ကသက်ပြင်းချကာ....

"ငါ့ဆီလာတာ အဲ့ဒီကိစ္စနဲ့ဆိုင်သလား"

ထန်ကျင်းဗှာခေါင်းညိတ်လိုက်၏။

"ဆိုင်ပါတယ်"



"ဘယ်လိုဆိုင်သလဲ"

ထန်ကျင်းဗှာကပြုံး၍....

"ရှင့်မှာရှိတဲ့မိုးကြိုးသွားကိုငှားချင်လို့ပါ"

ရဲထင်းပိုင် မျက်မှောင်ကုပ်သွားသည်။

"မင်းကိုသတ်မဲ့လူက ဒီလောက်တောင်အစွမ်းရှိလား"

ထန်ကျင်းဗှာကခေါင်းညိတ်ပြ၏။

"ဒီထက် မကပါဘူး"

ရဲထင်းပိုင် သက်ပြင်းချလိုက်သည်။

"ကောင်းပြီ... ဒါပေမဲ့ ငါ့ခြေထောက်တွေလှုပ်လို့ မရသေး ဘူး"

ထန်ကျင်းဗှာကပြုံးလိုက်ပြီး....

"အခု လမ်းလျှောက်လို့ရပါပြီ"

ဟု ပြောလိုက်လေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ရဲထင်းပိုင်၏ခြေထောက်မှသွေးကြောများကို ဖွင့်ပေးလိုက်ပြီဖြစ်သည်။ ထို့ကြောင့် ရဲထင်းပိုင်သည် ကောင်းစွာ လမ်းလျှောက်၍ရပြီဖြစ်သည်။

"ကိုင်း... ကျုပ်နောက်ကိုလိုက်ခဲ့"

ရဲထင်းပိုင်ကပြောလိုက်၏။

ထန်ကျင်းဟုနှင့်ချင်းစိန်စန်းတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၏။ ပြီးမှ ချင်းစိန်စန်းကပြုံးပြီး...

"ဒါ နောက်ဆုံးအခွင့်အရေးပဲ"

ဟု ပြောကာ ရဲထင်းပိုင်ကိုလှမ်းကြည့်လိုက်၏။

ရဲထင်းပိုင်က...

"လုဝေရဲ့မိတ်ဆွေဟာ ကျုပ်ရဲ့မိတ်ဆွေပါပဲ"

ဟု ပြောပြီးဧည့်ခန်းထဲမှထွက်သွားလေ၏။

oooo



ဧည့်ခန်းထဲမှထွက်သွားပြီး စင်္ကြံလမ်းအတိုင်း နောက်ဘက်သို့ဖြတ်ကျော်လိုက်သည်နှင့် စိန်ပန်းပင်များ အစီအရီစိုက်ထားသော လမ်းကိုတွေ့ရသည်။

သူတို့သည် ထိုလမ်းအတိုင်းလျှောက်သွားသည်။

လမ်း၌ မီးအိမ်များကျိုးတိုးကျဲတဲချိတ်ထားသည်။

ထိုခြံဝင်းထဲ၌ အဆောက်အဦတစ်ခုရှိ၏။ အလွန်ကြီးမားသောအဆောက်အဦဖြစ်၏။

အဆောက်အဦတွင်းသို့ဝင်လိုက်သောအခါ အဆောက်အဦထဲ၌ မီးအိမ်ပေါင်း တစ်ရာကျော်မျှ ထွန်းညှိထားသည်ကိုတွေ့ရ၏။

ထိုမီးအိမ်မှအလင်းရောင်သည် ဝါကြန့်ကြန့်အလင်းရောင်မဟုတ်ဘဲ စိမ်းဖန့်ဖန့်အလင်းရောင်ဖြစ်နေသည်။

အဆောက်အဦထဲဝင်လိုက်သည်နှင့် ရှည်လျားသောစားပွဲတစ်လုံးကိုတွေ့ရ၏။ ထိုစားပွဲပေါ်၌ ပျဉ်ချပ်ကလေးများ ထောင်ထားသည်ကိုတွေ့ရသည်။

ထိုပျဉ်ချပ်ကလေးများပေါ်၌ လူနာမည်များရေးထိုးထားသည်။ ရဲထင်းပိုင်က...

"ကျုပ်တို့ကြာပန်းတောင်ကုန်းရဲ့ ဆွေစဉ်မျိုးဆက်တွေပါ"

ဟုပြောလိုက်၏။ ထို့နောက် သူသည် အဆင်သင့်ရှိနေသော အမွှေးတိုင်ကိုယူ၍ မီးထွန်းညှိပြီး စားပွဲရှေ့၌ရှိသော အမွှေးတိုင်စိုက်သည့်ကြေးအိုးထဲ၌စိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ... သူသည် လုဝေတို့ကို ရှေ့မှဦးဆောင်၍ခေါ်သွားလေသည်။

၀၀၀၀

မီးရောင်မှိန်မှိန်သာ ထွန်းထားသောစင်္ကြံလမ်း၏အဆုံးသို့ ရောက်သောအခါ တံခါးတစ်ချပ်ပိတ်ထားသည်ကိုတွေ့ရ၏။

ရဲထင်းပိုင်က တံခါးမှသော့ကိုဖွင့်၍ တံခါးကိုတွန်းဖွင့်လိုက်သည်။ ထို့နောက် သူတို့သည် ထိုတံခါးပေါက်မှဝင်သွားကြသည်။

အခန်းထဲရောက်သောအခါ အောက်သို့နိမ့်ဆင်းသွားသော လှေကားကိုတွေ့ရသည်။

ရဲထင်းပိုင်က ထိုလှေကားအတိုင်းဆင်းလိုက်သည်။

လုဝေတို့လည်း သူ့နောက်မှလိုက်ဆင်းသွားသည်။

လှေကားအဆုံး၌စင်္ကြံလမ်းရှိ၏။ ရဲထင်းပိုင်က ထိုစင်္ကြံလမ်းအတိုင်း ရှေ့ကိုဆက်၍လျှောက်သွားသည်။

လမ်းက ရှည်လျားသည်။ အကွေ့အကောက်များသည်။ လမ်းချိုးအကွေ့ရောက်တိုင်း သံတိုင်တံခါးတစ်ခုတွေ့ရသည်။ သံတိုင်တံခါးပေါင်း ဆယ့်သုံးခုကိုကျော်ဖြတ်ပြီးနောက် သူတို့၏ရှေ့၌ကြီးမားသောသံတံခါးတစ်ချပ်က ဆီးကာနေသည်။

ထိုသံတံခါးပေါ်၌ သော့ပေါက်ဆယ့်သုံးခုရှိသည်။

ထန်ကျင်းဟွာသည် ရဲထင်းပိုင်၏နောက်မှ ရင်တထိတ်ထိတ်ဖြင့်လိုက်လာ၏။



သူမ၏စိတ်ထဲ၌ အလွန်ကြီးမားသောအုတ်ဂူထဲသို့ရောက်နေသည်ဟုခံစားရ၏။

ရဲထင်းပိုင်က သံတံခါးရှေ့၌ရပ်တန့်လိုက်သည်။ ပြီးမှ...

"အရင်တုန်းက ဒီတံခါးသော့ကို လူဆယ့်သုံးယောက်ခွဲပြီး ကိုင်ထားကြတယ်၊ အခုတော့ ယုံကြည်ရတဲ့လူနည်းသွားပြီ... ခြောက်ယောက်ပဲခွဲပြီးကိုင်ထားတယ်"

ဟုပြောလိုက်သည်။

ထို့နောက် ရဲထင်းပိုင်က လက်ခုပ်တစ်ချက်တီးလိုက်ရာ လူခြောက်ယောက်သည် ဝိညာဉ်များပမာပေါ်ထွက်လာလေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



လူခြောက်ယောက်....

ထိုလူခြောက်ယောက်သည် ဆံပင်များဖြူဖွေးနေသော အဘိုးအိုများဖြစ်သည်။ သို့သော် သူတို့၏လှုပ်ရှားမှုက အရွယ်နှင့်မမျှအောင်လျင်မြန်၏။

သူတို့သည် ရဲထင်းပိုင်လက်ခုပ်တီးလိုက်သည်နှင့် တံခါးပေါက်သို့ရောက်လာကြသည်။

သူတို့သည် မည်သည့်နေရာမှပေါ်ထွက်လာသည်ကို မည်သူမှမတွေ့လိုက်ရပါ။ ထိုလူခြောက်ယောက်အနက် ပထမဆုံးရောက်ရှိလာသူမှာ စွန်းတုဖြစ်သည်။

သူသည် ယခင်က သဲကန္တာရ၌ နာမည်ကျော်ကြားခဲ့သော သိမ်းငှက်စွန်းတုပင်ဖြစ်ပေတော့၏။

၀၀၀၀



လူတစ်ယောက်လျှင် သော့နှစ်ချောင်းစီရှိ၏။

လူခြောက်ယောက်ဖြစ်၍ သော့ဆယ့်နှစ်ချောင်းဖြစ်၏။

ယခု သံတံခါး၏သော့ဆယ့်နှစ်ချက်သည် ပွင့်သွားပြီဖြစ်သည်။ ရဲထင်းပိုင်က သူ၏လည်ပင်း၌ဆွဲထားသောသော့ကိုယူလိုက်၏။ ထိုသော့သည် သံတခါးကြီး၏ဆယ့်သုံးခုမြောက်သော့ဖြစ်သည်။

ရဲထင်းပိုင်က သော့တံကိုသော့ပေါက်ထဲသို့ထည့်၍ သော့ကိုဖွင့်လိုက်သည်။

"ချက်"ဟူသောအသံ ခပ်အုပ်အုပ်ထွက်ပေါ်လာပြီးနောက် သံတခါးကြီးပွင့်သွားသည်။ ထန်ကျင်းဝှာက သံတခါးဖွင့်နေသည်ကိုကြည့်နေရာမှ နောက်သို့လှည့်ကြည့်လိုက်သည်။

ထိုသို့ကြည့်လိုက်မိသည်နှင့်သူမ၏မျက်လုံးများ ပြူးကျယ်သွား၏။ အကြောင်းမှာ လူခြောက်ယောက်ကိုမတွေ့ရတော့သောကြောင့်ဖြစ်လေသည်။

လူခြောက်ယောက်သည် လာစဉ်ကကဲ့သို့ပင် ရုတ်ခြည်းပျောက်ကွယ်သွားပြီဖြစ်၏။ ထန်ကျင်းဝှာသက်ပြင်းချလိုက်မိသည်။ သူမသည် ထိုလူခြောက်ယောက်၏ ကိုယ်ဖော့ပညာအဆင့်အတန်းကိုသိလိုက်ရပြီမဟုတ်ပါလား။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



လှုခြောက်ယောက်သည့် တံခါးရှေ့၌ရုတ်တရက်ပေါ်ထွက်လာသကဲ့သို့ ယခုတံခါးရှေ့မှ ရုတ်တရက်ပြန်လည်ပျောက်ကွယ်သွားလေသည်။

ထို့ကြောင့် ယခုတံခါးရှေ့၌ ရဲထင်းပိုင်နှင့်လုဝေတို့သာရှိနေတော့သည်။ ရဲထင်းပိုင်က လုဝေတို့ကိုမြို့ကြည့်ပြီး ပြုံးလိုက်သည်။

ပြီးမှ သူက တံခါးကိုဆွဲဖွင့်လိုက်၏။

သံသုံးလက်မခန့်အထူရှိသောသံမဏိပြားဖြင့် ပြုလုပ်ထားသည့်သံတံခါးကြီးသည် တကျိုကျိုမြည်ကာပွင့်သွားလေတော့၏။

ဝဝဝဝ



တံခါးပွင့်သွားသည်နှင့် အလွန်ကျယ်ဝန်းသောအခန်းတစ်ခုပေါ်လာ၏။ ကျောက်တုံးများဖြင့် ပြုလုပ်ထားသောအခန်းဖြစ်၏။ ကျောက်နံရံပေါ်၌ မီးအိမ်များချိတ်ဆွဲထားသည်။

မီးအိမ်မှ ဝါကျင့်ကျင့်အလင်းရောင်က ထိုအခန်းကိုလင်းစေသည်။ လုဝေတို့ကလည်း ရဲထင်းပိုင်နောက်မှလိုက်၍ အခန်းထဲသို့ဝင်လိုက်၏။

အထဲသို့ရောက်သောအခါ အခန်း၏လေးဘက်လေးတန်၌ လက်နက်မျိုးစုံခင်းကျင်းပြသထားသည်ကိုတွေ့ရသည်။

လုဝေက ချင်းစိန်စန်းကိုလှမ်းကြည့်လိုက်သည်။

ချင်းစိန်စန်းက ပခုံးတွန့်ပြလိုက်၏။

ချင်းစိန်စန်းသည် ခင်းကျင်းထားသောလက်နက်များကို စိတ်ဝင်တစားငေးနေ၏။

ထိုလက်နက်များထဲမှ တစ်ချို့လက်နက်များကို ချင်းစိန်စန်းမမြင်ဘူးပေ။ ကျောက်နံရံရှေ့၌ကျောက်စားပွဲကဲ့သို့ ခုံကလေးတစ်ခုရှိသည်။ ကျောက်စားပွဲခုံပေါ်တွင် ချိုင့်ခွက်တစ်ခုရှိ၏။

ရဲထင်းပိုင်သည် အင်္ကျီရင်ဘတ်ကြားမှ ဓားမြှောင်တစ်လက်ကိုထုတ်ယူလိုက်သည်။ ထိုဓားမြှောင်သည် သံဖြင့်ပြုလုပ်ထားသောဓားမြှောင်မဟုတ်ပါ။

သံမဏိဖြင့်ပြုလုပ်ထားသောဓားမြှောင်လည်း မဟုတ်ပါ။ ဓားမြှောင်ကို ရွှေဖြင့်ပြုလုပ်ထားခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲထင်းပိုင်က ရွှေမားမြောင်ကို ကျောက်စားပွဲပေါ်မှ ချိုင့်ပေါက်ထဲသို့ထိုးစိုက်လိုက်၏။

ယင်းသို့ထိုးစိုက်လိုက်သည်နှင့်တစ်ပြိုင်နက်

"ဟီး... ဟီ"

ဟု ခပ်အုပ်အုပ်အသံတစ်ချက်ပေါ်ထွက်လာပြီး ကျောက်နံရံပေါ်၌ အပေါက်တစ်ပေါက်ဖြစ်ပေါ်သွားလေတော့၏။

ဝဝဝဝ

လေးထောင့်ပေါက်....

တစ်ပေပတ်လည်ခန့်ရှိသော လေးထောင့်ပေါက်....

ရဲထင်းပိုင်က လုဝေတို့ကိုလှမ်း၍ပြုံးပြလိုက်သည်။ လုဝေတို့က ပြန်ပြီးပြုံးမပြနိုင်ပါ။ သူတို့သည် ထိုလေးထောင့်ပေါက်ထဲမှထွက်လာမည့်ပစ္စည်းကိုစိတ်ဝင်စားနေသောကြောင့်ဖြစ်ပါသည်။

ရဲထင်းပိုင်က ကျောက်နံရံမှလေးထောင့်ပေါက်ထဲသို့ လက်လျှို၍နှိုက်လိုက်၏။ မကြာမီ ရဲထင်းပိုင်၏လက်ထဲ၌ သံမဏိသေတ္တာငယ်တစ်လုံးပါလာသည်။

ထန်ကျင်းဝှာသည် အသက်ပင်မရှူနိုင်အောင်ဖြစ်နေ၏။ ရဲထင်းပိုင်က သံမဏိသေတ္တာကိုထုတ်ယူပြီး အခန်းထဲ၌ရှိသောစားပွဲပေါ်သို့တင်လိုက်၏။ ထို့နောက် ရဲထင်းပိုင်သည် လည်ပင်း၌ ချိတ်ဆွဲထားသောရွှေရောင်သော့ကိုဖြုတ်ယူပြီး သံမဏိသေတ္တာသော့ပေါက်ထဲသို့ထိုးလိုက်သည်။



သော့ကိုလှည့်လိုက်ရာ "ကလစ်"ဟူသောအသံနှင့်အတူ သော့ပွင့်သွားသည်။ ရဲထင်းပိုင်က သေတ္တာကိုဖွင့်ပြီး သေတ္တာထဲမှ ယွန်းသေတ္တာလေးကို တရိုတသေထုတ်ယူလိုက်သည်။

လုဝေတို့သည် ရဲထင်းပိုင်၏လှုပ်ရှားမှုကိုကြည့်ရင်း အသက်ပင်ပြင်းပြင်းမရှူနိုင်အောင်ဖြစ်နေ၏။ ရဲထင်းပိုင်က သက်ပြင်းတစ်ချက်ချပြီး ယွန်းသေတ္တာကိုဖြည်းညင်းစွာဖွင့်လိုက်သည်။

အဖုံးက တဖြည်းဖြည်းပွင့်လာ၏။ ထန်ကျင်းဝှာမှာ ရင်တထိတ်ထိတ်ခုန်လာ၏။ ချင်းစိန်စန်းလည်းမျက်လုံးပြူးကျယ်လာ၏။

လုဝေက တံတွေးကိုတစ်ချက်မျိုချလိုက်၏။

မကြာမီ သူတို့သည် ကြာပန်းတောင်ကုန်း၏တွေးဆန်းသောမိုးကြိုးသွားလက်နက်ပုန်းကိုတွေ့မြင်ရတော့မည်မဟုတ်ပါလား။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



ယွန်းသေတ္တာအဖုံးပွင့်သွားပြီဖြစ်၏။

အခန်းထဲမှလူတို့၏မျက်လုံးများသည် ယွန်းသေတ္တာအတွင်းသို့ရောက်ရှိသွား၏။ သူတို့သည် ယွန်းသေတ္တာထဲမှပစ္စည်းကို တွေ့လိုက်ရသောအခါ အလွန်အမင်းအံ့သြသွားကြကုန်သည်။

အကြောင်းမှာ ယွန်းသေတ္တာထဲ၌ ရွှေရောင်လေးထောင့်ဘူးလေး ဝါကျင့်ကျင့်အရောင်ရှိသောအရည်ပြားတစ်ခုကိုတွေ့လိုက်ရသောကြောင့်ဖြစ်သည်။

ထန်ကျင်းဗှာကအံ့သြဟန်ဖြင့်....

"ဒါက ဘာလဲ"

ဟုမေးလိုက်၏။

ရဲထင်းပိုင်ကပြုံးလိုက်ပြီး....

"လူတစ်ယောက်ရဲ့မျက်နှာပါ"

ထန်ကျင်းဗှာသည် မျက်မှောင်ကြုတ်ပြီး ရဲထင်းပိုင်ကိုကြည့်လိုက်၏။

"လူတစ်ယောက်ရဲ့မျက်နှာ ဟုတ်လား"

ရဲထင်းပိုင်ကပြုံး၍ခေါင်းညိတ်ကာ....

"ဟုတ်ပါတယ်... လူတစ်ယောက်ရဲ့မျက်နှာက ခွာထားတဲ့အရေပြားပါ"

ထန်ကျင်းဗှာက လွှတ်ခနဲမေးလိုက်၏။

"ဘယ်သူ့မျက်နှာလဲ"



ရဲထင်းပိုင်က....

"ဒီလူက အလွန်အရေးကြီးတဲ့ပစ္စည်းကို သေချာမသိမ်းမိလို့ ပျောက်ခဲ့ရတယ်၊ ဒါကြောင့် သူက ဘယ်သူ့ကိုမှမျက်နှာမပြရဲတော့ဘူး နောင်လာနောင်သားတွေ သူ့လိုမဖြစ်ဖို့ သတိပေးတဲ့အနေနဲ့ သူသေတဲ့အခါမှာ သူ့မျက်နှာကအရေပြားကိုခွာပြီးသတိပေးခဲ့ တာပါ"

ရဲထင်းပိုင်က အမည်နာမကိုထပ်၍မပြောပါ။

သို့သော် ထန်ကျင်းဗှာကသက်ပြင်းချပြီး....

"ဒါကြောင့်.... ရှင့်အဖေ ရုတ်တရက် သေသွားတယ်ဆိုတဲ့သတင်း သိုင်းလောကမှထွက်လာတာကိုး"

ရဲထင်းပိုင်ကခေါင်းညိတ်လိုက်ပြီး....

"အဖေဟာ သူ့ရဲ့အပြစ်ကို သူ့ဘာသာသူ စီရင်သွားတာပါ"

ထန်ကျင်းဗှာ သက်ပြင်းချလိုက်သည်။

"အမှန်တော့ ဒါတွေကို ရှင်မပြောသင့်ပါဘူး"

ရဲထင်းပိုင်ကပြုံးလိုက်ပြီး....

"ကျုပ်ကလဲ ပြောမပြချင်ပါဘူး"

"ဒါပေမဲ့ ရှင် ပြောပြီးသွားပြီလေ"

"ဒါမှ မိုးကြိုးသွားဟာ ကြာပန်းတောင်ကုန်းမှာမရှိတော့ဘူးဆိုတာ ခင်ဗျားတို့ကယုံမှာမဟုတ်လား"

"ဒါဖြင့် ကြာပန်းတောင်ကုန်းကိုရောက်လာတဲ့ သိုင်းသမားတွေ ဘာဖြစ်လို့ တစ်ယောက်မှအသက်မရှင်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ရဲထင်းပိုင်က....

"လောကမှာ လူသတ်နည်းတွေအများကြီးရှိတယ်၊ မိုးကြိုးသွားရိုမှမဟုတ်ပါဘူး"

ဟုပြန်ပြောလိုက်၏။

ချင်းစိန်စန်းကသက်ပြင်းချလိုက်ကာ....

"အမှန်တော့ ငါတို့ ဒီကိုမလာသင့်ဘူး... ဒီကလျှို့ဝှက်ချက်ကိုမသိသင့်ဘူး"

ဟုပြောလိုက်၏။ ထန်ကျင်းဗွာက....

"ဒါဆို ကျွန်မတို့ဘာလုပ်မလဲ"

ချင်းစိန်စန်းကပြုံးလိုက်ပြီး....

"ကျုပ်က ဘယ်တော့မှအမှားမလုပ်ဖူးဘူး"

ဟု ပြောလိုက်၏။ လုဝေက ခေါင်းညိတ်ကာ....

"ဟုတ်တယ်... အမှားလုပ်မိတာနဲ့အသက်ရှင်မှာ မဟုတ်တော့ဘူး"

ထန်ကျင်းဗွာက မျက်မှောင်ကြုတ်လိုက်ပြီး....

"ဘာဖြစ်လို့အသက်မရှင်ရမှာလဲ"

လုဝေကပြုံး၍ ရဲထင်းပိုင်ကိုကြည့်ကာ....

"သူက ဒီလျှို့ဝှက်ချက်ကို လူသိခံချင်ပါ့မလား"

လုဝေ၏စကားဆုံးသည်နှင့် "ဂျိမ်း"ဟူသောအသံနှင့်အတူ သံမဏိတံခါးသည် ပိတ်၍သွားလေတော့၏။



ထို့နောက် သော့ဆယ့်နှစ်ချက်ခတ်သံပေါ်ထွက်လာ၏။

ချင်းစိန်စန်းကပြုံးလိုက်ပြီး....

"လုဝေပြောတာမှန်တယ်... ကျုပ်တို့ကသေသင့်တယ်"

ရဲထင်းပိုင်ကခေါင်းခါသည်။

"ဒါပေမဲ့ ကျုပ်ကတော့ မသေသင့်ပါဘူး"

ရဲထင်းပိုင်၏စကားကြောင့် လုဝေရောချင်းစိန်စန်းပါ ရဲထင်းပိုင်ကိုလှမ်းကြည့်လိုက်သည်။

ရဲထင်းပိုင်ကပြုံးလိုက်ပြီး....

"ဒီလျှို့ဝှက်ချက်မပေါက်ကြားဖို့ ခင်ဗျားတို့သေသင့်တယ်၊ ဒါပေမဲ့ ဒီလျှို့ဝှက်ချက်ကိုသိတဲ့ကျုပ်ကတော့မသေသင့်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်က ကြာပန်းတောင်ကုန်းရဲ့သခင်ဖြစ်နေလို့ပါ"

ရဲထင်းပိုင်၏စကားကြောင့် ထန်ကျင်းဗွာမျက်မှောင်ကြုတ်ကာ....

"ဒါဖြင့် တံခါးပိတ်လိုက်တာ ရှင့်ရဲ့အစီအစဉ်မဟုတ်ဘူးပေါ့"

ရဲထင်းပိုင်ကပြုံးလိုက်ပြီး....

"ကျုပ်က ဒီလောက်အထိ မမိုက်မဲပါဘူးဗျာ"

ထန်ကျင်းဗွာ သက်ပြင်းချလိုက်ပြီး....

"ဘယ်သူလာပြီး တံခါးကိုပိတ်နိုင်မလဲ"

ရဲထင်းပိုင်ကပြုံး၍....

"တံခါးကိုဖွင့်တဲ့သူကပဲ တံခါးပိတ်နိုင်မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ရှင့်လူခြောက်ယောက်ကိုပြောတာလား"

"ဟုတ်ပါတယ်"

ထန်ကျင်းဟုာကမျက်မှောင်ကုပ်ကာ....

"သူက ရှင့်ရဲ့လူယုံမိတ်ဆွေတွေ မဟုတ်ဘူးလား"

ရဲထင်းပိုင်ပြုံးလိုက်ပြီး....

"လူယုံတွေ မိတ်ဆွေတွေက သစ္စာမဖောက်ဘူးလို့ ဘယ်သူက အာမခံနိုင်မှာလဲ"

လုဝေသက်ပြင်းချလိုက်သည်။

"အဲဒီလူခြောက်ယောက်ထဲမှာ တစ်ယောက်ကသစ္စာဖောက်ရင် လုံလောက်ပါပြီ"

ထန်ကျင်းဟုာမျက်မှောင်ကြုတ်သွားသည်။

"ရှင်က ဘယ်သူ့ကိုပြောတာလဲ"

လုဝေက ရဲထင်းပိုင်ကိုကြည့်ပြီး....

"မင်းရဲ့လူခြောက်ယောက်ထဲမှာ ပထမသော့နှစ်ချက်ကိုဖွင့်တာ သိမ်းငှက်စွန်းတုာမဟုတ်လား"

ရဲထင်းပိုင်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ထိုစကားကြောင့် ထန်ကျင်းဟုာက....

"သဲကန္တာရသိမ်းငှက်စွန်းတုလား"

ဟုမေးလိုက်သည်။



ရဲထင်းပိုင်ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ချင်းစိန်စန်း သက်ပြင်းချလိုက်သည်။

"ကျူပ်တို့သိတာ နောက်ကျသွားပြီ"

ဟု ပြောလိုက်၏။

ထန်ကျင်းဟုာကမျက်မှောင်ကြုတ်ရင်း....

"ဘာဖြစ်လို့လဲ"

ချင်းစိန်စန်း ပြုံးလိုက်ပြီး....

"သိမ်းငှက်စွန်းတုနဲ့ မြို့စားလေးဝမ်တို့တိုက်ခိုက်ခဲ့ကြသေးတယ်မဟုတ်လား"

ရဲထင်းပိုင်က ခေါင်းညိတ်ပြီး....

"ဟုတ်ပါတယ်... သိမ်းငှက်စွန်းတုရဲ့နောက်ဆုံးတိုက်ပွဲပါ"

ချင်းစိန်စန်းကပြုံးပြီး....

"အဲဒီတိုက်ပွဲမှာ သိမ်းငှက်စွန်းတုရှုံးခဲ့တယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် သူဘာဖြစ်လို့မသေတာလဲ"

ချင်းစိန်စန်း၏အမေးကို မည်သူမျှမဖြေနိုင်ပါ။

အားလုံး၏ပါးစပ်မှာ အာစေးထည့်ခံထားရသလို ပိတ်နေလေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲ၌တိတ်ဆိတ်နေသည်။

အတန်ကြာမှ ထန်ကျင်းဗ့ာကသက်ပြင်းချကာ....

"တစ်ခြားမလှုယ်ပေါက်ရှိသေးလား"

ဟု မေးလိုက်သည်။ ရဲထင်းပိုင်က....

"ဒီလိုအခန်းမျိုးမှာ တစ်ခြားမလှုယ်ပေါက်မရှိလို့ ဘယ်ဖြစ်မလဲ၊ အရေးရယ် အကြောင်းရယ်ကျရင် ထွက်နိုင်အောင်လို့ ထားရတာပေါ့"

"ဟုတ်လား... ဘယ်မှာလဲ"

ဟု ရဲထင်းပိုင်ကမေးလိုက်၏။

ရဲထင်းပိုင်ကပြုံး၍ အခန်းထဲ၌ရှိနေသောအရက်အိုးကိုညွှန်ပြရင်း....

"ဟောဟိုမှာ အရက်အိုးရှိတယ်"

ထန်ကျင်းဗ့ာကအရက်အိုးကိုကြည့်ပြီး....

"လျှို့ဝှက်တံခါးပေါက်လား"

ဟုမေးလိုက်သည်။ ရဲထင်းပိုင်က....

"လျှို့ဝှက်တံခါးပေါက် ဟုတ်မဟုတ်တော့မသိဘူး... အရက်အိုးထဲကအရက်ကိုသောက်လိုက်ရင် ထွက်လို့ရပြီလို့ပြောတယ်"

ထန်ကျင်းဗ့ာ မျက်မှောင်ကုပ်ပြီး....

"အရက်သောက်ရင် ဘယ်လိုထွက်မှာလဲ"

ရဲထင်းပိုင်ကပြုံးလိုက်ပြီး....



"လူတော့မပြောတတ်ဘူး... အသက်တော့ထွက်လို့ရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အရက်ထဲမှာအဆိပ်ခတ်ထားလို့"

ထန်ကျင်းဗ့ာက ဘာမှပြန်မပြောပါ။

ချင်းစိန်စန်းကသက်ပြင်းချကာ....

"အင်း... ဘာမှမရှိတာထက်စာရင် အဆိပ်ခတ်တဲ့အရက်ကသောက်လို့ရသေးတာပဲ"

ဟုပြောပြီး အရက်အိုးရှိရာသို့လျှောက်သွားလေ၏။

ထို့နောက် သူက အရက်အိုးကိုကောက်ကိုင်လိုက်၏။

အနက်ရောင်တစ်ချက်ဝင်းလက်သွားပြီး "ခွမ်း"ဟူသော အသံနှင့်အတူ အရက်အိုးသည်ထက်ပိုင်းပြတ်သွားလေတော့သည်။

တစ်ဆက်တည်းမှာပင် လုဝေ၏အသံပေါ်လာသည်။

"ခင်ဗျားအသက်ကို ကျုပ်ပိုင်တယ်နော်... ကျုပ် ခင်ဗျားကို မသတ်ရသေးဘူး"

ချင်းစိန်စန်းကသက်ပြင်းချပြီး လုဝေကိုလှမ်းကြည့်ကာ....

"ဒါဖြင့် ခင်ဗျားက ကျုပ်ကိုဘယ်တော့သတ်မှာလဲ"

လုဝေကပြုံးလိုက်ပြီး....

"ကျုပ်တို့မှော်လင့်ချက်ကုန်သွားတဲ့အခါပေါ့"

ချင်းစိန်စန်းကခေါင်းခါယမ်းကာ....

"မျှော်လင့်ချက်ရှိသေးလို့လား"

လုဝေကပြုံးလိုက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



"အသက်ရှင်နေသရွေ့တော့ မျှော်လင့်ချက်ရှိနိုင်ပါတယ်"

ချင်းစိန်စန်းပြုံးလိုက်သည်။

"ဟုတ်တယ်... ခင်ဗျားပြောတာမှန်တယ်"

ဟု ပြန်ပြောလိုက်လေတော့၏။

၀၀၀၀

လုဝေသည် အခန်းနံရံလေးဘက်လေးတန်၌ထားရှိသော လက်နက်များကိုကြည့်နေ၏။ ထို့နောက် သူသည် စင်ပေါ်မှစာအုပ်တစ်အုပ်ကိုလှမ်းယူလိုက်၏။

စာအုပ်ပေါ်မှဖုန်များကိုခါလိုက်သောအခါ အမည်စာရင်းစာအုပ်ဖြစ်နေသည်ကိုတွေ့ရ၏။

ထို့ကြောင့် သူက ရဲထင်းပိုင်ကိုထောင်ပြရင်း...

"ဒါ ဘာမှတ်တမ်းလဲ"

ရဲထင်းပိုင်က စာအုပ်ကိုတစ်ချက်လှမ်းကြည့်လိုက်ပြီး...

"စာအုပ်မှာရှိတဲ့လက်နက်ပိုင်ရှင်တွေရဲ့အမည်စာရင်းပါ"

လုဝေ မျက်မှောင်ကြုတ်သွားပြီး...

"ကြာပန်းတောင်ကုန်းကိုလာပြီး တိုက်ခဲ့တဲ့လူတွေလား"

ရဲထင်းပိုင်ကခေါင်းညိတ်ကာ...

"ဟုတ်တယ်... ကြာပန်းတောင်ကုန်းကိုလာတိုက်ပြီး သေသွားတဲ့လူတွေရဲ့အမည်နဲ့လက်နက်စာရင်းကို မှတ်တမ်းတင်ထားတာပါ"



လုဝေက ဘာမှပြန်မပြောတော့ပါ။ သူသည် စာအုပ်ကိုလှန်၍ဖတ်နေ၏။ သူသည် စာမျက်နှာဆယ်မျက်နှာခန့်ဖတ်ပြီးသောအခါ ရဲထင်းပိုင်ကိုလှမ်းကြည့်ပြီး...

"ထုံးခိုင်ဆိုတာ ယမ်းဘီလူးထုံးခိုင်ကိုပြောတာလား"

ဟုမေးလိုက်သည်။

ရဲထင်းပိုင်ကခေါင်းညိတ်ကာ...

"ဟုတ်တယ်... သူပဲ"

"ဒီအထဲမှာ ထုံးခိုင်ရဲ့လက်နက်ဟာ အသုံးမပြုရသေးဘူးလို့ ရေးထားတယ်မဟုတ်လား"

ရဲထင်းပိုင်ခေါင်းညိတ်သည်။

"ဟုတ်တယ်... ထုံးခိုင်ဟာ သူ့လက်နက်ကိုထုတ်သုံးဖို့အချိန်ရလိုက်ဘူး"

"ဒါဆို သူ့လက်နက်က အသုံးမပြုရသေးဘူးပေါ့"

"ဟုတ်မှာပါ"

လုဝေက လက်နက်များထားရာကိုလှမ်းကြည့်ကာ...

"သူ့လက်နက်ကဘယ်မှာလဲ"

ရဲထင်းပိုင်က...

"အဲဒီမှာပဲ ရေးထားတယ်"

လုဝေ ခေါင်းညိတ်လိုက်ပြီး ရှာကြည့်၏။

"ဟုတ်တယ်... တွေ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူသည် လက်နက်များထားသည့်နေရာကိုသွား၍ရှာဖွေ၏။ မကြာမီ လက်နက်များထားရာနေရာမှလက်နက်တစ်ခုကိုဆွဲထုတ်လိုက်သည်။

ထိုလက်နက်မှာ ဝါးဖြင့်ပြုလုပ်ထားသောလက်နက်တစ်မျိုးဖြစ်၏။ လုဝေသက်ပြင်းချပြီး ကျောက်နံရံကိုတစ်ချက်လှမ်းကြည့်လိုက်သည်။

ပြီးမှ သူသည် ကျောက်နံရံတစ်လျှောက် မျက်လုံးတစ်ချက်ကစားလိုက်သည်။ ထို့နောက် ရဲထင်းပိုင်ကိုလှမ်းကြည့်ပြီး....

"ဒီအခန်းထဲမှာ အမြဲတမ်းမီးထွန်းထားတာပဲလား"

ဟုမေးလေသည်။

ရဲထင်းပိုင်က ခေါင်းညိတ်ပြလိုက်သည်။

လုဝေက....

"အခန်းကလုံနေတာ... မီးကငြိမ်းမသွားဘူးလား"

"ဒီအခန်းထဲကို လေဝင်အောင် လေဝင်ပေါက်တော့ ဖောက်ထားတယ်"

လုဝေမျက်မှောင်ကြုတ်လိုက်သည်။

"ဟုတ်လား"

"ဟုတ်တယ်... ဒါပေမဲ့ အဲဒီလေဝင်ပေါက်က စာကလေးတောင် ဝင်လို့မရဘူး"

ဟုပြောလိုက်သည်။



လုဝေ ဘာမျှပြန်မပြောတော့ပါ။

သူသည် အခန်းနံရံကိုလှည့်ပတ်၍ကြည့်ရှုနေ၏။

တစ်နေရာသို့ရောက်သောအခါ လုဝေသည် ခြေလှမ်းရပ်တန့်ပြီး နံရံကိုအတန်ကြာအောင်စိုက်ကြည့်နေသည်။

ထို့နောက် သူ၏လက်က ရုတ်တရက်လှုပ်ရှားသွား၏။

အနက်ရောင်လင်းလက်သွားပြီး လုဝေ၏ဓားက ကျောက်သားနံရံထဲကိုထိုးစိုက်သွားသည်။ ချင်းစိန်စန်းကပြုံးလိုက်ပြီး....

"ခင်ဗျားဓားထုတ်တာကိုကျုပ်မြင်ရပြီ... ဒါပေမဲ့ ကျုပ်မသေသေးဘူး"

လုဝေက ဘာမှပြန်မပြောဘဲ ကျောက်သားနံရံထဲ စိုက်ဝင်နေသောဓားကိုပြန်ဆွဲနှုတ်လိုက်သည်။ ပြီးမှ ဓားအိမ်ထဲသို့ထည့်လိုက်သည်။ ထို့နောက် လုဝေသည်လက်ထဲမှ ထုံးခိုင်၏ဝါးဖြင့်ပြုလုပ်ထားသောလက်နက်ကို ထိုကျောက်နံရံပေါ်မှဓားဖြင့် ထိုးစိုက်ခဲ့သောအပေါက်ထဲသို့ထိုးထည့်လိုက်သည်။

လုဝေ၏လှုပ်ရှားမှုကို အားလုံးကအသက်မရှူဘဲကြည့်နေကြသည်။ လုဝေက ချင်းစိန်စန်းကိုလှမ်း၍ပြောလိုက်၏။

"မင်းတို့ အဝေးမှာနေကြပါ"

"ရှင်ကကော ဘာဖြစ်လို့ဝေးဝေးမှာမနေတာလဲ"

လုဝေက ထန်ကျင်းဗုံကိုကြည့်ပြီးပြုံးပြလိုက်သည်။

ပြီးမှ....

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ပဲ ဝေးဝေးမှာနေပါ"

ဟု ပြောလိုက်သည်။

ထို့နောက်... လုဝေက ထုံးခိုင်၏ဝါးဖြင့်ပြုလုပ်ထားသော လက်နက်၏ခလုတ်ဟုထင်မှတ်ရသောဘုကလေးကိုနှိပ်လိုက်ရာ...

"ဝုန်း"

ဟူသောအသံပေါ်ထွက်လာပြီး လုဝေလည်း နောက်သို့လွင့်စဉ်သွားလေတော့၏။

၀၀၀၀

အခန်းတစ်ခုလုံး မီးခိုးလုံးများဖြင့် ဖုံးလွှမ်းသွားသည်။

မီးခိုးများသည် မကြာခင်မှာပင် လွင့်ပြယ်သွားသည်။ မီးခိုးများလွင့်ပြယ်သွားသောအခါ အခန်း၏သုံးချိုးတစ်ချိုးခန့်ပျက်စီးသွားသည်။ ကျောက်နံရံ၌ လူတစ်ယောက်ကောင်းစွာ ဝင်နိုင်ထွက်နိုင်သောအပေါက်ကြီးတစ်ပေါက်ဖြစ်ပေါ်နေ၏။

ကျောက်နံရံမှ အပိုင်းအစများသည် အခန်းထဲ၌ ပြန့်ကျဲနေသည်။ မီးခိုးမွှန်သောကြောင့် ရဲထင်းပိုင်၊ ချင်းစိန်စန်းနှင့် ထန်ကျင်းဝှာတို့သည် ချောင်းတဟွတ်ဟွတ်ဆိုးနေကြသည်။

"လုဝေ... လုဝေ... ရှင်ဘယ်မှာလဲ"

ထန်ကျင်းဝှာကအော်ဟစ်လိုက်၏။ ချင်းစိန်စန်းကလည်း လုဝေကို အခန်းထဲမှာလိုက်ရှာသည်။ ထန်ကျင်းဝှာသည် အခန်း၌ပြန့်ကျဲနေသော အုတ်ကျိုးအပိုင်းအစများကိုဖယ်ရှားရင်း နှုတ်မှလည်း...



"လုဝေ... လုဝေ"

ဟုအော်ခေါ်လေသည်။

ထိုစဉ်...

"ကျုပ် ဒီမှာ"

လုဝေ၏အသံပေါ်ထွက်လာ၏။ အသံနှင့်အတူ လဲပြိုနေသောပစ္စည်းပစ္စယများကြားမှ လုဝေပေါ်ထွက်လာသည်။

သူ၏မျက်နှာသည် မီးခိုးများကြောင့်မည်းနေ၏။ သူ့အင်္ကျီ၏အနားများစုတ်ပြတ်နေသည်။ ထန်ကျင်းဝှာသည် လုဝေကိုတွေ့သည်နှင့် လုဝေထံသို့ပြေးလွှားရောက်ရှိသွားပြီး...

"ရှင်... ရှင်... မသေဘူးနော်"

လုဝေက ထန်ကျင်းဝှာကိုပြုံးပြ၏။ ထန်ကျင်းဝှာက လုဝေ၏လက်မောင်းမှဒဏ်ရာကိုမြင်တွေ့သွားပြီး...

"ဟင်... ရှင့်လက်မောင်းမှာဒဏ်ရာရသွားပါလား"

ဟုပြောကာ သူမ၏အင်္ကျီလက်မောင်းကိုဆွဲစုတ်ပြီး လုဝေ၏ဒဏ်ရာကိုစည်းနှောင်ပေးလိုက်သည်။

လုဝေကသက်ပြင်းချလိုက်ပြီး...

"ဘာမှမဖြစ်ပါဘူး... ကျုပ်ဓားကိုဝိုင်းပြီးရှာပေးပါဦး"

ဟု ပြောသည်။ မကြာမီ သူတို့သည် ကျောက်နံရံအပေါက်မှ တစ်ဆင့် အပြင်သို့ရောက်ရှိသွားလေတော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ကြာပန်းတောင်ကုန်း....

ကြာပန်းတောင်ကုန်းသည် ပြောင်းလဲသွားပြီဖြစ်သည်။

လုဝေတို့ရောက်ရှိလာစဉ်ကအခြေအနေနှင့် ယခုအခြေအနေသည် လုံးဝပြောင်းလဲသွားသည်။ လုဝေတို့ရောက်ရှိလာစဉ်က ခန့်ညားခဲ့သောကြာပန်းတောင်ကုန်းသည် ယခုအခါ မီးလောင်ပြင်ဖြစ်နေလေပြီ။

အဆောက်အဦများ၌ မီးများစွဲလောင်လျက်ရှိသေးသည်။

အုတ်ဝင်းထရံသုံးထပ်သည်လည်း ပြိုကျပျက်စီးနေပြီဖြစ်သည်။ မြေပြင်ပေါ်၌လည်းကောင်း၊ အဆောက်အဦများ၏ကြမ်းပြင်ပေါ်၌လည်းကောင်း လူသေအလောင်းများဖြင့်ပြန့်ကျဲနေ၏။

ရဲထင်းပိုင်က သက်ပြင်းချလိုက်ပြီး....

"ဧည့်သည်ရောက်ခဲ့ပြီပဲ"

ဟုရေရွတ်လိုက်သည်။

၀၀၀၀



လုဝေက မီးလောင်ပြင်ကိုကြည့်ရင်း....

"မြို့စားလေးဝမ်လား"

ဟုမေးလိုက်၏။

ရဲထင်းပိုင်ကခေါင်းညိတ်ပြီး....

"ဟုတ်တယ်"

ဟုပြောလိုက်၏။ လုဝေက သက်ပြင်းချပြီး....

"ဒီလိုဖြစ်လိမ့်မယ်လို့ ခင်ဗျားတွေးမထားဘူးလား"

ရဲထင်းပိုင်ကပြုံးပြီး....

"ဒီလောက်မြန်ဆန်လိမ့်မယ်လို့ တွေးမထားတာပါ"

ချင်းစိန်စန်းသည် စိတ်မကောင်းဖြစ်ဟန်ဖြင့် ရဲထင်းပိုင်ရှေ့ဒူးထောက်လိုက်ပြီး....

"ကျုပ်ကြောင့် ခင်ဗျားရဲ့တောင်ကုန်းပျက်စီးသွားပြီ"

ဟုပြောသည်။

ရဲထင်းပိုင်က ချင်းစိန်စန်း၏ပခုံးကိုကိုင်ပြီးထူလိုက်သည်။

"စိတ်မကောင်းမဖြစ်ပါနဲ့ သူက ခင်ဗျားကြောင့်မဟုတ်လဲ ကျုပ်တောင်ကုန်းကိုတိုက်ခိုက်မှာပဲ"

ဟုပြောလိုက်၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ရဲထင်းပိုင်၏နှစ်သိမ့်မှုကို ချင်းစိန်စန်းလက်မခံပါ။

ခေါင်းတွင်တွင်ခါလိုက်ပြီး....

"မဟုတ်ဘူး... ကျုပ်ကြောင့်ဖြစ်တာပါ။ ဒါနဲ့ဆို သုံးကြိမ်ရှိပြီ"

ဟုပြောလိုက်၏။ ချင်းစိန်စန်း၏စကားကြောင့် လှဝေမျက်မှောင်ကြုတ်ကာ....

"ခင်ဗျားကြောင့် သုံးကြိမ်ရှိပြီဟုတ်လား"

ဟုမေးလိုက်၏။

ချင်းစိန်စန်းက ခေါင်းညိတ်သည်။

"ဟုတ်ပါတယ်... ပထမအကြိမ်က ဝါးဆန်းမြို့... ဒုတိယအကြိမ်က ပိုင်ရီဝေရဲ့ခြံဝင်း။ ပြီးတော့ အခုကြာပန်းတောင်ကုန်း"

လှဝေက မျက်မှောင်ကြုတ်ကာ....

"ဝါးဆန်းမြို့ရော ပိုင်ရီဝေခြံပါ ခင်ဗျားကြောင့်ပျက်စီးခဲ့ရတယ်ဟုတ်လား"

ချင်းစိန်စန်းကပြုံးလိုက်ပြီး....

"ဒါတင်မကပါဘူးဗျာ.... ကျုပ်ရဲ့ရင်းနှီးတဲ့မြေခွေးကြီးလိုပုဂ္ဂိုလ်မျိုးလဲသေခဲ့ရတယ်"

"သူက ဘာဖြစ်လို့ ခင်ဗျားကိုသဲသဲမဲမဲဖြစ်နေရတာလဲ"

ချင်းစိန်စန်းကသက်ပြင်းချပြီး....

"သူဟာ သေသင့်သေထိုက်တဲ့လူဖြစ်ကြောင်း ကျုပ်ကသိနေလို့ပါ"



ချင်းစိန်စန်းသည် အင်္ကျီရင်ဘတ်ကြားမှစာအုပ်တစ်အုပ်ကိုထုတ်ယူပြီး ထောင်ပြကာ....

"ဒီမှတ်တမ်းကြောင့် သူက ကျုပ်ကိုသဲသဲမဲမဲ လိုက်သတ်နေတာပါ"

ဟုပြောလိုက်သည်။

"ဘာမှတ်တမ်းလဲ"

လှဝေကမေးလိုက်သည်။

"ကင်းမြီးကောက်အဖွဲ့ရဲ့ ထိပ်တန်းခေါင်းဆောင် ဆယ်ယောက်စာရင်း၊ ပြီးတော့ ကင်းမြီးကောက်ရဲ့စီမံချက်"

"သူ့ရဲ့ဓားပညာ ဘယ်လိုရှိသလဲ"

"အမှန်အတိုင်းပြောရရင် သူ့ကိုခင်ဗျားမမီဘူး"

လှဝေ ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားရဲ့ဓားပညာလဲ မဆိုးပါဘူး"

ချင်းစိန်စန်းကပြုံး၍....

"ဒါပေမဲ့ ကျုပ်ကခင်ဗျားကိုရှုံးခဲ့တယ်"

လှဝေက....

"အဲဒီတုန်းက ခင်ဗျားရဲ့စိတ်တွေလှုပ်ရှားနေတယ်လေ... ပြီးတော့ ခင်ဗျားကသေချင်နေတယ်၊ ဒါကြောင့်ပါ... ခင်ဗျားရဲ့ဓားပညာကအဆင့်မြင့်ပါတယ်"

ချင်းစိန်စန်း သက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လဲသူ့ကိုယုဉ်ပြိုင်ဖို့ကြိုးစားခဲ့ပါတယ်၊ ဒါပေမဲ့ သံမဏိတံခါးကသော့ချက်တွေလိုပဲ သော့ဆယ်နှစ်ခုကိုဖွင့်နိုင်ခဲ့ပြီး နောက်ဆုံးဆယ့်သုံးခုမြောက်သော့ကျမှ ဖွင့်လို့မရသလိုဖြစ်နေတယ်"

လုဝေကပြုံးလိုက်ပြီး....

"သော့ဆယ့်နှစ်ခုကိုဖွင့်ပြီးမှတော့ ကျန်တဲ့သော့ကိုဖွင့်ဖို့ဟာ မခဲယဉ်းပါဘူး"

ဟုပြောလိုက်၏။

ချင်းစိန်စန်းကသက်ပြင်းချပြီး....

"သူ့ကိုနိုင်ဖို့ ပစ္စည်းနှစ်ခုပဲရှိတယ်"

"ဟုတ်လား... ဘာတွေလဲ"

"မိုးကြိုးသွားနဲ့မရဏစာအုပ်"

လုဝေ မျက်မှောင်ကြုတ်ကာ....

"မရဏစာအုပ်ဟုတ်လား... ကျုပ်ကြားဖူးသလိုပဲ"

ချင်းစိန်စန်းကပြုံးပြီး....

"အရှေ့ကျွန်းက ထူးဆန်းတဲ့လက်နက်တစ်မျိုးပါ"

လုဝေ မျက်မှောင်ကြုတ်သွားသည်။

"ဒါဆို ခင်ဗျား အရှေ့ကျွန်းကိုသွားဦးမှာပေါ့"

ချင်းစိန်စန်း ခေါင်းခါယမ်းလိုက်၏။

"မသွားပါဘူး"

"ဘာဖြစ်လို့လဲ"



"အရှေ့ကျွန်းမှာမရှိတော့လို့ပါ"

"ဘယ်ရောက်သွားသလဲ"

ချင်းစိန်စန်းကသက်ပြင်းချ၍....

"ပိုင်ရိုဝေခြိဝင်း"

လုဝေ ဘာမှုမပြောတော့ပါ။

သူသည် အဝေးသို့လှမ်းမျှော်ကြည့်လိုက်ပြီး သက်ပြင်းချလိုက်၏။ ပြီးမှ....

"ဒါကြောင့် ပိုင်ခြံဝင်းပျက်စီးသွားတာကိုး"

ချင်းစိန်စန်းက ခေါင်းကိုခါယမ်းသည်။

"မရဏစာအုပ်မရှိတော့ဘူး... ပြီးတော့ မိုးကြိုးသွားလဲ မရှိတော့ဘူး"

လုဝေက ဘာမှုပြန်မပြောပါ။

ချင်းစိန်စန်းကသက်ပြင်းချရင်း....

"ခင်ဗျား ကျုပ်ကိုမသတ်သေးဘူးလား"

ဟုမေးလိုက်သည်။

လုဝေက ချင်းစိန်စန်းကိုလှည့်ကြည့်ပြီး....

"ခင်ဗျားကိစ္စက မပြီးပြတ်သေးဘူး... ခင်ဗျားကိစ္စပြီးပြတ်အောင် အချိန်ထပ်ပေးထားတယ်လေ"

ချင်းစိန်စန်းက မဲ့ပြုံးပြုံးလိုက်ပြီး....

"ကျုပ်မှာ ဘာမှမရှိတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



လုဝေကပြုံးလိုက်သည်။

"ရှိပါသေးတယ်"

ချင်းစိန်စန်းကခေါင်းယမ်းကာ....

"ဘာရှိလို့လဲ"

"ခင်ဗျားမှာဓားရှိတယ်၊ ဓားရှိရင်လူရှိတယ်၊ ပြီးတော့ ကျူပ်ရှိတယ်... ထန်ကျင်းဗုဒ္ဓရှိတယ်"

ဟုပြောလိုက်လေ၏။

ဝဝဝဝ



ရဲထင်းပိုင် သက်ပြင်းချလိုက်၏။

ပြီးမှ ချင်းစိန်စန်း၏ပခုံးကိုပုတ်ကာ....

"မင်းမှာ ဓားနဲ့လုဝေတို့ရှိသေးတယ်... ငါမှာက ဘာမှမရှိတော့ဘူး"

ဟုပြောလိုက်၏။

လုဝေကပြုံး၍ ရဲထင်းပိုင်၏ပခုံးကိုပုတ်ကာ....

"ခင်ဗျားမှာလဲ ကျူပ်တို့ရှိပါသေးတယ်"

ဟု ပြန်ပြောလိုက်၏။

ရဲထင်းပိုင်ကပြုံးလိုက်ပြီး....

"ကြာပန်းတောင်ကုန်း မရှိတော့ဘူး"

ထန်ကျင်းဗုဒ္ဓက လုဝေနှင့်ချင်းစိန်စန်းတို့၏ပခုံးကိုပုတ်ရင်း....

"ထန်ကျားကျေးရွာဟာ ကြာပန်းတောင်ကုန်းရဲ့မိတ်ဆွေတွေပါပဲ"

ဟု ပြောလိုက်၏။

ထိုစဉ် ရုတ်တရက် လူရိပ်တစ်ရိပ်သည် လေထဲ၌လွင့်မျောသကဲ့သို့လွင့်မျောလာပြီး သူတို့ရှေ့သို့ရောက်ရှိလာတော့သည်။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



သေးသွယ်သောလူရိပ်ဖြစ်၏။

ထိုလူရိပ် သူတို့ရှေ့သို့ရောက်သောအခါ လုဝေက မျက်နှာရှုံ့မဲ့သွားပြီး....

"မင်း ဘာလာလုပ်တာလဲ"

ဟုမေးလိုက်သည်။

လူရိပ်က ပြုံးလိုက်၏။

"ရှင်တို့မှာ ပိုင်ခြံဝင်းရှိသေးတယ်ဆိုတာ လာပြောတာပါ"

ဟု ပြောလိုက်လေသည်။

ထို့နောက် လုဝေ၊ ချင်းစိန်စန်း၊ ထန်ကျင်းတ၊ ရဲထင်းပိုင်နှင်ပိုင်ခြံဝင်း၏သခင်မ ပိုင်ကျင်းကျင်းတို့သည်မီးလောင်နေသောကြာပန်းတောင်ကုန်းကိုစွန့်၍ တောင်အောက်သို့ဆင်းသွားကြလေတော့သည်။

ထိုစဉ် လျှပ်ရောင်တစ်ချက်ဝင်းလက်သွားပြီး ဂျိမ်းဟူသောမိုးခြိမ်းသံပေါ်ထွက်လာလေတော့၏။

ဝဝဝဝ



"ဂျိမ်း...."

မိုးခြိမ်းသံတစ်ချက် ပေါ်ထွက်လာ၏။

လျှပ်ရောင်က ဝင်းလက်လာပြန်၏။

လျှပ်ရောင်ဝင်းလက်ပြီးနောက် မိုးခြိမ်းသံကကပ်၍ပါလာပြန်သည်။

"ဂျိမ်း...."

မိုးကခပ်စွေစွေရွာနေ၏။

လေကတသုန်သုန်တိုက်ခတ်နေ၏။

လျှပ်ရောင်ဝင်းလက်သွားသောအခါ အရိုးစုတောင်ကုန်းပေါ်မှရဲတိုက်ကြီးသည် မကောင်းဆိုးဝါးတစ်ကောင် ငုတ်တုတ်ထိုင်နေသကဲ့သို့ထင်မှတ်၏။

အရိုးစုတောင်ကုန်း၏ဝေ့ဘင်ခြေ၌ လူတစ်စုသည်မြက်ပင်များကြား၌ဝပ်နေကြ၏။

ထိုလူစုသည် အနက်ရောင်ဝတ်စုံများ ဝတ်ဆင်ထားကြသည်။ ထိုလူစု၏ရှေ့၌ မိန်းကလေးတစ်ယောက်က ကျောက်တုံးကိုအကာအကွယ်ပြုပြီး အရိုးစုတောင်ကုန်းပေါ်မှရဲတိုက်ကြီးကို ကြည့်နေလေသည်။

ထိုမိန်းကလေးသည် ထန်ကျင်းတပင်ဖြစ်၏။

သူ့နောက်မှ အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသူများသည် ကျေးရွာမှလူများဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူနှင့်မလှမ်းမကမ်းတွင်... မိန်းကလေးတစ်ယောက်သည် သစ်ပင်၏ပင်စည်ကိုကွယ်၍ရပ်နေသည်။

ထိုမိန်းကလေးသည် ပိုင်ခြံဝင်း၏သခင်မပိုင်ကျင်းကျင်းဖြစ်သည်။

ပိုင်ကျင်းကျင်းက လက်ဝှေ့ယမ်းပြလိုက်ရာ လူတစ်စုသည် ချုံပုတ်များကိုတိုးဝှေ့၍ တောင်ပေါ်သို့တိတ်တဆိတ်တတ်သွားကြလေသည်။

သူတို့သည် ပိုင်ကျင်းကျင်း၏ပိုင်ခြံဝင်းမှလူများဖြစ်ကြပေသည်။ ပိုင်ကျင်းကျင်းကဝဲဘက်သို့လှည့်ကြည့်ပြီး ပြုံးပြသည်။

ထိုနေရာ၌ လုဝေပုန်းအောင်းနေသည်မဟုတ်ပါလား။

လုဝေကသက်ပြင်းချပြီး နံဘေးမှချင်းစိန်စန်းကိုလက်ဖြင့်အချက်ပြလိုက်သည်။

ချင်းစိန်စန်းကခေါင်းညိတ်ပြီး ဝဲဘက်မှရဲထင်းပိုင်ကို မေးဆတ်ပြလိုက်သည်။

ရဲထင်းပိုင်ကခေါင်းညိတ်ကာ ပုန်းကွယ်ရာမှထွက်လိုက်ပြီး တောင်ပေါ်သို့တက်သွားလေသည်။

လုဝေကနှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး တောင်ပေါ်သို့တက်သွားသည်။

မိုးကတဖွဲဖွဲရွာနေရာမှ တဖြည်းဖြည်းနှင့်သည်းလာပြီဖြစ်လေသည်။



လေကလည်း တဖြည်းဖြည်းနှင့်ထန်လာပြီဖြစ်သည်။

အရိုးစုတောင်ခြေမှနေ၍ လူတစ်စုသည် ပုန်းလျှိုးကွယ်လျှိုးဖြင့် တောင်ပေါ်သို့တက်လာနေကြပြီဖြစ်ပေသည်။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



အရှိုးစုတောင်ကုန်း...

ထိုတောင်ကုန်းကို မြေပုံပေါ်ရှာ၍မရပါ။

ထိုတောင်ကုန်းပေါ်တွင် ရဲတိုက်တစ်ခုရှိသည်။

ရဲတိုက်သည် လွန်ခဲ့သောနှစ်ပေါင်းတစ်ရာကျော်ခန့်က သိုင်းလောကတွင်နာမည်ကျော်ကြားခဲ့သော အရိုးစုတောင်ကုန်း ရဲတိုက်ဖြစ်၏။

ရဲတိုက်ပိုင်ရှင်သည် သိုင်းလောကတွင် အရိုးစုသိုင်းသမား ဟု နာမည်ကျော်ကြားခဲ့သည်။

သူ၏သိုင်းပညာသည် ထူးဆန်းသည့်အပြင် မှော်အတတ် များပါ တတ်မြောက်သည်ဟု သိုင်းလောကသားများကယုံကြည်ထား ကြလေသည်။

ထို့ပြင် အရိုးစုတောင်ကုန်းကိုသွားရောက်တိုက်ခိုက်သော သိုင်းလောကမှထိပ်တန်းသိုင်းသမားများ၏အရိုးစုများသည် တောင် ခြေတွင် တောင်ပုံရာပုံရှိခဲ့သည်ဟု သိုင်းလောကတွင်သတင်းဖြစ်ပေါ် ခဲ့သည်။

သို့သော်... ဆယ်နှစ်အတွင်းမှာပင် မည်သည့်အကြောင်း ကြောင့်မှန်းမသိ။ အရိုးစုတောင်ကုန်း၏သတင်းသည် သိုင်းလောကမှ ရုတ်ခြည်းပျောက်ကွယ်သွား၏။

ထို့ကြောင့် သိုင်းလောကသားများသည် ယင်းတောင်ကုန်း နှင့်ပတ်သက်၍ ပဟေဠိသဖွယ်ဖြစ်ခဲ့ရလေသည်။



ထိုအကြောင်းကိုစုံစမ်းရန် အရိုးစုတောင်ပေါ်သို့ တက်သွား ကြသောသိုင်းသမားများသည်လည်း တစ်ယောက်မျှပြန်လည်ရောက် ရှိလာခြင်းမရှိပါ။

ထိုအချိန်မှစ၍ အရိုးစုတောင်ကုန်းပေါ်သို့ မည်သူမျှမတက် ရဲတော့ပါ။

ယခု တောင်ကုန်းပေါ်သို့ လူတစ်စုတက်နေ၏။ သူတို့သည် ထိုတောင်ကုန်းပေါ်မှပြန်လည်ဆင်းသက်နိုင်ပါဦးမည်လော။

လုဝေသည် အရိုးစုတောင်မှ အရိုးစုရဲတိုက်ကိုကြည့်နေ၏။

သူသည် ချင်းစိန်စန်းပြောစဉ်က မယုံကြည်ခဲ့ပါ။

ရဲတိုက်သည် နှစ်ပေါင်းများစွာ ပြုပြင်သူမရှိသဖြင့် ယိုယွင်း ပျက်စီးနေသည်။

ယင်းနေရာ၌... မြို့စားလေးဝမ်၏ကင်းမြီးကောက်အဖွဲ့ရှိ သည်ဟု ချင်းစိန်စန်းကပြောသောအခါ လုဝေကလက်မခံချင်ပါ။

သို့သော် ချင်းစိန်စန်း၏အမူအရာသည် အလေးအနက်ဖြစ် နေသည်ကိုမြင်တွေ့ရသောကြောင့် အရိုးစုတောင်ကိုဝင်ရောက်စီး နင်းရန်ဆုံးဖြတ်ခဲ့သည်။

ချင်းစိန်စန်းက လုဝေအနီးသို့ချဉ်းကပ်လာပြီး...

"ဒီတောင်ကွေ့ကျော်ရင် သတိထားတော့"

ဟုပြောလိုက်သည်။ ထို့နောက် ချင်းစိန်စန်းသည် ဆန်ကျင်း ဗုာနှင့်ပိုင်ကျင်းကျင်းထံသို့ချဉ်းကပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လုဝေက ရဲထင်းပိုင်ကိုလှမ်းကြည့်ပြီး လက်ဟန်ခြေဟန်ဖြင့် သတိထားရန် အမူအရာလုပ်ပြလိုက်လေသည်။

ဝဝဝဝ

ဤနေရာသည် အရိုးစုတောင်၏တောင်ခါးပန်းဖြစ်သည်။

ဤနေရာ၌ အဆောက်အဦငယ်တစ်လုံးရှိ၏။ အဆောက်အဦရှေ့၌ လက်နက်ကိုင်အစောင့်နှစ်ဦးရပ်နေသည်။

ထန်ကျင်းဗှာကသက်ပြင်းချလိုက်ပြီး သူမ၏လူများကို အချက်ပြလိုက်သည်။

အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသောသူနှစ်ယောက်က ခေါင်းညိတ်လိုက်ပြီး အဆောက်အဦ၏နောက်ဘက်မှပတ်ကာ ချဉ်းကပ်သွားလေသည်။

မကြာမီ ထန်ကျင်းဗှာ၏လူနှစ်ယောက်သည် အဆောက်အဦရှေ့မှလူနှစ်ယောက်ကို တိတ်ဆိတ်စွာလုပ်ကြံလိုက်လေသည်။

ထို့နောက် ထိုလူနှစ်ယောက်သည်အဆောက်အဦထဲသို့ ဝင်ရောက်သွားလေသည်။

ဝဝဝဝ



ထန်ကျင်းဗှာသည် အဆောက်အဦ၏နံရံသို့ ပြေးကပ်လိုက်၏။ သူမသည် အဆောက်အဦ၏ပြတင်းပေါက်မှ အထဲသို့ချောင်းကြည့်လိုက်သည်။

အထဲ၌ အရိုးစုတောင်၏အစောင့်လေးယောက်သည် စားပွဲ၌ထိုင်ကာ မာကျောက်ကစားနေသည်။

အခန်းတံခါးသည် ဖြည်းညင်းစွာပွင့်လာပြီး အနက်ရောင်ဝတ်စုံနှင့်လူနှစ်ယောက်ဝင်လာသည်။

ထိုလူနှစ်ယောက်သည် ထန်ကျင်းဗှာ၏လူများဖြစ်သည်။

မာကျောက်ကစားနေကြသောအစောင့်များက ထိုလူနှစ်ယောက်ကိုမြင်တွေ့လိုက်သဖြင့် အံ့ဩကာ ကြောင်အမ်းအမ်းဖြစ်သွားကြသည်။

ထိုစဉ်မှာပင်.... ထန်ကျင်းဗှာ၏လူနှစ်ယောက်က အရိုးစုတောင်မှအစောင့်လေးယောက်ကိုသုတ်သင်လိုက်ပြီဖြစ်၏။

ထို့နောက် သူတို့သည် အခန်းထဲမှပြန်လည်ထွက်ခွာသွားလေသည်။ ထန်ကျင်းဗှာသည် ပြုံး၍ အဆောက်အဦ၏နောက်ဘက်မှနေ၍ကွေ့ပတ်ကာ တောင်ကုန်းပေါ်သို့ဆက်တက်သွားလေသည်။

မိုးက သဲသဲမဲမဲရွာလာပြီဖြစ်သည်။

လေကလည်း ထန်လာပြီဖြစ်သည်။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ကျင်းကျင်းသည် ရှေ့သို့သာ အာရုံစိုက်နေ၏။

ထိုစဉ် သူမ၏နောက်မှမြေကြီးသည် ကြွတက်လာပြီး မြေကြီးထဲမှအရိုးစုပေါ်လာသည်။

ပိုင်ကျင်းကျင်းသည် သူမ၏နောက်ဘက်မှလှုပ်ရှားမှုကြောင့် ကပျာကယာလှည့်ကြည့်လိုက်၏။

ထိုသို့လှည့်ကြည့်လိုက်သည်နှင့် သူမ၏မျက်လုံးများသည် ဝိုင်းစက်ပြူးကျယ်သွားလေသည်။

အကြောင်းမှာ မျက်လုံးဟောက်ပက်ဖြင့် လူဦးခေါင်းခွံကို မြင်တွေ့လိုက်ရသောကြောင့်ဖြစ်လေသည်။။

၀၀၀၀



အရိုးစုသည် မြေကြီးထဲမှထွက်လာ၏။

အရိုးစု၏လက်ထဲ၌ဓားကိုင်ထား၏။

အရိုးစုသည် ဓားကိုင်နိုင်ပါသလား။ မည်သို့ပင် ဖြစ်ပါစေ အရိုးစုသည် ဓားကိုကိုင်ထားသည်။

ထို့ပြင် အရိုးစုသည် လက်ထဲမှဓားဖြင့် အံ့သြ၍မျက်လုံးပြူးနေသောပိုင်ကျင်းကျင်းကိုခုတ်ပိုင်းလိုက်လေတော့သည်။

သို့သော် အရိုးစု၏လက်ထဲမှဓားသည် ပိုင်ကျင်းကျင်းကို မခုတ်မိဘဲ လေကိုသာခုတ်မိသည်။

အဘယ်ကြောင့်ဆိုသော် အရိုးစု၏ဓားကိုင်ထားသောလက်သည် လေထဲသို့မြောက်တက်လာချိန်၌ပင် လက်ကောက်ဝတ်မှာ တိခနဲပြတ်သွားသောကြောင့်ဖြစ်ပေသည်။

အရိုးစု၏လက်မှသွေးများသည် ဝေါက်ခနဲပန်းထွက်လာပြီဖြစ်လေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



လုဝေသည် မားကိုဓားအိမ်ထဲသို့ ပြန်လည်ထည့်လိုက်ပြီဖြစ်သည်။

သူ၏မျက်လုံးများက အရိုးစုကိုကြည့်နေသည်။

အရိုးစုသည် အော်ဟစ်ရန်ပင် မေ့လျော့ပြီး လုဝေကိုလှည့်ကြည့်လိုက်၏။

ထိုအချိန်တွင် ပိုင်ကျင်းကျင်းသည် သတိပြန်ဝင်လာပြီး သူမ၏လက်ကိုလှုပ်ရှားလိုက်ရာ အရိုးစု၏ရင်ဝ၌ အနီရောင်အစင်းကြောင်းဖြစ်ပေါ်လာပြီး မြေပေါ်သို့လဲကျသွားလေသည်။

ပိုင်ကျင်းကျင်းက လုဝေကိုပြုံးပြလိုက်ပြီး....

"သရဲမှတ်လို့"

ဟုပြော၏။

လုဝေကပြုံး၍....

"မီးစုန်းဓာတ်ပါတဲ့ဝတ်စုံကိုဝတ်ထားတာပါ"

ပိုင်ကျင်းကျင်းက သက်ပြင်းချရင်း....

"ဒါကြောင့် ဒီတောင်မှာ အရိုးစုသရဲခြောက်တယ်လို့ပြောကြတာကိုး"

လုဝေက ပိုင်ကျင်းကျင်း၏လက်ကိုဆွဲကာ....

"ငါတို့အချိန်သိပ်မရဘူး"

ဟုပြောပြီး တောင်ပေါ်သို့တက်သွားလေတော့သည်။

၀၀၀၀



ချင်းစိန်စန်းက ဓားပါးကလေးကိုထုတ်၍ ပြတင်းပေါက်ကို ကန့်လန့်၍ဖွင့်လိုက်သည်။

"ချပ်"ဟူသောအသံနှင့်အတူ ပြတင်းပေါက်ပွင့်သွားသည်။

ချင်းစိန်စန်းက ပြတင်းပေါက်မှကျော်ဝင်သွားသည်။

သူသည် ရဲတိုက်၏အခန်းတစ်ခုထဲသို့ရောက်ရှိသွားပြီဖြစ်သည်။

အခန်းထဲ၌ မီးထွန်းမထားပါ။

ထိုစဉ် ချင်းစိန်စန်း၏နားထဲ၌ အသံတစ်သံကိုကြားလိုက်ရသည်။ လေထဲ၌ အရာဝတ္ထုတစ်စုံတစ်ရာ ပစ်လွှင့်လာသောအသံဖြစ်သည်။

ချင်းစိန်စန်းက လက်ကိုဝှေ့ယမ်းလိုက်သည်။

သတ္တုရောင်တစ်ချက်လက်သွားပြီး သတ္တုချင်းထိတွေ့သံပေါ်လာ၏။

"ချွင်...."

ထိုအသံနှင့်အတူ....

"အား"ဟူသောအသံကိုပါ ကြားလိုက်ရပြီး မျက်နှာကြက်ပေါ်မှလူတစ်ယောက်ပြုတ်ကျလာလေသည်။

ချင်းစိန်စန်းက အင်္ကျီအိတ်ထဲမှသစ်သားမီးခြစ်ဘူးကိုထုတ်၍မီးခြစ်ကြည့်လိုက်သည်။

"ရှဲ...."

www.burmeseclassic.com

www.burmeseclassic.com



မီး၏အလင်းရောင်အောက်၌ လူတစ်ယောက်ကိုတွေ့ရသည်။

ထိုလူ၏လည်မျို၌ ဓားမြှောင်တစ်ချောင်းစိုက်ဝင်နေသည်။

ချင်းစိန်စန်းသည် မိမိထံသို့ပစ်လွှင့်လာသောဓားမြှောင်ကို လက်ထဲမှဓားဖြင့်ခတ်ထုတ်လိုက်ရာ ယင်းဓားမြှောင်သည် လာရာလမ်းအတိုင်း ပြန်လည်လွှင့်စဉ်သွားပြီး ထိုလူ၏လည်မျိုကိုစိုက်ဝင်သွားခြင်းဖြစ်သည်။

ချင်းစိန်စန်းက ထိုလူ၏မျက်နှာကိုကြည့်ရင်း စိတ်ထဲ၌တစ်စုံတစ်ယောက်ကိုသတိရလာသည်။

အဘယ်ကြောင့်ဆိုသော် ကြမ်းပေါ်၌ လဲကျသေဆုံးနေသူမှာ လက်ညှိုးဖြစ်နေသောကြောင့်ပင်မဟုတ်ပါလား။

ချင်းစိန်စန်း၏ခန္ဓာကိုယ်သည် တစ်ချက်မျှ တုန်လှုပ်သွားလေသည်။

သူသည် အေးစိမ့်သောအငွေ့အသက်ကို ခံစားလိုက်ရသည်မဟုတ်ပါလား။

ထို့ကြောင့် သူသည် မီးခြစ်ဆံကိုလှုပ်ခါ၍ ငြိမ်းလိုက်ပြီး ကြမ်းပေါ်သို့တစ်ပတ်ကျွမ်းလိမ့်၍ ထိုးလိုက်သည်။

ထိုစဉ် အေးစိမ့်သောအငွေ့အသက်တစ်ခုက သူ၏နောက်ကျောအနီးမှပွတ်ကာသီကာ ဖြတ်သန်းသွားလေတော့သည်။

၀၀၀၀



ကြမ်းပေါ်၌ လက်ညှိုးရှိနေ၏။

သူသည် လှုပ်ရှားမှုကင်းမဲ့နေ၏။

သေဆုံးသောသူသည် လှုပ်ရှားနိုင်တော့မည်မဟုတ်ပါ။

သို့သော် ဤနေရာ၌ လက်ညှိုးရှိလျှင် ဤနေရာ၌ လူဝကြီးရှိရမည်ဖြစ်၏။

လက်ညှိုးနှင့်လူဝကြီးသည် နှစ်ခုပေါင်းမှတစ်ခုဖြစ်မည့် အိကြာကွေးကဲ့သို့ပင် ဖြစ်သည်မဟုတ်ပါလား။

ချင်းစိန်စန်းက ထိုသို့လူဝကြီးကိုစဉ်းစားမိလိုက်သည့်အချိန်မှာပင် လူဝကြီးက ချင်းစိန်စန်းကို ဓားဖြင့်ခုတ်ပိုင်းချလိုက်ပြီဖြစ်၏။

သို့သော် ချင်းစိန်စန်းက မီးမှုတ်လိုက်ပြီးရှောင်တိမ်းလိုက်သဖြင့် လူဝကြီး၏ပထမဓားချက်သည် လေကိုသာခုတ်မိသွားခြင်းဖြစ်လေသည်။

လူဝကြီးသည် အခြေအနေမဟန်မှန်းသိသဖြင့် နောက်သို့ခုန်ဆုတ်လိုက်ပြီး ချင်းစိန်စန်းထံသို့ဓားယပ်ကိုးလက်ကို တစ်ပြိုင်တည်း ပစ်လွှတ်လိုက်လေတော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



"ဝှီး....."

"ဝှစ်... ဝှစ်... ဝှစ်"

ဓားငယ်ကိုးလက်သည် သုံးလက်စီခွဲဖြာထွက်သွားပြီး အပေါ် အလယ် အောက်ဟူ၍ နေရာသုံးနေရာသို့ခွဲကာ ပစ်လွှင့်ထွက်လာသည်။

ထိုဓားပစ်နည်းသည် လူဝကြီး၏ကျော်ကြားသောဓားပစ်နည်းပင်ဖြစ်၏။

ထိုဓားငယ်ကိုးလက်ကို မည်သူမျှလွတ်အောင်ရှောင်တိမ်းနိုင်ခဲ့ခြင်းမရှိသေးပါ။

ချင်းစိန်စန်းသည်လည်း ထိုဓားငယ်ကိုးလက်ကိုရှောင်တိမ်းနိုင်ခြင်းမရှိပါ။

ယခု ဓားငယ်ကိုးလက်သည် ချင်းစိန်စန်းထံသို့ပစ်လွှင့်လာကြပြီဖြစ်၏။

ထိုစဉ် တံခါးအနီး၌ရှိသောစားပွဲကို တစ်စုံတစ်ယောက်က ခြေဖြင့်ကန်လိုက်ရာ....

စားပွဲသည် လေထဲ၌လွင့်ပျံလာပြီး ချင်းစိန်စန်း၏ရှေ့သို့ ရောက်လာ၏။

တစ်ချိန်တည်းမှာပင်....

လူဝကြီး၏ဓားငယ်ကိုးလက်က စားပွဲ၏မျက်နှာပြင်တွင် တဒေါက်ဒေါက်နှင့်စိုက်ဝင်သွားလေတော့၏။



လူဝကြီးသည် နောက်သို့ခုန်ဆုတ်သွားပြီးနောက် ပြတင်းပေါက်မှခုန်ဆင်း၍ထွက်ပြေးသွားလေတော့၏။

ချင်းစိန်စန်းက စားပွဲကိုခြေဖြင့်ကန်လိုက်သည့်တံခါးဝမှလူကိုလှမ်းကြည့်ပြီးပြုံးပြလိုက် သည်။ ပြီးမှ....

"ရဲထင်းပိုင်... အကြွေးကိုမှတ်ထားလိုက်ပါ" ၁

ဟုပြောလိုက်၏။

ထိုစဉ် အခန်း၏ပြတင်းပေါက်တံခါးသည် "ဝုန်း"ဟူသော အသံနှင့်အတူကျိုးပဲ့သွားပြီး ဝဖိုင့်သောခန္ဓာကိုယ်ကြီးသည် အခန်းထဲသို့ခွေးကျဝက်ကျပြုတ်ကျလာလေတော့၏။

ထိုခန္ဓာကိုယ်ပိုင်ရှင်သည် ပြတင်းပေါက်မှခုန်ချ၍ ထွက်ပြေးသွားသောလူဝကြီးပင်ဖြစ်၏။

လူဝကြီးက ကြမ်းပြင်ပေါ်မှလူးလိမ့်ထလိုက်ပြီးနောက် ကြမ်းပြင်ပေါ်သို့အရုပ်ကြိုးပြတ်ပြန်လည်၍လဲကျသွားလေသည်။

ထိုစဉ် ပြတင်းပေါက်မှလူတစ်ယောက်ခုန်ဝင်လာ၏။

ချင်းစိန်စန်းက ထိုလူကိုပြုံးပြလိုက်ပြီး....

"ထန်ကျင်းဗှာ... မင်းရဲ့သိုင်းကွက်က ဝက်တစ်ကောင်ကို မလှုပ်နိုင်အောင်လုပ်နိုင်သားပဲ"

ဟုပြောလိုက်၏။

ပြတင်းပေါက်မှဝင်လာသောထန်ကျင်းဗှာက မဲ့ပြုံးပြုံးပြီး စားပွဲ၌စိုက်ဝင်နေသောဓားငယ်ကိုးလက်ကိုကြည့်ကာ....

www.burmeseclassic.com

www.burmeseclassic.com



"လက်ညှိုးရှိရင် လူဝကြီးရှိမယ်ဆိုတာ ရှင်မေ့သွားတယ် မဟုတ်လား"

ဟုပြောလိုက်၏။ ပြီးမှ....

"ကျုပ်ကသေချင်နေတာ"

ထန်ကျင်းဝှာပြုံးလိုက်ပြီး အခန်းထဲမှထွက်လာလေတော့သည်။ ချင်းစိန်စန်းက ရဲထင်းပိုင်ကို ပခုံးတွန့်ပြကာ အခန်းထဲမှထွက်သွားလေသည်။

ရဲထင်းပိုင်ကသက်ပြင်းချရင်း ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်လေတော့၏။

၀၀၀၀



အချက်ပေးသံများ ဆူညံသွားသည်။

အရိုးစုတောင်ကုန်းရဲတိုက်ထဲ၌ အချက်ပေးသံများ ဆူညံသွားပြီး တောင်ပေါ်မှကင်းမြီးကောက်အဖွဲ့သားများ လှုပ်ရှားသွားသည်။

မကြာမီမှာပင် အရိုးစုတောင်ရဲတိုက်ထဲမှ ပြင်းထန်သောတိုက်ပွဲများဖြစ်ပေါ်လာလေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲ၌ လူသုံးယောက်ထိုင်နေသည်။

ထိုလူသုံးယောက်သည် ရဲတိုက်ထဲ တိုက်ပွဲဖြစ်ပွားနေသည်မှာ သူတို့နှင့်မသက်ဆိုင်သကဲ့သို့ ကျားထိုးနေသည်။ ဆံပင်ဖြူဖွေး၍ မျက်နှာပေါ်၌ ဓားဒဏ်ရာရှိသောလူက ကျားကွက်ကိုရွှေ့ရင်း....

"ဝင်ခဲ့ပါ... တံခါးဖွင့်ထားတယ်"

ထိုလူ၏စကားဆုံးသည်နှင့် အခန်းတံခါးပွင့်သွားပြီး လူတစ်ယောက်ဝင်လာသည်။ ဆံပင်ဖြူနှင့်လူကလှည့်မကြည့်ဘဲ ကျားကွက်ကိုဆက်၍ကစားနေရင်း....

"ကြာပန်းတောင်ကုန်းမှာ မင်း မသေဘဲကိုး"

ဟုပြောလိုက်၏။

အထဲဝင်လာသူက သက်ပြင်းချရင်း....

"ဒီနေရာက ပိုပြီးသေလို့ကောင်းမလားလို့ပါ"

ဟုပြောလိုက်၏။

ဆံပင်ဖြူအဘိုးအိုက ထိုင်ရာမှထပြီး အခန်းထဲသို့ဝင်လာသူကိုမျက်နှာချင်းဆိုင်လိုက်သည်။

ထိုစဉ် အခန်းထဲသို့ လူတစ်ယောက်ဝင်လာသည်။

ဒုတိယဝင်လာသူက ဆံပင်ဖြူအဘိုးအိုကိုကြည့်ပြီး အခန်းထဲသို့ ပထမဝင်လာသူကိုပြောလိုက်သည်။

"ရဲထင်းပိုင်... သူကသိမ်းငှက်စွန်းတုလား"

ဟုမေးလိုက်၏။



အခန်းထဲသို့ ပထမဝင်လာသူက အဖြေမပေးခင် ဆံပင်ဖြူအဘိုးအိုသိမ်းငှက်စွန်းတုက အခန်းထဲသို့နောက်မှဝင်လာသူကိုကြည့်ပြီး....

"ငါထင်တာမမှားဘူးဆိုရင် မင်းကချင်းစိန်စန်းလား"

ဟု မေးလိုက်သည်။

ဒုတိယလာသူကခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ထိုအချိန်တွင်.... သိမ်းငှက်စွန်းတုနှင့်ကျားကစားနေသော အစိမ်းရောင်အင်္ကျီဝတ်ထားသူက ထိုင်ရာမှထပြီး ချင်းစိန်စန်းထံသို့ လျှောက်သွားသည်။

ချင်းစိန်စန်းရှေ့၌ရပ်ပြီး....

"ကျုပ်နာမည် တုရိကျင်းပါ"

ဟု ပြောဆိုမိတ်ဆက်လိုက်၏။

ချင်းစိန်စန်းကပြုံးပြရင်း....

"အနောက်ကျွန်းက ဓားစကြာတုရိကျင်းလား"

ဟုမေးသည်။

တုရိကျင်းက အရုပ်ဆိုးစွာပြုံးလိုက်ပြီး....

"မင်းကအသက်ငယ်ပေမဲ့ ဗဟုသုတတော့ပြည့်စုံသားပဲ၊ မင်းကိုအခွင့်အရေးပေးမယ်... မင်း ငါ့ရဲ့ပေါင်ကြားထဲကဝင်သွားပါ၊ ငါမင်းကိုခွင့်လွှတ်လိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ချင်းစိန်စန်းကပြုံး၍....

"အဲဒီကိစ္စကို ကျုပ်သဘောတူပါတယ်၊ ဒါပေမဲ့...."

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ဒါပေမဲ့ ကျုပ်စားကလက်ခံမလား လက်မခံဘူးလားဆိုတာ မေးရဦးမယ်"

ထိုအချိန်တွင် အခန်းထဲသို့ ထန်ကျင်းဗှာဝင်ရောက်လာသည်။ အခန်းထဲသို့ ထန်ကျင်းဗှာဝင်ရောက်လာသည်နှင့် သိမ်းငှက်စွန်းတုနှင့်တုရိကျင်းတို့ ကျားကစားနေသည်ကို ကြည့်နေခဲ့သောလူက ထိုင်ရာမှပျင်းရိပျင်းတွဲနှင့်ထကာ ထန်ကျင်းဗှာရှေ့သို့ လျှောက်သွားပြီး ကိုယ့်ကိုယ်ကိုမိတ်ဆက်လိုက်သည်။

"ကျုပ်ကယန်းမျိုးနွယ်ပါ"

ထန်ကျင်းဗှာက နှုတ်ခမ်းမဲ့လိုက်ပြီး....

"လူတစ်ယောက်ကိုရင်မဆိုင်ရဲဘဲ ခိုးကြောင်ခိုးဝှက်နဲ့သတ်တတ်တဲ့ယန်းမုချီလား"

ထန်ကျင်းဗှာ၏စကားကြောင့် ယန်းမုချီမျက်စိမျက်နှာပျက်သွားပြီး....

"မင်းက တယ်စွာတဲ့မိန်းမပါလား"

ဟုပြောလိုက်လေသည်။

ထို့နောက်.... သူတို့သည် တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်လျက် ရပ်နေကြတော့သည်။



အခန်းထဲ၌ တိတ်ဆိတ်နေ၏။

အခန်းထဲမှလေသည် သွေးညှီနံ့သင်းနေသည်ဟု ခံစားလိုက်ကြရလေသည်။

○○○○

လုဝေနှင့်ပိုင်ကျင်းကျင်းတို့သည် လက်မလည်အောင်ပင် အလုပ်ရှုပ်နေကြ၏။

သူတို့၏လက်များ လှုပ်ရှားလိုက်တိုင်း သူတို့၏ရှေ့မှအရိုးစုတောင်ကုန်း၏ကင်းမြီးကောက်အဖွဲ့သားများ လဲကျသွား၏။

အချိန်ကြာလာသောအခါ သူတို့၏ရှေ့မှကင်းမြီးကောက်ဂိုဏ်းသားများသည် သူတို့ကိုဝင်ရောက်၍မတိုက်ခိုက်ရဲတော့ပါ။

၄င်းတို့သည် သူတို့၏လက်ထဲမှဓားများကိုချိန်ရွယ်ရင်း နောက်သို့ဆုတ်နေသည်။

လုဝေနှင့်ပိုင်ကျင်းကျင်းက ရှေ့သို့တစ်လှမ်းတိုးလိုက်တိုင်း ကင်းမြီးကောက်ဂိုဏ်းသားများက နောက်သို့ဆုတ်သွား၏။

ထိုအချိန်တွင် ပိုင်ကျင်းကျင်း၏ပိုင်ခြံဝင်းမှလူများ ရောက်လာပြီး ကင်းမြီးကောက်ဂိုဏ်းသားများကိုတိုက်ခိုက်တော့၏။

လုဝေက လက်ထဲ၌ ဓားကို ဓားအိမ်ထဲသို့ပြန်ထည့်လိုက်သည်။ ထို့နောက် သူသည် တိုက်ပွဲကိုရှောင်၍ ဆက်လျှောက်ထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ကျင်းကျင်းက လုဝေ၏နောက်မှလိုက်သွား၏။

၀၀၀၀

အခန်းထဲသို့ လုဝေနှင့်ပိုင်ကျင်းကျင်းတို့ရောက်သောအခါ အခန်းခွဲလူခြောက်ယောက်ကိုတွေ့ရ၏။ ထိုလူခြောက်ယောက်တွင် သုံးယောက်က မတ်တတ်ရပ်နေ၏။ ကျန်သုံးယောက်က ကြမ်းပေါ်၌လဲကျနေ၏။ မတ်တတ်ရပ်နေသူသုံးယောက်မှာ ချင်းစိန်စန်း၊ ရဲထင်းပိုင်နှင့်ထန်ကျင်းဗွာတို့ဖြစ်ကြလေသည်။

၀၀၀၀



လုဝေက ပြုံးလိုက်၏။

ချင်းစိန်စန်းက....

"ခင်ဗျားက ပြုံးနိုင်သေးတယ်"

ဟု ပြောလိုက်၏။ လုဝေက....

"ကျုပ်က စိတ်ပူလို့လိုက်လာတာ"

ချင်းစိန်စန်းကမဲ့ပြုံးပြုံးပြီး....

"စိတ်ချပါ... ခင်ဗျားကလွဲလို့ ကျုပ်ကို ဘယ်သူမှမသတ်စေရပါဘူး"

"အေးဗျာ... ကျုပ်က ခင်ဗျားကိုမသတ်လိုက်ရမှာ စိတ်ပူနေလို့"

သူတို့သည် အခန်းထဲမှထွက်လိုက်ကြသည်။ အခန်းအပြင်သို့ရောက်သည်နှင့် သူတို့၏ခြေလှမ်းများသည် ရပ်တန့်သွားတော့သည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏ရှေ့၌ လူငါးယောက်ရပ်နေသောကြောင့်ဖြစ်လေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



လူငါးယောက်....

အစိမ်းရောင်ဝတ်ရုံကိုခြုံထားသည့်လူငါးယောက်....

သူတို့သည် အဖိုးတန်ပိုးဖဲအင်္ကျီကိုဝတ်ဆင်ထားပြီး အပေါ်မှအစိမ်းရောင်ဝတ်ရုံကိုခြုံထားခြင်းဖြစ်သည်။

သူတို့သည် လုဝေတို့ကိုကြည့်လိုက်၏။ ပြီးမှ သူတို့ထဲက တစ်ယောက်က အေးစက်သောလေသံဖြင့်....

"ကျုပ်တို့က မြို့စားလေးဝမ်ရဲ့ကိုယ်ရံတော်တွေပါ"

ဟုပြောလိုက်၏။

ပြီးမှ သူ့ကိုယ်သူမိတ်ဆက်သည်။

"ကျုပ်ကရှိမ့...."

ထို့နောက် သူက ကျန်လူများကိုမိတ်ဆက်ပေးသည်။

"သူကဂူချို သူကတန်ကျောက်ထုန် သူကလီအော့ သူကမှုချို"

ထိုစဉ် လက်ခုပ်သံပေါ်ထွက်လာ၏။

"ချင်းစိန်စန်း... မင်း စည်းရုံးရေး သိပ်ကောင်းနေပါလား"

ထိုအသံနှင့်အတူ အဖိုးတန်ပိုးဖဲဝတ်ဆင်ထားပြီး အဝါရောင်ဝတ်ရုံလွှမ်းခြုံထားသောလူတစ်ယောက် ခြေလှမ်းမှန်မှန်ဖြင့်လျှောက်လာလေသည်။

မြို့စားလေးဝမ်၏ကိုယ်ရံတော်ငါးယောက်သည် အဝါရောင်ဝတ်ရုံလွှမ်းခြုံထားသူကိုတွေ့သည်နှင့်....



လက်နှစ်ဖက်ဆုပ်၍ အရိုအသေပြုလိုက်ကြသည်။

အဝါရောင်ဝတ်ရုံလွှမ်းခြုံထားသူက ချင်းစိန်စန်းကိုကြည့်လိုက်ပြီး....

"ဒီနေရာဟာ မင်းရဲ့သချိုင်းပဲ"

ဟုပြောလိုက်သည်။

ချင်းစိန်စန်းကပြုံးလိုက်၏။

"အပြောမကြီးပါနဲ့ဝမ်မြို့စားလေး.... ကျုပ်ရဲ့ဓားကိုမေးပါရစေဦး"

အဝါရောင်ဝတ်ရုံလွှမ်းခြုံထားသောမြို့စားလေးဝမ်က ပြုံးပြုံးခေါင်းညိတ်လိုက်၏။

"ကောင်းတယ်"

ထိုစဉ် လုဝေကရှေ့တက်လိုက်ပြီး....

"ကျုပ်ကလုဝေပါ"

မြို့စားလေးဝမ်က သူ့ကိုလှမ်းကြည့်ပြီး....

"သိုင်းလောကရဲ့အမြန်ဆုံးသိုင်းသမားလုဝေပါလား"

လုဝေက ဘာမျှပြန်မပြောတော့ပါ။

မြို့စားလေးဝမ်က လုဝေကိုခြေဆုံးခေါင်းဆုံးကြည့်ပြီး....

"ကျုပ်က နားနဲ့ကြားရုံနဲ့တော့မယုံတတ်ဘူး"

လုဝေ ဘာမျှပြန်မပြောဘဲ မြို့စားလေးဝမ်ကိုစိုက်ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ချင်းစိန်စန်းက....

"လုဝေ... ခင်ဗျား သူ့ကိုသတ်ရမှာမဟုတ်ဘူး"

ဟုပြောလိုက်လေသည်။

လုဝေက ချင်းစိန်စန်းကိုလှည့်မကြည့်ဘဲ....

"သူက ခင်ဗျားကိုသတ်သွားရင် ကျုပ် ခင်ဗျားကိုမသတ်လိုက်ရဘဲဖြစ်မှာစိုးလို့"

ဟုပြောလိုက်၏။

မြို့စားလေးဝမ်က ရုတ်တရက်ရယ်မောကာ....

"ကောင်းတယ်... ကျုပ်က ခင်ဗျားဓား ဘယ်လောက်မြန်တယ်ဆိုတာ ကြည့်မယ်"

ပြောပြီး ခန်းမကျယ်ထဲသို့ထွက်သွားလေသည်။

မြို့စားလေးသည် ခန်းမကျယ်ထဲ၌ လုဝေကိုရပ်စောင့်နေသည်။ လုဝေက ထော့နင်းထော့နင်းဖြင့်လျှောက်လာပြီး မြို့စားလေးနှင့်မျက်နှာချင်းဆိုင်ရပ်လိုက်သည်။

မြို့စားလေးဝမ်၏ကိုယ်ရံတော်ငါးယောက်က မြို့စားလေးဝမ်၏နောက်ဘက်တွင် ရပ်လိုက်ကြသည်။

ချင်းစိန်စန်းတို့က လုဝေ၏နောက်မှရပ်လိုက်ကြ၏။

မြို့စားလေးက လွှမ်းခြုံထားသောအဝါရောင်ဝတ်စုံကိုဖြုတ်၍ သူ၏ကိုယ်ရံတော်ကိုလှမ်းပေးလိုက်သည်။ မြို့စားလေးဝမ်က လုဝေနှင့်မျက်နှာချင်းဆိုင်ရပ်လိုက်လေသည်။



လုဝေက လှုပ်ရှားမှုမရှိပါ။

မြို့စားလေးဝမ်ကိုကြည့်နေ၏။

မြို့စားလေးဝမ်က နှုတ်ခမ်းဆိုတွန့်၍ပြုံးလိုက်ပြီး....

"ခင်ဗျားဓားထုတ်ပါ"

ဟုပြောလိုက်၏။

လုဝေကပြုံးလိုက်ပြီး....

"ကျုပ်က ဘယ်တော့မှဓားမထုတ်ဘူး"

လုဝေ၏စကားဆုံးသည်နှင့် မြို့စားလေးဝမ်က စတင်တိုက်ခိုက်လိုက်လေတော့၏။

မြို့စားလေးဝမ်၏လှုပ်ရှားမှုက မြန်ဆန်လှ၏။

ဓားရောင်တစ်ချက်လက်သွားပြီး လုဝေ၏ခန္ဓာကိုယ်ပေါ်သို့လွှမ်းခြုံသွား၏။

"ထန်... ထန်... ထန်"

ဓားဓားချင်းထိသံပေါ်ထွက်လာသည်။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



ထိုအသံနှင့်အတူ မီးပွားကလေးများဖြာ၍ထွက်လာ၏။

ထို့နောက် နှစ်ယောက်စလုံး နောက်သို့ခြေတစ်လှမ်းခန့် ဆုတ်သွားကြ၏။ မြို့စားလေးဝမ်၏လက်ထဲ၌ဓားကိုင်ထား၏။

လုဝေ၏လက်ထဲ၌ ဓားမရှိပါ။

လုဝေ၏ဓားက ဓားအိမ်ထဲသို့ရောက်နေပြီဖြစ်၏။

မြို့စားလေးဝမ်သည် လုဝေကိုကြည့်ပြီးမျက်မှောင်ကြုတ်သွား၏။ သူသည် လုဝေ ဓားထုတ်လိုက်သည်ကို မတွေ့ရပါ။ လုဝေက ဓားပြန်သိမ်းလိုက်သည်ကိုလည်း မတွေ့လိုက်ရပါ။

ထို့ကြောင့် မြို့စားလေးဝမ် မျက်မှောင်ကြုတ်သွားခြင်းဖြစ်လေသည်။

oooo

မြို့စားလေးဝမ်ကနှုတ်ခမ်းကိုတွန့်၍တစ်ချက်ပြုံးပြီး လုဝေကိုထပ်မံတိုက်ခိုက်၏။

"ထန်... ထန်...ထန်"

ဓားချင်းထိတွေ့သံနှင့်အတူ မီးပွားကလေးများပေါ်လာပြန်၏။ လုဝေရော မြို့စားလေးပါ နောက်သို့ခြေတစ်လှမ်းခန့် ဆုတ်သွားကြသည်။ မြို့စားလေးဝမ်၏လက်ထဲ၌ ဓားကိုင်ထား၏။

လုဝေ၏ဓားက ဓားအိမ်ထဲသို့ရောက်နေသည်။

မြို့စားလေးဝမ် ကြောင်အမ်းအမ်းဖြစ်သွားသည်။



မိမိလက်မှဓားက နောက်တစ်ပွဲအတွက် အသင့်အနေအထားမှာရှိသည်။

လုဝေ၏ဓားက ဓားအိမ်မှာရှိသည်။

သူသည် လုဝေ ဓားထုတ်လိုက်သည်ကိုမမြင်လိုက်သကဲ့သို့ လုဝေက ဓားကိုပြန်သိမ်းလိုက်သည်ကိုလည်းမတွေ့ရပါ။

ထို့ကြောင့် မြို့စားလေးကသက်ပြင်းချလိုက်ပြီး....

"အင်း... ခင်ဗျားဟာ အမြန်ဆုံးဓားသမားဆိုတာ ယုံရမလိုဖြစ်နေပြီ"

ဟုပြောလိုက်သည်။

လုဝေ ဘာမှပြန်မပြောပါ။

မြို့စားလေးကပြုံးလိုက်ပြီး....

"ကျုပ်မှာ ခင်ဗျားလိုလူမျိုး သိပ်ပြီးလိုအပ်တယ်... ခင်ဗျားလိုလူမျိုးတွေအတွက် ကျုပ်မှာအခွင့်အရေးတွေ အများကြီးရှိတယ်၊ ခင်ဗျား ဘာဖြစ်လို့ ကျုပ်ကို အန်တုချင်ရတာလဲ"

လုဝေကသက်ပြင်းချကာ....

"ခင်ဗျား လက်ချက်နဲ့သေသွားတဲ့ဝိညာဉ်တွေအတွက်ပါ"

မြို့စားလေးကရယ်မောကာ....

"အမြန်ဆုံးဓားသမားလုဝေဟာ ဘယ်တော့မှသူ့ရဲ့ကောင်းဆန်တဲ့အလုပ်မျိုးမလုပ်ဘူးတဲ့... ဟုတ်လား"

လုဝေက....

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်... ကျုပ်က သူရဲကောင်းမဖြစ်ချင်ဘူး"

မြို့စားလေးဝမ်ကမျက်ခုံးပင့်ပြီး....

"သေသွားတဲ့ပိညာဉ်တွေအတွက် ကျုပ်ကိုအန်တုတာဟာ သူရဲကောင်းလုပ်တာပဲ မဟုတ်လား"

လုဝေက ပြုံးလိုက်ပြီး....

"ကျုပ်က သူတို့အတွက် လက်စားချေတာမဟုတ်ပါဘူး။ နောက်ထပ် သူတို့လိုလူတွေမသေအောင် ခင်ဗျားကိုဟန့်တားတာပါ"

မြို့စားလေးဝမ်ကရယ်မောလိုက်ပြီး....

"ဓားတစ်လက်... လူတစ်ယောက်နဲ့ရပ့်မလား"

လုဝေကပြုံးလိုက်၏။

"လုံလောက်ပါတယ်"

လုဝေ၏စကားအဆုံး၌ ချင်းစိန်စန်းက လုဝေ၏ဘေး၌ရပ်လိုက်ပြီး....

"ကျွန်တော်လဲရှိတယ်"

ဟုပြောလိုက်သည်။

သူ၏စကားအဆုံး၌ ထန်ကျင်းဗှာသည် လုဝေ၏ဘေး၌ ဝင်ရပ်လိုက်ပြန်သည်။

ဗိုင်ကျင်းကျင်းလည်းရပ်လာပြန်၏။ ရဲထင်းပိုင်ကခေါင်းခါယမ်းကာ သူတို့ဘေး၌ဝင်ရပ်လိုက်ပြီး....

"ကြာပန်းတောင်ကုန်းလဲရှိတယ်"



ဟု ပြောလိုက်လေသည်။

oooo

မြို့စားလေးဝမ်က လုဝေတို့ကိုတစ်ချက်ကြည့်လိုက်ပြီး ရုတ်တရက်ရယ်မောလိုက်၏။

ပြီးမှ....

"ငါးယောက်.... မင်းတို့ငါးယောက်က ငါ့ကိုအန်တုနိုင်ပါ့မလား"

ဟုမေးလိုက်၏။

မြို့စားလေးဝမ်၏စကားအဆုံးတွင် ထန်ကျင်းဗှာက ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်၏။

မြို့စားလေးဝမ်ကိုတစ်ချက်မျှစိုက်ကြည့်လိုက်ပြီး....

"ရှင့်ကိုအန်တုဖို့ ကျွန်မတစ်ယောက်တည်းနဲ့ လုံလောက်ပါတယ်"

ဟုပြောလိုက်၏။

ထို့နောက်....

အကျီရင်ဘတ်ကြားမှ ရွှေရောင်လေးထောင့်ဘူးကိုထုတ်ယူလိုက်လေသည်။

မြို့စားလေးဝမ်က ထန်ကျင်းဗှာလက်ထဲမှရွှေရောင်ဘူးကိုကြည့်ပြီး....

"မိုးကြိုးသွားလား"

www.burmeseclassic.com

www.burmeseclassic.com



ဟုမေးလိုက်၏။

ထန်ကျင်းဗ္ဗာကပြုံး၍....

"ဟုတ်တယ်"

မြို့စားလေးဝမ်က....

"မင်း ငါ့ကို အတုနဲ့လာပြီးခြိမ်းခြောက်တာလား"

ဟုမေးသည်။

ထန်ကျင်းဗ္ဗာကခေါင်းခါယမ်းပြီး....

"ဒါကအစစ်"

မြို့စားလေးဝမ် ရယ်မောလိုက်သည်။

"ငါ့ကိုငတုံး ငအများမှတ်နေလို့လား"

ထန်ကျင်းဗ္ဗာက....

"ရှင်မယုံရင်နေပေါ့"

မြို့စားလေးဝမ်ကနှုတ်ခမ်းမဲ့ကာ....

"မင်း ငါ့ကိုလိမ်ဖို့မစဉ်းစားနဲ့... မိုးကြိုးသွားအကြောင်း ငါ သိတယ်"

ထန်ကျင်းဗ္ဗာကပြုံးလိုက်ပြီး....

"ရှင် မသိသေးတာရှိတယ်"

မြို့စားလေးဝမ်က....

"ဘာလဲ"

ထန်ကျင်းဗ္ဗာကပြုံး၍....



"မုန့်ကျူးသခင်မလေးဟာ မိုးကြိုးသွားလက်နက်ပုန်းကို မဖြစ်ဖြစ်အောင်လုပ်ခဲ့တယ်၊ နောက်ဆုံးအောင်မြင်ခဲ့တယ်... သခင်မလေးဟာ ရှစ်နှစ်လုံးလုံးကြိုးစားခဲ့တယ်... ဒါဟာ သခင်မလေးရဲ့ နောက်ဆုံးလက်ရာပဲ"

ဟုပြောလိုက်၏။

ထို့နောက် သူမသည် ထိုရွှေရောင်ဘူးဖြင့် မြို့စားလေးဝမ်ကိုချိန်ရွယ်ထားလိုက်သည်။

မြို့စားလေးဝမ်က ထန်ကျင်းဗ္ဗာကိုပြုံး၍ကြည့်နေသည်။

ထန်ကျင်းဗ္ဗာကလည်း မြို့စားလေးဝမ်ကိုမျက်တောင်မခတ်ကြည့်နေသည်။

မြို့စားလေးဝမ်၏မျက်နှာပေါ်မှအပြုံးသည် တဖြည်းဖြည်းပျောက်ကွယ်သွားတော့သည်။

ထို့နောက် မြို့စားလေးဝမ်၏လက်များက စတင်လှုပ်ရှားသွားလေသည်။

တစ်ချိန်တည်းမှာပင် ထန်ကျင်းဗ္ဗာ၏လက်ချောင်းလေးများက ရွှေဝါရောင်လေးထောင့်ဘူး၏ခလုတ်ကိုနှိပ်လိုက်လေသည်။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



ရှုးရှသောအလင်းတန်းများ ပေါ်လာ၏။

ထို့နောက် သက်တန့်ရောင်ကဲ့သို့အလင်းတန်းများဖြာထွက်လာ၏။ ထို့နောက် ထန်ကျင်းဗှာသည် ရွှေရောင်လေးထောင့်ဘူးကို ကိုင်လျက်ရပ်နေသည်။

သို့သော် သူ၏ရှေ့၌ရပ်နေခဲ့သောမြို့စားလေးသည် နောက်ဘက်သို့ဝါးနှစ်ရိုက်ခန့်လွင့်စင်သွားပြီး ကြမ်းပေါ်လဲကျနေသည်။

မြို့စားလေး၏နံဘေး၌ မြို့စားလေး၏ကိုယ်ရံတော်များသည် ပုံပျက်ပန်းပျက်လဲကျနေသည်။ သူတို့သည် မြို့စားလေးဝမ်နှင့်အတူ တမလွန်ဘဝ၌ မြို့စားလေးဝမ်ကိုစောင့်ရှောက်ရန်လိုက်ပါသွားကြပြီဖြစ်ပါသည်။

၀၀၀၀



မိုးတိတ်သွားပြီဖြစ်သည်။ အရုဏ်ဦးနေရောင်ခြည်ပေါ်လာပြီဖြစ်သည်။ ထန်ကျင်းဗှာက လက်ထဲမှရွှေရောင်ဘူးကို ကျောက်တုံးနှင့်ခွဲ၍ ဖျက်ဆီးပစ်လိုက်ပြီဖြစ်သည်။

သူ့ကို မည်သူမျှမတားပါ။

ရဲထင်းပိုင်ကိုယ်တိုင်ပင် မတားပါ။

ထိုပစ္စည်းသည် သိုင်းလောကအတွက်ရှိရန်မလိုအပ်တော့ပါ။ သိုင်းလောကကိုချုပ်ကိုင်ရန်ကြိုးစားသော မြို့စားလေးဝမ်လည်းမရှိတော့ပါ။ ခေါင်းဆောင်မရှိသောကြောင့် ကင်းမြီးကောက်အဖွဲ့သားများသည် လက်နက်ချ၍အညံ့ခံလိုက်ကြ၏။

ချင်းစိန်စန်းက လုဝေ၏ရှေ့၌ရပ်လိုက်သည်။

ပြီးနောက်... သူ၏ခါးမှဓားကိုဖြုတ်၍ လုဝေကိုပေးလိုက်သည်။ လုဝေကိုပြုံးပြပြီး...

"ကျုပ်ဓားနဲ့ပဲ ကျုပ်သေပါရစေ"

ဟုပြောလိုက်သည်။

လုဝေက ချင်းစိန်စန်း၏ဓားကိုကြည့်ပြီး...

"ဓားကကောင်းတယ်... ဒီလိုကောင်းတဲ့ဓားက လူသတ်ဖို့မကောင်းဘူး"

ဟုပြောကာ ဓားကိုချင်းစိန်စန်းထံပြန်ပေးလိုက်သည်။

ထို့နောက်... လုဝေသည် ထော့နင်းထော့နင်းဖြင့် တောင်အောက်သို့ ဆင်းသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထန်ကျင်းဟွာက ချင်းစိန်စန်း၏လက်မောင်းကိုဖက်တွယ်ရင်း....

"သူ့ဘဝက ဘယ်အချိန်အထိ အထီးကျန်နေမလဲမသိဘူး"

ဟုပြောလိုက်သည်။

ချင်းစိန်စန်းက ထန်ကျင်းဟွာ၏ပခုံးကိုဖက်ကာ....

"သိပ်မကြာတော့ပါဘူး"

ဟုပြောပြီးမေးငေါ့ပြလိုက်သည်။

ထန်ကျင်းဟွာ ကလှမ်းကြည့်လိုက်ရာ ပိုင်ကျင်းကျင်းသည် လုဝေ၏နောက်သို့ပြေး လိုက်သွားသည်ကိုမြင်တွေ့လိုက်ရလေတော့၏။

*ပြီး၏။*

*တက္ကသိုလ်ဝင်းကြွယ်*

www.burmeseclassic.com